ပြည်မြန်မာ

အချပ်ပို

Photo-MAB Bank-Myanmar Apex Bank

မဒ္ဒလေးတွင် ဆေးရောင်ခြယ်ပြေးမဲ့ လူ ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲ

စာ - B

Photo-Posco International

တစ်ရက်လျှင် စာတိုင်း ကုဗပေ ၃၈ သန်း ထွက်မည့် စာတိုင်းသိုက်ကြီး တွေ့ရှိ

စာ - ၈

COVID-19 ကိုရိုနာဗိုင်းရပ်စ် ရှိမရှိ မြန်မာတွင် ယခုလ ၂၀ ရက်၌ ကိုယ်တိုင်သီးခြား စာတ်ခွဲစစ်ဆေးနိုင်မည်

စာ - B

ရန်ကုန်မြို့၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ ဖြေအောက်လူကူးလမ်းကို ယခုနစ်ကုန် အပြီးတည်ဆောက်မည်

စာ - ၆

ဂျပန်နိုင်ငံတွင် မြန်မာလုပ်သားချင်း စားထိုးမှုဖြစ်ပြီး ၁ဦး သေဆုံး

စာ - ၁၂

ဟံသာဝတီမြို့ရိုးနှင့် ကျုံးတူးဟော်ခြင်း လုပ်ငန်း ၁၀ ရာခိုင်နှုန်းကျော် ပြီးစီး

စာ - ၈

မီးလောင်ခဲ့သော မန္တလေး မဂ်လာဈေး အမြန်ပြန်လည်တည်ဆောက်ရန် ဆန္ဒထုတ်ဖော်

စာ - ၁၂

အမြင်ကြည်ဖို့ဆိုရင်
EYE Plus® လိုတယ်...
(Sodium Chondroitin Sulfate + Choline Bitartrate)

1 မျက်လုံးအားစိုက်ရခြင်း (Computer, Smart Phone ၊ စာဖတ်များသူများ နှင့် စာမေးပွဲအတွက်ပြင်ဆင်နေသူများ)
2 မျက်လုံးခြောက်သွေ့ ကျိန်းစပ်ခြင်း
3 မျက်ကြည်လွှာ ရောင်ရမ်းခြင်း
4 အမြင်အာရုံကျဆင်းခြင်း၊ ဝေဝါးခြင်းတို့အတွက် အထူးသင့်တော်သည်။



ဆေးဘူး (၁) ဘူးချင်း ဆေးထုံး (၆၀) ပါသည်

Manufactured by
KOREA UNITED PHARM.INT'L JSC

Tel : 01-203103, 09977111546 (YGN), 092037314, 09441012541 (MDY)

ပြည်မြန်မာ သတင်းဂျာနယ်

PYI MYANMAR NEWS JOURNAL

www.pyimyanmarnews.com | အမှတ် (၁၂၁၇) | 20-2-2020 (ကြာသပတေးနေ့)

သီလဝါအထူးစီးပွားရေးဇုန် (B) ရေယာ၏ ၂၈ ရာခိုင်နှုန်း ခန့်ကို သုံးနှစ်အတွင်း အကောင်အထည်ဖော်ပြီးဖြစ် စာ-၁၃

ပထမဆုံး မြို့ပြင်လူနေမှုပုံစံ အပန်းဖြေစရာကုန်တိုက် ယခုနှစ်တွင်ဖွင့်မည်

မေငယ်

ပထမဆုံးမြို့ပြင်လူနေမှုပုံစံအပန်း ဖြေစရာကုန်တိုက်ကြီးတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး မဂ်လာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီးနှင့် ခရေပင်လမ်းဆုံအနီးတွင် ယခုနှစ်အတွင်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

‘‘ကျွန်တော်တို့ရဲ့ကုန်တိုက်ကို Terminal M Leisure Mall လို့ အမည်ပေးထားပါတယ်။ အောင်မဂ်လာအဝေးပြေးယာဉ်ရပ်နားဝင်းနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအများဆုံးရှိတဲ့ မဂ်လာဒုံစက်မှု မြို့တော်ရဲ့အနီးမှာရှိတာကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက လာရောက်တဲ့ဧည့်သည်တွေအနေနဲ့ရော ပြည်ပက စီးပွားရေးကြောင့်ပဲဖြစ်ဖြစ် အလည်အပတ်ပဲဖြစ်ဖြစ်လာရောက်မယ့် ပြည်ပနိုင်ငံသားတွေအတွက် တစ်နေရာတည်းမှာ အပန်းဖြေစားသောက်ဝယ်ယူ နားနေနိုင်မယ့် နေရာတစ်ခုလိုမျိုး . . . .

စာ-၂၁

မြန်မာနိုင်ငံတွင် တတိယအကြီးဆုံးဖြစ်လာမည့် ကြေးခေါင်းလောင်းသွန်းလုပ်မှု ရှေ့လှ်ဒ ပြီးစီးမည်

ဓာတ်ပုံ - သိရိသုမနချောင် စာ-၁၃

မြို့နယ်မှ စတိလအကြီးဆုံး ကြေးခေါင်းလောင်းကိုသွန်းလုပ်နေစဉ် ရှိန်းဝင်းထိုက်

ရန်ကုန်မြို့သစ်စီမံကိန်း မြေနေရာများ အရောင်းအဝယ်ဖြစ်နေ စာ-၂၀

မြန်မာနိုင်ငံ မန္တလေးမြို့နှင့် အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ ဘတ်စကားလိုင်း ဇွေ့လတွင် စတင်ပြေးဆွဲမည် စာ-၄

ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်းများအတွက် EIA/SIA လုပ်ငန်းများ တင်ဒါခေါ်မည် စာ-၂

မွန်ပြည်နယ်တွင် ဂျပန်ခေတ်ရတနာသိုက် တူးဖော်နေမှုကို ပိတ်သိမ်းထားရန် ညွှန်ကြားဟု ဆို စာ-၉

ထီးခီးနယ်စပ်ဂိတ်နှင့် ကုန်သွယ်ရေးစခန်းကို အပြည်ပြည်ဆိုင်ရာဂိတ်တစ်ခုဖြစ်လာရန် လုပ်ဆောင်မည် စာ-၃

တရုတ်နိုင်ငံတွင်ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်တွင်း ဖရဲ၊ သခွားစိုက်ကေ ၃၀၀၀ ကျော် ပျက်စီးမှုများရှိခဲ့ဟု ဆို

တရုတ်နိုင်ငံတွင်ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်တွင်း ဖရဲ၊ သခွားစိုက်ဧက ၃၀၀၀ ကျော်ပျက်စီးမှုများရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝေမြင့်ပြောကြားချက်အရ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ကြောင့် **ကုန်သွယ်ရေးလမ်းကြောင်းများပိတ်ကာ ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိသဖြင့် စိုက်ခင်းများတွင် ပုတ်သိုးပျက်စီးမှုများရှိခဲ့ခြင်းဖြစ်ပြီး တောင်သူများအနေဖြင့် လာမည့်နှစ်များတွင်လည်း ထိခိုက်မှုများရှိလာနိုင်ကြောင်း** သိရသည်။

"ပြည်တွင်းဈေးကွက်မှာက ဒီလောက်များတဲ့ ဖရဲ၊ သခွားပမာဏကို စားသုံးမှုမရှိလို့ တောင်သူတွေထိခိုက်ခဲ့တာပါ။ **၁၀၅ မိုင်ဈေးကွက်ကလွဲလို့ အခြားအားကိုးစရာ ဈေးကွက်မရှိဘူးဖြစ်နေတယ်။** ဒါကြောင့် စိုက်ပျိုးသူတွေ တော်တော်လေးဆုံးရှုံးမှုရှိခဲ့တယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ဖရဲ၊သခွားသီးနှံသည် နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာရေးပေးနိုင်သောသီးနှံဖြစ်သည့်အတွက် တရုတ်နိုင်ငံအပြင် အခြားနိုင်ငံဈေးကွက်အများအပြားသို့ ဈေးကွက်ရှာဖွေရန်လိုအပ်နေကြောင်းနှင့် **ဖရဲ၊ သခွား တစ်ဧက စိုက်ပျိုးပါက ကျပ်သိန်း ၆၀ မှ ၈၀ အထိ ကုန်ကျပြီး ရာသီဥတုပေါ်မူတည်ကာ ကွာခြားမှုရှိကြောင်းသိရသည်။**

ထို့ကြောင့် **မြန်မာ့ဖရဲ၊ သခွား ပွဲတော်ကို ဧဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၂ ရက်အထိ ရန်ကုန်မြို့၊ မြေပဒေသာကျွန်းတွင် ကျင်းပပြုလုပ်သွားမည်** ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသို့ ဖရဲသခွားတင်ပို့ရန် အခက်အခဲရှိသူများကို **စင်ကာပူနိုင်ငံသို့တင်ပို့နိုင်ရန် ဆောင်ရွက်ရှိကြောင်း** မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရသည်။

ရှိန်းဝင်းထိုက်

(ဓာတ်ပုံ - စွာညီသစ်သီးပွဲရုံ)

ထီးခိုးနယ်စပ်ဂိတ်နှင့် ကုန်သွယ်ရေးစခန်းကို အပြည်ပြည်ဆိုင်ရာ ဂိတ်စခန်းတစ်ခု ဖြစ်လာစေရန်လုပ်ဆောင်မည်

တနင်္သာရီတိုင်းဒေသကြီး **မြန်မာ-ထိုင်း နယ်စပ်ရှိ ထီးခိုးနယ်စပ်ဂိတ်နှင့် ကုန်သွယ်ရေးစခန်းကို အပြည်ပြည်ဆိုင်ရာ ဂိတ်စခန်းတစ်ခု ဖြစ်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း** တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုပြောကြားချက်အရ ဖေဖော်ဝါရီလ ၁၅ ရက်တွင် သိရသည်။

အဆိုပါ ထီးခိုးနယ်စပ်ဂိတ်နှင့် ကုန်သွယ်ရေးစခန်းအား အပြည်ပြည်ဆိုင်ရာ ဂိတ်စခန်းတစ်ခု စနစ်တကျပေါ်ပေါက်လာစေရန် မြေယာစီမံခန့်ခွဲမှု၊ ဘဏ္ဍာရန်ပုံငွေ ကြိုတင်လျာထားမှုအပါအဝင် လိုအပ်သောမူဝါဒများ၊ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကွင်းဆင်းလေ့လာမှုများပြုလုပ်ထားကြောင်း သိရသည်။

"နယ်စပ်ဂိတ်ကို လက်ရှိ အခြေအနေထက် ပိုမိုတိုးတက်အောင် ဌာနဆိုင်ရာ အချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ဖို့လိုပါတယ်။ တရားမဝင်ကုန်စည်စီးဆင်းမှုကို အမြန်ဆုံးပပျောက်အောင်ဆောင်ရွက်မှသာ နယ်စပ်ဂိတ်အခြေအနေ တိုးတက်လာမှာပါ" ဟု တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် **ထီးခိုးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလက်မှုလုပ်ငန်း နယ်ဖြေစီမံကိန်းလုပ်ဆောင်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ ဆန်းစစ်လေ့လာမှုများပြုလုပ်ရန်** တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Mae Tha Mee Khee Region Industrial Co.,Ltd တို့ လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

■

မန္တလေးလမ်းလျှောက်သင်္ကြန်ကို ယခင်နှစ်များထက် ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် ကျေးလက်သင်္ကြန် ထည့်သွင်းကျင်းပမည်

မန္တလေးလမ်းလျှောက်သင်္ကြန်ကို ယခင်နှစ်များထက် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် **ကျေးလက်ပုံစံသင်္ကြန် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း** မန္တလေးမြို့စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့် ပြောကြားချက်အရ ဖေဖော်ဝါရီလ ၁၅ ရက်တွင် သိရသည်။

ယခုနှစ်လမ်းလျှောက်သင်္ကြန်သည် လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် ကျေးလက်သင်္ကြန်ပုံစံ လုပ်ဆောင်ခြင်းဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ကို ၂၆ လမ်းပေါ်တွင်ပြုလုပ်မည်ဖြစ်သော်လည်း ယခင်နှစ်ကဲ့သို့ မဏ္ဍပ်ကြီးများတည် ဆောက်ကာ ဆူညံသောအသွင်သဏ္ဌာန်များထည့်သွင်းခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

"သင်္ကြန်တွင်းမှာ လည်ပတ်မယ့်သူတွေ စားသောက်စရာနေရာရှိအောင် တော့လုပ်ပေးမှာပါ။ တောသင်္ကြန်စားသောက်ဆိုင်တန်းကိုလည်း အကြမ်းအားဖြင့် ကျူးအနောက်ဘက် ပလက်ဖောင်းပေါ် လမ်း ၈၀ ၊ ၂၂ လမ်းနဲ့ ၂၅ လမ်း လောက်မှာလုပ်သွားဖို့လျာထားတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင် မနေ့ရမဲ့တွင်လည်း ယခင်နှစ်ကပြုလုပ်ခဲ့သည့် တိုင်းရင်းသားသင်္ကြန်၊ ယိမ်းပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကာ ရေကစားမဏ္ဍပ်ကြီးများကို လမ်း ၈၀ ၊ ၁၂ လမ်းနှင့် ၂၂ လမ်းကြားတွင် နေရာချပေးမည်ဖြစ်ပြီး မဏ္ဍပ်အကျယ်ကို အကြမ်းဖျဉ်း ပေ ၁၅၀ သတ်မှတ်မည်ဖြစ်ကာ ၁၅၀ ထက်ပိုသော မဏ္ဍပ်များကို ဒဏ်ကြေးအဖြစ် တစ်ပေ ကျပ် ငါးသိန်းသတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

ရေစုပ်စက်ဖြင့် မိသားစုရေကစားမည့် သူများကို ၁၂ လမ်း၊ ၇၃ လမ်းနှင့် လမ်း ၈၀ ကြားတွင် နေရာချပေးမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်အတွက် နေရာနှုန်းထားကို ပေ ၃၀ လျှင်ကျပ်၁၅ သိန်း၊ ပေ ၂၀ လျှင် ကျပ် ၁၀ သိန်း၊ ၁၀ ပေလျှင် ကျပ် ငါးသိန်း သတ်မှတ်ထားကြောင်းသိရသည်။

ရှိန်းဝင်းထိုက် (ဓာတ်ပုံ - HHL)

ပြည်မြန်မာသတင်းဂျာနယ်
ဖုန်း - ၀၁ - ၃၀၅၂၉၃၊ ၀၃၉၂၅၃၃၉

ဒေါက်တာခင်မိုးမိုး သတိပြုစရာ ကျန်းမာရေးပြဿနာအဖြာဖြာ

ယခုစာအုပ်က ရောဂါတစ်ခုချင်းစီရဲ့ ရောဂါလက္ခဏာ၊ ရောဂါအစပျိုးခြင်းနဲ့၊ ရောဂါကြာချိန်၊ ဖြစ်ပွားရတဲ့အကြောင်းရင်း၊ အိမ်တွင်းပြုစုကုသနည်း၊ ဆရာဝန်နဲ့ပြသသင့်တဲ့အချိန်၊ ဆရာဝန်ကုသပေးနိုင်တဲ့နည်းလမ်း၊ ကာကွယ်နည်းနဲ့ ရောဂါအခြေအနေအပြည့်အစုံကို ဖော်ပြပေးထားတဲ့အတွက် စာဖတ်ရှုသူတို့အနေနဲ့ အထိုက်အလျောက် အသုံးဝင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ စာဖတ်သူတို့ရဲ့ စာအုပ်စင်မှာ ဆေးပညာနဲ့ပတ်သက်တဲ့ Dictionary တစ်အုပ်လိုမျိုးဖြစ်မှာ မလွဲပါဘူး။

ထွက်ပြီ

City Mart နှင့် အပြည်ပြည်ဆိုင်တိုင်းတွင် ရရှိနိုင်ပါပြီ...
မန္တလေး ထွန်းညီဆာဓေး၊ နဂါးဆာဓေး

ဖြန့်ချိရာဌာန SweSone Media Group ဖုန်း - ၀၁၃၅၅၂၉၃၊ ၀၁၈၃၉၂၇၃၉၊ ၀၁၃၅၇၄၄၀၀
Central Tower ပထမထပ်၊အနောက်ထောလမ်း(၃၉လမ်းထောင့်)၊ ရန်ကုန်။

မြန်မာနိုင်ငံ မန္တလေးမြို့နှင့် အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ ဘတ်စကားလိုင်း ပြိုလတွင် စတင်ပြေးဆွဲမည်

မြန်မာနိုင်ငံ **မန္တလေးမြို့**နှင့် **အိန္ဒိယနိုင်ငံ မဏ္ဍိပူရပြည်နယ် အင်ဖာမြို့အကြား ဘတ်စကားလိုင်းတစ်ခုကို ဧပြီလမှ စတင်ပြေးဆွဲရန်** နှစ်ဖက်တာဝန်ရှိသူများ သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Shwe Mandalar Express Co. ,Ltd မှ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

အဆိုပါ မန္တလေး-အင်ဖာ ဘတ်စကားလိုင်းကို Shwe Mandalar Express Co. ,Ltd နှင့် အိန္ဒိယနိုင်ငံမှ Seven Sister Holidays Co. ,Ltdတို့ အကျိုးတူ ပူးပေါင်းပြေးဆွဲခြင်းဖြစ်ပြီး ဧပြီလ ၇ ရက်တွင် အဆင့်မြင့်ဘတ်စကားများဖြင့် စတင်ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

မန္တလေး-အင်ဖာ ဘတ်ကားလိုင်းပြေးဆွဲရာတွင် မန္တလေးမြို့မှ အင်ဖာမြို့အထိ နိုင်ငံဖြတ်ကျော် တိုက်ရိုက်ပြေးဆွဲမည် မဟုတ်ဘဲ **နှစ်ဖက် ဘတ်စကားလိုင်းများက မြန်မာ-အိန္ဒိယနယ်စပ် ဂိတ်တွင် ချိတ်ဆက်ကာ ခရီးသည်လဲလှယ် ပြေးဆွဲမည်ဖြစ်ကြောင်းနှင့်နောက်ပိုင်းကာလများတွင် နိုင်ငံဖြတ်ကျော် ပြေးဆွဲနိုင်ရေး လုပ်ဆောင်မည်ဖြစ်ကြောင်း** သိရသည်။

ဘတ်စကားလိုင်း ခရီးစဉ်အတွက် ယာဉ်စီးခနှုန်းထားများ မသတ်မှတ်ရသေးသော်လည်း အသေးစိတ်အချက်အလက်များကို မကြာမီ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံခရီးသွားကဏ္ဍာ ဖွံ့ဖြိုးစေရေးနှင့် မန္တလေးနှင့် အင်ဖာမြို့အကြား အပြန်အလှန် သွားလာ လည်ပတ်နိုင်စေရန် ခရီးစဉ်ကို စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

ရှိန်ဝင်းထိုက်

ရိုးမဘဏ်၏ SMART Credit Business Product မှတစ်ဆင့် အသေးစားစီးပွားရေးလုပ်ငန်းပေါင်း တစ်သိန်းကျော်ကို လုပ်ငန်းသုံးချေးငွေများပေးအပ်သွားမည်

ရိုးမဘဏ်သည် တယ်လီနောမြန်မာနှင့်ပူးပေါင်းပြီး ရိုးမဘဏ်၏ ဒီဂျစ်တယ် SMART Credit Business Product မှတစ်ဆင့် **အပေါင်ပစ္စည်းမဲ့ အသေးစားလုပ်ငန်းသုံးချေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း** သိရသည်။

လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီးလိုအပ်နေပြီး အာမခံလုံလုံလောက်လောက်မရှိသော အသေးစားစီးပွားရေးလုပ်ငန်းပေါင်း တစ်သိန်းကျော်ကို အဆိုပါပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရိုးမဘဏ်က ချေးငွေထောက်ပံ့ပေးသွားရန် ရည်မှန်းထားကြောင်း သိရသည်။ ``အခုလိုပူးပေါင်း ဆောင်ရွက်နိုင်ခြင်းဟာ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ မိသားစုပိုင်စီးပွားရေးလုပ်ငန်းပေါင်း တစ်သိန်းနီးပါးကို ကုန်ကျစရိတ်နည်းပါးတဲ့ ဒစ်ဂျစ်တယ်ချေးငွေတွေကို ရိုးမဘဏ်ရဲ့ SMART Credit Business Product ကတစ်ဆင့် ပေးအပ်သွားမှာပါ။ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းသုံးပစ္စည်း ဝယ်တာပဲဖြစ်ဖြစ်၊ ဆိုင်ချဲ့ထွင်တာပဲဖြစ်ဖြစ်၊ ပိုများတဲ့ အသုံးစရိတ်တွေပေးချေဖို့ပဲဖြစ်ဖြစ် ရိုးမဘဏ်ချေးငွေကို အသုံးပြုနိုင်ပါတယ်။ **ချေးငွေကို အချိန်မီပြန်ပေးဆပ်မယ်ဆိုရင် နောက်ပိုင်းမှာပိုများတဲ့ ချေးငွေပမာဏကို ရယူနိုင်မှာဖြစ်ပါတယ်**`` ဟု ရိုးမဘဏ်၏ Head of Digital Credit ဖြစ်သူ Jason Loughnane က ပြောသည်။

တယ်လီနောကိုယ်စားလှယ်များအနေဖြင့် အပေါင်ပစ္စည်းပေးရခြင်း သို့မဟုတ် ရှည်လျားသောစာရွက်စာတမ်းကိစ္စများဆောင်ရွက်ရန် မလိုအပ်ဘဲ လုပ်ငန်းတိုးချဲ့ရန် ချေးငွေကို smartcredit.yomabank.com မှတစ်ဆင့် **အွန်လိုင်းပေါ်တွင် အချိန်မရွေး၊ နေရာမရွေး လျှောက်ထားနိုင်မည်ဖြစ်ကာ ချေးငွေပမာဏမှာ မြန်မာကျပ်ငွေ ၁၀၀,၀၀၀ ကျပ်မှ ၅,၀၀၀,၀၀၀ ကျပ်အထိ လျှောက်ထားနိုင်ပြီး** ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တယ်လီနော ငွေဖြည့်ကတ်၊ အီလက်ထရောနစ်ဖုန်းဘေလ်စသည့် တယ်လီနောဝန်ဆောင်မှုများ ရောင်းနှုန်းပေါ်မူတည်၍ ရယူနိုင်မည့် ချေးငွေပမာဏကို တွက်ချက်ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရိုးမဘဏ်နှင့် တယ်လီနောမြန်မာတို့သည် ပထမဆုံးအကြိမ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုတွင် ဦးဆောင်နေသည့် Wave Money ကို ၂၀၁၅ ခုနှစ်တွင် ပူးတွဲတည်ထောင်ခဲ့ကာ ရိုးမဘဏ်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ Wave Money ကိုယ်စားလှယ်များအား အပေါင်ပစ္စည်းမဲ့ချေးငွေများကို စတင်ပေးအပ်ခဲ့ပြီး ယခုအချိန်ထိ ကိုယ်စားလှယ်ပေါင်း ၁၅,၀၀၀ ကျော်ကို မြန်မာကျပ်ငွေ ဘီလျံ ၆၀ ကျော် ချေးငွေထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း** သိရသည်။ HNW

လယ်ယာသုံးစက်ကိရိယာများကို ပြည်ပမှရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ပြီး ပြည်တွင်း၌ စက်ရုံများ တည်ထောင်ထုတ်လုပ်ပြန့်ပြူးရန် စီစဉ်

မြန်မာနိုင်ငံအတွင်း လယ်ယာလုပ်ငန်းနှင့် အဓိက အသက်မွေးဝမ်းကျောင်းပြုနေကြသည့် တောင်သူများအပေါ် အထောက်အပံ့ပေးနိုင်ရေးအတွက် **လယ်ယာလုပ်ငန်းခွင်တွင် လိုအပ်သည့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို ပြည်ပမှ တင်သွင်းဖြန့်ဖြူးခြင်းရှိသကဲ့သို့ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများလည်း ဖိတ်ခေါ်ပြီး ပြည်တွင်း၌ စက်ရုံများ တည်ထောင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောသည်။

``ပြည်တွင်းမှာ လယ်ယာသုံး စက်ကိရိယာတွေ ထုတ်လုပ်တဲ့အခါ **အရည်အသွေးပိုင်းသာမက အရေအတွက် တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသလို ကုန်ကျစရိတ် လျှော့ချနိုင်မယ့် နည်းလမ်းတွေကို သုတေသနပြု လေ့လာဆောင်ရွက်နေပါတယ်**`` ဟု ဒုတိယဝန်ကြီးကပြောသည်။

လက်ရှိတွင် တောင်သူများအတွက် **စပါး၊ ပြောင်းအခြောက်ခဲစက်များကိုပါ ပြည်တွင်း၌ စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး** လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်းများ ပြည်တွင်းတွင် တိုးတက်ပေါ်ထွန်းလာစေရန် နိုင်ငံတော်မှ အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်သည့် လုပ်ငန်းရှင်များ ပေါင်းစုဖွဲ့ထားသော တောင်သူများအတွက် စက်ကိရိယာလိုအပ်ချက်များကို ပိုမိုထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်ပြီး **မြန်မာနိုင်ငံလယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်အသင်းကို လည်း** ၂၀၂၀ ဖေဖော်ဝါရီလ ပထမပတ်က တရားဝင်မှတ်ပုံတင် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် **လက်ရှိ၌ New Holland ထွန်စက်များကို ပြည်ပမှ တင်သွင်းပြီး အများအပြားအသုံး ပြုလျက်ရှိသည့်အတွက် ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် မူရင်းကုမ္ပဏီဖြစ်သည့် CNH Industrial** ကုမ္ပဏီနှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြည့်ရည်ဖူး

မြန်မာ့ပဲအတွက် ဈေးကွက်အသစ်များရှာဖွေထားခြင်းကြောင့် ပဲဈေးနှုန်းလာမည့် တစ်နှစ် နှစ်နှစ်အတွင်း အကျပ်အတည်းမဖြစ်နိုင်သေးဟု ဆို



မြန်မာ့ပဲအတွက် ဈေးကွက်အသစ်များရှာဖွေထားခြင်းကြောင့် ပဲဈေးနှုန်းလာမည့် တစ်နှစ် နှစ်နှစ်အတွင်း အကျပ်အတည်းမဖြစ်နိုင်သေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ဦးအောင်ထူးက ပြောသည်။

``မြန်မာနိုင်ငံရဲ့ ပဲတွေက အဓိက အိန္ဒိယကို ပဲသွားနေတာဖြစ်ပါတယ်။ **အိန္ဒိယရဲ့ ရာသီဥတုအခြေအနေပေါ်မှာ မူတည်ပြီးတော့ ဝယ်အားကလည်း အတက်အကျဖြစ်လာပါတယ်။** ၂၀၁၇ လောက်တုန်းကဆိုရင် အိန္ဒိယမှာ ပဲအထွက်များတဲ့အခါမှာ မြန်မာနိုင်ငံကပဲဝယ်တာကို ကန့်သတ်လိုက်တဲ့အတွက်ကြောင့် ဈေးနှုန်းတွေ အရမ်းထိုးကျသွားတဲ့အခြေအနေမျိုးရှိပါတယ်။ ဒီတော့ ၂၀၁၇ ခုနှစ် အကြပ်အတည်းဖြစ်ပြီးနောက်ပိုင်းမှာ ပဲဈေးကွက်တွေကို တိုးချဲ့ပြီးတော့ရှာဖွေပါတယ်။ **ဥရောပဈေးကွက်၊ ဂျပန်ဈေးကွက်တို့၊ အခုနောက်ပိုင်းရတဲ့ ဈေးကွက်တစ်ခုကတော့ တရုတ်ဈေးကွက်ဖြစ်ပါတယ်။** ဒါကြောင့် ပဲဈေးနှုန်းကတော့ လာမယ့်တစ်နှစ်နှစ်အတွင်းမှာတော့ အကြပ်အတည်းမဖြစ်နိုင်သေးဘူးလို့ထင်ပါတယ်``ဟု ဒုတိယဝန်ကြီးကပြောသည်။

မြန်မာ့ပဲများကို တင်ပို့ရန် အိန္ဒိယသည့်အတွက် **သတ်မှတ် ဈေးနှုန်းနှင့် ဝယ်ယူနိုင်ရန် နှစ်နိုင်ငံ MOU လက်မှတ်ရေးထိုးရေး** အဆို ပြုခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။ သို့သော် **ပြီးခဲ့သည့်နှစ်အတွင်း အိန္ဒိယဘက်မှ ပဲအထွက်နှုန်းလျော့ကျခဲ့ရာ မြန်မာနိုင်ငံမှ ပဲဝယ်ယူရန် ခွဲတမ်းသတ်မှတ်ချက်နှင့် ဝယ်ယူမည့်အချိန်ကာလကို တိုးမြှင့်ခဲ့ခြင်းကြောင့်** လက်ရှိတွင် ပဲဈေးနှုန်း တည်ငြိမ်လျက်ရှိပြီး မြန်မာပဲကုန်သည်များ၊ တောင်သူလယ်သမားများအနေဖြင့် အကျိုးအမြတ်များရရှိနေပြီဖြစ်ကြောင်း သိရသည်။ ပြည့်ရည်ဖူး

photo:commerce.gov

MAI လေကြောင်းလိုင်းက Embraer E190 လေယာဉ်နှစ်စင်းဖြင့် ဩဂုတ်လအစောပိုင်းတွင် ပြည်တွင်းပြည်ပခရီးစဉ်များ ပျံသန်းမည်



China Development Bank Financial Leasing Co.,Ltd ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် **CDB Aviation က Myanmar Airways International (MAI) သို့ Embraer E190 လေယာဉ်နှစ်စင်းကို ငှားရမ်းရန် ၂၀၂၀ စင်ကာပူလေကြောင်းပြယ်ဆက်စပ်အစည်းအဝေးတွင် သဘောတူညီလက်မှတ်ရေးထိုးလိုက်ကြောင်း** CDB Aviation ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ လေယာဉ်များဖြင့် ပြည်တွင်းနှင့် ပြည်ပခရီးစဉ်များကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအစောပိုင်းမှစတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

CDB Aviation မှ Chief Marketing Officer ဖြစ်သူ Peter Goodman က ``ဒီဂျက်လေယာဉ်တွေနဲ့ အတူ MAI အနေနဲ့ ပျံသန်းမှုအသစ်တွေကို ချဲ့ထွင်နိုင်မယ့်အပြင် မြန်မာပြည်ဈေးကွက်အတွက်လည်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကို ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်``ဟု ပြောသည်။

``ဒီလေယာဉ်အသစ်တွေကဆိုရင် ကောင်းမွန်တဲ့ ခွမ်းဆောင်ရည်တွေနဲ့ ပြည် တွင်းနဲ့ဒေသတွင်းပျံသန်းမှုတွေအတွက် ဝန်ဆောင်မှုပေးနိုင်မှာဖြစ်ပါတယ်`` ဟု MAI မှ Chief Operating Officer ဖြစ်သူ ဦးကျော်ဟန်က ပြောသည်။

MAI လေကြောင်းလိုင်းသည် ရန်ကုန်နှင့် မန္တလေးကို အခြေစိုက်ကာ ထိုင်း၊ စင်ကာပူ၊ တရုတ်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား နှင့် အိန္ဒိယနိုင်ငံများသို့ A319s လေယာဉ်သုံးစင်း နှင့် A320 လေယာဉ်တစ်စင်းကို အသုံးပြုကာ ပျံသန်းလျက်ရှိကြောင်း သိရသည်။ MAI သည် နိုင်ငံတကာသို့ ပျံသန်းသည့် **ဈေးကွက်၏ ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ၂၀၂၀ ပြည့်နှစ်ကုန်တွင် နှစ်ဆတိုးတက်ရန် မျှော်မှန်းထားကြောင်း** သိရသည်။ ပြည့်ရည်ဖူး

MPT Money

အယုံကြည်ရဆုံး ဒစ်ဂျစ်တယ်ငွေလွှဲဝန်ဆောင်မှု

GET IT ON Google Play

Download on the App Store

www.mptmoney.com.mm

@ MPTMoneyOfficial

CALL CENTER 990

MPT အသုံးပြုသူများအတွက် - 012323990

ထိုင်း-မြန်မာနယ်စပ်ထီးခိုးအထိ နှစ်လမ်းသွားကားလမ်း ဖောက်လုပ်ရေးအတွက် ထိုင်းနိုင်ငံမှချေးငွေရယူရန် နည်းပညာပိုင်းဆိုင်ရာ လေ့လာခြင်းအစီရင်ခံစာကို ပြုစုနေ

ထားဝယ်SEZ-မဲတ္တာ-ထီးခိုးလမ်း၊ လမ်းအကြောင်းပြမြေပုံ



ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း၏ အရေးကြီး အစိတ် အပိုင်း တစ်ခုဖြစ်သည့် ထိုင်း-မြန်မာနယ်စပ် ထီးခိုးအထိ အဆင့်မြှင့်တင်ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရေး အတွက် ထိုင်းနိုင်ငံမှ ချေးငွေရယူရန် နည်းပညာပိုင်းဆိုင်ရာ လေ့လာခြင်းအစီရင်ခံစာကို ပြုစုလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ဦးအောင်ထူးက ပြောသည်။

"ဒီအစီရင်ခံစာပြီးစီးရင် ထိုင်းနိုင်ငံ၊ အိမ်နီးချင်းနိုင်ငံများ ဖွံ့ဖြိုးရေး အေဂျင်စီ (NEDA)နဲ့ မြန်မာနိုင်ငံက ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့ ချေးငွေသဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးပြီး သင့်တော်တဲ့ ကုမ္ပဏီတွေကို တင်ဒါစနစ်နဲ့ရွေးချယ်တည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီးကပြောသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး အတွက် **မြန်မာ-ထိုင်းနိုင်ငံအပြင် ဂျပန်နိုင်ငံပါ ပါဝင်လာရေး** ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အပြင် ထားဝယ်အထူးစီးပွားရေးဇုန်တွင် **ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်း ဟူ၍ နှစ်ပိုင်း ပါဝင်ကြောင်း** သိရသည်။ **ကနဦးစီမံကိန်းတွင် မြေဧရိယာ ၆၉၂၈ ဧကက ရှိပြီး ၆၆၂၄ ဧကအတွက် ဧမြေယာလျော်ကြေး ငွေကျပ် ၆၈၂၆သန်း ပေးချေရန် ကျန်ရှိကြောင်းသိရသည်။ အဆိုပါ လျော်ကြေးငွေများကို လုပ်ငန်းလုပ်ဆောင်သူက ပေးချေရမည်ဖြစ်ပြီး လျော်ကြေးငွေပေးချေရာတွင် စနစ်တကျ ရှိစေရေး၊ မြန်လည်နေရာချထားနိုင်ရေး ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်နိုင်ရန်အတွက်** လျော်ကြေးပေးချေရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ကြောင်း သိရသည်။

ပြည်ရည်ဖူး
photo: daweisezmc.com

မန္တလေးမြို့တွင် ငါးရက်အတွင်း ဆိုင်ကယ်သူခိုး ၁၇ ဦးနှင့် ခိုးရာပါဆိုင်ကယ် ၃၁ စီး ဖမ်းဆီးရမိ၊ ဆိုင်ကယ်ပျောက်သူများ စုံစမ်းထုတ်ယူနိုင်ဟု ဆို

ဓာတ်ပုံ-မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့.

မန္တလေးမြို့တွင် ဖေဖော်ဝါရီ ပထမပတ် **ငါးရက်အတွင်း ဆိုင်ကယ် လိုက်လံခိုးယူနေသူ ၁၇ ဦး နှင့် ခိုးရာပါ ဆိုင်ကယ် ၃၁ စီးကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း** မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

မန္တလေးမြို့တွင် ဆိုင်ကယ်များ **လိုက်လံခိုးယူနေသည့် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦး**ကို ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ ငါးရက်အတွင်းဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့ကို စစ်ဆေးရာ **ယခင်က ခိုးယူထားသည့် ဆိုင်ကယ်များ အပါအဝင် စုစုပေါင်း ဆိုင်ကယ် ၃၁ စီး ပြန်လည် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း** သိရသည်။

အဆိုပါ ဆိုင်ကယ်ခိုးယူသူများကို မန္တလေးတိုင်းရဲတပ်ဖွဲ့ မှုခင်းအကဲဖြတ်နှင့် သက်ဆိုင်ရာ နယ်မြေရဲစခန်း တာဝန်ရှိသူများ ပူးပေါင်းဖမ်းဆီးခဲ့ခြင်းဖြစ်ကာ သက်ဆိုင်ရာ နယ်မြေရဲစခန်းများတွင် အမှုဖွင့်ထားကြောင်းနှင့် ပြန်လည် သိမ်းဆည်းရမိခဲ့သော ဆိုင်ကယ်များကို အောင်မြေသာစံမြို့နယ် အမှတ် ၃ ရဲစခန်း၊ မဟာအောင်မြေမြို့နယ် အမှတ် ၉ ရဲစခန်း၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးနှင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းများတွင် ထိန်းသိမ်းထားကြောင်း သိရသည်။

ထို့ကြောင့် ဆိုင်ကယ်ပျောက်ဆုံးသူများအနေဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းများတွင် **လိုအပ်သည့် အထောက်အထားများပြသကာ မိမိတို့၏ ဆိုင်ကယ်များကို ပြန်လည်ထုတ်ယူနိုင်ကြောင်း** သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် မန္တလေးခရိုင် ၇ မြို့နယ်အတွင်း **အထူးအဖွဲ့ ၄ ဖွဲ့ခွဲ၍ အသွင်ယူ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့ရာ** ၂၀၁၉ မေလဆန်းမှ ၂၀၂၀ ဖန်နဝါရီလကုန်အထိ ခိုးမှု ၃၂၉ မှု၊ လုယက်မှု ၂၃ မှုနှင့် လက်နက်မှုများ အပါအဝင် အမှုပေါင်း ၂၂၇၉ မှုနှင့် တရားခံ ၂၆၃၁ ဦး ဖမ်းဆီးရမိခဲ့ကာ ယင်းကာလအတွင်း ဆိုင်ကယ် ၂၂၆ စီး၊ ဖုန်း ၂၄၀ လုံး၊ ငွေကျပ် ၁၀၉ သိန်းကျော်နှင့် အခြားသက်သေခံ ပစ္စည်းများ အများအပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် စတင်ထုတ်ပေးမည်

မြန်မာနိုင်ငံတွင် ၂၀၁၉-၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လတွင် ဖြေဆိုမည်ဖြစ်သည့်အတွက် **စာမေးပွဲ ဖြေဆို ခွင့် ကတ်ပြားများကို ဖေဖော်ဝါရီလ ၂၀ ရက်တွင် စတင်ထုတ်ပေးမည်ဖြစ်ကြောင်း** ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲကိုမတ်လ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကာ ကျောင်းသားကျောင်းသူများအနေဖြင့် မိမတို့၏ ဓာတ်ပုံကတ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို မိမိတို့၏ သက်ဆိုင်ရာ နေရာများထံတွင် ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းကျောင်း (ကျောင်းခွဲ)နှင့်တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကိုမိမိတို့ကျောင်းအုပ်ကြီးများထံတွင် ထုတ်ယူနိုင်ပြီး ပြင်ပမှဖြေဆိုသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ကတ်ပြားများထုတ်ယူရာတွင် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနဖြင့် တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

ဖြည်ဖြန်မာသတင်းဂျာနယ်
ဖုန်း - ၀၁ - ၃၀၅၂၃၊ ၀၃၉၂၀၃၃၉

ထွက်ပြီ

- ကမ္ဘာ့နိုင်ငံအတော်များများကို သွားခဲ့ကြပေမယ့် ဟိမဝန္တာတောင်တန်းပေါ်က အေးချမ်းသာယာကမ္ဘာငယ်လို့ ဆိုတဲ့ ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန်ကို မရောက်ဖူးသေးဘူးဆိုရင် ကမ္ဘာအနှံ့ ခရီးဆန့်တာ ပြည့်စုံပြီလို့ မပြောနိုင်ပါ။
- ရောက်သင့်ရောက်ထိုက်ပြီး မဝေးလှတဲ့နေရာမှာရှိတဲ့ ဘူတန်နိုင်ငံကို စိတ်ဝင်စားရင်၊ သွားဖို့ စိတ်ကူးနေရင် ဒီစာအုပ်ကို မဖြစ်မနေဖတ်ထားဖို့တော့ လိုပါလိမ့်မယ်။

ဟိမဝန္တာ မြေကမ္ဘာ၏ ပျော်ရွှင်ခြင်းနိုင်ငံ ဘူတန် ဒေါက်တာတင်ထွန်းဦး

တစ်အုပ် ၃၀၀၀ ကျပ်

အမြို့မြို့အနယ်နယ်ရှိ ဆိုင်များတွင် ရရှိနိုင်ပါပြီ။

ပြည်မြန်မာဂျာနယ်တွင် အာနိသင်ဆက်ဖော်ပြခဲ့သည့် ဘူတန်နိုင်ငံ ခရီးသွားဆောင်းပါးများကို စုစည်းဖြည့်စွက်မွမ်းမံတင်ပြထားပါသည်။

ဖြန့်ချိရာဌာန SweSone Media Group ၊ Central Tower ပထမထပ်၊ အနော်ရထာလမ်း(၃၉လမ်းထောင့်)၊ ရန်ကုန်။ ဖုန်း-၀၁ ၃၀၅၂၃၊ ၀၁ ၈၃၉၂၀၃၉ ၊ ၀၁ ၃၀၄၄၀၀

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ နော်အုန်းလှအပါအဝင် လေးဦးကို ငြိမ်းစုစီပုဒ်မဖြင့် ထောင်ဒဏ်တစ်လချမှတ်

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ နော်အုန်းလှအပါအဝင် ဒေသခံလေးဦးကို **ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တရားရုံးက ဇေဖော်ဝါရီ ၁၇ ရက်က ငြိမ်းစုစီဥပဒေပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ်တစ်လချမှတ်ခဲ့ကြောင်း** သိရသည်။

ဇေဖော်ဝါရီ ၁၇ ရက် နေ့လယ် ၁၂ အချိန်ခန့်တွင် မြဝတီမြို့နယ်တရားရုံးက ငြိမ်းစုစီဥပဒေပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ်တစ်လချမှတ်ရာတွင် နော်အုန်းလှအပါအဝင် ရွှေမြစန္ဒီအိမ်ရာစီမံကိန်းမှ နစ်နာသူ ဦးငယ်၊ ဒေါ်စန္ဒာနှင့် ဦးမောင်ဦးတို့ကိုလည်း ထောင်ဒဏ်တစ်လစီအသီးသီး ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒေါ်နော်အုန်းလှက ပြည်သူတွေကအကူအညီတောင်းလို့ ရွှေမြစန္ဒီအိမ်ရာစီမံကိန်းကိစ္စမှာ ဝန်းရံပေးခဲ့တာ။ အဲဒီမှာ ငြိမ်းစုစီ ၁၉/ ၂၀ နဲ့ ရဲက ဖမ်းတယ်။ နောက်နေ့မနက်မှာ လွှတ်လိုက်ပြီးတော့ တရားရင်ဆိုင်လာတယ်။ ငြိမ်းစုစီပုဒ်မ ၁၉/ ၂၀ နဲ့ တရားစွဲတယ်။ အခုအမိန့်ချတဲ့ အခါကျတော့ ပုဒ်မ ၁၉ တစ်ခုတည်းနဲ့ တရားစွဲပြီး အမိန့်ချတယ်လို့သိရတယ်။ သူအပါအဝင် လေးဦးကို မြဝတီမြို့နယ်တရားရုံးက ဒီမနက်မှာပဲ အမိန့်ချတယ်။ **အခုတော့ ဘားအံတောင်ကလေးအကျဉ်းထောင်ကို ခေါ်သွားတယ်လို့သိရတယ်**" ဟု မြဝတီမြို့ဒေသခံတစ်ဦးကဆိုသည်။

ကရင်ပြည်နယ် မြဝတီမြို့နယ် မဲကနယ်ကျေးရွာ **ကုန်သွယ်ရေးဇုန်အနောက်ဘက်ရှိ ရွှေမြစန္ဒီအိမ်ရာကွက်ရှိ လူနေအိမ်သုံးထောင်ကျော်ခန့်ကို ကျူးကျော်ဟုဆိုကာ လာရောက်ဖယ်ရှားဖျက်ဆီးခဲ့သည့်ကိစ္စနှင့်ပတ်သက်၍** ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဆန္ဒဖော်ထုတ်ခဲ့သောကြောင့် ငြိမ်းစုစီ ဥပဒေပုဒ်မ ၁၉/ ၂၀ ဖြင့် မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူးက တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအိမ်ရာကို ၂၀၁၆ ခုနှစ်က ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် **(DKBA) အဖွဲ့မှ ဗိုလ်မှူးညီညီဆိုသူ ကမြဝတီမြို့တွင်နေထိုင်သည့် စစ်မှုထမ်းဟောင်းများနှင့် ဒေသခံပြည်သူများကို မြေတစ်ကွက်လျှင် ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းဖြင့် မြေကွက်များဖော်ကာ ရောင်းချခဲ့သည့်အတွက် ၎င်းကို ဖမ်းဆီးအရေးယူထားရှိပြီးဖြစ်ကြောင်း** သိရသည်။

မင်းရန်နောင်

Ayala က FMI ၏ရုယ်ယာများကို ပုံမှန်ပေါက်ဈေးထက် ၃၆ ဒသမ ၅ ရာခိုင်နှုန်း ပိုပေး၍ ဝယ်ယူခဲ့

ဖိလစ်ပိုင်ထိပ်တန်းကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Ayala က FMI ၏ ရုယ်ယာများကိုဝယ်ယူခဲ့ရာတွင် ပုံမှန်ပေါက်ဈေးထက် ၃၆ ဒသမ ၅ ရာခိုင်နှုန်းပိုပေး၍ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဇေဖော်ဝါရီလ ၁၇ ရက်တွင်ပြုလုပ်သည့် FMI ၏ ၂၈ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် FMI ၏ အမှုဆောင် ဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောကြားခဲ့သည်။

Ayala ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၅ သန်းကိုပြောင်းလဲနိုင်သော ချေးငွေအဖြစ် FMI ၌ ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း။ ထိုသို့ ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့် Ayala က FMI ၏ အစုရှယ်ယာ ၂၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်မည်ဖြစ်ကြောင်း သိရသည်။

"**Transaction** လုပ်ခဲ့တဲ့ နိဝင်ဘာလ ၁၄ ရက်မှာ **အစုရှယ်ယာတစ်စုကို ၁၅၀၀၀ ကျပ်နှုန်းနဲ့ Ayala က ဝယ်ယူခဲ့တာကြောင့် စတော့ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ ဈေးနှုန်းထက် ၃၆ ဒသမ ၅ ရာခိုင်နှုန်း ပိုပေးခဲ့တယ်လို့ဆိုနိုင်ပါတယ်၊** ဒီလို ဘက္ကာရေးအရ ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ခြင်းဟာ Ayala က FMI ရဲ့ စတော့ရှယ်ယာတန်ဖိုးကို ယုံကြည်မှုရှိသလို မြန်မာနိုင်ငံရဲ့ အနာဂတ်စီးပွားရေး အလားအလာအပေါ်မှာလည်း ယုံကြည်မှုရှိခြင်းကို ဖော်ပြရာရောက်ပါတယ်" ဟု ယင်းကပြောသည်။

FMI အနေဖြင့် သက်တမ်းတိုဘက္ကာနှစ်အတွင်း (၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်) **FMI နှင့် Ayala Corporation တို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်မှုအပြင် ရိုးမဘဏ်နှင့် International Finance Corporation၊ GIC နှင့် Norfund တို့ကြား မိတ်ဖက်မှုနှင့် ပန်းလျိုင်စီလုံဆေးရုံနှင့် OUE Lippo Healthcare တို့ကြား မိတ်ဖက်မှုများလည်းပါဝင်ကြောင်း၊** ထိုမဟာဗျူဟာမြောက် မိတ်ဖက်မှုများသည် FMI ကုမ္ပဏီအတွက်သာမက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ရန် မှတ်တိုင်တစ်ခု ချမှတ်လိုက်နိုင်ခြင်းပင်ဖြစ်ကြောင်း သိရသည်။

HNW

ညောင်ချောင်းသာ သဲသောင်ပြင်ရေချိုးဆိပ်အပန်းဖြေစခန်း လိုအပ်သည်များပြင်ဆင်ပြီးသဖြင့် မကြာမီဖွင့်လှစ်သွားမည်ဟုဆို

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ **ရန်ကင်းစံရာကျေးရွာရှိ ညောင်ချောင်းသာရေချိုးဆိပ် အပန်းဖြေစခန်းကို လိုအပ်သည်များပြင်ဆင်ပြီး၍ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း** ညောင်တုန်းမြို့နယ် စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဝင်းက ပြည်မြန်မာသတင်းဂျာနယ်သို့ ဇေဖော်ဝါရီလ ၁၇ ရက်ကပြောသည်။

အဆိုပါညောင်ချောင်းသာရေချိုးဆိပ်အပန်းဖြေစခန်းကို ပြီးခဲ့သည့်လပိုင်းအတွင်းက ဖွင့်လှစ်ရန်ရည်ရွယ်ထားခဲ့သော်လည်း ဝူဟန်ရောဂါအခြေအနေနှင့် ခရီးသွားလာမှုကျဆင်းနေခြင်းကြောင့် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

"ခရီးသွားတွေ အပန်းဖြေအနားယူဖို့အတွက် **အဖျော်စီးမြင်းလှည်းလေးတွေ၊ ရေလွှာလျှောစီး၊ ရေထဲမှာအပန်းဖြေစီးဖို့ စပိဘုတ်တို့ အဲဒါတွေစီစဉ်ထားပြီးပြီ၊** စက္ကောဘက်သွားဖို့ကိုလည်း အားလုံးစီစဉ်ဆောင်ရွက်ထားပြီးပြီ။ ဖွင့်ဖို့ပဲကျန်တော့တယ်" ဟု ၎င်းကဆိုသည်။

ယင်းအပန်းဖြေစခန်းတွင် အဝတ်အထည်နှင့် စားသောက်ဆိုင်ခန်းပေါင်း ၅၀၊ ပြင်ပဈေးသည်များ၊ သန့်စင်ခန်းများနှင့် ရေချိုးကန်များလည်း ပြုလုပ်ပေးထားပြီးဖြစ်ရာ လာရောက်ကြသည့်ခရီးသွားဧည့်သည်များ၏ကားများ၊ ဆိုင်ကယ်များ အပ်နှံနိုင်ရန်အတွက်လည်း နေရာများ စနစ်တကျစီစဉ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ဆိုင်တွေကတော့ ဒီဇင်ဘာလကတည်းက အပန်းဖြေလာရောက်သူတွေကို ဈေးရောင်းချပေးနေပါပြီ။ ဖွင့်ဖို့ ကတော့ကြာပါပြီ။ ခရီးသွားဝင်ရောက်မှုက ဝူဟန်ရောဂါအခြေအနေရယ်ကြောင့် လာတဲ့သူနည်းတယ်။ အရင်နှစ်လောက်တော့မလာဘူး။ ဒီနှစ်ပြင်ဆင်ဆောင်ရွက်ထားမှုက အခါတိုင်းနှစ်တွေထက်ပိုစုံတယ်။ **ခုလည်း ဖွင့်မွဲသာမလုပ်ဆေးတာ ရုံးပိတ်ရက်တွေမှာလာတဲ့သူတွေများပါတယ်၊ ကျောင်းတွေပိတ်ရင်ပိုလာနိုင်ပါတယ်**" ဟု အပန်းဖြေစခန်းတွင် ဈေးရောင်းချနေသည့် ကိုလွင်မြူးကဆိုသည်။

ကိုထွဋ်(သတင်း/ဓာတ်ပုံ)

ပထမနှစ် ဓာတုပေဒကျောင်းသားအချင်းချင်း ရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွားကျူးလွန်သူကို ဖမ်းဆီးနိုင်ရန် စုံစမ်းရှာဖွေလျက်ရှိ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့သစ် သစ်တစ်ဒွေရပ်ကွက်ရှိ တောင်ပေါ်သား**ဘော်ဒါဆောင်၌ ပထမနှစ်ဓာတုဗေဒကျောင်းသား အချင်းချင်းစကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွားခဲ့ပြီး** ကျူးလွန်သူကျောင်းသားကို ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေလျက်ရှိကြောင်း ညောင်လှနယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၁၄ ရက်က ရေနံချောင်းဒီဂရီကောလိပ်မှ ပထမနှစ်ဓာတုဗေဒကျောင်းသား အသက် ၁၈ နှစ်အရွယ် ကျော်မျိုးလင်းဆိုသူမှာ ၎င်း၏သူငယ်ချင်းဖြစ်သူနေထိုင်သော ဘော်ဒါဆောင်သို့ ရောက်ရှိလာပြီး အိပ်စဉ် အဆိုပါဘော်ဒါဆောင်တွင်နေထိုင်သော အသက် ၁၇ နှစ်အရွယ် အောင်မျိုးဦး၏စောင်ကို ယူဆုံးသဖြင့် ကန်ဦးစကားများခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ဖေဖော်ဝါရီ ၁၅ ရက်နံနက်ပိုင်းတွင် ကျော်မျိုးလင်း၏ အစ်ကို ဝမ်းကွဲတော်စပ်သူ MP ဒုတိယနှစ် ကျောင်းသား အသက် ၂၁ အရွယ်သန်းနိုင်က အောင်မျိုးဦးကို ပုလင်းအခွံဖြင့် စတင်ရိုက်ခဲ့ရာ ပတ်ဝန်းကျင်ရှိ ကျောင်းသားများက ဖျန်ဖြေပေးခဲ့သဖြင့် ရန်ပွဲပြီးဆုံးခဲ့ကြောင်း၊ ထို့နောက် ဖေဖော်ဝါရီ ၁၆ ရက်နံနက်ပိုင်းတွင် တောင်ပေါ်သားဘော်ဒါဆောင်အတွင်း **ကျူရှင်တက်နေသောကျော်မျိုးလင်းကို အောင်မျိုးဦးက ပုလင်းကွဲဖြင့်ရိုက်ခဲ့ရာ ကျော်မျိုးလင်းထံတွင် အသင့်ပါလာသောဓားဖြင့် ပြန်လည်ထိုးခဲ့သောကြောင့်** အောင်မျိုးလင်းမှာ ညာဘက်ရင်အုံ ထိုးသွင်းဒဏ်ရာတစ်ချက်၊ ညာဘက်လက်မောင်းထိုးသွင်း ဒဏ်ရာတစ်ချက်၊ ညာဘက်ရင်ဘတ်အထက်ပိုင်း ထိုးသွင်းဒဏ်ရာတစ်ချက် စုစုပေါင်း ဓား ဒဏ်ရာသုံးချက်ရရှိကာ ရေနံချောင်းပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွက် ပြစ်မှုကျူးလွန်သည်ဟု ဆို သူ ကျော်မျိုးလင်းမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ၎င်းကို ညောင်လှနယ်မြေရဲစခန်းက အမှုဖွင့်လှစ်ထားရှိပြီး ဖမ်းဆီးရမိရေးအတွက် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းအထိ စုံစမ်းရှာဖွေလျက်ရှိကြောင်းသိရသည်။

မင်းရန်နောင်

နိုင်ငံတကာငွေကြေးအပွဲအစည်းများက ရိုးမဘဏ်တွင် ကျပ် ၁၃၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများဖြစ်သော GIC , Norfund နှင့် IFC တို့က ရိုးမဘဏ်တွင် ကျပ် ၁၃၁ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဇေဖော်ဝါရီလ ၁၇ ရက်တွင်ပြုလုပ်သည့် FMI ၏ ၂၈ ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် FMI ၏ အမှုဆောင်ဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောကြားခဲ့သည်။

ထိုသို့ရင်းနှီးမြှုပ်နှံမှုကြောင့် ရိုးမဘဏ်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အကောင်းဆုံးဆွဲဆောင်နိုင်သောစွမ်းရည်ရှိသည့် ပြည်တွင်းဘဏ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။ "ဒီလို ရင်းနှီးမြှုပ်နှံခြင်းဟာ မြန်မာနိုင်ငံရဲ့ဘဏ်တစ်ခုမှာ ပထမဆုံးရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်လာပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုအသစ်တွေဟာ ရိုးမဘဏ်ရဲ့ အနေအထားကို များစွာမြင့်တက်စေမှာဖြစ်ပါတယ်။ ဒါ့အပြင် ရိုးမဘဏ်ဟာ စီးပွားရေးလုပ်ငန်းရှင်တွေကို ရေရှည်ချေးငွေကို အများအပြားပေးအပ်နိုင်မှာဖြစ်သလို စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေကိုလည်း ဆက်လက်ကူညီထောက်ပံ့နိုင်မှာဖြစ်ပါတီယ်" ဟု ယင်းကပြောသည်။

လိုအပ်သော ဆောင်ရွက်ချက်များ ဆောင်ရွက်ပြီးချိန်တွင် စင်ကာပူအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းဖြစ်သော GIC အစုရှယ်ယာ ၁၉ ဒသမ ၆၆ ရာခိုင်နှုန်းဖြင့် ရိုးမဘဏ်၏ အကြီးဆုံးနိုင်ငံခြားအစုရှယ်ယာရှင်ဖြစ်လာမည်ဖြစ်ကာ နော်ဝေးအစိုးရ၏ Norfund က အစုရှယ်ယာ ၁၀ ဒသမ ၅၅ ရာခိုင်နှုန်း၊ နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း IFC က အစုရှယ်ယာ ၄ ဒသမ ၄၈ ရာခိုင်နှုန်းတို့ အသီးသီးပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

HNW

■

ပြည်မြန်မာသတင်းဂျာနယ်

Swesone Media Group Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း၊ (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၀၅၂၉၃၊ ၀၁၉၂၀၃၃၉

စွယ်စုံမီဒီယာဂရုပ်) SweSone Media Group ၏ နေ့စဉ်စီစဉ်တင်ဆက်မည့် Online အထူးကဏ္ဍ

(၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ)

စဉ်	တင်ဆက်မည့်နေ့ရက်	အချိန်	အစီအစဉ်အမည်
၁။	ဖေဖော်ဝါရီ ၁၈ ရက် (အင်္ဂါနေ့)	ညနေ ၆း၃၀ နာရီ	ဒိန်ချဉ်နဲ့မျက်နှာပေါင်းတင်မယ်
၂။	ဖေဖော်ဝါရီ ၁၉ ရက် (ဗုဒ္ဓဟူးနေ့)	ညနေ ၆း၃၀ နာရီ	Good Health ကွန်ယက် (ကျန်းမာရေးနှင့်အလှအပရေးရာ)
၃။	ဖေဖော်ဝါရီ ၂၀ ရက် (ကြာသပတေးနေ့)	ညနေ ၆း၃၀ နာရီ	ပြည်မြန်မာကွန်ယက် (ပြည်တွင်းသတင်း ကောက်နုတ်ချက်များ)
၄။	ဖေဖော်ဝါရီ၂၁ ရက် (သောကြာနေ့)	ညနေ ၆း၃၀ နာရီ	လျှို့ဝှက်ချက်များနဲ့ဟစ်တလာ
၅။	ဖေဖော်ဝါရီ၂၂ရက် (စနေနေ့)	ညနေ ၆း၃၀ နာရီ	ပြည်မြန်မာကွန်ယက် (နိုင်ငံတကာသတင်း ကောက်နုတ်ချက်များ)
၆။	ဖေဖော်ဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့)	နံနက် ၉ နာရီ	အရင်သူငြေး အခုဆင်းရဲသားကျွန်းနိုင်ငံ
၇။	ဖေဖော်ဝါရီ ၂၄ ရက် (တနင်္လာနေ့)	ညနေ ၆း၃၀ နာရီ	ကိုရိုနာဗိုင်းရပ်စ်နဲ့ မြန်မာ့စီးပွားရေးသက်ရောက်မှု

အထက်ဖော်ပြပါ အထူးကဏ္ဍများအပြင် နေ့စဉ် သတင်း၊ ကျန်းမာရေး၊ အလှအပ၊ ဖျော်ဖြေရေး၊ သုတ၊ ရသ အစီအစဉ်များကို စွယ်စုံမီဒီယာဂရုပ်)၏ ပြည်မြန်မာဝက်ဘ်ဆိုက်၊ Good Health ဝက်ဘ်ဆိုက်နှင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် နေ့စဉ်တင်ဆက်ပေးလျက်ရှိကြောင်း အသိပေးအပ်ပါသည်။

Website - https://www.pyimyanmarnews.com
https://www.goodhealthmyanmar.com

Facebook - https://www.facebook.com/pyi myanmar
https://www.facebook.com/good health journal

ပုဂံတွင် ညစ်ညမ်းဗီဒီယိုရိုက်ကူးသူများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်မည်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ညစ်ညမ်းဗီဒီယိုရိုက်ကူးခဲ့သော နိုင်ငံခြားသားစုံတွဲကို ဖော်ထုတ်အရေးယူနိုင်ရန် အမှုဖွင့်ထားပြီး ယူနက်စကိုထံ အကြံဉာဏ်များ တောင်းခံခြင်း၊ နိုင်ငံတကာမှခင်းရဲတပ်ဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုဦးစီးဌာန ပုဂံရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောသည်။

ပုဂံရှေးဟောင်းနယ်မြေဝန်းကျင်များပါဝင်သည့် ရိုက်ကွင်းများနှင့် ပုဂံဘုရားတစ်ဆူဘေးတွင် ရိုက်ကူးထားသော အဆိုပါ ညစ်ညမ်းဗီဒီယိုကို နိုင်ငံတကာနာမည်ကျော် ညစ်ညမ်းဝက်ဆိုဒ် PornHub ၌ တင်ထားခဲ့ခြင်းဖြစ်ပြီး မြန်မာပြည်သူများအကြား ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းက စတင်ပျံ့နှံ့လာခဲ့ခြင်း ဖြစ်သည်။ ''ဒီကိစ္စကို အမှုဖွင့်ထားတယ်။ အမှုဖွင့်ထားတာကတော့ ပထမတစ်ခုကတော့ အမျိုးဘာသာသာသနာညစ်နွမ်းအောင်လုပ်မှု၊ နောက်တစ်ခုက သာသနိကအဆောက်အအုံနေရာမှာ မဖွယ်မရာပြုမူမှုပေါ့နော်။ နောက် ကမ္မာ့အမွေအနှစ်ဒေသကို ထိခိုက်အောင်ဆောင်ရွက်မှုပေါ့။ ဒါကတော့ နိုင်ငံတော်ကိုလည်း သိက္ခာကျအောင်လုပ်တယ်။

ကမ္ဘာ့အမွေအနှစ်အဖွဲ့အစည်းကြီးကိုလည်း သိက္ခာကျအောင်လုပ်တယ်။ ဒီအချက်အလက်တွေနဲ့ ကျွန်တော်တို့က အမှုဖွင့်လှစ်ထားတာဖြစ်ပါတယ်'' ဟု ဦးအောင်အောင်ကျော်က ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လက်ရှိတွင် **ပြစ်မှုကျူးလွန်သူများ နေထိုင်သည့် နိုင်ငံကိုသိရှိနိုင်ရန် နိုင်ငံခြားသားအဝင်အထွက်စာရင်းများ၊ ဟိုတယ်တည်းခိုမှုစာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးမှုများ ဦးစွာဆောင်ရွက်နေပြီး သိရှိပါက ဖမ်းဆီးအရေးယူနိုင်ရေးတို့အတွက် နိုင်ငံတကာမှခင်းရဲတပ်ဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်**သည်။ ''ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာတစ်ခုကို ဒီလိုမတော်တရော်လုပ်မှုနဲ့ ပတ်သက်ပြီး ယူနက်စကိုက အတိုင်းအတာတစ်ခုတော့ အကြံဉာဏ်တွေပေး ကူညီဆောင်ရွက်ပေးနိုင်မယ်လို့ ထင်ပါတယ်။ ဒီဟာကို အဓိကပေါ်ပေါက်အောင်စစ်ဆေးတာတို့ အင်တာပို့နဲ့ ချိတ်ဆက်ပြီးတော့ တရားခံဖမ်းမိရေး ဆောင်ရွက်တာတို့ကျတော့ နိုင်ငံတော်အဆင့် ဆောင်ရွက်ရမယ့် အပိုင်းတွေ ဖြစ်တာပေါ့နော်။ ဒါကတော့ ရဲလုပ်ထုံးလုပ်နည်းတွေနဲ့ အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်'' ဟု ယင်းကပြောသည်။

မိုင်းစောလွင်
ဓာတ်ပုံ - မင်းအိုက်စွန်းနိုင်

ဟံသာဝတီမြို့ရှိနှင့် ကျုံးတူးဟော်ခြင်း လုပ်ငန်း ၂ နှစ်တာကာလအတွင်း ၁၀ ရာခိုင်နှုန်းကျော် ပြီးစီး

ပဲခူးမြို့၌ နှစ်ပေါင်း ၄၅၀ ကျော်သက်တမ်းရှိသည့် ရှေးဟောင်းဟံသာဝတီမြို့ရိုးနှင့် ကျုံး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းမှာ ၂ နှစ်တာကာလအတွင်း ၁၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရှိရသည်။

ဒုတိယ မြန်မာနိုင်ငံတော် မြို့တည်၊ နန်းတည်ဖြစ်သည့် ရှေးဟောင်းဟံသာဝတီမြို့ရိုး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရမှ ၂၀၁၈ / ၂၀၁၉ ဘတ်ဂျက်တွင် ကျပ်သိန်း ၁၆၀၀၊ ၂၀၁၉ / ၂၀၂၀ ဘတ်ဂျက်တွင် ကျပ်သိန်း ၁၇၀၀၀ ကျော်တို့ဖြင့် အကုန်ကျခံကာ တူးဖော်လျက်ရှိကြောင်း သိရသည်။

ထိုသို့တူးဖော်ရာ **မြို့ရိုးတွင် တံခါးပေါက် ၂၀ ပေါက်၌ မှတ်တမ်းအရ သိန်းတံခါးပေါက်မှ အနောက်မြောက်ထောင့်အထိ ပြန်လည်တူးဖော်နေကြောင်းနှင့် လာမည့်ဘတ်ဂျက်နှစ်များတွင် အနောက်မြောက်ထောင့်မှ မုတ္တမ တံခါးပေါက်ထိ ပြန်လည်တူးဖော်သွားမည်ဖြစ်ကြောင်း** သိရသည်။

''တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုနှင့် ရှေးဟောင်းသုတေသနအဖွဲ့မှ အနီးကပ်စောင့်ကြည့်ကာ ကုမ္ပဏီနဲ့အတူ ဆောင်ရွက်ပေးနေပါတယ်။ တံခါးပေါက် ၂၀ မှာတော့ ရာခိုင်နှုန်းနဲ့ဆို ၁၀ ရာခိုင်နှုန်းလောက် အကောင်ထည်ဖော်ပြီးပါပြီ။ ပြီးဆုံးသွားရင် **ကျုံးပတ်လမ်းတစ်လျှောက်အများပြည်သူ အပန်းဖြေနိုင်အောင် အဆင့်မြှင့်ထိန်းသိမ်းသွားမှာပါ။** အများပြည်သူ အပန်းဖြေကြည့်ရှုလေ့လာလို့ရအောင် စီစဉ်ပေးမှာပါ'' ဟု ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီမြင့်ထွန်းကပြောသည်။

ဘုရင့်နောင်မင်းတရားကြီးလက်ထက်ကတည်ထားခဲ့သည့် ဟံသာဝတီမြို့ပေါင်း ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် ၂၀၁၈ ခုနှစ် ဖွန်လပထမအပတ်မှ စက်တင်ဘာလ ဒုတိယအပတ်အထိ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများဖြင့် နည်းပညာဆိုင်ရာ စက်ပိုင်းဆိုင်ရာများ၊ ဝေဟင်မှ ဒရုန်းများဖြင့် မြေပြင်အခြေအနေကို ကွင်းဆင်းမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

''**ကျုံးရိုးပေါ်ကိုလည်း ပြည်သူတွေအ ပန်းဖြေလို့ရအောင် ဓာတ်မီးတိုင်တွေထွန်းပေးသွားမှာပါ။ ကျုံးပေါ်မှာ ကျုံးကျော်နေထိုင်သူတွေကိုလည်း အစိုးရက ဥပဒေနဲ့အညီ မြေအစားထိုးနေရာချပေးဖို့လည်းစီစဉ်နေပါပြီ**'' ဟု ပဲခူးမြို့ အမှတ် (၁) တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းစံကပြောသည်။

ပဲခူးမြို့ **ရွှေမော်ဓောဘုရားကြီး၏ အနောက်တောင်ထောင့် ကိုက် ၅၀၀ ခန့်အကွာ ၆၇ ဧကကျော် ကျယ်ဝန်းသော သတ္တရာဇ ၁၅၅၃ ခုနှစ်က ဘုရင့်နောင်မင်းတရားကြီး ထီးနန်းစိုက်ခဲ့သည့် ကမ္ဘောဇသာဒီနန်းတော်ကြီးဖြစ်ပြီး ၎င်း၏အရှေ့ဇက်တွင် ကွယ်ပျောက်နေသော မြို့ရိုးကျုံးပတ်လမ်းဟောင်းအား ယခုနှစ်ဘတ်ဂျက်တွင် ကျုံးအကျယ် ၂၁၃ ပေ ပြန်လည်တူးဖော်ပြီး ကျုံးရိုးအလျား ၁၈၀၀ ပေကို မြေဖို့သွားမည်ဖြစ်ကြောင်း** သိရသည်။

မိုးမြတ် (မြစ်မဝ)

တစ်ရက်လျှင် ဓာတ်ငွေ့ကုဗပေ ၃၈ သန်းထွက်ရှိနိုင်မည့် ရေနံဓာတ်ငွေ့သိုက်အသစ် မြန်မာနိုင်ငံ၌ တွေ့ရှိကြောင်း Posco International ထုတ်ပြန်ကြေညာ



တစ်ရက်လျှင် ဓာတ်ငွေ့ ကုဗပေ ၃၈ သန်းထွက်ရှိနိုင်မည့် ရေနံဓာတ်ငွေ့သိုက်အသစ် "မဟာ" ကို မြန်မာနိုင်ငံ၌ တွေ့ရှိကြောင်း တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးကုမ္ပဏီများထဲမှ တစ်ခုဖြစ်သော Posco International က ဇေဖော်ဝါရီလ ၁၇ ရက် တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ဓာတ်ငွေ့သိုက်အသစ်ကို **မြန်မာ့ကမ်းလွန်လုပ်ကွက် A-3 တွင် ထပ်မံတွေ့ရှိခြင်းဖြစ်ပြီး လုပ်ကွက်၏ သဲကြော အသားတင်အထူသည် ၁၂ မီတာရှိကာ လာမည့် ၂၀၂၁ ခုနှစ်တွင် အကဲဖြတ်တွင်း နှစ်တွင်း ထပ်မံတူးဖော်ရန် လျာထားကြောင်း** သိရသည်။ Posco အနေဖြင့် လက်ရှိတွင် သဘာဝဓာတ်ငွေ့ လုပ်ကွက်နှစ်ခုဖြစ်သည့် ရွေ (A-1) နှင့် မြ (A-3) လုပ်ငန်း လည်ပတ်လျက်ရှိပြီး ယင်းလုပ်ကွက်များမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ကို တင်ပို့ရောင်းချလျက်ရှိကာ ၂၀၁၉ ခုနှစ်အတွင်း လုပ်ငန်းစုအမြတ်ငွေ အမေရိကန်ဒေါ်လာ ၅၄၉ ဒသမ ၈၄ သန်းရရှိခဲ့ကြောင်း သိရသည်။ လုပ်ကွက် A-3 တွင် *Posco၊ MOGE ၊ ONGC ၊GAIL ၊ KOGAS တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **မဟာဓာတ်ငွေ့သိုက်အသစ်သည် ရွှေသဘာဝဓာတ်ငွေ့စိမ့်ကိန်းမှ ကီလိုမီတာ ၃၀ အကွာတွင် တည်ရှိပြီး** သဘာဝဓာတ်ငွေ့ စမ်းသပ်ထုတ်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ပြည်ရည်ဖူး (photo:Posco International)**

အကျိုးအမြတ်မယူသော မြန်မာ့ပထမဆုံးတက္ကသိုလ်တွင် နိုင်ငံတကာအဆင့်မီ ခန်းမဆောင်တစ်ခုဆောက်လုပ်ရန် ကန်ဒေါ်လာတစ်သန်းကို ကမ္ဘာဇာဏ်မှပံ့ပိုး



၂၀၂၂ခုနှစ်တွင်စတင်ဖွင့်လှစ်မည့် **မြန်မာ့ပထမဆုံး အကျိုးအမြတ်မယူသော ပါရမီတက္ကသိုလ်တွင် နိုင်ငံတကာအဆင့်မီ ခန်းမဆောင်တစ်ခုဆောက်လုပ်ရန် အမေရိကန်ဒေါ်လာ တစ်သန်းအား ကမ္ဘောဇာဏ်က ပံ့ပိုးလှူဒါန်းခဲ့ကြောင်း** သိရသည်။

အဆိုပါ ခန်းမသည် **လူပေါင်း ၄၅၀ ခန့်ဆန့်မည်ဖြစ်ပြီး "ကမ္ဘောဇခန်းမဆောင်" ဟု အမည်ခေါ်ဆိုသတ်မှတ်မည်ဖြစ်ကြောင်း** သိရသည်။

"မြန်မာနိုင်ငံ နေရာဒေသ အသီးသီးက လူမှုရေး၊ စီးပွားရေး နောက်ခံမတူကွဲပြားကြတဲ့ တိုင်းရင်းသားလူငယ်တွေဟာ ပါရမီတက္ကသိုလ်က ကျောင်းဆောင်တွေမှာ လာရောက်နေထိုင် ပညာသင်ယူရင်းကနေ သူတို့ရဲ့ဘဝတိုးတက်ဖွံ့ဖြိုးလာစေပြီး နိုင်ငံရဲ့ အနာဂတ်ကို ဆောင်လာနိုင်ကြမှာ ဖြစ်ပါတယ်။ ပါရမီတက္ကသိုလ်ရဲ့ ခန်းမဆောင်ကြီးကလည်း ကျောင်းဝန်းကိုပိုမို ခမ်းနားပြည့်စုံသွားစေပြီး ကျောင်းသား၊ ကျောင်းသူတွေ ပညာသင်ကြားနေတဲ့ ကာလပတ်လုံး ထိထိရောက်ရောက် အကျိုးပြုနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ကမ္ဘောဇာဏ်၏ ဒုတိယ အမှုဆောင် အရာရှိချုပ်ဒေါ်နန်းလိုင်ခမ်း ကပြောသည်။

အဆိုပါ ခန်းမဆောင်တွင် ခမ်းနားသည့် စင်မြင့်တစ်ခု၊ နောက်ဆုံးပေါ် ခေတ်မီ ဗီဒီယို၊ အသံနှင့် အလင်းရောင် စနစ်များအပြင် projector ခန်းတစ်ခုကို ကျောင်းတွင်းလှုပ်ရှားမှု အမျိုးမျိုးအတွက် လိုအပ်သလို အသုံးပြုနိုင်ရန် ထည့်သွင်းတည်ဆောက်ထားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားရေး အထောက်အကူပြု အခမ်းအနားများ၊ ဟောပြောပွဲများ၊ ပညာရေး နှီးနှောဖလှယ်ပွဲများ၊ ပြပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကျောင်းဆင်းပွဲ အခမ်းအနားများ၊ ဂုဏ်ပြုပွဲများ အပါအဝင် အဖွဲ့အစည်းအသီးသီးမှ ပြင်ပဧည့်သည်များနှင့်အတူ ဆင်နွှဲလိုသည့် လှုပ်ရှားမှုများစွာအတွက် ပင်မ စုဝေးရာနေရာတစ်ခု ဖြစ်လာမည် ဖြစ်ကြောင်းသိရသည်။ **ပါရမီ တက္ကသိုလ်သည် အမေရိကန် နိုင်ငံရှိ ကောလိပ်များ၊ တက္ကသိုလ်များ၏ သင်ကြားရေးနည်း စနစ်အတိုင်း သင်ကြားပို့ချပေးမည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အကျိုးအမြတ်မယူသည့် အနုပဓိဌာနှင့် သိပ္ပံပညာတက္ကသိုလ်တစ်ခုဖြစ်ပြီး** ကျောင်းပရဝုဏ်အတွင်းရှိ အဆောင်များတွင် နှစ်စဉ် ကျောင်းသား၊ ကျောင်းသူဦးရေ ၆၀၀ ကျော် လက်ခံထားရှိ နိုင်မည်ဖြစ် ကြောင်း သိရသည်။ ပါရမီတက္ကသိုလ် ကို **ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်တွင်ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်မှ စတင်၍ဆောက်လုပ်ရေးလုပ်ငန်းများ စတင်သွားမည်ဖြစ်ကြောင်း** သိရသည်။ **ပြည့်ရည်ဖူး**

သရေခေတ္တရာ နန်းမြို့ရိုးကို ပတ်ဟောက်ထားသော ဂူနပတ်လမ်းကို ယာဉ်သွားလာခွင့် စတင်တားမြစ်



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကမ္ဘာ့အမွေအနှစ်စာရင်းဝင် **သရေခေတ္တရာမြို့ဟောင်းရှိ နန်းမြို့ရိုးကို ပတ်ဖောက်ထားသော ဂုနပတ်လမ်းကို ယာဉ်သွားလာခွင့် စတင်တားမြစ်လိုက်ကြောင်း** ကမ္ဘာ့အမွေအနှစ်များဌာနခွဲ သရေခေတ္တရာဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းပြောကြားချက်အရ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

အဆိုပါ ဂုနပတ်လမ်းသို့ ရုံးပိတ်ရက်များတွင် တစ်ရက်လျှင် ယာဉ်အစီးရေ ၃၀ ခန့် ဖြတ်သန်းသွားလာမှုရှိရာ မြို့ရိုးထိခိုက်မှုများရှိလာနိုင်သည့် အတွက် ယာဉ်များသွားလာခွင့်ကို တားမြစ်လိုက်ခြင်းဖြစ်ပြီး **ဆိုင်ကယ်နှင့် လှည်းယာဉ်များကိုမူ ပုံမှန်အတိုင်း ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း** သိရသည်။

"နန်းမြို့ရိုးပြုကျမှုတွေဖြစ်လာနိုင်လို့၊ ပညာရှင်တွေကလည်း ဒီလမ်းကိုမသုံးသင့်ဘူးလို့ ထောက်ပြထားတယ်။ သာရေး၊ နာရေးကိစ္စလောက်ပဲ ကားအသုံးပြုခွင့်ပေးမှာပါ။ အရင်ကတည်းက ကန့်သတ်ဖို့ အစီအစဉ်ရှိပါတယ်" ဟု ဌင်းကပြောသည်။

နန်းမြို့ရိုးဂုနပတ်လမ်းကို ယာဉ်သွားလာခွင့်ကန့်သတ်လုပ်ဆောင်ရန် ခရိုင်၊ မြို့နယ်အဆင့်ဆင့်ကို တင်ပြပြီးနောက် ခွင့်ပြုချက်ရရှိခဲ့သည့်အတွက် ဖေဖော်ဝါရီ ဒုတိယပတ်တွင်စတင် တားမြစ်ခြင်းဖြစ်ကြောင်း သိရသည်။

ရှိန်းဝင်းထိုက်
(သတင်း၊ ဓာတ်ပုံ)

ကလေး-ဖလမ်း-ဟားခါးလမ်းအဆင့်မြှင့်တင်မှုကို ၂၀၂၃ ခုနှစ်တွင်သာ စတင်လုပ်ဆောင်နိုင်ဖွယ်ရှိဟု ဆို

ချင်းပြည်နယ်တွင် ကမ္ဘာ့ဘဏ် ချေးငွေဖြင့်ဆောင်ရွက်မည့် ကလေး-ဖလမ်း-ဟားခါးလမ်းအဆင့်မြှင့်တင်မှုကို ၂၀၂၃ ခုနှစ်တွင်သာ စတင်လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်ပြောကြားချက်အရ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

အဆိုပါလမ်းပိုင်းကို **ကမ္ဘာ့ဘဏ် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၆၀ ကျော်ဖြင့်ဆောင်ရွက်ရန် ၂၀၁၆ ခုနှစ်က ပြည်နယ်အစိုးရနှင့် သဘောတူထားသော်လည်း** စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသည့်အတွက် လုပ်ငန်း စတင်နိုင်ခြင်းမရှိသေးကြောင်းသိရသည်။

"ကမ္ဘာ့ဘဏ်ချေးငွေနဲ့ နိုင်လွန်ကတ္တရာခင်းဖို့လုပ်ထားတာ။ ဒီနေ့အထိ မစရသေးဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်တွင်းပြည်ပ အကူအညီ၊ ပြည်ထောင်စုနဲ့ ပြည်နယ် ဘတ်ဂျက်တွေကနေ တစ်ဖြည်းဖြည်း ဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ မလုပ်ဖြစ်ခဲ့တဲ့ လမ်းတွေ၊ တံတားတွေကို အချိန်ယူဆောင်ရွက်ရမှာပါ" ဟု ဌင်းကပြောသည်။

ကလေး-ဖလမ်း-ဟားခါးလမ်းအဆင့်မြှင့်တင်မှုဆည် ပြည်ထောင်စုနှင့် ပြည်နယ် ဘတ်ဂျက်ဖြင့် ထည့်သွင်းမပြုလုပ်နိုင်သည့်အတွက် ကြန့်ကြာနေခြင်းဖြစ်ပြီး ကမ္ဘာ့ဘဏ်ချေးငွေမဟုတ်ဘဲ ပြည်ထောင်စုနှင့် ပြည်နယ်ဘတ်ဂျက်ဖြင့် လုပ်ဆောင်ပါက လေးနှစ်အတွင်း ပြီးစီးနိုင်ကြောင်း သိရသည်။ **ရှိန်းဝင်းထိုက်**

မွန်ပြည်နယ်တွင် ဂျပန်ခေတ်ရတနာသိုက် တူးဖော်နေမှုကို ပိတ်သိမ်းထားရန် ညွှန်ကြားထားပြီး မလိုက်နာပါက တရားစွဲမည်ဟု ဆို

မွန်ပြည်နယ် **သံဖြူဇရပ် ဝဲကဝါကျေးရွာရှိ မိန်ဓလာတောင်တွင် ဂျပန်ခေတ်ရတနာသိုက် တူးဖော်နေမှုကို ပိတ်သိမ်းထားရန် ညွှန်ကြားထားပြီး မလိုက်နာပါက တရားစွဲမည်ဖြစ်ကြောင်း** မွန်ပြည်နယ်အစိုးရအဖွဲမှ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

အဆိုပါရတနာသိုက်တူးဖော်မှုကို Royal Eagle Myanmar ကုမ္ပဏီကို ဇန်နဝါရီလအတွင်း တူးဖော်ခွင့်ပြုထားသော်လည်း အထောက်အထား တစ်စုံတစ်ရာ မပြနိုင်သည့်အတွက် **တူးဖော်ခွင့်ကို ပြည်နယ်အစိုးရက ပိတ်သိမ်းလိုက်ခြင်းဖြစ်ကြောင်း** သိရသည်။

ထို့ပြင် တူးဖော်ထားသော မြေနေရာကိုကုမ္ပဏီက ပြန်လည်မြေဖို့ခြင်း လုပ်ဆောင်နေသော်လည်း လာမည့် မိုးရာသီတွင် စိုက်ပျိုးမြေများပြိုကျမည်ကို ဒေသခံများက စိုးရိမ်မှုများရှိကြောင်း သိရသည်။

မိန်ဓလာတောင်တွင် ဒုတိယကမ္ဘာစစ်အတွင်း **ဂျပန်စစ်ဌာနချုပ်အဆောက်အအုံမြေနေရာကို စစ်သမိုင်းပြတိုက်ဖော်ဆောင်ရန် ရှေ့ပြေးစီမံကိန်းအဖြစ် ဆိုင်းဘုတ်တင်ပြီး** တူးဖော်လေ့လာမှုများပြုလုပ်ခဲ့ပြီး နောက်ပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် **ဒုတိယကမ္ဘာစစ်လက်ကျန်ပစ္စည်းပမာဏ စူးစမ်းလေ့လာရေးအဖွဲ့အဖြစ် အမည်ပြောင်းကာ** ထပ်မံတူးဖော်မှုများပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

ပွင့်ဦးပရိဘောဂဆိုင်၏ ၁၁ ဆိုင်မြောက်ဆိုင်ခွဲသစ် ဖွင့်ပွဲ

၁၉၉၅ ခုနှစ်က စတင်တည်ထောင်ခဲ့သော ပွင့်ဦးပရိဘောဂဆိုင်၏ **၁၁ ဆိုင်မြောက်ဆိုင်ခွဲသစ်ဖွင့်ပွဲကို** ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈) ရပ်ကွက်၊ ရတနာလမ်းရှိအမှတ် (၈၀/က) ၌ ၁၂-၂-၂၀၂၀ က ပြုလုပ်ခဲ့သည်။ အဆိုပါဆိုင်ဖွင့်ပွဲသို့ အဆိုတော်ဇော်ဝိုင်တို့၊ ဇနီးမောင်နှံ၊ သရုပ်ဆောင် ပြည့်ဖူးခိုင်၊ ဂျင်းနီနှင့် မော်ဒယ်သရုပ်ဆောင် အဆိုတော်ဆုပွင့်ဦးတို့ တက်ရောက်ခဲ့သည်။

ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် အိမ်သုံး၊ ရုံးသုံး၊ ကျောင်းသုံး ပရိဘောဂများ၊ မီးဖိုချောင်သုံး ပရိဘောဂများ၊ မွေ့ယာနှင့်မင်္ဂလာခန်းဝင် ပစ္စည်းအမျိုးမျိုးတို့ကို **ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ၁၀ ရာခိုင်နှုန်း လျှော့ဈေးနှင့် ရောင်းချပေးခဲ့ကြောင်း**လည်း သိရသည်။

အတိုင်ပင်ခံအယ်ဒီတာ
ဒေါက်တာတင်ထွန်းဦး
တာဝန်ခံအယ်ဒီတာ
ဇင်ဟိန်း
Online အယ်ဒီတာ
ဇေဇယ်
အမှုဆောင်အယ်ဒီတာ
သတိုးဇွင်
စာပြင်အယ်ဒီတာ
သဲဆုမိုး
အယ်ဒီတာအဖွဲ့
ဝင်းအိုက်စွန်းန်
သတင်းထောက်ချုပ်
နှင်းနဝေ
ဒုတိယသတင်းထောက်ချုပ်
ပြည့်ရည်ဖူး
အကြီးတန်းသတင်းထောက်
ရှိန်းဝင်းထိုက်၊ မိုင်းစကလွင်၊
ထက်အောင်ပြိုး
ဂျိုးတော်စိုး၊ ဝင်းရန်နောင်
သတင်းထောက်များ
တိုထွဋ်၊ ကောင်းမြတ်ရာ၊ မေသက်
ရုံးအဖွဲ့
မိုမိုလွင်၊ မန်းအေး ဘွားကေခိုင်
နှင်းဆီမိုး၊ ဝေယံဝင်း
Marketing Manager (ကြော်ငြာ)
သက်ဇာဦး
Marketing Executive (ကြော်ငြာ)
ဇင်မာဝင်း အိအိဝယ်၊ နှင်းနှင်းဝေ
Marketing Assistant (ကြော်ငြာ)
သဇင်အောင်၊ ဘဉ်ပြည့်စုံထွန်း
Cover Designer
ဇေယျာလင်း
Layout Designer
ဇေယျာလင်း
လှိုင်ထွေး၊ မိုင်ခင်နှင်းဆီ
ဖြန့်ချိရေးတာဝန်ခံ
ဦးသန်းထွန်း
ဖြန့်ချိရေးအဖွဲ့
ဦးဇော်ဝင်း၊ နေမျိုးအောင်၊ သတ်ပိုင်ကျော်
ဖြန့်ချိရေး
သုတစွယ်စုံစာအုပ်တိုက်၊
၉၊ သရေကျော်လမ်းမကြီး၊ လှိုက်ကုန်မြို့နယ်၊ ဖုန်း ၂၀၀၅၅၂
SWE SONE MEDIA GROUP
လုပ်ငန်းလိုင်စင်အမှတ် (၁၅၀၊၂၀၁၇)
Central Tower ထပမထပ်၊
အနော်ရထာလမ်း (သုဓမ္မလမ်းထောင့်)၊ လှိုက်ကုန်မြို့နယ်
ဖုန်း ၃၉၂၉၀၂၊ ၃၀၅၂၉၃၊ ၃၉၂၇၃၃၊ ၀၃၀ ၃၉၃၉၉
ဦးဖြင့်ဦး(မြေ/၀၀၁၀၆)၊ သိန်းသန့်ဦးပုံနှိပ်တိုက်
အမှတ် - ၁၂၊၃၄ - လမ်းတွင် ရိုတိုနှိပ်ပြီး
ထုတ်လေသူ ဒေါက်တာတင်ထွန်းဦး
ပြည်မြန်မာသတင်းဂျာနယ် (၀၁၀၅၀)
၉၊ သရေကျော်လမ်း ဟုန်ကောင်း လှိုက်ကုန်မြို့က
ထုတ်လေသည်။

သတင်းဦးတာ - ပြည်မြန်မာ
သတင်းထူးတာ - ပြည်မြန်မာ
သတင်းခုံတာ - ပြည်မြန်မာ
မြန်မာပြည်အတွက် သတင်းမီဒီယာ
ပြည်မြန်မာ

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ပထမဆုံးသွားရောက်ကျင်းပမည့် ရိုးရာလက်ဝှေ့ပွဲလက်မှတ်များ စောစီးစွာရောင်းကုန်



ဂျပန်နိုင်ငံ၊ **အိုဆာကာမြို့တွင် ပထမဆုံးအကြိမ်သွားရောက်ကျင်းပမည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ပရိသတ်များ စိတ်ဝင်စားမှုမြင့်မားလျက်ရှိနေပြီး ရုံဝင်လက်မှတ်များ စောစီးစွာရောင်းကုန်နေပြီဖြစ်ကြောင်း** မြန်မာမီဒီယာဂရုပ်မှ စိအီးအို ဦးလင်းထက်အောင်က ပြည်မြန်မာသို့ပြောသည်။

မြန်မာမီဒီယာဂရုပ်နှင့် နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ် (ဂျပန်)တို့ပူးပေါင်း၍ Lethwei in Japan 15 ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယခုလ(ဖေဖော်ဝါရီ ၂၂ ရက်)တွင် အိုဆာကာမြို့၌ကျင်းပသွားမည်ဖြစ်ပြီး ဂျပန်နှင့် ထိုင်းတို့မှ နာမည်ကြီးလက်ဝှေ့ချန်ပီယံများက မြန်မာလက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်ထိုးသတ်သွားကြမည်ဖြစ်သည်။

``အခုလက်ရှိက ကိုရိုနာဗိုင်းရပ်စ် အခြေအနေတွေရှိပေမယ့် ဂျပန်ဘက်ကရော ကျွန်တော့်တို့ဘက်ကရော အခက်အခဲကြီးကြီးမားမားမရှိပါဘူး။ **ပွဲကိုလည်း ရက်ရွှေ့စရာမလိုခဲ့ဘူး၊** ကျွန်တော်တို့ ကြိုကြေညာခဲ့တဲ့ရက်အတိုင်း လုပ်သွားနိုင်မှာဖြစ်ပါတယ်။ ကစားသမားတွေကို ဂရုတစိုက်နေထိုင်ထားခိုင်းတယ်။ သွားလို့ရှိရင်လည်း အကာအကွယ်ဖြစ်မယ့်ဟာတွေကို အကောင်းဆုံးစီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ လေကြောင်းလိုင်းသာ အချိန်အပြောင်းအလဲရှိနိုင်တာပဲရှိပါတယ်။ ကျန်တာတော့ ဘာမှထွေထွေထူးထူးတော့ မရှိပါဘူး။ အားလုံးအဆင်ပြေပါတယ်။ အခုဆို အိုဆာကာမှာ ပထမဦးဆုံးလုပ်မှာဖြစ်ပေမယ့် လက်မှတ်တွေက ပွဲမတိုင်ခင် တစ်ပတ်အလိုလောက်ကတည်းက အကုန်ရောင်းကုန်သွားခဲ့ပြီဖြစ်ပါတယ်``ဟု ဦးလင်းထက်အောင်ကပြောသည်။

Lethwei in Japan ရိုးရာက်ဝှေ့ပြိုင်ပွဲများကို **ပြီးခဲ့သော ၂၀၁၆ ခုနှစ်ကတည်းက ဂျပန်နိုင်ငံတိုကျွိမြို့တွင် နှစ်လုံးပေါက်သွားရောက်ကျင်းပနေခဲ့ပြီး အောင်မြင်မှုရရှိခဲ့သောကြောင့် ယခု ၁၅ ကြိမ်မြောက်**တွင် အိုဆာကာမြို့၌ ပထမဆုံးအကြိမ်သွားရောက်ကျင်းပမည့်ပွဲကို ပရိသတ်များ **စိတ်ဝင်စားမှုမြင့်တက်နေခြင်းဖြစ်ကြောင်း** သိရသည်။

မိုင်းစောလွင်

ပူတာအိုဒေသသို့ ယခုနှစ်ဦးပိုင်းတွင် ပြည်တွင်းခရီးသွားဦးရေလာရောက်မှု ယခင်နှစ်များထက် လေးဆခန့်ရှိ

ကချင်ပြည်နယ်၊ **ပူတာအိုဒေသသို့ ပြည်တွင်းခရီးသွားလာရောက်မှု ယခုနှစ်ဦးပိုင်းတွင် ယခင်နှစ်များထက် လေးဆခန့်အထိ မြင့်တက်လာခဲ့ကြောင်း** ကချင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန(ပြည်နယ်မှူး ဦးခိုင်ဝင်း၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၅ ရက်က သိရသည်။

အဆိုပါကချင်ပြည်နယ်ရှိ ပူတာအိုဒေသတွင် ပြည်တွင်းခရီးသွားလာရောက်မှုမှာ **၂၀၁၉ ခုနှစ်နှစ်ကုန်ဝါနီးနှင့် ၂၀၂၀ ပြည်နှစ်ဆန်းတွင် ပိုမိုလာရောက်ခဲ့ကြပြီး ယခင်နှစ်ကာလများနှင့် နှိုင်းယှဉ်ပါက လေးဆနီးပါးခန့် တိုးလာခဲ့ကြောင်းသိရ**ကာ ပူတာအိုဒေသ၏ရှမ်လွှာခင်းများကို တစ်နိုင်ငံလုံးအနေနှင့်သိရှိမှုနှင့်အတူ ခရီးသွားများ ပိုမိုစိတ်ပါဝင်စားမှုရရှိမှုမှာ **ထာဝရနောင်ကြိုးရုပ်ရှင်ဇာတ်ကား၏ဇာတ်ဝင်ခန်းများကြောင့်ဖြစ်ကြောင်း** ၎င်းကဆိုသည်။

``အခုဆိုရင် ပူတာအိုခရီးသွားဝင်ရောက်လာမှုက ပြည်တွင်းအနေနဲ့ တခြားစီဖြစ်သွားတယ်။ အရင်နှစ်တွေက ပြည်တွင်းခရီးသွားနည်းတယ်။ **ဒီနှစ်သုံးလေးလအတွင်းမှာကို ပြည်တွင်းခရီးသွား ထောင်ဂဏန်းကျော်ရှိခဲ့တယ်။ ပူတာအိုမှာရှိနေတဲ့ဟိုတယ်တွေ တည်းခိုခန်းတွေတောင်မလောက်တဲ့အထိဖြစ်ခဲ့တယ်``**ဟု ၎င်းကဆိုသည်။

ကချင်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းအနေနှင့် ပုံမှန်တိုးတက်နေလျက်ရှိနေပြီး ၂၀၁၉ ခုနှစ်နှစ်ကုန်ပိုင်းတွင် နယ်မြေလုံခြုံရေးအခြေအနေအရ ကန့်သတ်ထားသည့်နယ်မြေအချို့ကို ပြည်နယ်အစိုးရမှ ပြန်လည်ဖွေလျော့ပေးခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်များအတွင်း ကချင်ပြည်နယ်ပူတာအိုဒေသသို့ ခရီးသွားလာမှုနှုန်းမှာ တစ်နှစ်လျှင် ၅၀၀ ခန့်ပင်မပြည့်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်နှစ်ကုန်ပိုင်းနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းခရီးသွားလာသူအနေဖြင့် ၁၀၀၀ ကျော်ရှိလာနေပြီဖြစ်ရာ ခရီးသွားလုပ်ငန်းအောင်မြင်မှု၏ လမ်းစများပင်ဖြစ်ကြောင်း ပူတာအိုဒေသခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများထံမှ သိရသည်။

``ပူတာအိုဒေသကို ခရီးသွားဝင်ရောက်မှုပိုလာနိုင်တဲ့ အခြေအနေတစ်ခုလည်းရှိတယ်။ အဲဒါဘာလဲဆိုတော့ **အာလွယ်ဆုံးနဲ့ အရောက်နိုင်ဆုံးဖြစ်တဲ့ ဗုန်းကန်ရာဇရေခဲတောင်နဲ့တစ်ဆက်တည်းရှိတဲ့ ဓါကာဘိုရာဇရေခဲတောင်ဆီကို နိုင်ငံခြားသားတွေကိုခွင့်ပြုချက်နဲ့ ပေးတတ်ခဲ့နိုင်မယ်ဆိုရင် ခရီးသွားလုပ်ငန်းက ဒီထက်မက တိုးတက်လာနိုင်တယ်။ ခုက ပြည်တွင်းခရီးသွားလောက်သာ တက်ခွင့်ပေးထားတယ်။** လုံခြုံရေးအရ ပြည်ပခရီးသွားကိုပိတ်ထားတာပါ``ဟု ခရီးသွားလုပ်ငန်းလုပ်ဆောင်နေသူ ကိုသူရထွန်းကဆိုသည်။

ကိုထွဋ်

ကိုရိုနာဗိုင်းရပ်စ်ရောဂါရှိသူအား အနီးကပ်စောင့်ရောက်ခဲ့သူ စင်ကာပူပြန်အမျိုးသမီးအပါအဝင် ဗိုင်းရပ်စ်သံသယရှိ စောင့်ကြည့်ခံရသူများတွင် ရောဂါပိုးမတွေ့ရသော်လည်း စိတ်ချရမှုသာ ဆေးရုံက ဆင်းခွင့်ပေးမည်

စင်ကာပူနိုင်ငံ၏ ၄၁ ဦးမြောက်ကို ရိုနာဗိုင်းရပ်စ်ရောဂါရှိသူ အသက် ၇၁ နှစ်အရွယ် အမျိုးသားကြီးအား အနီးကပ်စောင့်ရှောက်ခဲ့သည့် စင်ကာပူပြန်အမျိုးသမီးအပါအဝင် ဗိုင်းရပ်စ်သံသယရှိ စောင့်ကြည့်ခံရသူများ၏ ဓာတ်ခွဲအဖြေများတွင် ရောဂါပိုးမတွေ့ရသော် လည်း စိတ်ချရမည့်အခြေအနေရောက်ရှိမှသာ ဆေးရုံက ဆင်းခွင့် ပေးမည် မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဇပဟို(ကူးစက်) ရောဂါနှိမ်နင်းရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ပြည်မြန်မာသတင်းဂျာနယ်သို့ပြောသည်။

``ကိုရိုနာဗိုင်းရပ်စ် သံသယရှိသူတွေထဲက ၁၃ ဦးကို စစ်ဆေးတဲ့အခါ သူတို့မှာ ရောဂါလက္ခဏာမတွေ့ရဘူး။ သူတို့တွေကို ထပ်မံပြီးတော့ ကြည့်ရှုတာတွေဆောင်ရွက်မယ်။ ပြီးရင် စိတ်ချရလောက်တဲ့အခြေအနေရောက်ရင် ဆေးရုံကဆင်းခွင့်ပေးမယ်။ ဒီ ၁၃ ယောက်လုံးကတော့ ဆေးရုံကဆင်းတဲ့ရက်ဟာ တစ်ရက်တည်းမှာတော့မဖြစ်နိုင်ဘူးပေါ့။ စိတ်ချရမယ်။ အဆင်ပြေမယ်ဆိုတဲ့သူကတော့ ဆေးရုံက အရင်ဆင်းခွင့်ရမှာပေါ့``ဟု ဒေါက်တာခင်ခင်ကြီးကဆိုသည်။ မြန်မာနိုင်ငံရှိ ဆေးရုံအသီးသီးတွင် 2019-nCoV စောင့်ကြပ်ကြည့်ရှု ကုသမှုခံယူနေရသော လူနာ ၂၁ ဦးရှိသည့်အနက် စင်ကာပူက ပြန်လာသော အဆိုပါအမျိုးသမီးနှင့်အတူ တောင်ကြီးစပ် စံထွန်းပြည်သူ့ဆေးရုံကြီးမှ ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ပုတီးကုန်းတိုက်နယ်ဆေးရုံမှ ၃၂ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်ဆေးရုံမှ ၁၈ နှစ် အမျိုးသမီးတစ်ဦး၊ မကွေးပြည်သူ့ဆေးရုံကြီးမှ ၄၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ၅၃ နှစ်အရွယ် အမျိုးသားတစ်ဦး၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ ၂၄ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မောင်တောပြည်သူ့ဆေးရုံမှ ၂၁ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ပေါက်မြို့နယ်ဆေးရုံမှ ၃၄ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မောက်မယ်မြို့နယ်ဆေးရုံမှ ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦး၊ မောက်မယ်မြို့နယ်ဆေးရုံမှ ၃၉ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ မောက်မယ်မြို့နယ်ဆေးရုံမှ ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် မောက်မယ်မြို့နယ်ဆေးရုံမှ ၁၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့တွင်လည်း **2019 Novel Coronavirus ဗိုင်းရပ်(စ်)ရောဂါပိုးမရှိကြောင်း** ရည်ညွှန်းဓာတ်ခွဲခန်းမှ ဖေဖော်ဝါရီလ ၁၄ ရက်က ပြန်ကြားလာခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုခံယူနေသော ကျန်လူနာ ၈ ဦး၏ ဓာတ်ခွဲစစ်ဆေးမှုအဖြေသတင်းများရရှိပါက ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

မေသက်

အမေရိကန်တွင် လင်ကွန်းပညာတော်သင်ဆုဖြင့် မဟာဘွဲ့တက်ရောက်ရန် မြန်မာနိုင်ငံသား ၁၇ဦး အရွေးချယ်ခံရ

အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ၏ **လင်ကွန်းပညာတော်သင်ဆု အစီအစဉ်ဖြင့် အမေရိကန် ပြည်ထောင်စုတွင် မဟာဘွဲ့တက်ရောက်ရန် မြန်မာနိုင်ငံသား ၁၇ဦးအရွေးချယ်ခံရကြောင်း** မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ဖေဖော်ဝါရီလ ၁၇ရက်တွင်သိရသည်။

မတူကွဲပြားမှုပေါင်းစုံသည့် အမျိုးမျိုးသောလျှောက်လွှာရှင် ၂၆၆ ဦးအနက်မှ **ရွေးချယ်ခံရသည့် လင်ကွန်းပညာတော်သင် ၁၇ ဦးသည် စိုက်ပျိုးရေး၊ ပြည်သူ့ရေးရာမူဝါဒ၊ ပြည်သူ့ကျန်းမာရေး၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု၊ နိုင်ငံရေးသိပ္ပံ၊ ခရီးသွားလုပ်ငန်းနှင့် ဖွံ့ဖြိုးမှု ဘာသာရပ်များကို သင်ယူကြမည်ဖြစ်ပြီး** ပညာတော် သင်များသည် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ ပညာရေးဆိုင်ရာ သင်တန်းကို **သုံးလကြာသင်ယူရမည်ဖြစ်ကာ** ယင်းသင်တန်းကို အောင်မြင်စွာပြီးဆုံးပြီးနောက် **ဇူလိုင်နှင့် ဩဂုတ်လအတွင်း အမေရိကန်ပြည်ထောင်စုသို့ ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။**

လင်ကွန်းပညာသင်ဆုကို ၂၀၂၄ ခုနှစ်အထိ ပေးအပ်ရန်အတွက် အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီက နိုင်ငံတကာပညာရေးအင်စတီကျူ (အိုင်အိုင်အီး) နှင့် လက်တွဲဆောင်ရွက်ထားကာ **လာမည့်လတွင် အိုင်အိုင်အီး၏ မြန်မာ့ဝိတ်ဖက် သပြေပညာရေးဖောင်ဒေးရှင်းမှ** ဒီစီနှင့် နယူးယောက်တို့ရှိ ဩဇာအာဏာရာထူးများနှင့် အလှမ်းကွာလှသည့် ဆင်းရဲသားမိသားစုမှ ပေါက်ဖွားခဲ့ပါသည်။ **အညတရ မိသားစုအဆိုင်းအဝိုင်းတွင် ကြီးပြင်းလာရသော်လည်း အောဘရာဟမ်လင်ကွန်းသည် ရှေ့နေတစ်ဦးနှင့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ကာ အမေရိကန် ပြည်တွင်းစစ်ပွဲကာလတွင် အမေရိကန်နိုင်ငံပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အမေရိကန် နိုင်ငံနှင့် နိုင်ငံသားများအခွင့်အရေးအတွက် ဦးဆောင်ပံ့ပိုးပေးခဲ့သူ ဖြစ်ကြောင်း** သိရသည်။

HNW

(ဓာတ်ပုံ - အမေရိကန်သံရုံး)

နေ၍ ၂၀၂၁ ခုနှစ် ပညာရေးနှစ်အတွက် ပညာသင်ဆု လျှောက်လွှာတင်ရမည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဟောပြောပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပညာသင်ဆု အခွင့်အလမ်းသတင်းအချက်အလက်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမှုအဖွဲ့အစည်းအားလုံးရှိ ပညာသင်ဆု လျှောက်ထားလိုသူများထံသို့ ရောက်ရှိရေးအတွက် သပြေပညာရေးဖောင်ဒေးရှင်းက ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပညာသင်ဆု အစီအစဉ်ကို **အမေရိကန်ပြည်ထောင်စု၏ တစ်ဆယ့်ခြောက်ဦးမြောက်သမ္မတအားဂုဏ်ပြုပြီး အမည်ပေးထားခြင်းဖြစ်ကာ** အောဘရာဟမ်လင်ကွန်းသည် ဝါရှင်တန်

အလုပ်အကိုင်အခွင့်အလမ်း ၆၆၀၀ ကျော်ဖန်တီးပေးမည့် ဆောင်ရွက်ဆဲလုပ်ငန်း ၁၉ ခုနှင့် လုပ်ငန်းသစ် ၁၂ ခုကို MIC ခွင့်ပြု



အလုပ်အကိုင်အခွင့်အလမ်း ၆၆၀၀ ကျော် ဖန်တီးပေးမည့် ဆောင်ရွက်ဆဲ လုပ်ငန်း ၁၉ ခုမှ မ တည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ဟိုတယ်ကဏ္ဍတို့မှ လုပ်ငန်း သစ် ၁၂ ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)၏ ၃/၂၀၂၀ ကြိမ်မြောက်အစည်းအဝေးတွင် ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၀၁ ဒသမ ၉၁၃ သန်းနှင့် ငွေကျပ် ၇၃၄၃၅ ဒသမ ၃၃၂ သန်းရှိပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၆၆၁၈ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ **ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများတွင် စင်ကာပူ နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပါဝင်ပြီး စုစုပေါင်း နိုင်ငံ ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်၊ အဆိုပါ ကဏ္ဍများအနက် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ရာခိုင်နှုန်းဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားပြီး ယင်းနောက်တွင် လျှပ်စစ် ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍတို့၌ အများ ဆုံးရင်းနှီးမြှုပ်နှံထားကြောင်း** သိရသည်။

MIC ခွင့်ပြုမိန့် နှင့် အတည်ပြုမိန့် ရရှိထားသည့် လုပ်ငန်း၊ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု/မတည်ရင်းနှီးငွေ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခွင့်ပြုမိန့်ပြင်ဆင်ချက် ၊ အစီရင်ခံတင်ပြခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများအလွယ်တကူ မှတ်ပုံတင်နိုင်ရန် အွန်လိုင်းမှတ်ပုံတင်စနစ် Myco ကိုလည်း ဆောင်ရွက်ထားပြီး **လက်ရှိအချိန်ထိ ကုမ္ပဏီပေါင်း ၆၇၆၇ ခု မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း** သိရသည်။

ပြည်ရည်ဖူး (ဓာတ်ပုံ - MIC)

ရန်ကုန်-လှိုင်ကော် လေကြောင်းပျံသန်းပြေးဆွဲမှု ယခုလ ၂၁ ရက်မှစတင်ကာ သုံးရက် ရပ်နားမည်

ရန်ကုန် - လှိုင်ကော် လေကြောင်းပျံသန်းပြေးဆွဲမှု ယခုလ ၂၁ ရက်မှ စတင်ကာ ၂၃ ရက်အထိ သုံးရက် ရပ်နားမည်ဖြစ်ကြောင်း လှိုင်ကော်လေဆိပ်မှ ဖေဖော်ဝါရီလ ၁၇ ရက်တွင်သိရသည်။

ရန်ကုန် - လှိုင်ကော် လေကြောင်းပျံသန်းပြေးဆွဲမှုရပ်နားခြင်းမှာ **လှိုင်ကော်လေဆိပ်ကို မူလလေယာဉ်ပြေးလမ်းနှင့် တိုးချဲ့ လေယာဉ်ပြေးလမ်း အဆက်ဖြစ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သည့်အတွက်** ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

"ဌာနမှာရှိတဲ့ အင်ဂျင်နီယာတွေအဆက်ဖြေတာတွေ ကြီးကြပ်ဆောင်ရွက်မှာဖြစ်လို့ပါ။ ပြေးလမ်းအဆင့်မြှင့်တာတော့မဟုတ်ပါဘူး" ဟု လှိုင်ကော်လေဆိပ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လှိုင်ကော်လေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ရက်လျှင် တစ်စင်းနှုန်း၊ Air KBZ လေကြောင်းလိုင်းမှ တစ်ပတ်လျှင် သုံးစင်းနှုန်း ပြေးဆွဲပေးနေကြောင်း သိရသည်။

ရှိန်းဝင်းထိုက် (သတင်း၊ ဓာတ်ပုံ)

ရန်ကုန်မိုးပျံအမြန်ကားလမ်း စီမံကိန်းအပိုင်း ၁ အတွက် မြို့နယ်သုံးခုတွင် အိမ်နှင့် အဆောက်အအုံအချို့ ထိခိုက်မှုအနည်းငယ်ရှိမည်

မြန်မာနိုင်ငံ၏ ပထမဆုံးသော ရန်ကုန်မိုးပျံအမြန်ကားလမ်း **စီမံကိန်းအပိုင်း ၁ ကို ယခုနှစ်အတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ရာ စီမံကိန်းဖြတ်သန်းရာ မြို့နယ်များရှိ မြို့နယ်သုံးခုတွင် အိမ်နှင့် အဆောက်အအုံအချို့ ထိခိုက်မှုအနည်းငယ်ရှိမည်ဖြစ်ကြောင်း** ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရန်ကုန်မိုးပျံအမြန်ကားလမ်း စီမံကိန်းအပိုင်း(၁)နှင့်ပတ်သက်၍ **ပထမအကြိမ် အများပြည်သူနှင့် တွေ့ဆုံပွဲကို** ဖေဖော်ဝါရီ ၁၆ ရက်က တောင်ဥက္ကလာပ(မြင်သာ) မြို့ဦးဘုန်းကြီးကျောင်းတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **စီမံကိန်းအပိုင်း(၁)သည် မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သဃ်ိန်းကျွန်း၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံနှင့် အင်းစိန်မြို့နယ်တို့ကို ဖြတ်သန်းတည်ဆောက်မည်ဖြစ်ရာ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နှင့် မရမ်းကုန်းမြို့နယ်တို့ရှိ အိမ်နှင့် အဆောက်အအုံအချို့ ထိခိုက်မှုအနည်းငယ်ရှိမည်ဖြစ်ကြောင်း၊** ထိုသို့ ထိခိုက်မှုများအတွက် **ထိခိုက်နစ်နာသူများအား လျော်ကြေးနှင့် ပြန်လည်နေ ရာချထားရေး အထောက်အပံ့များကို တွက်ချက်ပေးသည့်အပြင် လူမှုစီးပွား ထူထောင်ရန်ပါ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း** သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တင်ဒါအောင်ကုမ္ပဏီများက PPP စနစ်ဖြင့် အကောင်အထည်ဖော်မည့် ရန်ကုန်မိုးပျံအမြန်ကားလမ်း စီမံကိန်းအပိုင်း ၁ မှာ လမ်းအရှည် ၂၇ ဒသမ ၅ ကီလိုမီတာ၊ အပြင့် ၈ မီတာမှ ၁၉ ဒသမ ၅ မီတာအထိနှင့် အသွားအပြန် လေးလမ်းသွားဖြစ်ပြီး ယခုနှစ် ဩဂုတ်လတွင် စတင်တည်ဆောက်မည်ဖြစ်၍ တည်ဆောက်ရေးကာလ ၄၂ လဖြစ်ကာ ၂၀၂၅ ခုနှစ် မေလ၌ စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

HNW

ဆရာမခေါ်ခွယ်နွယ်ဝင်း ဦးစီးသင်ကြားသည့်
အောင်မိုးမာန်
ဆေးဝါးထွေ်ခြမ်းဖျော် နှင့် အထူထူနှာပြုထပ်တန်းတွေ့ဝင်း
အမှတ်(၂၈၁/၂၉၈)၊ပထမထပ်၊ အနော်ရထာလမ်း၊ ကုန်ဈေးတန်းမှတ်တိုင်ရှေ့၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဂုန်း - ၀၉၄၂၁၁၁၉၇၀၀ ၊ ၀၉၇၉၁၁၁၉၇၀၀ ၊ ၀၉၄၄၃၇၁၀၄၁၂၆ ၊ ၀၉၇၃၀၀၄၁၂၆
ကိုယ်ပိုင်ဆေးဆိုင်ဖွင့်လိုသူများ အကူသုနာပြုအလုပ်လုပ်ကိုင်လိုသူများတက်ရောက်နိုင်ပါသည်။ သင်တန်းဆင်းလက်မှတ်ပေးသည်။
ဘော်ဒါဆောင်စီစဉ်ပေးသည်။ အလုပ်အကိုင်ရရှိရန် ကူညီဆောင်ရွက်ပေးသည်။
- တစ်လပြတ်သင်တန်း ၂ - ၃ - ၂၀၂၀ စမည်။ (တနင်္လာမှ သောကြာ)
- နှစ်လပြတ်သင်တန်း ၇ - ၃ - ၂၀၂၀ စမည်။ (စနေနှင့် တနင်္ဂနွေ)
- သုံးလပြတ်သင်တန်း ၈ - ၃ - ၂၀၂၀ စမည်။ (တနင်္ဂနွေတစ်ရက်တည်း)
အကူသုနာပြုလိုအပ်ပါက စုံစမ်းဆက်သွယ်နိုင်ပါသည်။ ပိတ်ရက်မရှိပါ။

ဂျပန်တွင် မြန်မာအလုပ်သမားချင်း ဓားထိုးမှုဖြစ်သဖြင့် တစ်ဦးသေဆုံးပြီး ထိုးသူဟုဆိုသောလူငယ်ကို ရာနေဆဲ၊ သံသယတရားခံလွတ်နေသည်အတွက် သတိထားရန်ညွှန်ကြားထား



ဂျပန်နိုင်ငံတွင် မြန်မာအလုပ်သမားချင်း ဓားထိုးမှုဖြစ်ပွားသည့်အတွက် တစ်ဦးသေဆုံးခဲ့ကာ ထိုးသည်ဟုဆိုသောလူငယ်ကို ရာနေဆဲဖြစ်ပြီး ကျူးလွန်ရာတွင် အသုံးပြုသည်ဟုဆိုသောဓားကိုလည်း မတွေ့ရသေးကြောင်း ဖေဖော်ဝါရီလ ၁၇ ရက်တွင် သိရသည်။

အဆိုပါဖြစ်စဉ်မှာ **ဖေဖော်ဝါရီလ ၁၇ ရက် နံနက် ၇ နာရီ ၂၅ မိနစ်အချိန်က Yokkaichi မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ နောက်ကျောတွင် ဓားဖြင့် အထိုးခံထားရသည့်အလောင်းကို တွေ့ရခြင်း** ဖြစ်ကြောင်း PORTALME သတင်းဌာန၏သတင်းတွင် ဖော်ပြထားသည်။

ရဲတပ်ဖွဲ့၏သုံးသပ်ချက်အရ မြန်မာနိုင်ငံသားနှစ်ဦး စကားများပြီးနောက် ဓားဖြင့် ထိုးသတ်လိုက်ခြင်းဖြစ်မည်ဟု ယုံကြည်နေကာ အခင်းဖြစ်ရာတွင် အသုံးပြုခဲ့မည်ဟုယူဆရသောဓားကို တွေ့ရခြင်းမရှိသေးသကဲ့သို့ **ကျူးလွန်သည်ဆို သော အသက် ၂၀ အရွယ်လူငယ်ကိုလည်း မတွေ့သေးသည့်အတွက်** ရှာနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရန်ဖြစ်ခဲ့ပြီး သတ်သည်ဟုယူဆရသောအမှုက သေဆုံးသူနှင့် ကျူးလွန်သူဟုဆိုသူသည် **အတူနေထိုင်ကြသူများဖြစ်ပြီး ကုမ္ပဏီတစ်ခုတည်းတွင် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း**လည်း ကနဦးထွက်ပေါ်နေသည့် သတင်းအရ သိရသည်။

ထိုသို့ဖြစ်ပွားခြင်းမှာ ဖေဖော်ဝါရီလ ၁၇ ရက် အစောပိုင်း သို့မဟုတ် ဖေဖော်ဝါရီလ ၁၆ ရက် ညနက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်မည်ဟု သုံးသပ်ထားကာ ကျူးလွန်သူဟုယူဆရသူကိုလည်း ရှာမတွေ့သည့်အတွက် အမှတ် ၂၃ အဝေးပြေးလမ်းမအနီးတွင် နေထိုင်သူများ သတိထားကြရန် ရဲတပ်ဖွဲ့က သတိပေးထားသည်။

HAP

ပင်လယ်ဘူးမြို့နယ်တွင် သက်တမ်းနှစ် ၁၂၀ ရှိ ငွေဒင်္ဂါးပြား ၁၂၂ ပြား ပထမဆုံးအကြိမ် အများဆုံးတွေ့ရှိခဲ့ဟုဆို

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လယ်ဘူးမြို့နယ်တွင် **နှစ် ၁၂၀ သက်တမ်းရှိ ငွေဒင်္ဂါးပြား ၁၂၂ ပြားကို ပထမဆုံးအကြိမ်အဖြစ် အများဆုံးတွေ့ ရှိခဲ့ရကြောင်း** ပင်လယ်ဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်က ပြည်မြန်မာသတင်းဂျာနယ်သို့ ဖေဖော်ဝါရီလ ၁၇ ရက်ကပြောသည်။

အဆိုပါငွေဒင်္ဂါးပြား ၁၂၂ ပြားတွေ့ရှိခဲ့ရာတွင် အမျိုးအစားသုံးမျိုးတွေ့ ရှိခဲ့ပြီး တွေ့ရှိမှုအနေနှင့် **ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းက ပင်လယ်ဘူးမြို့နယ်၊ တောင်ဒွန်းကျေးရွာအုပ်စု၊ အင်ကုန်းကျေးရွာရှိ သုဓမ္မာသာရဘုန်းတော်ကြီးကျောင်း ဆောင်သစ်ဆောက်လုပ်ရန်အတွက် ရွာသူရွာသားများက မြေသန့်မင်္ဂလာအဖြစ် အပေါ်ယံမြေလွှာများတူးရာတွင် ယင်းငွေဒင်္ဂါးပြားများကို တွေ့ရှိရရှိခြင်းဖြစ်ကြောင်း** သိရသည်။

‘‘ဘယ်နေ့ကတွေ့ရှိလဲဆိုရင်တော့ ခုလ ၁၁ ရက်နေ့က ကျောင်းဆောက်ဖို့အတွက် မြေနေရာသန့်ကြရင်းတွေ့တာပါ။ **နှစ်ပေါင်းတစ်ရာကျော်နေပြီ၊ တွေ့ရှိတဲ့ငွေဒင်္ဂါးပြားတွေကတော့ သုံးမျိုးလောက်ရှိတယ်၊ တမင်သက်သက်တူးတာတော့မဟုတ်ဘူး၊** ခုလိုတွေ့ရှိတာကလည်း ဟိုတုန်းက သူကြီးတွေနေထိုင်ခဲ့တဲ့နေရာဖြစ်တာကြောင့်လည်း ခုလိုတွေ့ရှိတာဖြစ်ပါတယ်’’ဟု ၎င်းကဆိုသည်။

ယင်းတွေ့ရှိသည့် ငွေဒင်္ဂါးပြားသုံးမျိုးမှာ GEORGE V KING & EMPEROR ငွေဒင်္ဂါး ၇ ပြား၊EDWARD VII KING & EMPEROR ငွေဒင်္ဂါး ၄၅ ပြား၊ VICTORIA QUEEN ငွေဒင်္ဂါး ၁၂ ပြား၊ VICTORIA EMPERESS ငွေဒင်္ဂါး ၅၆ ပြားနှင့် အခြားငွေပြားနှစ်ပြားအဖြစ် ငွေပြားပေါင်း ၁၂၂ ပြားကိုတွေ့ရှိခဲ့ကာ အင်ကုန်းကျောင်းကျောင်းဆရာတော်၏မိန့် ကြားချက်အရ ဘုန်းတော်ကြီးကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီထံတွင် ထိန်းသိမ်းပေးထားကြောင်းနှင့် မတွေ့မမြင်ဖူးသည့် သူများလည်း လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

‘‘ဒီပင်လယ်ဘူးမြို့နယ်မှာ အရင်တုန်းကတော့ တစ်ပြားစနှစ်ပြားစတွေ့ရှိခဲ့ဖူးတယ်။ ခုတွေ့တာကတော့ အများဆုံးပဲ။ ဟိုတုန်းက ပင်လယ်ဘူးမြို့နယ်မှာ ယဉ်ကျေးမှုတွေ တော်တော်များများထွန်းကားခဲ့တယ်။ ကျွန်တော်တို့ရွာဆိုရင် တောင်ဒွန်းရွာနဲ့ သုံးမိုင်လောက်ကွာတယ်။ အဲဒီမှာ မကြာမကြာ ချင်းတိုင်းရင်းသားတွေရဲ့ သင်္ကေတဖြစ်တဲ့ ဆေးအိုး၊ ဆေးတံနောက်ပြီး သူတို့ရဲ့ပဒေသာတွေ မကြာခဏတွေ့တယ်။ **ရှေးယခင်ကာလများက မင်းနေပြည်တော်အဖြစ် ချင်းတွေအခြေစိုက်ခဲ့ဖူးတဲ့နေရာလည်းဖြစ်တော့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေ တွေ့ရှိတာလည်းဖြစ်ပါတယ်**’’ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်းက ထပ်မံပြောဆိုသည်။

ကိုထွဋ်

မီးလောင်ခဲ့သော မန္တလေးမင်္ဂလာစျေး အမြန်ဆုံးပြန်လည်တည်ဆောက်ရန် ဆန္ဒထုတ်ဖော်

မီးလောင်မှုဖြစ်ပွားသည်မှာ ၄ နှစ်နီးပါးကြာခဲ့ပြီဖြစ်သော မန္တလေး မင်္ဂလာစျေး ပြန်လည်မတည်ဆောက်နိုင်သေးသည့်အပေါ် အမြန်ဆုံးပြန်လည်တည်ဆောက်ပေးရန်နှင့် စျေးသည်များအား မူလအတိုင်း ဆိုင်ခန်းများ ပြန်လည်နေရာချပေးရန် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက စျေးသူစျေးသားတစ်ရာကျော် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

စျေးအကျိုးတော်ဆောင်အဖွဲ့က ဦးဆောင်သော ယင်းဆန္ဒဖော်ထုတ်ပွဲတွင် ဆန္ဒဖော်ထုတ်သူများက ယာယီစျေးမှ တစ်ဆင့် ၃၅ လမ်း ၇၃ လမ်းတို့ကို ဖြတ်၍ မီးလောင်ခဲ့သော မင်္ဂလာစျေးဟောင်းနေရာသို့ လမ်းလျှောက်ချီတက်ကာ စျေးသူစျေးသားများဆန္ဒအတိုင်း အမြန်ဆုံးတည်ဆောက်ပေးရေး၊ မန္တလေးတိုင်းအစိုးရပေးထားသည့်ကတိအတိုင်း အမြန်ဆုံးဆောင်ရွက်ပေးရေး၊ **မြေညီထပ် မူလနေရာ မူလအတိုင်းပြန်လည်ရရှိရေး၊** တာဝန်မယူသောပုဂ္ဂိုလ်များ အလိုမရှိ၊ **မြေအောက်ထပ် အလိုမရှိ၊ သမ္မတကြီးနှင့် အမေစုကူညီပေးပါ** စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

‘‘ကျွန်မတို့ကိုပေးထားတဲ့ ကတိစကား တည်ဖို့လိုလားပါတယ်။ ဒီဧရိုင်းပြပြီးပါပြီ။ အဲဒီ ပြန်လည်တည်ဆောက်မယ့် ဒီဧရိုင်းကိုပြပြီးပြီ။ **ကျွန်မတို့လိုလားတာက မြေညီထပ် မူလနေရာကို မူလအတိုင်း ပြန်လည်ရရှုင်ပါတယ်၊ မြေအောက်ထပ် ထည့်မယ့်ကိစ္စကို အလိုမရှိပါဘူး**’’ဟု ဆန္ဒဖော်ထုတ်သူတစ်ဦးကပြောသည်။

ပြန်လည်တည်ဆောက်မည့် မင်္ဂလာစျေးအဆောက်အအုံဒီဧရိုင်းပုံစံတွင် Public Area နှစ်ခု၊ လေးထပ်အဆောက်အအုံများ၊ ကွန်ဒိုတစ်လုံးပါဝင်မည်ဖြစ်ပြီး ယခင်က မြို့တော်ဝန်အိမ်နေရာအဖြစ် တည်ရှိခဲ့သည့်နေရာကို ဖျက်သိမ်း၍ စျေးဧရိယာအတွင်း ထည့်သွင်းရေးဆွဲထားကြောင်းလည်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၇၂-၇၃) လမ်းကြားနှင့် (၃၀-၃၁) လမ်းကြားရှိ **မန္တလေးမြို့၏ ဒုတိယအကြီးဆုံး လေးထပ်မင်္ဂလာစျေးမှာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လ ၂၂ ရက် ညနေ ၅ နာရီခန့်အချိန်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီးနောက် မဟာအောင်မြေမြို့နယ် ၃၅ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ ဂေါ်ရာဘောလုံးကွင်းမြေနေရာတွင် စျေးဆိုင်ခန်း၊ ပျဉ်ကျစျေးဆိုင်ခန်း ၇၀၀ ကျော်ဖြင့် ယာယီစျေးဖွင့်လှစ်ရောင်းချခဲ့ကြောင်း** သိရသည်။

မီးလောင်ခဲ့သော မန္တလေးမင်္ဂလာစျေးသည် ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်အကွက်အမှတ် ၇၃၉ တွင်တည်ရှိပြီး **ရတနာပုံခေတ် မူလစျေးကြီး ၂၈ စျေးအနက် တစ်စျေးအပါအဝင်ဖြစ်ကြောင်း၊** မူလက ကျော်မိုးတံခါး (မင်္ဂလာတံခါး) အနီးရှိ ယခင် ပြည်တော်သာ တိုက်တန်းဝင်းနေရာတွင်ရှိခဲ့ရာမှ အဆိုပါနေရာဖြစ်သည့် ဆင်တော်သည်များဝင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်တွင် မြို့ပိုင်ဦးကြင်က ကိုယ်ပိုင်စျေးအဖြစ် ဖွင့်လှစ်ခဲ့ပြီးနောက် **၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် စည်ပင်သာယာစျေးအဖြစ် မြေညီထပ်၌ ဆိုင်ခန်း ၃၇၀၊ ပထမထပ်၌ ၂၆၄ခန်း၊ ဒုတိယထပ်၌ ၂၃၂ ခန်းဖြင့် တည်ဆောက်ကာ ၁၉၉၈ ခုနှစ် မတ် ၂၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း** သိရသည်။

မေငယ်

ကမ္ဘာ့ပလားခြေစစ်ပွဲစဉ်တစ်ခု၌ လုပ်ပွဲသံသယရှိ၍ မြန်မာအသင်းကို ဖီဖာက လာရောက်စစ်ဆေး

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် **မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တစ်ပွဲကို လုပ်ပွဲသံသယဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာရောက်စစ်ဆေးခဲ့ကြောင်း** မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ကပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ **အောက်တိုဘာ ၁၀ ရက်က ကာဂျွတန်အသင်း၏အိမ်ကွင်းတွင် သွားရောက်ယှဉ်ပြိုင်ခဲ့သော အဆိုပါကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်၌ ၇-၀ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့်** လုပ်ပွဲသံသယဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဖေဖော်ဝါရီလ ဒုတိယအပတ်တွင်းက လာရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

‘‘ကျွန်တော်တို့ဆီလာပြီး မေးတာပြုတာကို ကျွန်တော်တို့ဘက်က လိုအပ်တာကို ပံ့ပိုးပေးတာပါ။ သူတို့က Match Fixing (လုပ်ပွဲ)နဲ့ပတ်သက်ပြီး နိုင်ငံတော်တော်များများကို စောင့်ကြည့်ပြီး တစ်ကမ္ဘာလုံးမှာ စစ်ဆေးနေတာတွေက အများကြီးပဲ။ သက်ဆိုင်ရာအဖွဲ့ချုပ်တွေကလည်း အဲဒါကို ကူညီဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ **သူတို့ရဲ့လုပ်ထုံးလုပ်နည်းအရ ရုပ်သံပြန်ကြည့်တာမျိုးတွေ သူတို့သိ ချင်တဲ့သူကို ခေါ်စစ်တာတွေရှိတယ်၊** ဘာလုပ်တယ်၊ ဘယ်သူကို ခေါ်စစ်တယ်ဆိုတာကတော့ သူတို့မကြေညာဘူး။ **မသေချာဘဲနဲ့တော့ ဘယ်ဟာမှ သူတို့ သတင်းမထုတ်ဘူး၊** မဟုတ်ဘူးဆိုရင် နှစ်နာတာပေါ့။ အပြစ်ရှိတယ်ဆိုရင်တော့ သူတို့ဘက်က ဘယ်လိုအရေးယူကြောင်း ကြေညာပေးပါလိမ့်မယ်’’ဟု ဦးဇော်ဇော်ကပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျွတန်လက်ရွေးစင်အသင်းတို့သည် **ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကွာခြားလွန်းသည့်အခြေအနေ၌ မရှိသော်လည်း ၇ ဂိုးအထိ ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းအတွက် လုပ်ပွဲသံသယဖြင့်** မြန်မာ့လက်ရွေးစင်အသင်းသည် လာရောက်စစ်ဆေးခံရခြင်းဖြစ်ပြီး စစ်ဆေးမှုရလဒ်အရ လုပ်ပွဲအဖြစ်ထင်ရှားပါက ဖီဖာနှင့် အေအက်ဖ်စီက တိုက်ရိုက်အရေးယူမည်ဖြစ်သည်။

ထိုပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့သော မြန်မာ့လက်ရွေးစင် နည်းပြချုပ်ဟောင်း မွန်တီနီဂရိုးနိုင်ငံသား နည်းပြရာဒူလိုဗစ်သည်လည်း ပြီးခဲ့သောအောက်တိုဘာ ၂၀ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် လမ်းခွဲခဲ့ပြီးဖြစ်သော်လည်း ထိုပွဲစဉ်တွင် အဓိကတာဝန်ရှိသူအဖြစ် ပါဝင်ပတ်သက်နေရဦးမည်ဖြစ်ကြောင်း သိရသည်။

မိုင်းစောလွင်

သီလဝါအထူးစီးပွားရေးဇုန် (B) ဧရိယာ၏ ၂၈ ရာခိုင်နှုန်းခန့်ကို သုံးနှစ်အတွင်း အကောင်အထည်ဖော်ပြီးဖြစ်



သီလဝါအထူးစီးပွားရေးဇုန် (B) ၏ ဧရိယာ ၂၀၀၀ ဟက်တာမှ ၂၈ ရာခိုင်နှုန်းခန့်ကို အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း သီလဝါအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

"အခုဆိုရင်တော့ စီမံကိန်းမှာပါဝင်တဲ့ မြေတွေအတွက် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး နဲ့ လူမှုရေး အရအထောက်ပံ့တွေကို ပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သီလဝါ အထူးစီးပွားရေးဇုန်သည် **ရန်ကုန်မြို့တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာတွင် တည်ရှိပြီး ဇုန်၏ စုစုပေါင်း အကျယ်အဝန်းသည် ဟက်တာ ၂၄၀၀ ခန့်ရှိကာ ဇုန်(A) အတွက် ဟက်တာ ၄၀၀ကျော် နှင့် ဇုန်(B) အတွက် ဟက်တာ ၂၀၀၀ သတ်မှတ်ထားကြောင်း**သိရသည်။ သီလဝါအထူးစီးပွားရေးဇုန်(A) ၏ ၄၀၅ ဟက်တာ(၈က၁၀၀၀)ခန့်ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက စတင်အကောင်အထည်ဖော်ခဲ့ပြီး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ သီလဝါ အထူးစီးပွားရေးဇုန်(B) ၏ ပထမအဆင့် ၁၀၁ ဟက်တာ (၂၅၀ ဧကခန့်) ကိုလည်းကောင်း၊ ဒုတိယအဆင့် ၇၇ ဟက်တာ(၁၉၀ ဧက) ခန့်ကိုလည်းကောင်း၊ တတိယ အဆင့် ၄၆ ဟက်တာ (၁၁၄ ဧက) ခန့်ကိုလည်းကောင်း၊ လက်ရှိတွင် ဇုန်(B)၏ စတုတ္ထအဆင့် ၃၈ ဟက်တာ(၉၄ဧက)ခန့်ကို အကောင်အထည် ဖော်လျက်ရှိရာ စုစုပေါင်း ဧရိယာ၏ ၂၈ ရာခိုင်နှုန်းခန့်ကို အကောင် အထည် ဖော်ပြီး ဖြစ်ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ သတ်မှတ်ဧရိယာအနက် ၅၀၂၇ ဒသမ ၀၂ ဧကသည် စက်မှုမြေငှားဂရန် ရရှိပြီး ဖြစ်ကာ လျော်ကြေးပေးရန် ကျန်ရှိနေသေးသည့် ၇၆၀ ဧကအနက် ၅၅၄ ဧကတွင် မြေယာလျော်ကြေးပေးပြီးဖြစ်ကြောင်းသိရသည်။ **လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကုမ္ပဏီပေါင်း ၁၁၂ ခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော် မြှုပ်နှံလျက်ရှိကြောင်း** သိရသည်။

ပြည်ရည်ဖူး
photo:myanmarthilawa.gov.mm

မြန်မာနိုင်ငံတွင် တတိယအကြီးဆုံးဖြစ်လာမည့် ကြေးခေါင်းလောင်းသွန်းလုပ်မှု မတ်လတွင် ပြီးစီးမည်

မြန်မာ့ တတိယအကြီးဆုံး ကြေးခေါင်းလောင်းသွန်းလုပ်နေမှုကို မြင်တွေ့ရစဉ်

မြန်မာနိုင်ငံတွင် **တတိယအကြီးဆုံးဖြစ်လာမည့် ကြေးခေါင်းလောင်းသွန်းလုပ်မှု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သောကြောင့် မတ်လတွင် ပြီးစီးမည်ဖြစ်ကြောင်း** ရွှေခေါင်းလောင်းကြေးသွန်းလုပ်ငန်းမှ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

အဆိုပါခေါင်းလောင်းကြီးကို စစ်ကိုင်းမြို့သီရိသုမနော်ဘုရား မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တသုမနကလျာဏဒါန်းပြုလုပ်ခြင်းဖြစ်ပြီး မတ်လ ၁၁ ရက်တွင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာသို့ ပို့ဆောင်ကာ အသံမြည်အောင် စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

"အခုခေါင်းလောင်းပေါ်မှာ စာလုံးထွင်းဖို့နဲ့ အရုပ်အလှဆင်ဖို့ လုပ်နေတယ်။ ပြီးရင် အချောကိုင်တဲ့လုပ်ငန်းတွေဆောင်ရွက်မှာပါ" ဟု ရွှေခေါင်းလောင်းကြေးသွန်းလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် **ပထမအကြီးဆုံးခေါင်းလုံးသည် ကြေးပိသာချိန် ၅၅၅၅၅ ရှိသော မင်းကွန်းခေါင်းလောင်းဖြစ်ပြီး ဒုတိယအကြီးဆုံးသည် ရွှေတိဂုံဓေတီရှိ ကြေးပိသာချိန် ၂၆၀၀၀ ရှိသည်** သာယာဝတီခေါင်းလောင်းဖြစ်ပြီး ယခုခေါင်းလောင်းသည် ကြေးပိသာချိန် ၁၆၀၀၀ ရှိကြောင်း သိရသည်။

ရှိန်းဝင်းထိုက်
(ဓာတ်ပုံ-သီရိသုမနော်ဘုရား)

သင့်ကျန်းမာရေးအတွက် ရှောင်ရန် အမူအကျင့်များ

ဒေါက်တာခင်မိုးမိုး

လူတိုင်း လူတိုင်းမှာ အမူအကျင့်လေးတွေ ကိုယ်စီရှိကြပါတယ်။ အဲဒီအမူအကျင့်တွေက ငယ်စဉ်ကတည်းက သင်ကြားခံခဲ့ရတာမျိုးတွေရှိသလို တချို့အပြုအမူတွေကလည်း မိမိဘာသာ သက်သာသလိုနေရင်းနဲ့ အသားကျသွားတာ၊ တချို့ကျတော့လည်း စမ်းသပ်ကာ လုပ်ကြည့်မိရင်း စွဲလမ်းသွားတာတွေဖြစ်ရင်းနဲ့ မိမိရဲ့ နေ့စဉ်အသားကျနေတဲ့ လုပ်ဆောင်နေကျ အမူအကျင့်လေးတွေဖြစ်သွားကြပါတယ်။

မိမိအမူအကျင့်တွေက မိမိအတွက် ဘယ်လောက်ပဲအသားကျနေလို့ ဘယ်လောက်ပဲဆက်လုပ်ချင်နေပါစေ မိမိအတွက် ကောင်းကျိုးမပေးနိုင်ရင် စိတ်ကိုထိန်းပြီး ဆက်မလုပ်တော့ဘဲ ပြုပြင်လိုက်တာက မိမိကျန်းမာရေးအတွက် အကျိုးရှိမှာအမှန်ပါ။

City Mart နှင့် အဖြူဖြူဆိုင်တိုင်းတွင် ရရှိနိုင်ပါပြီ...

မှာယူလေး
ထွန်းညီးဆာပေ၊
နဂါးဆာပေ

ဖြန့်ချိရာဌာန SweSone Media Group Central Tower ထပမထပ်၊အနော်ရထာလမ်း(ခုခွလမ်းထောင့်)၊ ရန်ကုန်။ ဖုန်း - ၀၁၃၅၅၂၂၉၊ ၀၁၃၅၂၂၅၃၃၉၊ ၀၁၃၅၂၄၄၀၀

သင့်ကျန်းမာရေးအတွက် ဒါတွေသိရဲ့လား

လူတစ်ယောက်ကျန်းမာနေကြောင်း သိရှိအောင် စက္ကန့် ၃၀ အတွင်း ဘယ်လိုစစ်ဆေးပါသလဲ

စက္ကန့် ၃၀ လောက် သင့်လက်သီးဆုပ်ထားပါ။ စက္ကန့် ၃၀ ကြာပြီးနောက် လက်သီးဖြည်လိုက်တဲ့အခါမှာ လက်ဖဝါးဖွေးနေတာကို မြင်တွေ့နိုင်ပါတယ်။ လက်သီးဆုပ်လိုက်တဲ့အတွက် သွေးကြောတွေကို ဖိအားပေးခံရတာကြောင့် လက်ဖဝါးအတွင်း သွေးရောက်ရှိမှုနည်းသွားတာပါ။ လက်သီးဖြည်အပြီး မကြာခင်မှာ သွေးတွေပြန်ရောက်လာတာကိုမြင်ရရင် သင်ရဲ့သွေးကြောတွေ ကျန်းမာရေးကောင်းမွန်တဲ့လက္ခဏာပါ။ လက်ဖဝါးပြန်နီလာဖို့ အချိန်အကြာကြီးစောင့်ရတယ်ဆိုရင် သွေးကြောတွေ ကျဉ်းမြောင်းနေတဲ့လက္ခဏာပါ။

ဒေါက်တာခင်မိုးမိုး

အမျိုးသားတွေမှာ ဘယ်လိုကင်ဆာရောဂါမျိုးတွေ အဖြစ်များတတ်ပါသလဲ

အမျိုးသားတွေမှာ အဖြစ်များတဲ့ ဆီးကျိတ်ကင်ဆာနဲ့ပတ်သက်ပြီး သတိထားဖို့က ဆီးထဲမှာသွေးပါတယ်။ ဆီးသွားရခက်တယ်။ ညဘက်ခဏခဏ ဆီးထသွားရတယ်။ ခါးနာတယ်။ အရိုးအဆစ်နာကျင်တာတွေဖြစ်နေတာဆိုရင် မပေါ့ဆသင့်ဘူး။ ယောကျ်ားတွေမှာ အဖြစ်များတတ်တဲ့ အစာအိမ်အူလမ်းကြောင်းနဲ့ အူမကြီးကင်ဆာဆိုရင်လည်း အသားတွေ၊ ပြည့်ဝဆီတွေ အစားများတယ်ဆိုရင် အဖြစ်များပါတယ်။ နာတာမျိုးမဟုတ်ဘဲ ရင်ပြည့်ရင်ကယ်ဖြစ်တယ်။ အစာမကြေဘူး၊ ဝမ်းသွားရင် အားမရဘူး၊ တစ်ဆို့ဆို့ဖြစ်နေတယ်၊ ဝမ်းသွားရင် သွေးပါတယ်။ နိုင်ငံခြားမှာ အသက် ၄၀ ကျော်ရင် အဆုတ်ဓာတ်မှန် တစ်နှစ်တစ်ကြိမ်ရိုက်ပါတယ်။ အစာအိမ်မှန်ပြောင်းကြည့်တာကို သုံးနှစ်တစ်ကြိမ်ပြုလုပ်ပါတယ်။ ဆီးကျိတ်ကင်ဆာနဲ့ပတ်သက်ပြီး သွေးထဲမှာ ဟော်မုန်းပမာဏကို စစ်ဆေးကြည့်တာမျိုးတွေလုပ်သင့်ပါတယ်။

ပါမောက္ခ ဒေါက်တာစိန်လင်း
(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)

၁၄ ရက်အတွင်း ဝိတ်ကျနိုင်တဲ့နည်းလမ်း တစ်ခုသိချင်ပါတယ်

ပဲပင်ပေါက်ကို ရေနွေးဖျော်ပြီးစားတာက အာဟာရတန်ဖိုးအပြည့်အဝရရှိပြီး ကယ်လိုရီအပိုရရှိမှုကို လျော့နည်းစေပါတယ်။ တစ်နေ့နှစ်ကြိမ် အစာအနပ်ကြီးမစားခင် ၂ နာရီလောက်အလိုမှာစားပါ။

ဇာခြည်ဝင်း (ဆေးဝါးတက္ကသိုလ်)

ကြက်သွန်ဖြူကို အလွန်အကျွံစားရင် အန္တရာယ်ဖြစ်ပါသလား

ဝိုက်ထဲမှာ အစာမရှိဘဲ ကြက်သွန်ဖြူကိုစားသုံးရင် ဝမ်းပျက်နိုင်ပါတယ်။ ကြက်သွန်ဖြူက လေပွစေတဲ့အစာဖြစ်တာကြောင့် ဝမ်းပျက်အောင် လှုံ့ဆော်နိုင်တယ်လို့ လေ့လာမှုတွေအရ သိရပါတယ်။

လှပတ္တမြား

လူအင်အား ၅၀၀ ကျော်ရှိသည့် ရှင်းသန့်မြင့်စေပုဂံမြေအဖွဲ့က ပုဂံဘုရားများရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်း

ရွှေဟောင်းအမွေအနှစ်စာရင်းဝင်ပုဂံဒေသရှိဘုရားများတွင် လူအင်အား ၅၀၀ ကျော်ရှိ ရှင်းသန့်မြင့်စေပုဂံမြေကုသိုလ်တော်အဖွဲ့က ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခဲ့ကြောင်း အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဦးကေသဝ(ကလေးမြို့)က ပြည်မြန်မာသတင်းဂျာနယ်သို့ ဖေဖော်ဝါရီလ ၁၅ ရက်က မိန့်ကြားတော်မူသည်။

အဆိုပါအဖွဲ့ကို **ဒယ်အိုးဆရာတော် ဦးသုမင်္ဂလ(ဓမ္မကထိက)မှ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး** အနယ်နယ်အရပ်ရပ်မှ လုပ်အားဒါန ကုသိုလ်ရှင်များစုပေါင်းကာ ပုဂံဘုရားများရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်းဖြစ်ကြောင်း သိရသည်။

''ရပ်ရွာဒေသအသီးသီးကနေ စုပေါင်းပြီးတော့ ဆရာတော်ဦးသုမင်္ဂလရဲ့ ရှင်သန့်မြင့်စေပုဂံမြေအဖွဲ့ ထဲမှာလာရောက်ပြီးတော့ ဝေယျာဝစ္စသန့် ရှင်းရေးကုသိုလ်လုပ်တာပါ။ ရည်ရွယ်တာကတော့ ချုံနွယ်ပိတ်ပေါင်းတွေ ကွယ်နေတဲ့အတွက် ဘုရားတွေကိုကောင်းကောင်းမမြင်ရသလို ဒီချုံနွယ်ပိတ်ပေါင်းတွေကနေ ဘုရားတွေပေါ်ရောက်နိုင်တဲ့ အင်းဆက်ပိုးမွှားတွေကိုရှင်းလင်းနိုင်အောင်လို့လည်း ဖြစ်ပါတယ်။ ပုဂံမှာရှိတဲ့ဘုရားတွေ သက်တမ်းရှည်ကြာ ဖူးမြင်ရတွေ့ရအောင် ဆရာတော်ဦးသုမင်္ဂလအနေနဲ့ လုပ်ဆောင်တာပါ။ ခုဆို လာပြီး ကုသိုလ်ဝေယျာဝစ္စလုပ်တာကလည်း ဆရာတော်ရဲ့သြဝါဒနဲ့အညီ လိုက်နာကျင့်သုံးပြီး တက်ညီလက်ညီပြုလုပ်ခြင်းဖြစ်ပါတယ်''ဟု အောင်မင်္ဂလာ ကျောင်းတိုက်ဆရာတော်ဦးကေသဝက မိန့်ကြားသည်။

ထိုချုံနွယ်ပိတ်ပေါင်းများ စုပေါင်းရှင်းလင်းခြင်းကို ကလေးမြို့၊ မိုးကုတ်၊ ပခုက္ကူ၊ ကဲမ၊ ပေါက်၊ ကျောက်ဆည်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှပရဟိတဝေယျာဝစ္စကုသိုလ်ရှင် ၅၀၀ ကျော်ဖြင့် နှစ်စဉ်စုပေါင်းကာ ရှင်းလင်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

''ဒယ်အိုးဆရာတော်ဦးသုမင်္ဂလဦးဆောင်လုပ်လာခဲ့တာ နှစ်အတော်ကြာပါပြီ။ ဦးပဉ္စင်းက ဒီနှစ်ကလေးမြို့ကနေစတ္တ သုခလူမှုကူညီရေးအသင်းကွန္ဒာသယပရဟိတအကျိုးဆောင်အဖွဲ့နဲ့ မထုကျေးရွာက ရပ်ဆွေရပ်မျိုးတွေစုပေါင်းပြီး လူအင်အား ၁၃၀ လောက်နဲ့ သန့် ရှင်းရေးကုသိုလ်လာရောက်ပြီးလုပ်ဆောင်တာပါ။ အသင်းဝင်တွေကတော့ ဖိတ်ရင်ဖိတ်သလောက် လာရောက်ကြပါတယ်။ လူအရေအတွက်ကတော့ ၅၀၀ ကျော်ရှိပါတယ်။ အသင်းအဖွဲ့အနေနဲ့ကတော့ ဘယ်လောက်ဆိုတာကတော့မသိရဘူး''ဟု ဆရာတော်ဦးကေသဝက ထပ်မံမိန့်တော်မူသည်။

ပုဂံဒေသအတွင်းရှိ စေတီပုထိုးဘုရားများရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းသန့်မြင့်စေပုဂံမြေပရဟိတအဖွဲ့များအပြင် **အခြားသောကုသိုလ်ရှင်အဖွဲ့များမှလည်း လုပ်အားဒါနများ ပြုလုပ်နေခြင်းများရှိကြောင်း**နှင့် ခုတ်ထွင်ရှင်းလင်းထားသည့် ချုံနွယ်ပိတ်ပေါင်းများကိုလည်း ပုဂံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရတနာဘုံစံဆရာတော်နှင့် ဒယ်အိုးဆရာတော်တို့၏ **အမှီကသယ်ကားများဖြင့် သယ်ယူကာ စနစ်တကျစွန့်ပစ်ပေးကြကြောင်း** သိရသည်။

ကိုထွဋ်
(သတင်း/စာတိုပုံ)

ပလင်းကမ်းသာယာ ဆင်စခန်းတွင် ဆင်ပြတိုက် ဖွင့်လှစ်မည်

မန္တလေးတိုင်းဒေသကြီး **ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီးရှိ ပလင်းကမ်းသာယာဆင်စခန်းဝင်းတွင် ဆင်ပြတိုက် မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက်** ဆင်ချစ်သူများအနေဖြင့် လာရောက် လေ့လာနိုင်တော့မည်ဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်းမှ လက်ထောက်မန်နေဂျာဖြစ်သူ ကိုမျိုးမင်းကိုက ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြည်မြန်မာသတင်းဂျာနယ်သို့ပြောသည်။

ဆင်အရိုးစုပြတိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ဆင်ပြတိုက်ကိုလာသည့် ပြည်တွင်းပြည်ပခရီးသွားများနှင့် ဆင်ချစ်သူများ လာရောက်လေ့လာရာတွင် သစ်လုပ်ငန်းမှ ဆင်ထိန်းသိမ်းစောင့်ရှောက်သည့်နေရာများတွင်ပြုလုပ်နေသည့် လုပ်ငန်းစဉ်များကိုသိစေရန်၊ ဆင်တစ်ကောင်လုံးရှိ ဆင်ခန္ဓာအစိတ်အပိုင်းများအကြောင်း၊ ဆင်ကာကွယ်ထိန်းသိမ်းသည့် လုပ်ငန်းများအကြောင်း လက်တွေ့လေ့လာနိုင်စေရန် ပြတိုက်ကို တည်ဆောက်ထားခြင်းဖြစ်သည်ဟုဆိုသည်။

''အရင်က ကျွန်တော်တို့စခန်းမှာ ဆင်အရိုးစုတစ်ခုပဲရှိတယ်။ ဆင်နဲ့ပတ်သတ်တဲ့ တခြားအချက်အလက်တွေကမပြည့်စုံလို့ ဆင်ပြတိုက်မပြုလုပ်နိုင်ခဲ့ဘူး။ အခုတော့ **ဆင်ပြတိုက်ထဲမှာ ဆင်စွယ်အစစ် အကြီးလေးစုံလောက်ပါတယ်၊ ပြီးတော့ ဆင်နဲ့ ပတ်သတ်တဲ့သမိုင်းကြောင်းတွေ၊ တစ်ကမ္ဘာလုံးမှာ ဆင်တွေနေတဲ့နေရာတွေ၊ မြန်မာနိုင်ငံမှာ ဆင်တွေပျံ့နှံ့တဲ့နေရာတွေ၊ ဆင်စီးရာမှာသုံးတဲ့ကိရိယာတွေ၊ တောထဲမှာ ဆင်ဝန်ထမ်းတွေနေတဲ့ ဆင်ဝိုင်းပုံစံငယ်အိမ်တွေ၊ ဆင်တွေရဲ့ အလေ့အထသဘာဝတွေ၊ သစ်လုပ်ငန်းရဲ့ ဖွဲ့စည်းပုံတွေနဲ့ ဆင်တွေ ဘယ်လိုအသက်ခံနေရတယ်၊ သူတို့ကို ဘယ်လိုကာကွယ်ထိန်းသိမ်းနေရတယ်၊ ပြီးတော့ ဆင်ဖြူတော်နဲ့ပတ်သတ်တဲ့ အချက်အလက်တွေကို စုစည်းပြီးတော့ ပြထားပါတယ်''ဟု ကိုမျိုးမင်းကိုကပြောသည်။

အဆိုပါဆင်ပြတိုက်ကို ပလင်းကမ်းသာယာဆင်စခန်း ၂ နှစ်ပြည့်သည့်နေ့ဖြစ်သည့် **မတ်လ ၂၈ ရက်တွင် ဖွင့်လှစ်ရန် စီစဉ်ထားပြီး ဆင်စခန်းဝင်ကြေးကို စတင်ဖွင့်လှစ်သည့်အချိန်ကအတိုင်း ပြည်တွင်းခရီးသွားတစ်ဦးလျှင် တစ်ထောင်ကျပ်၊ ပြည်ပခရီးသွားတစ်ဦးလျှင် တစ်သောင်းကျပ်ကောက်ခံမည်ဖြစ်ကာ ၁၀ နှစ်အောက်ကလေးများကို ဝင်ကြေးကောက်ခံမည်မဟုတ်ဟုလည်း** သိရသည်။

ကောင်းမြတ်ရာ

ပြည်မြန်မာ သတင်းဂျာနယ်၊ Swesone Media Group၊
Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း၊ (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။
ဖုန်း ။ ၀၁ - ၃၈၅၂၉၊ ၇၃၉၂၇၃၉

ဆားဘီးယား နှင့် သူ၏မြို့တော်

PHOTO ALBUM
မှတ်တမ်းမာတ်ပုံ မြင်ကွင်းစုံ

ဒေါက်တာတင်ထွန်းဦး

ဆားဘီးယားနိုင်ငံမြို့တော် ဘဲလ်ဂရိတ်မြို့တစ်နေရာကို သတော်ပေါ်မှ မြင်တွေ့ရပုံ

ဆားဘီးယားနိုင်ငံ၏အလံ

ဥရောပတိုက်အလယ်ပိုင်းနှင့် ဘော်လ်ကန်ကျွန်းဆွယ်ရှိ ဘော်လ်ကန် (Balkans) နိုင်ငံတစ်နိုင်ငံဖြစ်သော ဆားဘီးယား (Serbia) နိုင်ငံသို့ ယခင်နှစ်က စာရေးသူ လေ့လာရေးခရီးထွက်ခဲ့ပါသည်။ ဆားဘီးယားနိုင်ငံသည် မြောက်ဘက်၌ ဟန်ဂေရီ၊ အရှေ့ဘက်၌ ရိုမေးနီးယားနှင့် ဘူဂေးရီးယား၊ တောင်ဘက်၌ မြောက်မက်ဆီးဒိုးနီးယား၊ အယ်လ်ဘေးနီးယား၊ အနောက်ဘက်၌ ခရိုအေးရှား၊ ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနား၊ မွန်တီနီဂရိုးတို့၏အကြားတွင် တည်ရှိသည်။ ယင်းဒေသတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၈၅၀၀ ခန့် (ဘီစီ-၆၅၀၀ ခန့်)ကပင် လူအများနေထိုင်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများတွင် စတင်ပါဝင်လာခဲ့သည်။ ရောမ၊ အော်တိုမန် (တူရကီ) ၊ ဩစတြီးယားနှင့် ဟန်ဂေရီတို့လက်အောက်သို့ ကျရောက်ခဲ့ဖူး၍ ဆားဘီးယားဘုရင်များက အေဒီ-၁၂၁၇ မှ ၁၃၄၆ ခုနှစ်အထိ အုပ်စိုးခဲ့သည်။ ၁၉၂၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ယူဂိုစလားဗီးယား (Yugoslavia) ပြည်ထောင်စုတွင် အဓိကပါဝင်ခဲ့သည်။

၁၉၉၁၊ ၁၉၉၂ ခုနှစ်တွင် ယူဂိုစလားဗီးယားပြည်ထောင်စုအတွင်း၌ စစ်ပွဲအချို့ ဖြစ်ပွားခဲ့ပြီး ယူဂိုစလားဗီယားနိုင်ငံမှ ခရိုအေးရှား၊ စလိုဗီးနီးယား၊ မက်စီဒိုးနီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံတို့ ခွဲထွက်သွားခဲ့ကြ၍ ဆားဘီးယားနှင့် မွန်တီနီဂရိုး (Montenegro) တို့ ကျန်ခဲ့ပြီး Federal Republic of Yugoslavia ဟုအမည်တွင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ယင်းမှမွန်တီနီဂရိုးကလည်းခွဲထွက်သွားသဖြင့် ဆားဘီးယားသာ ကျန်ခဲ့ပြီး The Republic of Serbia ဖြစ်လာခဲ့သည်။ တစ်ဖန် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ (NATO) ၏အကူအညီဖြင့် ဆားဘီးယားနိုင်ငံအတွင်းရှိ ကိုဆိုဗို (Kosovo) ကလည်း ၂၀၀၈ ခုနှစ်တွင် ခွဲထွက်ခဲ့ပြီးနောက် ကုလသမဂ္ဂနှင့် နိုင်ငံအများအပြားက ယင်းကို နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ ဆားဘီးယားကမူ ၎င်း၏ နယ်မြေအဖြစ်သာ သတ်မှတ်ထားခဲ့သည်။

ကုန်းတွင်းပိတ် (Land-locked) နိုင်ငံတစ်နိုင်ငံဖြစ်၍ ဥရောပ၏ ဒုတိယအကြီးဆုံးမြစ်ဖြစ်ပြီး ပင်လယ်နက် (Black Sea) သို့စီးဝင်သော Danube မြစ်ကြီးက ယင်း၏ ၂၁ ရာခိုင်နှုန်းဖြစ်သော အလျား ၃၆၈ မိုင်မျှ ဆားဘီးယားနိုင်ငံအတွင်း၌ ဖြတ်သန်းသွားရာ ယင်းနိုင်ငံ၏အဓိကမြစ်ကြီးပင်ဖြစ်ပါသည်။ Danube မြစ်ကမ်းတွင် ဆားဘီးယားနိုင်ငံ၏ မြို့တော်ဖြစ်သော ဘဲဂရိတ် (Belgrade) မြို့နှင့် ဒုတိယမြို့တော်ဖြစ်သော Novi Sad မြို့တို့ တည်ရှိကြပါသည်။ တောတောင်ထူထပ်၍ ဝက်သစ်ချပင်၊ ထင်းရှူးပင် စသည့်အပင်များ အများအပြားရှိပြီး စိုက်ပျိုးရေးနိုင်ငံဖြစ်သကဲ့သို့ စက်မှုနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ကိုဆိုဗိုမပါဘဲ လူဦးရေခုနစ်သန်းခန့်ရှိ၍ Serbs လူမျိုးအများစုနေထိုင်ပြီး ဆားဘီးယားဘာသာစကားကို အဓိကပြောကြသည်။ ၈၅ ရာခိုင်နှုန်းမှာ Orthodox ခရစ်ယာန်နှင့် ၅ ရာခိုင်နှုန်းမှာ ရိုမန်ကတ်သလစ်ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ယင်းတို့၏ ကိုယ်ပိုင်ငွေကြေး ဖြစ်သည့် Serbian dinar ကို အသုံးပြုကြ၍ အမေရိကန်တစ်ဒေါ်လာသည် ၁၀၈ Servian dinar ခန့်နှင့်ညီမျှကြောင်း သိရသည်။ ၁၉၉၁ မှ ၂၀၀၁ ခုနှစ်အထိ ယူဂိုစလားဗီးယား ပြည်တွင်းစစ်များဖြစ်ပွားခဲ့သဖြင့် စစ်၏ဒဏ်ရာဒဏ်ချက်များ ရှိနေခဲ့သော်လည်း သဘာဝရေပူစမ်း ၅၀ ကျော်နှင့် ရှေးဟောင်း Orthodos ဘုရားကျောင်းများတည်ရှိသဖြင့် ဆားဘီးယားနိုင်ငံသို့ တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည် လေးသန်းခန့်လာရောက် လေ့လာလျက်ရှိကြောင်း သိရသည်။

ဘဲဂရိတ်မြို့သည် ဆားဘီးယားနိုင်ငံ၏ မြို့တော်ဖြစ်သကဲ့သို့ အကြီးဆုံးမြို့လည်းဖြစ်ပြီး Danube မြစ်နှင့် Sava မြစ်တို့ဆုံရာတွင် တည်ရှိပါသည်။ ထိုမြစ်နှစ်စင်းအတွင်း အပျော်စီးလေ့လာရေးသဘော်ခရီးစဉ်များရှိ၍ နေ့စဉ်သဘော်အများအပြား ထွက်နေသော်လည်း စာရေးသူရောက်ရှိချိန်မှာ ဆောင်းရာသီဖြစ်၍ ကမ္ဘာလှည့်ခရီးသည် နည်းပါးပြီး လေပြင်းအနည်းငယ်တိုက်ခတ်နေချိန်ဖြစ်သဖြင့် နာမည်ကျော် လိပ်ပုံစံ Turtle သဘော်ငယ်များအပါအဝင် သဘော်အများအပြား မထွက်ဖြစ်ပါ။ သို့သော်လည်း ရွာရွာပါးပါးထွက်သည့် သဘော်တစ်စင်းဖြင့် စာရေးသူလိုက်ပါခဲ့ရာ Danube နှင့် Sava မြစ်ဆုံ၌ လေပြင်းကြောင့် သဘော်ပေါ်ရှိ စားသောက်ဆိုင်မှ ပုလင်းများ ၊ ဖန်ခွက်များ ကျကွဲသည်အထိ လှိုင်းထန်လာသဖြင့် ခရီးစဉ်တစ်ဝက်တစ်ပျက်ဖြင့် ပြန်လှည့်၍ ကမ်းကပ်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ ရသမျှအချိန်အတွင်း မြစ်ကမ်းနံဘေးရှိ ဘဲဂရိတ်မြို့၏ မြင်ကွင်းများကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

■ နောက်တစ်ပတ် ဆက်လက်ဖတ်ရှုပါရန် ဒေါက်တာ တင်ထွန်းဦး

ဆားဘီးယားနိုင်ငံ၏ တည်နေရာပြမြေပုံ



မြစ်နှစ်စင်းဆုံရာတွင် ဘဲလ်ဂရိတ်မြို့တည်ရှိနေပုံ

မထွက်ဖြစ်သည့် လိပ်ပုံစံ Turtle Cruise တစ်စင်း

Sava မြစ်ကို ဖြတ်ဝင်ကျော်တည့်ဆောက်ထားသည့် Ada Bridge



၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် Ada Bridge

ရွာရွာပါးပါးထွက်ဖြစ်သည့် ဤသဘော်ငြင့်သာ

ဘဲလ်ဂရိတ်မြို့ရှိ မြစ်ကူးတံတားတစ်စင်းကို မြင်တွေ့ရပုံ



ဘဲလ်ဂရိတ်မြို့ကိုဖန်ဆောက်ခံထား၍ မြို့ဟောင်းခံတပ်ပေါ်တွင် အမှတ်တရ

ဖြစ်ကမ်းပါးပေါ်ရှိ ရှေးဟောင်း ခံတပ်ကြီးကို ဤသို့လှမ်းမြင်ခဲ့ရ

မြို့တွင်းရှိ လျှပ်စစ်ရထားတစ်စင်း

ဝူဟန်ဗိုင်းရပ်စ်၊ တရုတ်နိုင်ငံနှင့် မြန်မာ့စီးပွားရေး

လက်ရှိတွင် တရုတ်နိုင်ငံ၌ ဝူဟန်မြို့က စတင်ခဲ့သော ဗိုင်းရပ်စ်ကြောင့် တရုတ်နှင့် ကုန်သွယ်နေသည့်နိုင်ငံများတွင် အနည်းနှင့် အများထိခိုက်မှု ရှိနေသည့်နည်းတူ မြန်မာတွင်လည်း ထိခိုက်မှုအနည်းငယ်ရှိနေပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

ထက်အောင်ဖြိုး၊ မင်းရန်နောင်

ဦးနိုင်ဝင်း
မြန်မာနိုင်ငံ ဖဲရဲသစ္စာမွေး စိုက်ပျိုးထုတ်လုပ်
တင်ပို့ရောင်းချသူများဝတ်ဟိုအသင်းဥက္ကဋ္ဌ

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျန်တဲ့လုပ်ငန်းတွေတော့ မပြောတတ်ဘူး။ ကျွန်တော်တို့ဖဲရဲ၊ သစ္စာတင်ပို့မှုတွေ တော်တော်လေးကိုကျဆင်းတာပေါ့။ **အရင်တုန်းကဆိုရင် တစ်နေ့ကို ဖဲရဲကားအစီးရေ ခြောက်ရာ၊ ခုနှစ်ရာအထိ တရုတ်ကိုတင်ပို့နေရတယ်၊ အခုလိုကာလမျိုးမှာပေါ့၊ အခုတာက ဖဲရဲကားလေး တစ်ရာ ငါးဆယ်လောက်ပဲပို့ရတယ်၊ အဲဒီအစီးရေ တစ်ရာငါးဆယ်ပို့လိုက်တာတောင်မှ ဖဲရဲတွေက ပို့လိုက်တဲ့အခါကျရင် အသီးဗိုးတောင်ပြန်မရဘူး၊ ကားခတောင်မကြေဘူးဖြစ်နေတယ်၊ သစ္စာမွေးလေးကတော့ မဆိုးဘူး** ပေါ့။ သူက အကျိုးအမြတ်နည်းနည်းတော့ ရှိတယ်ပေါ့လေ။ ဖဲရဲက အခုဆို အကျိုးအမြတ်ဘာမှမရှိဘူး။ အခုဆိုရင် ရက်ပေါင်း ၂၀ လောက်တော့ ရှိသွားပြီထင်တယ်။ ဒါတွေဟာ တရုတ်က စတင်ဖြစ်ပွားတဲ့ ဒီဝူဟန်ဗိုင်းရပ်ကိစ္စကြောင့် ဖြစ်နေတာပေါ့။ ဒီကိစ္စကြောင့် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကလည်း မဝယ်ကြဘူး။ မလာကြဘူးလေ။ ပိတ်ထားတာတော့ မဟုတ်ဘူး။ အရင်က ကျွန်တော်တို့အသီးကားက နေ့စဉ် ခြောက်ရာ၊ ခုနစ်ရာလောက်သွားနေတာ။ အခုဆို အစီးရေသုံး ဆယ်လောက်သွားရင်တောင်မကုန်ဘူး။ လေးဆယ်သွားလည်း မကုန်ဘူး။ အခုအခြေအနေကောင်မလားဆိုပြီး အခုဆိုရင် ၁၀ ရက် ၁၁ ရက်လောက်နေမှ သွားကြတာ။ ဒါပေမဲ့လို့ တရုတ်က ဝယ်တဲ့နှုန်းနည်းသလို၊ ဝယ်တဲ့ ဈေးနှုန်းကလည်း နည်းတဲ့အတွက် နှစ်ကူးမတိုင်ခင်တုန်းက ဝယ်ယူတဲ့ ဈေးနှုန်းထက်ကို တခြားဆီဖြစ်သွားတယ်။ **သစ္စာမွေးကတော့ တစ်ဝက်နှုန်းလောက်ကျသွားတယ်၊ ဖဲရဲဝယ်ယူမှုနှုန်းကတော့ သုံးပုံနှစ်ပုံကျော်လောက်ကို ကျသွားတယ်၊** အခုအချိန်မှာဆို ဖဲရဲသစ္စာဝယ်ယူမှုနှုန်းက ဘယ်ကားမှ ကားခမရတဲ့အထိ အခြေအနေစိုက်သွားတယ်လေ။

ဒီကိစ္စရေရှည်ဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့ စီးပွားရေးအတွက်ကတော့ လုပ်ငန်းတိုင်းနစ်နာတာပေါ့။ ကျွန်တော်တို့ ဖရဲ၊ သစ္စာလုပ်ငန်းတွေနစ်နာသလို ကျန်တဲ့စီးပွားရေးတွေလည်း နစ်နာနေတာလေ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရကတော့ ဖရဲသစ္စာမွေးလုပ်ငန်းရှင်တွေ ရောင်းချလို့ရအောင်ဆိုပြီး စီစဉ်ပေးထားတယ်ခင်ဗျ။ သွေးချင်းတို့ရဲ့ပွဲတော်ဆီမှာလည်း ခုနစ်ရက်လောက် ဖရဲသစ္စာတွေ သွားရောင်းလို့ရအောင် စီစဉ်ပေးတယ်။ နောက်ပြီး မြေပဒေသာကျွန်းမှာလည်း ရောင်းခွင့်ပေးထားတယ်။ ဒဥည်းကုန်းဈေးမှာလည်း ရောင်းခွင့်ပေးထားတယ်။ ထောက်ကြန့်ဈေးအပေါ်ထပ်မှာလည်း ရောင်းခွင့်ပေးထားတယ်။ ဝန်ကြီးဌာနအနေနဲ့ကလည်း ဂိုဒေါင်နဲ့ပါတဲ့ ၁၁ လေးလုံးတွဲ ဆန်ဂိုဒေါင်ကြီးတွေထဲမှာလည်း ရောင်းခွင့်ပြုထားပါတယ်။ တရုတ်ကို အရင်လို ပြန်လည်တင်ပို့နိုင်ဖို့ဆိုရင် အခုဖြစ်ပွားနေတဲ့ ဝူဟန်ဗိုင်းရပ်စ်ကြီး ရပ်သွားမှ ရမယ်ဗျ။ ဒီဝူဟန်ဗိုင်းရပ်စ်ရပ်သွားမှပဲ တရုတ်ကိုပို့လို့ရတယ်။ မရပ်မချင်းကတော့ ပို့ဖို့အဆင်မပြေတော့ဘူး။ အခုစမ်းသပ်ပြီး အစီးတစ်ရာလောက်သွားပို့တယ်။ အခြေအနေကောင်းမလားစမ်းပို့တယ်။ တစ်ရက်ကို အစီးရေတစ်ရာလောက်စမ်းပို့တယ်။ အသီးတွေကို အလကားပေးရတဲ့အပြင် ကားခတောင်စိုက်နေရတယ်။

ဒေါက်တာ မောင်မောင်လေး
(ဒုတိယ ဥက္ကဋ္ဌ)
မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များ အဖွဲ့ချုပ် (UMFCCI)

မြန်မာပြည်မဟုတ်ဘူး။ **တစ်ကမ္ဘာလုံးက အနည်းနဲ့အများတော့ စီးပွားရေးမှာ အခက်အခဲတွေ တော်တော်ဖြစ်သွားပါတယ်၊** အခုဟာလည်း ပိုပြီး သိသာတာက တရုတ်နဲ့ တော်တော်များများက ဆက်စပ်မှုရှိနေတော့ တစ်ကမ္ဘာလုံး အနည်းနဲ့အများဖြစ်သွားတယ်။ Supply Chain မှာ တော်တော်လေးထိသွားပါတယ်။ ထိသွားတယ်ဆိုတာက တချို့ ကားထုတ်တဲ့ ကုမ္ပဏီ ဂျပန်တို့ ဘာတို့ အီတလီ ဖီယက်လည်းပါတယ်။ **သူတို့ ကားထုတ်တာမှာ ကားက တစ်နိုင်ငံတည်းက တစ်ခုတည်းထုတ်တာမဟုတ်ဘူး။ ဟိုက ပစ္စည်း ဒီကပစ္စည်းနဲ့ဆိုတော့ တရုတ်ဘက်ကထုတ်တာတွေ တော်တော်များတဲ့ ဟာတွေမှာ ပစ္စည်းတွေမထုတ်နိုင်ဘူး။** တချို့ စက်ရုံတွေပိတ်တဲ့ ဘဝရောက်တယ်။ တချို့က ထုတ်လုပ်ရေးလျှော့တာတွေလည်းရှိတယ်။ သူတို့က ပစ္စည်းမရလို့။ မြန်မာနိုင်ငံကလည်း ပိုပြီး အထိနာတာက **မြန်မာနိုင်ငံ Export တော်တော်များများက တရုတ်နဲ့ ဆက်စက်အားကိုးမှုရှိနေတယ်၊** ဖရဲ သစ္စာကအစ ဆန်တို့က အကုန် နယ်စပ်ဒေသက သွားတာ အကုန်ဖြစ်တယ်။ တော်တော်လေး ထိခိုက်တာလည်းတွေ့ပါတယ်။ သစ်သီးဝလံတွေ တော်တော်များများ ထိတယ်လေ။ ထိတာတွေ ရှိပါတယ်။

ဘယ်လောက်ကြာကြာသွားမလဲဆိုတာက တိုင်းပြည်ရဲ့စီးပွားရေးမှာ နည်းနည်း စနောင့်စနင်းတွေရှိမယ်။ Supply Chain တွေမှာ ပြဿနာဖြစ်မယ်။ တရုတ်ပြည်ကိုယ်တိုင်ကလည်း သူ့ပြည်တွင်းမှာ Supply Chin တွေမှာ ပြဿနာဖြစ်တယ်။ တော်တော်လေးကြီးကျယ်တယ်။ ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်တဲ့ ပစ္စည်းပစ္စယတွေ

တောင်မရှိတော့ဘူး။ ဒါကို သုံးသပ်ကြည့်ခြင်းအားဖြင့် ကမ္ဘာ့စီးပွားရေး တော်တော်များများက တရုတ်အပေါ်မှာ တော်တော်မှီတင်းနေတယ်ဆိုတာ တွေ့ရပါတယ်။ ကြာချင်းသလောက် ကြာမယ်ဆိုတာလည်း မှန်ပါတယ်။ တချို့ပညာရှင်တွေကတော့ မေလလောက်ပေါ့နော်။ **ရာသီဥတုပူလာတဲ့အချိန်မှာဆိုရင်တော့ ဒီဝိုင်းရပ်စ်က အထိုက်အလျောက်တော့ သေနိုင်တယ်ပေါ့နော်၊ မြန်မာနိုင်ငံ ဘယ်လောက်တောင့်ခံနိုင်မလဲဆိုတာကတော့** သူ့ရဲ့ တခြားရင်းမြစ်တွေ၊ အထူးသဖြင့် သစ်သီးဝလံ ဖရဲ သစ္စာ ထောပတ်သီးတို့ ဘာတို့ပေါ့နော်။ **ပို့နေတဲ့ဟာတွေ မှန်သမျှက တခြားဈေးကွက်ကို မြန်မြန်ဆန်ဆန်ရှာဖို့လိုပါတယ်၊** တရုတ်ဈေးကွက်ကို ပို့တဲ့ဟာမှန်သမျှကလည်း တော်တော်လေးထိခိုက်တဲ့အတွက် တခြားဈေးကွက်ကိုရှာဖို့လိုပါတယ်။



ဦးသိန်းမြင့်ဝေ
စီးပွားရေး ပညာရှင်

သူကတော့ မြန်မာတစ်နိုင်ငံတည်း မဟုတ်ဘူး။ တရုတ်နဲ့ ဆက်စပ်နေတဲ့ နိုင်ငံတွေလည်း အနည်းနဲ့ အများတော့ ထိခိုက်ကြတာပဲလေ။ ကျွန်တော်တို့ကတော့ အထူးသဖြင့် တိုက်ရိုက်ထိခိုက်တာဆိုရင် **နယ်စပ် ကုန်သွယ်ရေးပိုင်းပေါ့နော်။** သူကတော့ စီးပွားရေး ကုန်သွယ်ရေးပေါ့လေ။ သွားရေးလာရေးတွေမရှိတော့ **ခရီးသွားလုပ်ငန်း**တွေထိမှာပဲလေ။ ဒါက သေချာတယ်။ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး တရုတ်က တော်တော်များများပါတယ်။ တရုတ်ကို သွားတာကလည်း မြန်မာကများတာပဲလေ။ သွားတာလာတာတွေ အတိုင်းအတာတစ်ခုအထိ ပိတ်လိုက်တယ်။ ကုန်သွယ်ရေးတွေ အတိုင်းအတာတစ်ခုအထိ ပိတ်လိုက်တယ်ပေါ့နော်။ ခရီးသွားပိုင်း လူပိုင်း ကုန်ပိုင်း နစ်မျိုးစလုံး ထိခိုက်တာပေါ့နော်။ အနည်းနဲ့ အများပေါ့နော်။ လောလောဆယ်တော့ (ကုန်သွယ်ရေးမှာ) တရုတ်ကယူတယ်ဆိုတော့ သူ့ကိုပဲ အားထားပြီးတော့ ပို့တာပေါ့လေ။ ကျန်တဲ့ဆီ

လည်း ပို့လို့တော့ရတာပေါ့လေ။ ချက်ချင်းကြီး ဈေးကွက်ရှာဖို့ဆိုတာတော့ ခဲယဉ်းတာပေါ့။ သူကတော့ လမ်းကြောင်းပေါ်ရောက်နေပြီဆိုတော့လေ။ သူ့ဖြန်းအားလည်း သိနေတာဆိုတော့ ကျွန်တော်တို့က အဟန့်အတားတော့ ဖြစ်သွားတာပေါ့။ ရင်းနှီးမြှုပ်နှံမှုဆိုတာကတော့ ကာလရှည်သွားတာပေါ့နော်။ ကုန်သွယ်ရေးဆိုတာကတော့ လတ်တလောသွားတဲ့ ကိစ္စဆိုတော့ ကုန်သွယ်ရေးက Dynamic ဖြစ်နေတာပေါ့လေ။ ကုန်သွယ်ရေးက တိုက်ရိုက်ရိုက်ခတ်တဲ့ပုံစံရှိတယ်။ ရှိပင်ရှိသော်ငြားလည်း တစ်ဖက်က ပြန်တွေးမယ်ဆိုရင် ကျွန်တော်တို့က ဒီလောက်ကြီး စိုးရိမ်စရာမရှိဘူးထင်တယ်။ စိုးရိမ်စရာမရှိဘူးဆိုတာက ပုဂ္ဂလိကခန့်မှန်းချက်ပေါ့နော်။ အခြေအနေ ကြည့်ရတာပါ။

ကျွန်တော်တို့ဆီမှာ ကူးစက်တယ်သေဆုံးတယ်ဆိုတဲ့သတင်း မကြားရဘူးလေ။ ကူးလို့ကူးမှန်းလည်းမသိဘူး ဘာညာလည်း ပြောကြတာလည်း ရှိတာပေါ့နော်။ ဝင်လာတယ်ဆိုရင် သီးသန့်ထားတယ်။ ဝူဟန်က ကျောင်းသားတွေဆိုရင်လည်း သီးသန့်ထားတယ် စောင့်ကြည့်တယ်ဆိုရင်လည်း သီးသန့်သွားပါပဲ။ အဲဒီမှာလည်း မတွေ့ရတာရှိတယ်။ နောက်တစ်ချက်က **မနေ့က မစွတာ ရှိကျင့်ဇျင်ကပြောတယ်၊ ထိခိုက်မှုနည်းတဲ့ဒေသတွေ နေရာတွေမှာ လုပ်ငန်းရှင်တွေ လုပ်ငန်းပြန်စဖို့ ဆော်ဩနေပါပြီ၊** သူ့ရဲ့ ဆော်ဩချက်သည် ဘာလဲပါတုန်းဆိုရင် **အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဆိုတာဖြစ်ပါတယ်၊** ဒါကြောင့် သူထွက်လာပြီး လုပ်ငန်းစတော့ဆိုတာမျိုး ပြောတာဖြစ်ပါတယ်။ အနည်းနဲ့အများတော့ ကူးစက်မှုနှုန်းကျလာတယ်လို့ပြောတယ်။ အဲဒီလို ပြောတာနဲ့ သမ္မတထွက်လာတယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ နှိမ်လိုက်ပြီပေါ့နော်။ ပြန်ကျလာတယ်ဆိုတဲ့ သဘောမျိုးတွေ့ရတယ်လေ။ ကျွန်တော်တို့ မြန်မာကတော့လေ အရင်လိုမဟုတ်ဘူး။ အရင်တုန်းက တရုတ်ကိုပဲ အားထားရတာ။ အခုတော့ ဈေးကွက်တွေလည်း ပြန့်လာပြီ။ **အရင်တုန်းက ဆယ်နိုင်ငံလောက်ပဲ အဓိကထားပြီး ကုန်သွယ်ခဲ့ရတယ်၊ အခုတော့ နိုင်ငံ ငါးဆယ် ခြောက်ဆယ်လောက်နဲ့ ကုန်သွယ်နေတယ်၊** ကျယ်ပြန့်နေတယ်။ ဒါကြောင့်မို့ ကျွန်တော်ကတော့ တအားကြီးမစိုးရိမ်ဘူး။ ●

သတင်းဦးတာ ပြည်မြန်မာ
သတင်းထူးတာ ပြည်မြန်မာ
သတင်းစုံတာ ပြည်မြန်မာ
မြန်မာပြည်အတွက် သတင်းမီဒီယာ ပြည်မြန်မာ

တရုတ်နိုင်ငံကိုလှူရန် မြန်မာဘက်က အဆင်သင့်ဖြစ်နေသော ဆန်တန်ချိန် ၂၀၀ ကို ကုန်းလမ်းဖြင့်ပို့ဆောင်ရန်စီစဉ်နေ

Photo - World Bank

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသော တရုတ်နိုင်ငံအပေါ်စာနာထောက်ထားသောအားဖြင့် **မြန်မာနိုင်ငံဘက်က လှူဒါန်းရန်အဆင်သင့်ဖြစ်နေသော ဆန်တန်ချိန် ၂၀၀ ကို ကုန်းလမ်းဖြင့်ပို့ဆောင်ရန် စီစဉ်နေပြီဖြစ်ကြောင်း** နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီး ဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံက ပြည်မြန်မာသတင်းဂျာနယ်ကိုပြောသည်။

"ဆန်ချိန် ၂၀၀ ကတော့ မြန်မာစီးပွားကူးသန်းဘက်က Ready ဆောင်ထားတာပေါ့။ ဒါပေမဲ့ ပို့ဖို့ကိစ္စတွေ နှစ်ဖက်ညှိနှိုင်းနေတယ်။ သဘော်တင်ပို့ဖို့က အခက်အခဲရှိနေတော့ နယ်စပ်ကပဲပို့မလားဆိုတာ နှစ်ဖက်ညှိနေတုန်း။ ဟိုဘက်ကို **ဝူဟန်မြို့အထိရောက်ဖို့က အရေးကြီးတယ်၊ အဓိကလိုအပ်နေတဲ့မြို့.ကိုရောက်ဖို့လိုတာပေါ့လေ၊** သူတို့ဘက်ကလည်း အဲဒီကိုပို့နိုင်မယ့်နည်းလမ်း ရှာနေတုန်းပါပဲ။ ပို့ဖြစ်ရင်တော့ ကုန်းလမ်းကနေ နယ်စပ်ဖြတ်ပြီး ရွှေလီကိုပို့မယ်။ သူတို့ဆီက ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုနဲ့ ဆက်ပို့မယ်ပေါ့။ အခုတော့ နည်းလမ်းရှာနေတုန်းပဲ"ဟု ယင်းကပြောသည်။

လက်ရှိ ဖေဖော်ဝါရီလ ၁၅ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီထိ ရရှိသောစာရင်းများအရ တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်သည့် ဝူဟန်ကိုရိုနာဗိုင်းရပ်စ်ကြောင့် နိုင်ငံနှင့်နယ်မြေ ၂၉ ခုတွင် ဝူဟန်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသူလူနာပေါင်း ၆၇၁၀၀ ဦးရှိပြီး ယင်းအနက် ၁၅၂၆ ဦးသေဆုံးကာ ၈၂၀၀ ဦးမှာ ရောဂါသက်သာပျောက်ကင်းသွားပြီဖြစ်ကြောင်း၊ သေဆုံးသူများတွင် တရုတ်ပြည်မကြီးပြင်ပဖြစ်သော ဖိလစ်ပိုင်၊ ဟောင်ကောင်နှင့်ဂျပန်မှ တစ်ဦးစီပါဝင်ကြောင်း သိရသည်။

ဝူဟန်ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းနှင့်ရင်ဆိုင်နေရပြီး လွယ်ကူစွာကူးစက်နိုင်သဖြင့် တရုတ်နိုင်ငံအတွင်း ခရီးသွားလာရေးများရပ်ဆိုင်းခြင်း၊ လုပ်ငန်းများရပ်ဆိုင်းခြင်း၊ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းလုဖြစ်ခြင်း၊ ဆေးရုံများပင် ချက်ချင်းဆောက်လုပ်နေရခြင်း စသည့် အကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းနေရကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆိုပါ**လှူဒါန်းမည့်ဆန်များမှာ မိုးစပါးရာသီတွင် အခြေခံစပါးဈေးဖြင့် တင်းတစ်ရာလျှင် ကျပ်ငါးသိန်းဖြင့်ဝယ်ယူထားသော ဆန်များဖြစ်ပြီး ယခုအခါရန်ကုန်မြို့တွင်ရှိနေကြောင်း၊ အဆိုပါဆန်တစ်တန်၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၀ ကျော်တန်ဖိုးခန့်ရှိကြောင်း** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။

တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၀၀ လှူဒါန်းမည့်ကိစ္စကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် ဖေဖော်ဝါရီလ ၁၄ ရက် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် သမ္မတမစ္စတာရှီကျင့်ဖျင်၏ ဦးဆောင်မှုအောက်တွင် 2019 Novel Coronavirus အဆုတ်ရောင် **ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးကို တရုတ်ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းပါဝင်မှုများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပေါ် ချီးကျူးကြောင်း**၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းမိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၌ ယခုကဲ့သို့အခက်အခဲကြုံတွေ့နေရချိန်တွင် **နှစ်နိုင်ငံအကြား တည်ထောင်ထားသော အေးအတူပူအမျှ အသိုက်အဝန်းစိတ်ဓာတ်ကို အခြေခံကာ လှူဒါန်းခြင်းဖြစ်ကြောင်း** ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

မေငယ်

မွန်ပြည်နယ်တွင် စည်းကမ်းမဲ့ဖွင့်လှစ်နေသော အသံချဲ့စက်ကားများကို ပြင်းထန်စွာအရေးယူမည်

မွန်ပြည်နယ်ရှိမြို့နယ် ၁၀ ခုတွင် စည်းကမ်းမဲ့ဖွင့်လှစ်နေသော အသံချဲ့စက်ကားများကို ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးပြောကြားချက်အရ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

အဆိုပါ စည်းကမ်းမဲ့ဖွင့်လှစ်နေမှုများကို အရေးယူနိုင်ရန် မြို့.နယ် ၁၀ မြို့.နယ်ရှိ အုပ်ချုပ်ရေးမှူးများကို ညွှန်ကြားထားပြီးဖြစ်သည့်အတွက် ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း သိရသည်။

"သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို သေချာ ညွှန်ကြားထားတယ်။ **လိုက်နာမှုမရှိပဲ မထိမဲ့မြင်လုပ်နေရင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတွေ သက်သေယူထားပါ၊ လိုအပ်ရင် ရဲအင်အားပါ ခေါ်ယူခွင့် ရှိပါတယ်၊** မလိုက်နာသူတွေကို ပြင်းပြင်းထန်ထန် အရေးယူသွားမှာပါ"ဟု ၎င်းကပြောသည်။

သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများအနေဖြင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဝန်ထမ်းများကို အရေးယူသွားမည်ဖြစ်ပြီး **သတ်မှတ်အသံနှုန်းထက်ကျော်လွန်ဖွင့်လှစ်သော အသံချဲ့စက်၊ ဆောင်းဘောက်စ်ကားများကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများထံ တိုင်ကြားနိုင်ကြောင်း** သိရသည်။

ကာများပေါ်တွင် တင်ဆောင်ထားသော **ဆောင်းဘောက်စ်များတွင်ဟွန်းလေးလုံးပါဝင်လေ့ရှိပြီး ဟွန်းတစ်လုံးလျှင် ယူနစ် ၄၅၀ ပါဝင်သောကြောင့် လေးလုံးတွဲပါက ယူနစ် ၁၈၀၀ ရှိသည့်အတွက်** ဒေသခံများစိတ်အနောက်အယှက်ဖြစ်စေကြောင်း သိရသည်။ ထို့ကြောင့် **ဟွန်းတစ်လုံးတည်းသာတပ်ဆင်ရန်**နှင့် ဒေသခံများနားမခံသာ မဖြစ်စေရန် အဆင့် ၂ အထိသာဖွင့်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

ရှိန်းဝင်းထိုက်

ကနီမြို့နယ်တွင် အကြောင်းအရင်းမသိရသေးသည့် ရောဂါကြောင့် ဝက်များသေဆုံးမှုဖြစ်နေပြီး ဝက်သားမစားကြရန်နှိုးဆော်ထား

စစ်ကိုင်းတိုင်းဒေသကြီး၊ **ကနီမြို့.နယ်တွင် အကြောင်းအရင်းမသိရသေးသည့်ရောဂါကြောင့် ဝက်များသေဆုံးမှုဖြစ်နေပြီး ဝက်သားမစားကြရန်အတွက် နှိုးဆော်ထားကြောင်း** အဆိုပါမြို့.နယ် မဲဆန္ဒနယ် အမှတ် ၁ က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရွှင်ဌေးက ပြည်မြန်မာသတင်းဂျာနယ်သို့ ဇန်နဝါရီလ ၁၅ ရက်တွင်ပြောသည်။

အဆိုပါဖြစ်စဉ်မှာ **ယခုလဆန်းပိုင်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အကောင်ရေ သုံးဆယ်ကျော်ခန့်ပင် ရှိနေပြီဖြစ်ကြောင်း**သိရကာ ကနီမြို့.နယ်ရှိ ကျွန်းဖျားကျေးရွာ၊ ကျောမကျကျေးရွာအပါအဝင် ကျေးရွာပေါင်း ၄ ရွာတွင် ဖြစ်ခြင်းဖြစ်ကြောင်း ဦးရွှင်ဌေးကဆိုသည်။

"**ရောဂါအမည်လည်း မဖော်ပြနိုင်သေးဘူး၊ သူတို့ကတော့ အပြင်းဖျားလို့ ပြောနေကြတာ၊ ဝက်သားမစားဖို့.ရာဆိုပြီး အသံချဲ့စက်နဲ့.ကြေညာနေပြီ၊ စည်ပင်သာယာနယ်နိမိတ်မှာရှိတာတွေအကုန်လုံးကို ဝက်သားတွေ ခေတ္တရှောင်ကြဖို့၊ လိုင်စင်တွေကော နည်းနည်း ရပ်နားထားဖို့ ဆိုပြီး ကြေညာထားတယ်**"ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ရောဂါအမည်ကိုသိရန်အတွက် စစ်ဆေးမှုများပြုလုပ်ရန် ပေးပို့ထားပြီးဖြစ်ကြောင်း၊ သေဆုံးသည့် ဝက်ကောင်ရေမှာ ဒေသခံများ မွေးမြူသည့် ပမာဏအရ များပြားကာ ဖြစ်ပွားသည်နှင့် သေဆုံးခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ထိုသို့ ဝက်သေဆုံးမှုနှင့်ပတ်သက်၍ လက်ကမ်းစာစောင်များလည်း ပေးဝေထားပြီးဖြစ်ကာ ထွေအုပ်အစည်းအဝေးတွင်လည်း ပြောကြားထားမှုရှိကြောင်း သိရသည်။

ထက်အောင်ဖြိုး

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၂-၂၀၂၀ ရက်နေ့ထုတ် ပြည်မြန်မာသတင်းဂျာနယ် စာမျက်နှာ ၉ တွင်ပါရှိသည့် "သမိုင်းဝင်ပုထိုးတော်စေတီ .... ၁၀ ရက်ကြာ ကျင်းပပြုလုပ်မည်" သတင်းတွင် သမိုင်းဝင်ပုထိုးတော်စေတီအစား **မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရား**ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် စာတိုပုံများယွင်းဖော်ပြမှုအတွက် သည်းခံပေးပါရန် စာဖတ်ပရိသတ်အား အသိပေးအပ်ပါသည်။

စာတည်းအဖွဲ့



ဖေဖော်ဝါရီနေ့တစ်နေ့



ဒေါက်တာခင်မောင်ညို

> **“အပြစ်တင်နေလို့အဆင်မပြေဘူး။ ကျွန်တော်တို့ဟာ မှန်ကန်တဲ့လမ်းကြောင်းကိုသွားကြမယ်ဆိုရင် မမှန်တာတွေ မလုပ်တော့ဘူး။ ပြည်သူနဲ့အစိုးရ တစ်သားတည်းဖြစ်လာမှာပေါ့**

(၁)

ဒီနေ့ကတော့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ပါ။ စောစောစီးစီး ကိုဘသစ် အိမ်ကို ရောက်လာတယ်။

“ဆရာညို ဘာလုပ်နေတာလဲ”

“မနက်နိုးလာတော့ ပထမ ရုပ်သံလိုင်းတွေမှာ ဆရာတော်တွေရဲ့ တရားတော်တွေကို နာတယ်။ ပြီးတော့ စာဖတ်သူတို့ ရုပ်သံလိုင်းကိုကြည့်တယ်”

“ဘာတွေတွေ့လဲ”

“အဲ့ဩသွားတာက သမိုင်းပါမောက္ခဒေါက်တာကျော်ဝင်းရဲ့စကားပိုင်းကိုတွေ့တာပါပဲ။ ဆရာက ခေတ်ရန်ဖွဇင်းအယ်ဒီတာ ပြည်သွေးနိုင်နဲ့ ဆွေးနွေးကြတာကို တွေ့ရတယ်။ အကြောင်းအရာက ဖက်ဒရယ်ပြည်ထောင်စုအကြောင်းပါပဲ။ တစ်ဝကြီးပြောသွားတယ်။ လေးပိုင်းလုံးကို တစ်မနက်တည်းပြတာပါပဲ။ ကျွန်တော်တို့လို ပြင်ပပုဂ္ဂိုလ်တွေအနေနဲ့ ဖက်ဒရယ်ကို လုံးဝေ့ပတ်ဝေ့တော့ နားမလည်ပါဘူး။ ဒါပေမဲ့ ဆရာဒေါက်တာ ကျော်ဝင်းရှင်းပြတာတွေကိုတော့ သ ဘောပေါက်သင့်သလောက် သဘောပေါက်ပါတယ်။ ဒါကလည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်က ဝိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ချုပ်ဆိုသွားတဲ့ ပင်လုံစာချုပ်နဲ့ ဆက်စပ်ပတ်သက်နေတာပဲကိုး။

(၂)

“**ဖေဖော်ဝါရီမှာ ထူးခြားတဲ့နေ့ သုံးရက်ရှိတယ် ဆရာညို**”

“ဆိုပါဦး”

“ဖေဖော်ဝါရီ ၁၂ ရက်က ပြည်ထောင်စုနေ့၊ ဖေဖော်ဝါရီ ၁၃ ရက်က ဝိုလ်ချုပ်မွေးနေ့။ ဖေဖော်ဝါရီ ၁၄ ရက်ကတော့ ဗယ်လင်တိုင်းဒေး - ချစ်သူများနေ့ပေါ့”

“ဒီနှစ်ဖေဖော်ဝါရီ ၁၂ ရက်မှာ ဒေါ်အောင်ဆန်းစုကြည် ပင်လုံမှာပြုလုပ်တဲ့ ပြည်ထောင်စုနေ့ကို သွားတယ်”

“ကောင်းတာပေါ့”

“၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ ပင်လုံစာချုပ်လက်မှတ်ထိုးကြတဲ့ ခေါင်းဆောင်တွေရဲ့ မိသားစုတွေ ပင်လုံကိုဖိတ်ခေါ်ပြီး တွေ့ဆုံတာပါပဲ”

“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ပတ်သက်ပြီး ပင်လုံဟာ အရေးပါတာပဲ”

“ဒေါ်စုက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ပတ်သက်ပြီး ၂၁ ရာစုပင်လုံကို ဆောင်ရွက်နေတာ အစည်းအဝေးသုံးကြိမ် ကျင်းပခဲ့ပြီးဖြစ်တယ်”

“ပင်လုံမှာ ကျင်းပတာလား”

“မဟုတ်ဘူး။ **ညီညွတ်မှုအတွက် ပင်လုံဟာ သင်္ကေတဖြစ်တယ်၊ ဇြဲမ်းချမ်းရေးအတွက် ၂၁ ရာစုအဖြင်တွေနဲ့ပေါင်းပြီး ဆောင်ရွက်နေတာဖြစ်တယ်**”

(၃)

ဒီနေ့ကတော့ ဖေဖော်ဝါရီ ၁၃ ရက်နေ့ဖြစ်တယ်။ ဒီနေ့နံနက်မှာလည်း ကိုဘသစ်နဲ့ပဲ လက်ဖက်ရည်ဆိုင်သွားကြပါတယ်။

“ ၁၂ ရက်နေ့ညက ကျွန်တော်က လိုင်သာယာမှာ ဟောပြောပွဲသွားခဲ့တယ်”

“ဟုတ်လား ဆရာညို၊ ဘာအကြောင်းတွေပြောတာလဲ”

“ခင်ဗျားပြောတဲ့ အရေးကြီးတဲ့နေ့သုံးရက်ပေါ့”

“ဩော် ဝိုလ်ချုပ်မွေးနေ့အကြောင်းပြောတာပေါ့”

“နည်းနည်းပဲပြောပါတယ်။ လူတွေက လွန်ခဲ့တဲ့ငါးနှစ်ကတည်းက ဝိုလ်ချုပ်ရာပြည့်ကို တစ်ပြည်လုံးမှာ ကျင်းပခဲ့တယ်”

“အင်း . . . ဒီဝိုကရေစီခေတ်ဦးမှာ ဝိုလ်ချုပ်ရာပြည့်ကို ကျင်းပခွင့်ရတာ ပြည်သူတွေနိုးကြားတာပါပဲ”

“ဟုတ်ပါတယ်။ မနေ့က ကျွန်တော် လိုင်သာယာ ရှင်စောပုလမ်းမှာဟောပြောခဲ့တယ်။ ည ၁၁ နာရီကျော်မှ အိမ်ပြန်ရောက်တယ်။ လမ်းထိပ်မှာကားရပ်ပြီး အိမ်ကို လမ်းလျှောက်လာတော့ လမ်းထဲကဆိုင်တစ်ဆိုင် မီးလင်းနေတယ်။ ကြည့်လိုက်တော့ နံပြားဖိုကိုး။ နံပြားကို အလုပ်သမားသုံးယောက်နဲ့ လုပ်နေကြတာ”

“ဝိုလ်ချုပ်ရာပြည့်မှာ ပဲပြုတ်နံပြားကျွေးတာကို ခုထိ သဘောကျနေကြတယ်”

“တချို့က ပဲပြုတ်နံပြားကို အပြစ်ပြောတာရှိသေးတယ်။ နံပြားဟာ ကုလားအစာတဲ့”

“အင်း . . . ပဲအကြာဆိုပြီး လူတွေစားလာကြတာရှိတယ်။ ပဲပြုတ်က မြန်မာ၊ နံပြားက ကုလား - အိန္ဒိယပေါ့။ ပဲအကြာကျတော့ ပဲပြုတ်က မြန်မာ၊ အိကြောကွေးကျတော့ တရုတ်ပေါ့”

“မြန်မာက ပူးပေါင်း Merge လုပ်တာ အရမ်းတော်တယ်”

“ယဉ်ကျေးမှုတွေလည်း ဒီလိုပဲပူးပေါင်းသွားတာတွေ အများကြီးပေါ့။ အင်္ဂလိပ်ဘောင်းဘီ လုံချည် ပုဆိုးတွေလည်း ဒီလိုပဲလေ။ ကျွန်တော်တော့ ဝိုလ်ချုပ်အောင်ဆန်းရဲ့ ပဲပြုတ်နံပြားကို လူတွေသတိပြုမိတာ အရမ်းဝမ်းသာတယ်။ ပြည်သူချစ်တဲ့ခေါင်းဆောင်တွေ ဘာလုပ်လုပ် ပြည်သူတွေက သဘောကျတယ်ဆိုတာက သတိပြုမိစေတယ်”

(၄)

“ဆရာညို နေပြည်တော်မှာ ဝိုလ်ချုပ်မြင်းစီးရုပ်တုဖွင့်ပွဲကို ကြည့်လိုက်ရလား”

“ကြည့်ရတယ်။ ဒီနေ့မနက်မှာ **နေပြည်တော်သပြေကုန်းအဝိုင်းမှာ ဝိုလ်ချုပ်မြင်းစီးရုပ်တုကို ဖွင့်ပွဲလုပ်တယ်၊** နိုင်ငံတော်သမ္မတဦးဝင်းမြင့် မိန့်ခွန်းပြောတာကို နားထောင်လိုက်ရတယ်”

“ဘာတွေပြောသွားလဲ”

“ဝိုလ်ချုပ်အကြောင်း အဓိကပါတယ်။ ဝိုလ်ချုပ်က **သူတို့စစ်သည်တွေအနေနဲ့ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးမှာ ဝင်ရောက်ပြီး မစွက်ဖက်ဘူးဆိုတာကို** ပြောသွားတယ်”

“ဝိုလ်ချုပ်မိန့်ခွန်းတွေမှာ တပ်မတော်ကလွဲကို သီးသန့်ပြောထားတာတွေရှိပါတယ်။ ဒါပေမဲ့ တပ်မတော်ကလည်း တိုင်းရေးပြည်ရေးတွေကို ပါဝင်တာတွေကတော့ ပြည်ထောင်စုမပြိုကွဲရေးကို စိုးရိမ်ကြီးစွာ စောင့်ကြည့်တဲ့သဘောမျိုးပါပဲ”

“မှန်ပါတယ်။ ဒါပေမဲ့ ခြေလွန်လက်လွန်တွေဖြစ်လာရင် ပြည်သူတွေ တပ်မတော်အပေါ် အမြင်စောင်းနိုင်တာပေါ့”

“အာဏာသိမ်းကာလတစ်လျှောက်လုံး ပြည်သူနဲ့အစိုးရ ပူးပေါင်းလို့မရခဲ့ဘူး”

“အပြစ်တင်နေလို့အဆင်မပြေဘူး။ ကျွန်တော်တို့ဟာ မှန်ကန်တဲ့လမ်းကြောင်းကိုသွားကြမယ်ဆိုရင် မမှန်တာတွေမလုပ်တော့ဘူး။ ပြည်သူနဲ့ အစိုးရ တစ်သားတည်းဖြစ်လာမှာပေါ့”

“အင်း . . . ခုလည်း အတော်ပြောနေရတယ်။ ပြည်သူတွေက အစိုးရကိုပူးပေါင်းဖို့ အတော်ခက်ခဲနေတာကို တွေ့ရတယ်”

(၅)

“ပညာကြောင့်လား”

“အင်း . . . ပညာသင်နေကြတဲ့ကျောင်းသားတွေကလည်း လက်မခံတာတွေ အများကြီးတွေ့ရတယ်”

“ကျောင်းသားသမဂ္ဂက ဆန္ဒပြတာကို ပြောတာလား။ ကျောင်းသားသမဂ္ဂက နေပြည်တော် MICC 2 မှာ ဒေါ်အောင်ဆန်းစုကြည်စကားပြောနေစဉ် ပိုစတာတွေနဲ့ ဆန္ဒပြတာမျိုးကိုတော့ ကျွန်တော်လည်း လက်မခံဘူး”

“လက်ခံတာလက်မခံတာ အရေးမကြီးဘူး။ ကျောင်းသားခေါင်းဆောင်တစ်ယောက်ဆိုရင် သူတို့တောင်းဆိုတာမရရင် တောခိုမယ်လို့တောင် ပြောသွားတယ်”

“ခိုစရာတောလည်း ရှားကုန်ပါပြီ။ ဒါနဲ့ သူတို့က တိုင်းပြည်ရဲ့အနာဂတ်ခေါင်းဆောင်တွေမဟုတ်လား။ တိုင်းပြည်တည်ဆောက်နေတဲ့အချိန်မှာ သူတို့ ဘယ်ကလာကနေ ပါဝင်ကူညီရမယ်ဆိုတာကို ကတိကဝတ်တွေပြုဆောင်ရွက်သင့်တာပဲ”

“အင်း . . . မြန်မာပြည်မှာ လွတ်လပ်ရေးရခါစသုံးလအတွင်းမှာ ကွန်မြူနစ်တွေ တောခိုတာရှိခဲ့တယ်”

“အဲဒီကစပြီး မြန်မာပြည်လည်းမြောင်းထဲရောက်တာပဲ”

(၆)

“ဆရာညိုက ဖေဖော်ဝါရီ ၁၄ ရက်က အကြောင်းကော ပြောသေးလား”

“ပြောတာပေါ့။ **ဖေဖော်ဝါရီ ၁၄ ရက်က ချစ်သူများနေ့လေ၊ စိန့်ဗယ်လင်တိုင်းဒေးပေါ့။ ဒီနေ့ဟာ အင်မတန်သန့်ရှင်းတဲ့နေ့ပါ။ တစ်ခေတ်က** ရောမကဘုရင်ကြီးဟာ သူ့ရဲ့စစ်တပ်ကို ခိုင်မာအောင်လုပ်ပြီးနယ်ချဲ့ဖို့ကြိုးစားတယ်။ ဒီတော့ စစ်သည်တွေကို စုဆောင်းထားတာပေါ့။ သူက လူငယ်တွေ အိမ်ထောင်ပြုကြရင် တပ်ထဲမဝင်တော့ဘူးဆိုတဲ့သဘောကို သူသိတယ်။ ဒါကြောင့် သူနိုင်ငံက ဘုန်းတော်ကြီးတွေကို အမိန့်တစ်ခုထုတ်တယ်။ အဲဒါကတော့ ဘယ်ဘုန်းတော်ကြီးကမှ လူငယ်တွေကို လက်မထပ်ပေးရဘူးဆိုတာပါပဲ။ ဒါပေမဲ့ ဗယ်လင်တိုင်းဆိုတဲ့ ဘုန်းကြီးတစ်ပါးကတော့ စဉ်းစားတယ်။ လက်ထပ်တယ်ဆိုတာ အရေးပါတယ်။ ချစ်သူတွေညားကြဖို့အတွက် ဘုရားသခင်က တို့ကို တာဝန်ပေးထားတာဖြစ်တယ်။ (သူတို့ဘာသာမှာ ဘုန်းကြီးကလက်ထပ်ပေးမှသာ အကြင်လင်မယားအရာမြောက်တယ်) ဒါကို စဉ်းစားမိတဲ့ဘုန်းတော်ကြီးဟာ သူဆီကိုလာတဲ့ လူငယ်အတွဲတွေကို လက်ထပ်ပေးပါတယ်။ အတွဲတွေလက်ထပ်တဲ့အကြောင်း ဘုရင့်နားကို ရောက်သွားတယ်။ ဘုရင်က သူ့ရဲ့အမိန့်ကို ဘာလို့မနာခံသလဲလို့မေးတော့ ဘုန်းတော်ကြီးက ဘုရားသခင်ရဲ့အမိန့်ကိုသာ နာခံတယ်လို့ဖြေပါတယ်။ ဒီအဖြေကို လက်မခံနိုင်တဲ့ဘုရင်က ဘုန်းတော်ကြီးကို ကွပ်မျက်ခဲ့ပါတယ်။ ဒီအကြောင်းကိုကြားတဲ့ ဗာတိကန်က ပုပ်ရဟန်းမင်းကြီးကစုံစမ်းတော့ ဘုန်းတော်ကြီးဗယ်လင်တိုင်းဟာ သူတော်စင်ဖြစ်နေတာကို တွေ့ရတဲ့အတွက် သူ့ကို စိန့်ဘွဲ့ပေးခဲ့ပါတယ်။ **သူကွယ်လွန်တဲ့နေ့ကိုလည်း စိန့်ဗယ်လင်တိုင်းနေ့ (St. Valentine Day) ဆိုပြီးသတ်မှတ်ခဲ့တယ်၊ ဒီအထိမ်းအမှတ်ဟာ ချစ်သူများအတွက် အရေးပါတယ်၊ ချစ်သူတွေဟာ ဒီနေ့မှာ တစ်ယောက်ကို တစ်ယောက် အလေးအနက်ပြုကာ လက်ဆောင်တွေပေးတဲ့ဓလေ့ဖြစ်လာတယ်**”

“ဒါကြောင့် ချစ်သူများနေ့ ဖြစ်လာတာပေါ့”

“မှန်တယ်”

(၇)

နိဂုံးအနေနဲ့ပြောရရင်တော့ ဖေဖော်ဝါရီ ၁၂၊ ၁၃၊ ၁၄ သုံးရက်စလုံးကို သတိရဖို့လိုတယ်။ ဖေဖော်ဝါရီ ၁၂ ရက်နေ့က ပင်လုံစာချုပ်ချုပ်တဲ့နေ့ပဲ။ အဲဒါက ပြည်ထောင်စုကြီးကို မွေးဖွားလာတဲ့နေ့လို့ ယူဆနိုင်တယ်။ တိုင်းရင်းသားတွေနဲ့ ချစ်ကြည်ရင်းနှီးစွာနေထိုင်သွားဖို့ ကတိကဝတ်ပြုတဲ့နေ့ပို့ အရေးကြီးပါတယ်။ ဖေဖော်ဝါရီ ၁၃ ရက်နေ့က ဝိုလ်ချုပ်အောင်ဆန်းမွေးနေ့ပါပဲ။ ကြည်ရေ . . . ပဲပြုတ်နဲ့နံပြားရရင် စားချင်တယ်ဆိုတာကို သဘောကျကြပါတယ်။ လူငယ်တွေအတွက် တို့ဝိုလ်ချုပ်ဆိုတာကို မီးမောင်းထိုးပြလိုက်တာပဲ့ ပဲပြုတ်နံပြားကို လေးစားလာကြတယ်။ ဝိုလ်ချုပ်ကို ပိုပြီးကြည်ညိုလာကြတာပါပဲ။ ဖေဖော်ဝါရီ ၁၂ ရက်နေ့က St. Valentine Day ဆိုတာ မြန်မာတွေသာမက ကမ္ဘာတစ်ဝန်းလုံးကလက်ခံတဲ့နေ့ပါ။ ချစ်သူတိုင်း ချစ်တဲ့ခရီးကို လက်တွဲနိုင်ကြပါစေလို့ ဆန္ဒပြုတဲ့နေ့ပါပဲ။ **ကမ္ဘာကြီးမှာ မေတ္တာတရားထွန်းကားဖို့လိုတယ်၊ ကျွန်တော်တို့ တိုင်းပြည်လည်း အေးချမ်းသာယာတိုးတက်ဖို့ ကျွန်တော်တို့အားလုံး ပါဝင်ဖို့လိုတယ်၊ ဗဟုသုတပြည့်စုံကာ ပညာကို ရရှိဖို့အတွက် ဆင်ခြင်စဉ်းစားနိုင်သူတွေဖြစ်ကြပါစေ။**

♦ *ဒေါက်တာခင်မောင်ညို*

တစ်လလျှင် ငွေကျပ် ၃၀၀၀၀ သာပေးသွင်းရသော မဟာဗန္ဓုလအငှားအိမ်ရာမှ နေထိုင်ခွင့်ရရှိသူများ အချိန်မီမဆက်သွယ်ပါက နေထိုင်ခွင့်ဖျက်သိမ်းမည်

ဝင်ငွေနည်းပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မဟာဗန္ဓုလ အငှားအိမ်ရာတွင် နေထိုင်ခွင့်ရသူများသည် သက်ဆိုင်ရာဌာနသို့ အချိန်မီမဆက်သွယ်ပါက နေထိုင်ခွင့်ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

မဟာဗန္ဓုလအငှားအိမ်ရာတွင် နေထိုင်ခွင့်ရသူများသည် **အိမ်လခအဖြစ် တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ပေးဆောင်ကာနေထိုင်ရမည်ဖြစ်ပြီး** တိုက်အမှတ် (၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၂၆၊ ၂၈၊ ၃၀၊ ၃၇) များတွင် မဲပေါက်၍ အငှားနေထိုင်ခွင့်ရသူများအား ၂၀၂၀ ပြည့်နှစ် မတ်လ ပထမပတ်မှစတင်၍ တိုက်ခန်းတွင် နေထိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

တိုက်ခန်းမဲပေါက်သူများအနေဖြင့် မဲပေါက်သည့်စာရွက်၊ မှတ်ပုံတင်မူရင်း/မိတ္တူ (၄) စုံ၊ သန်းခေါင်းစာရင်း မူရင်း/မိတ္တူ (၄) စုံ၊ ၄ လက်မ × ၆ လက်မ (မတ်တပ်ရပ်ကိုယ်လုံးပုံ) ဓာတ်ပုံ (၄) ပုံနှင့်အတူ သတ်မှတ်ထားသည့်ရက်အတွင်း ဒဂုံအရှေ့စက်မှုဇုန်စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၊ အမှတ် (၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်ရန်နှင့် **မတ်လ ၁၀ ရက်အထိ လာရောက်ဆက်သွယ်ခြင်းမရှိသော အိမ်ခန်းများကို နေထိုင်ရန် စိတ်ဝင်စားခြင်းမရှိသည်ဟုယူဆကာ အခန်းနေထိုင်ခွင့်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း** မဟာဗန္ဓုလအငှားအိမ်ရာ အိမ်ခန်းနေရာစီစစ်ချထားရေးနှင့် ကြီးကြပ်မှုကော်မတီက ကြေညာထားသည်။ **HNW**

AFC CUP ပွဲဦးထွက်၌ အိမ်ကွင်းတွင် ကစားရသော်လည်း မြန်မာကလပ်အသင်းများ ရလဒ်ကောင်းများ မရယူနိုင်ခဲ့

မြန်မာကိုယ်စားပြု ကလပ်အသင်းများဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် **2020 AFC CUP** ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်များအဖြစ် **အိမ်ကွင်း၌** ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ရလဒ်ကောင်းမွန်ခဲ့ခြင်းမရှိခဲ့ဘဲ ရမှတ်များ ဆုံးရှုံးခဲ့ရသည်။

ယခုလ ဖေဖော်ဝါရီ ဒုတိယပတ်တွင်း ယှဉ်ပြိုင်ကစားခဲ့သော 2020 AFC CUP ပြိုင်ပွဲ **အုပ်စု(F)အဖွင့်ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းက ဗီယက်နမ်ကိုယ်စားပြုကလပ် ဟိုချီးမင်းစီးတီးအသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားခဲ့ရာ၌ ၂-၂ ဂိုးသရေရလဒ်သာ ရယူနိုင်ခဲ့သည်း** ထို့ပြင် ရှမ်းယူနိုက်အသင်းကလည်း ဗီလစ်ပိုင်ကိုယ်စားပြုကလပ် **Kaya–Iloilo အသင်းကို အိမ်ကွင်း၌ ဧည့်ခံကစားခဲ့ရာတွင် ၀-၂ ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး ပွဲဦးထွက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။**

အာရှဘောလုံးအဖွဲ့ချုပ်၏ ကလပ်ပြိုင်ပွဲများတွင် ACL (အာရှချန်ပီယံလိဂ်) ပြိုင်ပွဲပြီးလျှင် ဒုတိယအဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် 2020 AFC CUP ပြိုင်ပွဲတွင် **ရန်ကုန်ယူနိုက်တက်အသင်းက အုပ်စု(F)** တွင် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီး၊ စင်ကာပူကလပ် Hougang United၊ လာအိုကလပ် Lao Toyota အသင်းများနှင့်အတူကျရောက်နေသည်။ **ရှမ်းယူနိုက်တက်အသင်းက အုပ်စု(H)**တွင် စင်ကာပူကလပ် Tampines Rovers၊ ဖိလစ်ပိုင်ကလပ် Kaya–Iloilo၊ အင်ဒိုနီးရှားကလပ် PSM Makassar အသင်းတို့နှင့်အတူ ကျရောက်နေသည်။

AFC CUP ပြိုင်ပွဲတွင် အာဆီယံဇုန်ကလပ်အသင်းများယှဉ်ပြိုင်ရသည့် အုပ်စုသုံးစုရှိပြီး **အုပ်စုပထမရရှိသောသုံးသင်းနှင့် အုပ်စုဒုတိယ အကောင်းဆုံးတစ်သင်းတို့သည် အာဆီယံ Zonal semi-finals အဆင့်ကို တက်ရောက်နိုင်မည်ဖြစ်သည်။ ပြီးခဲ့သော 2019 AFC CUP ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုကလပ်အသင်းများအဖြစ် ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြပြီး နှစ်သင်းစလုံး အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ကြရသည်။**

မိုင်းစောလွင်

ပထမဆုံးအကြိမ် လျင်အန္တရာယ်နှင့်ပတ်သက်၍ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ဟောပြောပွဲများပါဝင်သော အသိပညာပေးလှုပ်ရှားမှု လုပ်မည်

ပထမဆုံးအကြိမ်အဖြစ် လျင်ဘေးအန္တရာယ်အသိပညာပေး ရက်သတ္တပတ်လှုထုလှုပ်ရှားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီးတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ဟောပြောပွဲများ ပါဝင်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ဖေဖော်ဝါရီ ၁၅ ရက်ကပြောသည်။

အဆိုပါလှုပ်ရှားမှုတစ်ရပ်အဖြစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် မဟာဗန္ဓုလပန်းခြံတွင် စတင်ဆောင်ရွက်မည်ဖြစ်ကာ မြို့နယ်အသီးသီးတွင် ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားရန် ရှိကြောင်း ၎င်းကဆိုသည်။

``ဇာတ်တိုက်လေ့ကျင့်မှုပါမယ်။ ဟောပြောပွဲတွေပါမယ်။ နားထောင်သူက ရှိမယ်။ ဇာတ်တိုက်လေ့ကျင့်မှုက အဲဒီရပ်ကွက်မှာလုပ်မယ်ဆိုရင် အဲဒီရပ်ကွက်က လူတွေပါမယ်``ဟု လုပ်ငန်းစဉ်အခြေအနေနှင့်ပတ်သက်၍ ဦးဝင်းရွှေကရှင်းပြသည်။

ရန်ကုန်မြို့တွင် နှစ်စဉ်မြို့ပြလူဦးရေထူထပ်လျက်ရှိပြီး လျင်ဘေးအန္တရာယ်ခံရနိုင်ခြေများသည့်ဒေသဖြစ်ကာ အားကြီးသည့်လျင်လှုပ်ခတ်ပါက တိုက်တာအဆောက်အအုံများနှင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးနိုင်ခြေရှိသောကြောင့် ဘေးအန္တရာယ်လျော့ချနိုင်ရန် ကြိုတင်ပြင်ဆင်ရေးအစီအမံများ ပိုမိုအားကောင်းစေရန်နှင့် ထိရောက်သည့်တုံ့ပြန်ဆောင်ရွက်မှုများ လွှမ်စွာအရေးကြီးကြောင်း ၎င်းကဆိုသည်။

``အခုလိုလုပ်ဆောင်ရတဲ့ရည်ရွယ်ချက်က ရန်ကုန်မြို့မှာ လျင်ဒဏ်ကျရောက်လာခဲ့ရင် ဘေးအန္တရာယ်လျော့ပါးသက်သာစေဖို့အတွက် သိထားသင့်တာတွေကို သိရှိပြီးကြိုတင်ကာကွယ်ဆောင်ရွက်နိုင်အောင်အတွက် လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရတာကလည်း ရန်ကုန်မှာဆိုရင် ပထမဆုံးအကြိမ်ပဲဖြစ်တယ်။ **ရန်ကုန်မြို့မှာသာ လျင်ကြီးကြီးမားမားကျရောက်ခဲ့ရင် လျင်ဒဏ်ကို ခံနိုင်မယ့်အဆောက်အအုံတွေရှိသလို လျင်ဒဏ်ကို မခံနိုင်လောက်တဲ့ အဆောက်အအုံတွေလည်းရှိနိုင်တယ်၊** ဒါတွေကြောင့် လူထုအနေနနဲ့လည်း သိရှိပြီး ပါဝင်ပူးပေါင်းနိုင်အောင် ဆောင်ရွက်ရတာလည်းဖြစ်ပါတယ်။ **ဒီလိုမျိုးလှုပ်ရှားမှုက အခြားဘယ်နေရာဒေသတွေမှာလည်း မလုပ်ဖူးသေးပါဘူး**``ဟု ဦးဝင်းရွှေကပြည်မြန်မာသတင်းဂျာနယ်ကို ပြောသည်။

မေသက်

ပြည်မြန်မာသတင်းဂျာနယ် Swesone Media Group. Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း၊ (၃၃ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၀၅၂၃၊ ၀၁၉၂၀၃၃

တစ်ပတ်စာ သင့်ကံကြမ္မာ

၂၀-၂-၂၀၂၀ မှ ၂၆-၂-၂၀၂၀ ထိ

ဒေါက်တာလင်းမြတ်သူ၊ မြန်မာနိုင်ငံဝေဒနာသုတေသနအဖွဲ့။ ဖုန်း ၅၆၆၉၃၈၊ ၀၉ ၇၃၂၃၀၇၁၆၊ ၀၉ ၂၅၃၁၀၇၆၀၈

တနင်္ဂနွေ ပရဟိတလုပ်ငန်းများတွင် စိတ်ရောကိုယ်ပါ ဆောင်ရွက်မှုပြုရပါလိမ့်မည်။ စပ်တူရှယ်ယာလုပ်ငန်းများတွင် ထိရောက်သောပံ့ပိုးကူညီမှုများ ပြုပေးရပါလိမ့်မည်။ အကျိုးအမြတ်သည် အဖိုးမဖြတ်နိုင်သောအတွေကအကြုံနှင့် အကျိုးခံစားခွင့်များရရှိပါလိမ့်မည်။ မိမိ၏လုပ်ရပ်များအပေါ်တွင် အတိုက်အခံပြုလိုသူ၊ မနာလိုသူများရှိနေပါလိမ့်မည်။ ကိုယ်ပိုင်အစွမ်းအစဖြင့် ကြိုးစားအားထုတ်မှုများတွင် အဆင်ပြေကောင်းပါသော်လည်း အရာရာတိုင်းတွင် စိတ်တိုင်းကျဖြစ်ရန် မလွယ်ကူနိုင်သေးပါ။ သွေးအားနည်းခြင်း၊ အားအင်ကုန်ခန်းခြင်းဝေဒနာများ ဖြစ်စေတတ်ပါသည်။ အချစ်ရေးတွင် ခေါင်းငြိမ့်မလွယ်ပါနှင့် နှောင်းအတိတ်အတွယ်အတာရှိခဲ့ဖူးသူများဖြစ်ခဲ့ပါလျှင် အသွင်မဆန်းပါသော်လည်း သင်ခန်းစာရယူဖြစ်စေသော လိုအပ်ချက်၊ မှားယွင်းချက်များအပေါ်တွင် သတိမလစ်ပါစေနှင့်။

ယတြာ ။ ။ အိမ်ကဘုရားတွင် ပန်းသီး ၃ လုံးကပ်လှူပေးပါ။

တနင်္လာ လုပ်ငန်းကိစ္စ၊ နေရာဌာနကိစ္စများ အတည်တကျမရှိပါဘဲ ဖြစ်နေရတတ်ပါသည်။ မကြာခဏခရီးထွက်ရခြင်းများ ကြုံရတတ်ပါသည်။ အလုပ်ရှာဖွေသူများအတွက် မကြာခဏ အင်တာဗျူးဖြေဆိုရခြင်း၊ စိတ်တိုင်းကျဖြစ်စေရန် ခက်ခဲစေခြင်းများ ကြုံရပါလိမ့်မည်။ မိသားစုနှင့်အတူတကွနေထိုင်ရချိန် နည်းပါးနေရပါလိမ့်မည်။ သားသမီးများ၏ စီးပွားရေးကိစ္စများအတွက် တာဝန်ယူဖြေရှင်းမှုပြုပေးရခြင်း၊ စိုးရိမ်စိတ်လွန်ကဲမှု ဖြစ်ရစေခြင်းမျိုး ကြုံရပါလိမ့်မည်။ အချစ်ရေးတွင် ထင်ရာကွက်ကြည့်၍ လိုသလိုဆုံးဖြတ်မှုပြုခြင်းမျိုး မပြုမိပါစေနှင့်။ ပညာမျက်စိဖြင့် အရာရာကို အဆုံးအဖြတ်မှန်ကန်စွာဖြင့် သုံးသပ်ရန်သာ အဓိကလိုအပ်ပါလိမ့်မည်။

ယတြာ ။ ။ သီလရှင်များအား ဆွမ်းဆန်ဒါနပြုပေးပါ။

အင်္ဂါ အသိပညာ၊ အတတ်ပညာများအား ထူးခြားထက်မြက်စွာဖြင့် လေ့လာသင်ယူမှုပြုရပါလိမ့်မည်။ အဆင့်မြင့်ပညာရပ်များအား သင်ကြားခွင့်ရရှိစေခြင်း၊ ထောက်ပံ့ကူညီမှုရရှိစေခြင်းများ ကြုံရပါလိမ့်မည်။ စက်မှုစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အထူးအောင်မြင်ပါလိမ့်မည်။ သားသမီးများ၏ အကျိုးပေးခံစားခွင့်များ ရရှိပါလိမ့်မည်။ မိမိအနေဖြင့် သဘောအလို အရှိလွယ်သည့်အပြင် အပြောအဆို ပရိယာယ်ကြွယ်ဝသူဟု အများ၏လေးစားခြင်းခံရပါလိမ့်မည်။ အချစ်ရေးတွင် သဘောကောင်းနောင်တွယ်ဖြစ်စေမည့် ဖူးစာရှင်ရနိုင်ရေးသည် အပြောကောင်းသည့် အောင်သွယ်အားကိုးနိုင်မှသာ အဆင်ပြေပါလိမ့်မည်။

ယတြာ ။ ။ မိတ်ဆွေတစ်ဦးအား မီးခြစ်တစ်လုံး လက်ဆောင်ပေးလိုက်ပါ။

ဗုဒ္ဓဟူး စိတ်ချမ်းသာသလို နေထိုင်သွားလာနေမိမည်။ လောဘကြီးသလိုရှိသော်လည်း လက်တွေ့တွင် ရသလို တင်းတိမ်နေမိတတ်မည်။ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် ပြတ်သားမှုမရှိပါဘဲ ဖြစ်နေပါလိမ့်မည်။ မကြာခဏ စိတ်ထဲတွင် တွေဝေထိုင်းမှိုင်းမှုရှိနေရပါလိမ့်မည်။ ဆန့်ကျင်ဘက်လိင်များနှင့် ပူးတွဲနီးစပ်နေမိတတ်မည်။ ကျန်းမာရေးကောင်းမွန်ပါသော်လည်း ရောကို လွန်ကဲစွာချိုးမိတတ်ခြင်းဖြင့် အအေးပိန်နာစေးဖြစ်စေတတ်ပါသည်။ အချစ်ရေးနှင့်ပတ်သက်ပါလျှင် သင်စိတ်ပါစွာလိုက်လျောမိပါက ရင်ထိတ်လာစရာ၊ အကြိုက်သဘောရှိနေသူ၏ ဇွတ်အတင်းနောင်ဖွဲ့စေမည့် မလွတ်မကင်းဘောင်မဲ့ဖြစ်ရပ်မျိုး ကြုံရတတ်ပါသဖြင့် သတိထားသင့်ပါသည်။

ယတြာ ။ ။ အိမ်ကဘုရားတွင် ကြဲအဆစ် ၁၅ ဆစ်ကပ်လှူပေးပါ။

ကြာသပတေး မိမိ၏စိတ်ကူးကြဲစည်မှုများ အကောင်အထည်ပေါ်လာပါလိမ့်မည်။ ရံဖန်ရံခါ စိတ်ပျက်စရာများ ကြုံရတတ်သော်လည်း ပြေလည်မှုရရှိပါလိမ့်မည်။ ထိဆုကြိုးများပေါက်စေတတ်ပါသည်။ ရာထူးတိုးခြင်း၊ နေရာပြောင်းရွှေ့ရခြင်းများ ဖြစ်ပေါ်ပါလိမ့်မည်။ ပညာရေးကဲ့ကောင်းစေမှု ဖြစ်စေရပါလိမ့်မည်။ ဆန့်ကျင်ဘက်လိင်များနှင့် လိုက်လျောညီထွေ နေထိုင်တတ်ခြင်းအပေါ်တွင် အိမ်ထောင်ဖက်၏ အထင်အမြင်လွဲမှားမှု ခံရစေတတ်ပါသည်။ အချစ်ရေးနှင့်ပတ်သက်၍ ခြေနှစ်ချောင်း စုတ်ကောင်းဝင်စရာကြုံရပါလိမ့်မည်။ အပြုံးနှင့်ဆီးကြိုပါ။ ပူပင်စေသမျှအတွက် လူဝင်ငွေရကိန်းဆိုက်ရခြင်းမျိုး ကြုံရပါလိမ့်မည်။

ယတြာ ။ ။ မိဘနှစ်ပါးအား ကြက်ကင်ဖြင့် အာဟာရဒါနပြုပေးပါ။

သောကြာ တာဝန်ကြီးမားသော လုပ်ငန်းကိစ္စများတွင် မှားယွင်းမှုများ ဖြစ်စေရတတ်ပါသည်။ ရန်နှင့်မကင်းပါသော ယှဉ်ပြိုင်ပြောဆိုလုပ်ကိုင်ရခြင်းများ ရှိတတ်ပါသည်။ သူတစ်ပါးတို့၏ ပြစ်တင်ဝေဖန်ပြောဆိုခြင်းမျိုး ခံစားရတတ်ပါသည်။ မိမိအပေါ်တွင် မလိုလားသူတို့၏ ထိပါးနှောင့်ယှက်ခြင်းများ ကြုံရတတ်ပါသည်။ သားသမီးများအတွက် စိတ်ပူပင်သောကဖြစ်ရစေတတ်ပါသည်။ အထူးသဖြင့် ဗုဒ္ဓဟူး၊ စနေသားသမီးများ၊ ဆရာသမားမိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများဖြင့် အဆင်ပြေကောင်းပါလိမ့်မည်။ အချစ်ရေး၌ ဘဝတွင် ယခုမှစတင်သော အချစ်ဖြစ်ခဲ့ပါလျှင် မည်သူကိုမှ မျှဝေမေပေးချင်သော မြတ်နိုးမှုများဖြင့် ခိုင်မြဲသောချစ်ခြင်းတရားကို ဖြစ်နေပါလိမ့်မည်။

ယတြာ ။ ။ မိတ်ဆွေတစ်ဦးအား လက်ဖက်သုတ်တစ်ပွဲ ဒါနပြုပေးပါ။

စနေ စီးပွားရေးကိစ္စများတွင် အကြံကောင်းများဖြင့် ဆောင်ရွက်နိုင်ခြင်း၊ စကားအပြောအဆိုနှင့်ပတ်သက်၍ ချီးမွမ်းခံရခြင်းများ ရှိလာပါလိမ့်မည်။ အထက်လူကြီးများနှင့် ပြောဆိုဆက်ဆံရာတွင် အခက်အခဲအနည်းငယ်ရှိနိုင်ပါသည်။ အိမ်ထောင်ဘက်နှင့် အတူတကွ ခရီးသွားလာမှုပြုရပါလိမ့်မည်။ စိတ်တိုင်းမကျစရာကိစ္စများ ကြုံရသည့်တိုင် စိတ်ရှည်သည်းခံမှုများကြောင့် လိုက်လျောညီထွေပြုမှုနေထိုင်ရန် လိုပါသည်။ ကျန်းမာရေးအနည်းငယ် ချို့ချာမှုရှိနိုင်ပါသည်။ အများနှင့်ပြောဆိုဆက်ဆံရာတွင် အမှားမကင်းပါဘဲ ဖြစ်စေတတ်ပါသဖြင့် သတိပြုဆင်ခြင်ပါ။ အချစ်ရေးနှင့်ပတ်သက်ပါလျှင် မည်မျှပင် အရှိတရားဖြင့် စိတ်ပါမိသော်လည်း သတိတရားဖြင့် သိက္ခာအတွက် ဆင်ခြင်တတ်ရန် လိုအပ်ပါလိမ့်မည်။

ယတြာ ။ ။ မွေးနေ့တွင် ကလေးများအား သကြားလုံး လက်ဆောင်ပေးလိုက်ပါ။

မွေးနေ့ဆီးမီး ၃၀၀၀ အလှူပြုလုပ်တဲ့ ဖိုးချစ်

ဇာတ်သဘင်လောကတွင်နာမည်ကျော် မင်းသားတစ်ဦးဖြစ်သလို မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဇဟို)ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နေတဲ့ **မင်းသားဖိုးချစ်ကတော့ ဖေဖော်ဝါရီ ၁၅ ရက်မှာကျရောက်တဲ့မွေးနေ့ အမှတ်တရအနေနဲ့ ရန်ကုန်မြို့ရှိ ဧရာတိဂုံဇေတီတော်မြတ်ကြီး၌ ဆီမီး ၃၀၀၀ ထွန်းညှိကပ်လှူပူဇော်ပွဲပြုလုပ်ခဲ့ပါတယ်။** ယင်းအပြင် သွေးလှူဒါန်းကုသိုလ်နှင့်အတူ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်းလည်းသိရပါတယ်။

ဇာတ်လမ်းတွဲတွေ သရုပ်ဆောင်ဖို့ရှိတဲ့ အီချောပို

အနုပညာအလုပ်တွေကို ကြိုးစားဆောင်ရွက်ရင်း ပရဟိတအလုပ်များ၊ အလှူအတန်းများကိုလည်း အဲ့ဒီနှစ်ရရင်ရသလို ဆောင်ရွက်နေတာတွေ့ရတဲ့ သရုပ်ဆောင်အီချောပိုကတော့ **လက်ရှိရုံတင်ပြသနေတဲ့ "ပလေယာ" ရုပ်ရှင်ဇာတ်ကားမှာ** သရုပ်ဆောင် မြင့်မြတ်၊ ခင်လိုင်၊ စိုးမြတ်သူဇာတို့နဲ့အတူ ပါဝင်သရုပ်ဆောင်ထားတာလည်းတွေ့ရပါတယ်။ ရိုက်ကူးရေးတွေဆက်နေတဲ့ သူ့အနေနဲ့ ရုပ်ရှင်**ဇာတ်ကားများ ဆက်လက်ရိုက်ကူးဖို့ဇာတ်ကားတွေရှိသလို ရုပ်သံဇာတ်လမ်းတွဲများမှာ ပါဝင်**သရုပ်ဆောင်ဖို့အတွက် လာရောက်ကမ်းလှမ်းထားတာတွေရှိကြောင်းလည်းဆိုပါတယ်။

သရုပ်ဆောင်အဖြစ်မြင်ရတော့မယ့် ယွန်းဝတီလွင်မိုး



အကယ်ဒမီလွင်မိုးရဲ့ သမီးကြီးဖြစ်တဲ့ ယွန်းဝတီလွင်မိုးကတော့ **ယခင်ကြော်ငြာများမှာသာမြင်တွေ့ရပေမယ့် ယခုအခါ သရုပ်ဆောင်တစ်ယောက်အဖြစ်နဲ့ မြင်တွေ့ရမှာဖြစ်ပါတယ်။** စာရေးဆရာမပုညခင်ရဲ့ဝတ္ထုကို ဇာတ်ညွှန်းမယ်ခိုင်ရေးသားပြီး ဒါရိုက်တာပွင့် သိဂီဇော်ရိုက်ကူးပုံဖော်မယ့် ရွှေဖူးစာရုပ်ရှင်ကားကြီးမှာ ပါဝင်သရုပ်ဆောင်မှာဖြစ်ကြောင်း သိရပါတယ်။ ယင်းဇာတ်ကားမှာ သရုပ်ဆောင် ပိုင်တံခွန်၊ ကောင်းမြတ်စံ၊ ဖွေးဖွေးနဲ့ အခြားအနုပညာရှင်များစွာပါဝင်ရိုက်ကူးသွားမှာဖြစ်ပြီး သူပထမဆုံးပါဝင်ရိုက်ကူးတဲ့ဇာတ်ကားဖြစ်ကြောင်းလည်းသိရပါတယ်။



ရန်ကုန်မြို့သစ်စီမံကိန်းမြေနေရာများ အရောင်းအဝယ်ဖြစ်နေ



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင်ဖော်ဆောင်မည့် **ရန်ကုန်မြို့သစ်စီမံကိန်းမြေနေရာရှိ အိမ်ရာမြေကွက်များ အရောင်းအဝယ်ဖြစ်နေကြောင်း** အိမ်ခြံမြေဈေးကွက်အတွင်းက သိရသည်။

"အဓိက စိတ်ဝင်စားပြီးအဝယ်များတာက ပြည်တွင်းကဖြစ်တယ်။ ပြည်ပအနေနဲ့တော့ ပြည်ပရောက်မြန်မာတွေ စိတ်ဝင်စားပြီး မေးတာရှိတယ်။ မြန်မာနိုင်ငံဖက်က မိသားစုတွေက ဝယ်ပေးထားတဲ့ပုံစံမျိုးလည်းလုပ်ကြတာရှိတယ်။ ဝယ်သူတွေကတော့ **ကိုယ်တိုင်ဆောက်ပြီးနေဖို့ ဝယ်တာများပါတယ်။ မြေဝယ်စုတဲ့ပုံစံမျိုးတော့မဟုတ်ပါဘူး**" ဟု မိုးနတ်မင်းအိမ်ခြံမြေလုပ်ငန်း၏ စီအီးအိုကိုမိုးဇက်ကပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့သစ်စီမံကိန်းသည် လုပ်ငန်းစတင်လည်ပတ်နိုင်ခြင်းမရှိသေးကြောင်း၊ သို့သော်လည်း ရယူထားသည့်ရင်းနှီးမြှုပ်နှံငွေ ကျပ် ၁၀ ဘီလီယံထဲမှ ၁၂ ရာခိုင်နှုန်းကျော်ထိ သုံးစွဲထားသောကြောင့် ထွက်ငွေများပြားနေကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ရာနှုန်းပြည့်ပိုင်ဆိုင်သောရန်ကုန်မြို့သစ်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (NYCD) ကို ကျပ် ၁၀ ဘီလီယံ ထည့်ဝင်ကာ လည်ပတ်နေခြင်းဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းစတင်လည်ပတ်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့များထံသို့ စာတင်ပြထားပြီးညွှန်ကြားချက်ရရှိရန် စောင့်ဆိုင်းနေကြောင်း သိရသည်။

"**အများဆုံးက ပေ ၄၀ ပေ ၆၀၊ ပေ ၁၀၀ ပတ်လည်အကွက်တွေ အရောင်းအဝယ်ဖြစ်တယ်လို့ပြောလို့ရပါတယ်။ ပေ ၄၀ ပေ ၆၀ အကွက်တွေကတော့ နေရာအပေါ်မူတည်ပြီး ကျပ်သိန်း ၁၅၀ က သိန်း ၂၀၀ ထိ ပေါက်ဈေးရှိပါတယ်။ အရောင်း အဝယ်ကတော့ ပုံမှန်ရှိပြီးတော့ စိတ်ဝင် စားသူပိုများတယ်**လို့ ပြောနိုင်ပါတယ်" ဟု ကိုမိုးဇက်ကပြောသည်။

ယခင်က မြေပိုင်ဆိုင်မှုမှာ ယခုကဲ့သို့ ခိုင်မာမှုမရှိသော်လည်း ယခုအခါ မြို့သစ်စီမံကိန်းတွင် **ပြန်လည်နေရာချထားရေးအတွက် ယာယီမြေပေးမိန့်များထုတ်ပေးနေသောကြောင့် စိတ်ဝင်တစားဝယ်ယူကြခြင်းဖြစ်ကြောင်း** သိရသည်။

ယခုအခါ မူလယာယီမြေပေးမိန့်ထုတ်ယူရန်ကျန်ရှိနေသော မြေပိုင်ရှင်များအား ယာယီမြေပေးမိန့် ပြန်လည်ပေးအပ်ခြင်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ တွဲတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်နေကြောင်းလည်း သိရသည်။

အဆို ပါယာယီမြေပေးမိန့် လာရောက်ထုတ်ယူခြင်းကို ကာယကံရှင်ကိုယ်တိုင်က မှတ်ပုံတင်(မူရင်း)၊ မြေခွန်ပြေစာ / ပုံစံ ၇ မူရင်း၊ ပုံစံ ၇ မူရင်းတို့ကို ယူဆောင်၍လာရောက်ထုတ်ယူနိုင်ကြောင်း၊ အများစုပိုင်သည့်ပုဂ္ဂိုလ်ထဲတွင် သိမ်းဆည်းထားပါက မိတ္တူတွင် ပုံစံ ၇ သိမ်းဆည်းထားသည့် လူပုဂ္ဂိုလ်အမည်ရေးသား၍ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးယူဆောင်လာရန်လိုကြောင်းလည်း သိရသည်။

"**စလစ်ထွက်ပြီးသားကို အရောင်းအဝယ်လုပ်ကြတယ်။ ပိုင်ဆိုင်မှုတစ်ခုကို နိုင်နိုင်မာမာဖြစ်တာကြောင့် ပေါ့၊ အိမ်ဆောက်နေထိုင်လိုသူတွေကပဲ စိတ်ဝင်စားကြတယ်။ စီးပွားရေးလုပ်လိုသူတွေကတော့ လမ်းမတန်းကို ပိုပြီးစိတ်ဝင်စားတာတွေရတယ်။ ဒါပေမဲ့ လမ်းမတန်းက အကွက်နည်းတယ်။ တချို့တွေကလည်း ဈေးမရလို့ သိပ်မရောင်းချင်ကြသေးဘူး။ ငွေအရမ်းလိုတဲ့သူတွေသာရောင်းတယ်**" ဟု အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ဆိုသည်။ **မေငယ်**

ဝိုင်အမ်ဘီအေ အသင်းကြီးအပေါ် တရားဝင်မှု မဝင်မှုပြောနေမှုအပေါ် အသင်း၏လုပ်ဆောင်မှုများကသာ အဖြေပေးလိမ့်မည်ဖြစ်ဟုဆို

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမတွင်တည်ရှိသည့် ဝိုင်အမ်ဘီအေအသင်းကြီးအပေါ် တရားဝင်မဝင်ပြောနေခြင်းများနှင့်ပတ်သက်ပြီး လုပ်ဆောင်ထားမှုသာဓကများကသာ အဖြေပေးသွားလိမ့်မည်ဖြစ်ကြောင်း ဝိုင်အမ်ဘီအေအသင်းကြီး၏တွဲဘက်ဥက္ကဋ္ဌဖြစ်သူ ဦးစိန်သန်းက ပြည်မြန်မာသတင်းဂျာနယ်သို့ ဖေဖော်ဝါရီလ ၁၅ ရက်ကပြောသည်။

အဆိုပါဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာကလျာဏယုဝ)အသင်းကြီးကို ဆိုရှယ်မီဒီယာပေါ်နှင့် အချို့သတင်းဌာနများတွင် ရေးသားနေမှုများရှိခြင်း ဝေဖန်နေခြင်းများဖြစ်ပေါ်နေခြင်းကြောင့် ၎င်းအနေနှင့် မည်သို့မှ ပြန်လည်ဖြေရှင်းသွားမည်မဟုတ်ဘဲ အသင်းကြီးမှာ ဗုဒ္ဓစာပေမဂ်လာတရားတော်များအတိုင်းသာ ဆောင်ရွက်နေခြင်းသာဖြစ်ပြီး တည်ထောင်မှုသက်တမ်းမှာလည်း သက်တမ်းအားဖြင့် ၇၁ နှစ်ရှိနေပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။

"တရားဝင်တယ်မဝင်တယ်မပြောလိုပါဘူး။ အသင်းကြီးတည်ထောင်တာ ၇၁ နှစ်ရှိပါပြီ။ အခုအသက်အရွယ်ကြီးကြီးအပိုင်တွေမှာရှိနေတဲ့ အောင်မြင်နေသူတွေ ရုပ်ရှင်လောကမှာ တပ်မတော်မှာရယ် အခြားဌာနမှာပါရှိနေကြတဲ့သူတွေတောင် ဝိုင်အမ်ဘီအေစာမေးပွဲဖြေဆိုအောင်မြင်ဖူးတဲ့သူတွေအများကြီးပါ။ အထူးအနေနဲ့ ပြောရမယ်ဆိုရင်တောင် **သီတဂူဆရာတော်ကြီးပင်လျှင် ယော်ဘဉ်ကာလက YMBA မဂ်လာစာသင်ဆရာဖြစ်ပါတယ်**" ဟု ဦးစိန်သန်းကဆိုသည်။

ဝိုင်အမ်ဘီအေအသင်းကြီးတွင် **အသင်းဝင်ပေါင်းအမျိုးသား ၁၀၀၀၀ ကျော်၊ အမျိုးသမီး ၇၀၀၀ အမာခံရှိထားပြီး အသင်းကြီးမှကြီးမှူးကျင်းပသည့် မဂ်လာစာမေးပွဲစာဖြေသူတစ်နှစ်လျှင် တစ်သိန်းကျော်ရှိကြောင်း တိုင်းနှင့်ပြည်နယ်၌ မဂ်လာစာဖြေဌာနပေါင်း ၁၂၀၀ ကျော်၊ ကြီးကြပ်သည်အသင်းခွဲပေါင်း ၆၁ ခုနှင့် အသင်းခွဲပေါင်း ၂၀ ကိုလည်း ထပ်မံတိုးခဲ့နိုင်ရန်လုပ်ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။**

"သီတဂူဆရာတော်ကြီးငယ်စဉ်အခါအခါက သဲကုန်းဆရာတော်၊ သပိတ်အိုင်ဆရာတော်၊ သီတဂူဆရာတော်ကြီးဆိုပြီးနာမည်မပေါ်ခင်က ဝိုင်အမ်ဘီအေရဲ့ စာသင်ဆရာတော်တစ်ပါးဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်၊ အသုတ်၊ ငသိုင်းချောင်းနယ်ဘက်မှာ ဝိုင်အမ်ဘီအေရဲ့ ၃၈ ဖြာမင်္ဂလာတရားများကို သင်ကြားပေးနေတဲ့ ဆရာတော်ဖြစ်ပါတယ်။ **နောက်ပြီး ဆရာတော်ကြီးကိုယ်တိုင် အသင်းကပပ်လှူထားတဲ့ အဝွမဟာမင်္ဂလမွဖဇေတီကဇေတွဲ့ရထားပါတယ်။** နောက်ပြီး သာသနာရေးဝန်ကြီးသူရဦးအောင်ကို၊ တပ်ချုပ်ကြီးတို့ကိုလည်း ဆုတံဆိပ်တွေပေးအပ်ချီးမြှင့်ခဲ့ပါတယ်" ဟု တွဲဘက်ဥက္ကဋ္ဌ ဦးစိန်သန်းက ထပ်မံပြောဆိုသည်။

ဝိုင်အမ်ဘီအေအသင်းကြီး၏ မဂ်လာတရားတော်များလုပ်ဆောင်မှုများနှင့်ပတ်သက်ပြီး သီတဂူဆရာတော်ကြီးမှ ၎င်းသီတင်းသုံးနေထိုင်တော်မူသည့် စစ်ကိုင်းသီတဂူကျောင်းတိုက်အတွင်းရှိ ကြေးပိသာချိန် ခြောက်ထောင်ကျော်ရှိသော ခေါင်းလောင်းတော်ကြီး၏မော်ကွန်းမှတ်တမ်းရေးထိုးထားမှု၏အမှတ်စဉ် ၆ တွင် ဆရာတော်ကြီးအား ဝိုင်အမ်ဘီအေအသင်းကြီးမှဆက်ကပ်လှူဒါန်းထားသည့် ဘွဲ့ထူးဆောင်အမည်ကိုလည်း ရေးထိုးမှတ်တမ်းတင်ထားကြောင်း သိရသည်။ **ကိုထွဋ်**

ပြည်မြန်မာသတင်းဂျာနယ် Swesone Media Group Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း၊ (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၀၅၂၃၃၊ ၀၃၉၂၀၃၃၉

ပထမဆုံး မြို့ပြင်လူနေမှုပုံစံ အပန်းဖြေရာကုန်တိုက် ယခုနှစ်တွင်ပွင့်မည်

ပထမဆုံးမြို့ပြင်လူနေမှုပုံစံအပန်းဖြေရာကုန်တိုက်ကြီးတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးနှင့် ခရေပင်လမ်းဆုံအနီးတွင် ယခုနှစ်အတွင်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

''ကျွန်တော်တို့ရဲ့ကုန်တိုက်ကို **Terminal M Leisure Mall** လို့ အမည်ပေးထားပါတယ်၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားဝင်းနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအများဆုံးရှိတဲ့ မင်္ဂလာဒုံစက်မှုမြို့တော်ရဲ့အနီးမှာရှိတာကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက လာရောက်တဲ့ ဧည့်သည်တွေအဇနဲ့ရောပြည်ပက စီးပွားရေးကြောင့်ပဲဖြစ်ဖြစ် အလည်အပတ်ပဲဖြစ်ဖြစ် လာရောက်မယ့် ပြည်ပနိုင်ငံသားတွေအတွက် တစ်နေရာတည်းမှာ အပန်းဖြေစားသောက်ဝယ်ယူနားနေနိုင်မယ့် နေရာတစ်ခုလိုမျိုးဖြစ်လာမယ်လို့ဒမျှော်လင့်ထားပါတယ်''ဟု အဆိုပါကုန်တိုက်ကို တည်ဆောက်သည့် Mottama Development Group Co., Ltd ၏ တာဝန်ရှိသူတစ်ဦးက ပြည်မြန်မာသတင်းဂျာနယ်ကိုပြောသည်။

ယင်းကုန်တိုက်ကို **မြေအကျယ် ၄ ဧကပေါ်တွင်တည်ဆောက်ထားပြီး** လာရောက်သည့် မော်တော်ကားများယာဉ်ကြောပိတ်ဆို့မှုမရှိ အဆင်ပြေရန် **ကားစီးရေ ၂၅၀ ကျော်ရပ်နားနိုင်မည့် လုံလောက်သောကားပါကင်ပါဝင်မည့်အပြင်** အများပြည်သူများ **အပန်းဖြေအနားယူနိုင်ရန်အတွက် ရေကန်နှင့်ပန်းခြံငယ်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း** သိရသည်။

''ဒီပုံစံကတော့ ဂျပန်နိုင်ငံမှာဆိုရင် ထင်ရှားတဲ့ ရှော့ပင်းမောတော်တော်များများလိုပဲ လေးထောင့်ပုံစံဖြစ်ပြီး အလယ်မှာ Atrium ပါရှိမှာဖြစ်ပါတယ်။ အခုတည်ဆောက်နေတဲ့ Terminal M Leisure Mall ရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏကတော့ အမေရိကန်ဒေါ်လာ ၂၅ သန်းရှိပါတယ်''ဟု ယင်းကပြောသည်။

Terminal M Leisure Mall တွင် **ဆိုင်ခန်းပေါင်း ၁၇၀ ကျော်ပါဝင်မည်ဖြစ်ပြီး** ယင်းတွင် အဝတ်အထည်နှင့် အသုံးအဆောင်ဆိုင်ခန်းများ၊ အစားအသောက်မျိုးစုံရောင်းချနိုင်မည့် **ဆိုင်ခန်းများနှင့် Food Court**၊ ရုပ်ရှင်ရုံအပြင် **အခြားစိတ်ဝင်စားဖွယ်ရာဇစ္စာ ဖြေမှုများပါဝင်မည်ဖြစ်ကြောင်း** သိရသည်။

မေငယ်

ဗိုလ်ချုပ်စမစ်ဒွန်း၏အုတ်ဂူသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပထမဆုံးအကြိမ် သွားရောက်ဂါရဝပြု

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြန်မာ့တပ်မတော်၏ ပထမဆုံးစစ်ဦးစီးချုပ်ဖြစ်သည့် ဗိုလ်ချုပ်စမစ်ဒွန်း၏အုတ်ဂူသို့သွား ရောက်ဂါရဝပြုခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ တာဝန်ရှိသူများသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၄ ရက်တွင်ရှမ်းပြည်နယ်(တောင်ပိုင်း) **ကလောမြို့၊ အမှတ်(၃) ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းရှိ မြန်မာ့တပ်မတော်၏ ပထမဦးဆုံး စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း၏နေအိမ်ဝင်းသို့သွားရောက်၍ သမီးဖြစ်သူ ဒေါ်ခင်စောမူ(ခေါ်) ဒေါ်အဲဝလင်းဒွန်းနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ** ပေးအပ်ခဲ့သည်။

ထို့နောက် **ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဇနီး၏ အုတ်ဂူသို့သွားရောက်၍ လွမ်းသူ့ပန်းစည်းချကာ ဂါရဝပြုခဲ့ကြခြင်းဖြစ်**ကာ ဗိုလ်ချုပ်စမစ်ဒွန်းသည် မြန်မာ့တပ်မတော်တွင် ၄-၁-၁၉၄၈ ရက်နေ့မှ ၃၁-၁-၁၉၄၉ ရက်နေ့အထိ စစ်ဦးစီးချုပ် (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး နိုင်ငံတော်မှ **သတိုးမဟာ သရေစည်သူဘွဲ့ချီးမြှင့် အပ်နှင်းခြင်းခံရသူလည်း** ဖြစ်သည်။

''ဗိုလ်ချုပ်ကြီးစမစ်ဒွန်းက မြန်မာ့တပ်မတော်ရဲ့ ပထမဆုံး စစ်ဦးစီးချုပ်ပေါ့။ အခုခေတ်နဲ့ဆို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ပါတယ်''ဟု တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ဆိုသည်။

မင်္ဂလာတရားတော်လည်းရှိကြောင်း၊ မြန်မာတပ်မတော်တွင်လည်း အစဉ်အလာရှိကြောင်း ဂါရဝပြုခဲ့သည့် အကြောင်းနှင့်ပတ်သက်၍ ၎င်းက ထည့်သွင်းပြောကြားသည်။

ထက်အောင်ဖြိုး

အာရုဏ်၏ အကြီးဆုံးနှင့် ပညာပေးလှုပ်ရှားမှု ဓာတ်ပုံပွဲတော်ကို ရန်ကုန်၏ နေရာရှစ်ခုတွင် ပြုလုပ်သွားမည်

အာရုဏ်၏အကြီးဆုံးနှင့် ပညာပေးလှုပ်ရှားမှုဓာတ်ပုံပွဲတော် (ရန်ကုန်ဓာတ်ပုံပွဲတော်)ကို နေရာ ၈ နေရာတွင် ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သတင်းရရှိသည်။

အဆိုပါဓာတ်ပုံပွဲတော်ကို **မဟာဗန္ဓုလပန်းခြံ၊ Goethe Villa၊ ပြင်သစ်ယဉ်ကျေးမှုဌာန၊ ရန်ကုန်ဘူတာကြီး၊ Rosewood ရန်ကုန်ဟိုတယ်၊ Junction City၊ မြန်မာဒီဇိုင်းနှင့် အလှသစ် အနုပညာပြခန်း အစရှိသည့် နေရာရှစ်ခုတွင်** ပြုလုပ်သွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ အရေးကြီးကိစ္စရပ်များဖြစ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် လူမှုတရားမျှတမှု **မှတ်တမ်းဓာတ်ပုံလက်ရာ ၂၀၀ ကျော်**ကို စုစည်းပြသထားမည်ဖြစ်ကာ နိုင်ငံတကာမှ အထင်ကရဓာတ်ပုံဆရာများဖြစ်သည့် Pascal Maître၊ Steve McCurry၊ Franck Seguin နှင့် Fausto Podavini တို့၏ ဓာတ်ပုံများနှင့် မြန်မာနိုင်ငံ၏ နာမည်ကျော်ဓာတ်ပုံဆရာများဖြစ်သည့် ခွန်လတ်၊ ခွန်လီနှင့် ကိုမျိုးတို့၏ ဓာတ်ပုံများအပြင် YPF မှ ရုပ်ပုံဖြင့် ဇာတ်ကြောင်းပြောခြင်း သင်တန်းများ ပြုလုပ်ခဲ့သည့် တိုင်းရင်းသားဒေသများရှိ တက်သစ်စဓာတ်ပုံပညာရှင်များ၏ လက်ရာများကိုလည်း ပါဝင်ပြသသွားမည်ဟု သိရသည်။

၁၂ ကြိမ်မြောက်အဖြစ်ကျင်းပမည့် ရန်ကုန်ဓာတ်ပုံပွဲတော်ကို ဖေဖော်ဝါရီလ ၁၉ ရက်တွင် **Goethe Villa ၌ ဓာတ်ပုံစာအုပ်ပြပွဲ၊ အခြားဓာတ်ပုံပြပွဲများ၊** ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၂၂ ရက် နှင့် ၂၃ ရက်တွင် **မဟာဗန္ဓုလပန်းခြံ၌ ဓာတ်ပုံရွာကိုတည်ဆောက်ထားမည်ဖြစ်**ကာ ထူးခြားပြောင်မြောက်သည့် မှတ်တမ်းတင်ဇာတ်လမ်းတိုများကိုလည်း ဖန်သားပြင်ပိတ်ကားပေါ်တွင်ပြသခြင်း၊ World Press Photo အပါအဝင် **ဓာတ်ပုံပြပွဲများနှင့် ဓာတ်ပုံစတူဒီယိုတစ်ခုလည်း** ပါဝင်မည်။

ယခုနှစ်၏ **အကောင်းဆုံးဓာတ်ပုံဇာတ်လမ်းဆုပြိုင်ပွဲ**အတွက် ပြည်တွင်းနှင့် နိုင်ငံတကာဒိုင်လူကြီးများမှ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ပြင်သစ်ယဉ်ကျေးမှုဌာနခွဲအကဲဖြတ်ခြင်းကို ပြုလုပ်သွားမည်ဟုလည်းသိရသည်။

ကောင်းမြတ်ရာ

၁၈-၂-၂၀၂၀

ကံကောင်းစေမယ့်အရောင် - ပန်းရောင်၊ အပြာရောင်

ကံကောင်းစေမယ့်ကုသိုလ် - ဘုရားမှာ စမူဆာ ၅ ခု ဆွမ်းတော်ကပ်လှူပါ။

ကံကောင်းစေမယ့်ဂဏန်း - ၆ ဂဏန်း၊ ၃ ဂဏန်းနဲ့ ၁ ဂဏန်းတွေကိုအားပြုပါ။

ကံကောင်းနိမိတ် - စားပွဲပေါ်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ သူတစ်ပါးအကြံကို လက်မခံသင့်တဲ့နေ့ပါပဲ။

၁၉-၂-၂၀၂၀

ကံကောင်းစေမယ့်အရောင် - အဖြူရောင်၊ အစိမ်းရောင်၊ ငွေရောင်

ကံကောင်းစေမယ့်ကုသိုလ် - ဘုရားမှာ အုန်း ၆ ညွှန့် လှူပါ။

ကံကောင်းစေမယ့်ဂဏန်း - ၇ ဂဏန်း၊ ၁ ဂဏန်းနဲ့ ၄ ဂဏန်းတွေကိုအားပြုပါ။

ကံကောင်းနိမိတ် - ပြတင်းပေါက်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အပြောင်းအလဲတွေ ကြုံရတတ်တဲ့နေ့ပါပဲ။

၂၀-၂-၂၀၂၀

ကံကောင်းစေမယ့်အရောင် - အနက်ရောင်၊ ခရမ်းရင့်၊ အပြာရင့်

ကံကောင်းစေမယ့်ကုသိုလ် - ဘုရားမှာ ယပ် ၆ လက် လှူပါ။

ကံကောင်းစေမယ့်ဂဏန်း - ၈ ဂဏန်း၊ ၇ ဂဏန်းနဲ့ ၂ ဂဏန်းတွေကိုအားပြုပါ။

ကံကောင်းနိမိတ် - ရေခွက်ပေါ်မှာ နိမိတ်ကောက်ယူပါ။ ဒီနေ့ဟာ အဖိုးတန်ပစ္စည်း ဝင်တတ်တဲ့နေ့ပါပဲ။

၂၁-၂-၂၀၂၀

ကံကောင်းစေမယ့်အရောင် - အနီရောင်၊ ခရမ်းရောင်

ကံကောင်းစေမယ့်ကုသိုလ် - ဘုရားမှာ ကဲ့ကော် ၉ ညွှန့် လှူပါ။

ကံကောင်းစေမယ့်ဂဏန်း - ၉ ဂဏန်း၊ ၈ ဂဏန်းနဲ့ ၂ ဂဏန်းတွေကိုအားပြုပါ။

ကံကောင်းနိမိတ် - ကောင်းကင်ကိုကြည့်ပြီး နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အကြံစည်သမ်တွေ ရတတ်တဲ့နေ့ပါပဲ။

၂၂-၂-၂၀၂၀

ကံကောင်းစေမယ့်အရောင် - အဖြူရောင်၊ ရွှေရောင်၊ အဝါရောင်

ကံကောင်းစေမယ့်ကုသိုလ် - သီလရှင်ကို ငွေ ၆ ဂဏန်း လှူပါ။

ကံကောင်းစေမယ့်ဂဏန်း - ၁ ဂဏန်း၊ ၉ ဂဏန်းနဲ့ ၄ ဂဏန်းတွေကိုအားပြုပါ။

ကံကောင်းနိမိတ် - ပိုက်ဆံပေါ်မှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ သတင်းကောင်း ကြားရတတ်တဲ့နေ့ပါပဲ။

၂၃-၂-၂၀၂၀

ကံကောင်းစေမယ့်အရောင် - အဖြူရောင်၊ အစိမ်းရောင်၊ ငွေရောင်

ကံကောင်းစေမယ့်ကုသိုလ် - ဘုရားမှာ နန်းကြီးသုပ် ကပ်လှူပါ။

ကံကောင်းစေမယ့်ဂဏန်း - ၂ ဂဏန်း၊ ၀ ဂဏန်းနဲ့ ၇ ဂဏန်းတွေကိုအားပြုပါ။

ကံကောင်းနိမိတ် - သတင်းစာမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ အောင်မြင်မှု ထူးခြားတတ်တဲ့နေ့ပါပဲ။

၂၄-၂-၂၀၂၀

ကံကောင်းစေမယ့်အရောင် - အနီရောင်၊ ခရမ်းရောင်၊ ကြက်သွေးရောင်

ကံကောင်းစေမယ့်ကုသိုလ် - ဆပ်ပြာခဲ ဒါန်းလုပ်ပါ။

ကံကောင်းစေမယ့်ဂဏန်း - ၂ ဂဏန်း၊ ၁ ဂဏန်းနဲ့ ၃ ဂဏန်းတွေကိုအားပြုပါ။

ကံကောင်းနိမိတ် - ရုပ်တုတစ်ခုမှာ နိမိတ်ကောက်ယူပါ။

ဒီနေ့ဟာ ပြိုင်ဆိုင်ပြီး အောင်မြင်တတ်တဲ့နေ့ပါပဲ။

သဇွေဓမ္မာ
ဇင်ယော်နီ

စွယ်စုံမီဒီယာလုပ်ငန်းစု 2020 Staff Party ကျင်းပ

ဒေါက်တာတင်ထွန်းဦး အဖွင့်အမှာစကားပြောကြား

ပြည်မြန်မာသတင်းဂျာနယ်ကို စီစဉ်ထုတ်ဝေလျက်ရှိသော စွယ်စုံမီဒီယာ လုပ်ငန်းစု (SweSone Media Group) ၏ 2020 Starff Party နှင့် ဂုဏ်ပြုညစာစားပွဲကို ၁၁-၂-၂၀၂၀ ရက်ညက ရန်ကုန်မြို့ ဖိုး စိန်လမ်းရှိ Kyaw Music ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြား၍ တာဝန်ရှိသူများက တစ်နှစ်တာလုံး ရက်မပျက်ဆုများ၊ လစဉ် ရက်မှန်ကြေးဆုငွေများ၊ လုပ်သက်ရင့်ဝန်ထမ်း ဂုဏ်ပြုဆုများနှင့် ထူးချွန်ဝန်ထမ်းဆု ရရှိသူများ၊ နေ့စဉ်စီစဉ်တင်ဆက်လျက်ရှိသည့် အွန်လိုင်းအထူးကဏ္ဍအဖွဲ့၊ အဆိုအကအဖွဲ့တို့အား **စုစုပေါင်း ငွေသား ကျပ် ၁၇၅ သိန်းခန့် ဆုချီးမြှင့်ခဲ့ကြောင်း** သိရသည်။

ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ဝန်ထမ်းများက အဆိုအကများဖြင့် သီဆိုဖျော်ဖြေကာ ပျော်ရွှင်

အခမ်းအနားကျင်းပနေစဉ်

နေ့စဉ်ထုတ်လွှင့်နေသည့် အွန်လိုင်းအဖွဲ့အား ဆုငွေချီးမြှင့်

လေ့လာရေးခရီးထွက်ခွာခဲ့ကြသည်။ ဝန်ထမ်းအချို့ပါဝင်သော ယင်းအဖွဲ့သည် အခြား မြို့နယ်များရှိ စိတ်ဝင်စားစရာ နေရာများကို သွားရောက်လေ့လာခဲ့ကြ ပြီးနောက် **အပတ်စဉ်ထုတ်** ပြည်မြန်မာသတင်းဂျာနယ်နှင့် Good Health

ဦးဝင်ဟိန်းအား ရက်မှန်ကြေးဆုငွေ ကျပ် ၇ သိန်းခွဲခန့် ချီးမြှင့်

လုပ်သက်ရင့်ဝန်ထမ်းဦးသန်းထွန်းအား ဆုငွေချီးမြှင့်

ဒေါ်ဝင်းဝင်းမော်အား ရက်မှန်ကြေးဆုငွေ ကျပ် ၄ သိန်း ချီးမြှင့်

လုပ်သက်ရင့်ဝန်ထမ်း ဒေါ်သက်မာဦးအား ဆုငွေချီးမြှင့်

တာဝန်အကျေပွန်ဆုံးထူးချွန်ဝန်ထမ်းဆုရ ဦးသက်ပိုင်ကျော်အား ဆုချီးမြှင့်

အထူးကြိုးပမ်းဆောင်ရွက်သည့် ထူးချွန်ဝန်ထမ်း ပင်းဇိုက်စွန်းနွဲအား ဆုချီးမြှင့်

တိုးတက်မှုအရှိဆုံး ထူးချွန်ဝန်ထမ်း ဦးအောင်ကိုထွင်အား ဆုချီးမြှင့်

တစ်နှစ်တာလုံး ရက်မပျက်ဆုရရှိသည့် ဒေါ်သဲဆုပိုးအား ဆုငွေချီးမြှင့်

ဘူဖေးဆွတ်ဖြင့် ဂုဏ်ပြုခြင်းခံ

ဝန်ထမ်းများ ပျော်ရွှင်စွာသီဆိုကခုန်နေကြပုံ

ကြောင်း သတင်းရရှိသည်။

၁၉၈၂ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် စွယ်စုံမီဒီယာဂရု(ပ)သည် နှစ်ပေါင်း ၃၀ ကျော်မျှ နှစ်စဉ် Staff Party ကို ပုံမှန်ကျင်းပ၍ နယ်မြို့များသို့လည်း ဝန်ထမ်းများ အပန်းဖြေလေ့လာရေးခရီး ထွက်လေ့ရှိကြသည်။

စွယ်စုံမီဒီယာဂရု(ပ်)သည် **လစဉ်ထုတ်** သုတစွယ်စုံမဂ္ဂဇင်းနှင့် အာရောဂျ၊ ကျန်းမာရေးနှင့် အလှ အပဂျာနယ်၊ လေးလတစ်ကြိမ်ထုတ် 3 -ACT ရုပ်ရှင်ပညာပေးမဂ္ဂဇင်းတို့ကို ပုံမှန်ထုတ်ဝေလျက်ရှိ၍ The Chic လူမှုဘဝ၊ အနုပညာနှင့်ဖက်ရှင်မဂ္ဂဇင်းကို ထုတ်ဝေခဲ့ပြီး **သုတစွယ်စုံစာအုပ်တိုက်အနေဖြင့် ပညာပေးလုံးချင်းစာအုပ်များကိုလည်း** စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိကြောင်း သိရသည်။ ဝ၁၁

လုပ်သက်ရင့်ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်

လုပ်သက်ရင့်ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်

လုပ်သက်ရင့်ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်

လုပ်သက်ရင့်ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်

Pub ၌ အောင်မြင်ပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ စွယ်စုံမီဒီယာလုပ်ငန်းစု စွာဆင်နွှဲခဲ့ကြသည်။ ယင်းနောက် ဝန်ထမ်းများသည် **ကလော၊ ရွာငံ၊ အင်းလေးနှင့် ပင်းတယမြို့များသို့ အပန်းဖြေ** ကလောမြို့ရှိ Pineland Oasis Hotel နှင့် Pinewood Villa တို့တွင် ညအိပ်တည်းခို၍ ကလောမြို့နယ်နှင့်

စွယ်စုံမီဒီယာဂရု(ပ်)၏ Angels လေးများအဖွဲ့ ကပြဖျော်ဖြေနေစဉ်

ဒေါက်တာဝင်းမိုးနှင့် Marketing အဖွဲ့တို့ သီဆိုဖျော်ဖြေ

ကလောမြို့ရှိ Pinewood Villa တွင် ဝန်ထမ်းအချို့အပျော်တရ

လက်ရှိအချိန်အထိ နိုင်ငံရေးပါတီ ၁၁ ပါတီ ပူးပေါင်းပါဝင်ပွဲစည်းထားသည့် UPPA သည် အပွဲဝင်ပါတီက ပြိုင်သည့်မဲဆန္ဒနယ်တွင် ကျန်ပါတီများကမပြိုင်ဘဲ ဝိုင်းဝန်းကူညီသွားမည်ဟုဆို

နောက်ဆုံးရရှိထားသောစာရင်းအရ **နိုင်ငံရေးပါတီ ၁၁ ပါတီအထိ ပူးပေါင်းပါဝင်ထားသည့် ညီညွတ်သောနိုင်ငံရေးပါတီများမဟာမိတ် (UPPA) အနေဖြင့်** မဟာမိတ်အဖွဲ့ဝင်ပါတီက ပြိုင်သည့် မဲဆန္ဒနယ်ကို ကျန်ပါတီများက ဝင်မပြိုင်ဘဲ ကူညီသည့်မူဖြင့် လာမည့်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၁၅ ရက်တွင် သိရသည်။

လက်ရှိတွင် အဆိုပါမဟာမိတ်အဖွဲ့၌ အမျိုးသားတိုးတက်မြင့်မားရေးပါတီ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ စသည်ဖြင့် နိုင်ငံရေးပါတီ ၁၁ ပါတီ က ပူးပေါင်းပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကာ ပါဝင်လိုသော အခြားပါတီများလည်း ရှိနေသေးပြီး မဟာမိတ်ဝင်ပါတီများပြားလာနိုင်ဖွယ်ရှိကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ UPPA ဖွဲ့စည်းပုံထဲက မဟာမိတ်အဖွဲ့ဝင်ပါတီများရဲ့ကြားထဲမှာ **တစ်ဦးနဲ့ တစ်ဦး ထိပ်တိုက်တွေ့တာမျိုးကို ရှောင်မယ်၊ စုပေါင်းအားနဲ့ ယှဉ်ပြိုင်မယ်ပေါ့ အဲဒီသဘောပါ**" ဟု မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီဥက္ကဋ္ဌ ဦးအောင်မျိုးနိုင်က ပြည်မြန်မာသတင်းဂျာနယ်သို့ပြောသည်။

လာမည့် ရွေးကောက်ပွဲလွန်ကာလ အစိုးရသည် ညွှန့်ပေါင်းအစိုးရတစ်ရပ် ကျိန်းသေဖြစ်မည်ဟု ခန့်မှန်းတွက်ချက်မိပြီး တစ်ပါတီထဲက ရာနှုန်းပြည့်ဖွဲ့နိုင်မည့် အစိုးရမဟုတ်သည်မှာ သေချာကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဦးဆောင်သည့် အစိုးရ သို့မဟုတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဦးဆောင်သည့် အစိုးရ ဖြစ်ကောင်းဖြစ်နိုင်သကဲ့သို့ အားလုံးပေါင်းစပ်ပြီး ပေါ်ပေါက်သည့် ညွှန့်ပေါင်းအစိုးရလည်းဖြစ်လာနိုင်ကြောင်း ၎င်းကဆိုသည်။

"ကျွန်တော်တို့က အမှန်အတိုင်းပြောရရင် မဟာမိတ်အနေနဲ့ စုပေါင်းဆောင်ရွက်တာက ဒီလိုမျိုး လာမည့်လွှတ်တော်ထဲကို ကျွန်တော်တို့ ပါတီတွေက အနိုင်ရပါတီအနေနဲ့ ရောက်သွားမယ်၊ အစိုးရအဖွဲ့ဝင်အနေနဲ့ ရောက်သွားမယ် ဆိုရင် ဘာပဲဖြစ်ဖြစ် အခွင့်လည်း တိုင်းပြုပြည်ပြုအနေနဲ့ လုပ်ကြတာပါ။ လွှတ်တော်ထဲရောက်သွားမယ် အစိုးရအဖွဲ့ထဲရောက်သွားမယ်ဆိုရင် ပိုပြီးတော့ ပြည်သူအတွက် ပေးဆပ်နိုင်တာပေါ့ဗျာ" ဟု ဦးအောင်မျိုးနိုင်ကဆိုသည်။

ထက်အောင်ဖြိုး

၂၀၁၉-၂၀ ဖူဆယ်လိဂ်ပြိုင်ပွဲပြီးဆုံး ဆုကြေး ကျပ် ၃၇၁ သိန်းခြိုးမြှင့်ခဲ့ပြီး MIU အသင်းနှစ်နှစ်ဆက် ချန်ပီယံဖြစ်ခဲ့

၂၀၁၉-၂၀ ဖူဆယ်လိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ပြိုင်ပွဲဝင်အသင်းများနှင့် ထူးချွန်ဆုရသောကစားသမားများအား ဆုကြေး ကျပ် ၃၇၁ သိန်းချီးမြှင့်ခဲ့ပြီး MIU အသင်းက ချန်ပီယံဆုကိုကာကွယ်နိုင်ခဲ့သည်။

အဆိုပါဖူဆယ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ပြီး MIU အသင်းနှင့် VUC အသင်းတို့သည် ချန်ပီယံအဆုံးအဖြတ်ပွဲစဉ်အဖြစ်ရှိခဲ့ကာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ပွဲအပြီး၌ ၄-၄ ဂိုးရသေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် MIU အသင်းက ရမှတ်တူ အဝေးဂိုးအသာဖြင့် ချန်ပီယံဆုကိုရယူနိုင်ခဲ့သည်။ ထိုဖူဆယ်လိဂ်ပြိုင်ပွဲတွင် **ပြိုင်ပွဲဝင် ၁၂ သင်းကို အဆင့်သတ်မှတ်ချက်များအလိုက် ဆုကြေးများကိုပေးအပ်ခဲ့ပြီး ချန်ပီယံဆုရရှိခဲ့သော MIU အသင်းက ကျပ်သိန်း ၁၀၀ ရရှိခဲ့သည်။**

ဒုတိယဆုရရှိခဲ့သော VUC အသင်းက ကျပ် ၇၅ သိန်း၊ တတိယဆုရရှိသော GV FC အသင်းက ကျပ်သိန်း ၆၀၊ စတုတ္ထဆုရရှိခဲ့သော ON DOCTOR FC အသင်းက ကျပ် ၄၀ ရရှိခဲ့ပြီး အဆင့် ၅ ရရှိခဲ့သော MFF U-19 TEAM အသင်းက ကျပ် ၂၅သိန်း၊ အဆင့် ၆ နေရာရရှိသော MYOMA JY FC အသင်းနှင့်၊ အဆင့် ၇ နေရာရရှိခဲ့သော WINNER FC အသင်းတို့က ကျပ်သိန်း ၂၀ စီ၊ အဆင့် ၈ နေရာရရှိခဲ့သော DO DO KO KO FC အသင်းက ကျပ် ၁၅ သိန်း၊ အဆင့် ၁၀ နေရာရရှိသော AMM BROTHERS FC အသင်း၊ အဆင့် ၁၁ နေရာရရှိသော FUTSAL CHIT THU FC အသင်းနှင့် အဆင့် ၁၂ နေရာရရှိသော LET WEL THONE NARA FC အသင်းတို့က ဆုကြေးငွေကျပ် ၅ သိန်းစီ အသီးသီးရရှိခဲ့သည်။

ထူးချွန်ဆုများအဖြစ် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို VUC အသင်းမှ ဘရာဇီးကစားသမား ဂျူနီယာနှင့် အကောင်းဆုံးဂိုးသမားဆုကို GV FC အသင်းမှ ညီညီသန့်တို့ကရရှိခဲ့ပြီး ဆုကြေး ကျပ် ၃ သိန်းစီရရှိခဲ့သည်။ ထို့ပြင် အသန့်ရှင်းဆုံးဆုရရှိသည့် MFF U 19 အသင်းကိုလည်း ဆုကြေးကျပ် ၅ သိန်း ထပ်မံချီးမြှင့်ခဲ့သည်။ **မိုင်းစောလွင်**

နိုင်ငံဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့် သမ္မတရုံးက ဆက်လက်ဆောင်ရွက်ပါဟု ပြောလာပါက ချက်ချင်း ဆောင်ရွက်ပေးသွားမည်ဟုသိရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် နိုင်ငံ့ဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့်ကို **သမ္မတရုံးက ဆက်လက်ဆောင်ရွက်ပါဟုပြောဆိုလာပါက ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ဖေဖော်ဝါရီလ ၁၄ ရက်တွင် မိဒီယာများသို့ပြောသည်။

"မော်တော်ယာဉ်နဲ့ ပတ်သက်တဲ့ စီးပွားရေးအဖွဲ့အစည်းတွေက ဆန့်ကျင်ကန့်ကွက်တာတွေရှိလာတယ်။ တချို့သောနိုင်ငံများကလည်း ဒါဟာ တန်းတူအခွင့်အရေးမပေးဘူးဆိုတဲ့ဟာမျိုးနဲ့ ကန့်ကွက်တာရှိတယ်။ တကယ်တမ်း ကန့်ကွက်တာတွေရှိတဲ့အတွက်ကြောင့်မို့လို့ ဒီကိစ္စကို အကောင်အထည်ဖော်ဖို့ သမ္မတရုံးက ညွှန်ချုပ်ကြီးပြောတဲ့အတိုင်း ဒါကို ခေတ္တဆိုင်းငံ့ထားပါတယ်။ တစ်ဖက်မှာလည်း ဘယ်လောက်အထိပေးရမလဲဆိုတဲ့စာရင်းတွေ ကောက်ယူနေပါတယ်။ နိုင်ငံတော်သမ္မတရုံးက ဆက်လက်ဆောင်ရွက်ပါဆိုတာနဲ့ ကျွန်တော်တို့ ချက်ချင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးအောင်ထူးကပြောသည်။

နိုင်ငံ့ဝန်ထမ်းများ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်းငံ့ထားရန် နိုင်ငံတော်အစိုးရအဖွဲ့ကညွှန်ကြားထားပြီး **ကားတင်သွင်းမှုအပေါ် သုံးသပ်မှုများပြုလုပ်နေကာ ပုဂ္ဂလိကလုပ်ငန်းရှင်များ ထိခိုက်နစ်နာမှုအနည်းဆုံးဖြစ်စေရန်၊ နိုင်ငံတော်အနေဖြင့် အခွန်ကို နစ်နာဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်၊ ဈေးကွက် ကမောက်ကမဖြစ်စေရန် ဘက်ပေါင်းစုံမှ ချင့်ချိန်စဉ်းစားပြီးမှ မည်သို့လုပ်ဆောင်မည်ဆိုခြင်းကို ဆုံးဖြတ်မည်ဖြစ်ကြောင်း** ဇန်နဝါရီလ ၃၁ ရက်က နေပြည်တော်ရှိ သမ္မတအိမ်တော်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ပြောထားသည်။

နိုင်ငံတော်သမ္မတနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် လုပ်သက် ၂၅ နှစ်ပြည့် ဝန်ထမ်းများ ပြည်ပမှ ကားတင်သွင်းခွင့် ပေးမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကြေညာချက်ထုတ်ပြီးနောက်ပိုင်းတွင် ပြည်သူများအကြား ဝေဖန်မှုအများအပြား ထွက်ပေါ်ခဲ့သည်။

ကောင်းမြတ်ရာ

မိုးအောင်ရင်အမှုတွင် တရားလိုက ၎င်းအားတောင်းပန်ထားသည့် အသံဗိုင်နှင့် ရုပ်သံဗိုင်ကို တရားရုံးသို့ တင်သွင်း

ကာမလိမ်လည်မှုဖြင့် မိုးအောင်ရင်အား ရည်းစားဟောင်းဖြစ်သူက တရားစွဲဆိုထားရာ ဖေဖော်ဝါရီ ၁၄ ရက် ရုံးချိန်းတွင် တရားလိုက ၎င်းအားတောင်းပန်ထားသည့် အသံဗိုင်နှင့် ရုပ်သံဗိုင်တစ်ခုကို ရန်ကင်းမြို့နယ်တရားရုံးသို့ တင်သွင်းခဲ့ကြောင်း သိရသည်။

အဆိုပါရုံးချိန်တွင် **တရားလိုမခင်မြတ်နိုးနှင့် ပြတ်စဲရသည့်အကြောင်းအရင်းကို မိုးအောင်ရင်နှင့် ဖခင်ဖြစ်သူဦးအောင်ရင်တို့ မိဒီယာတစ်ခုသို့ဖြေဆိုထားသည့် ရုပ်သံအင်တာဗျူးဗီဒီယိုနှင့် ၎င်းကို မိုးအောင်ရင်တို့ ဘက်မှ တောင်းပန်သည့် အသံဗိုင်တစ်ခုတို့ကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း** သိရသည်။

ဖေဖော်ဝါရီရုံးချိန်းစစ်ဆေးချိန်တွင် မိုးအောင်ရင်ဘက်မှ အမှုလိုက်ပါဆောင်ရွက်သည့်ရှေ့နေက **တရားစွဲဆိုထားသည့် အမှုမှာ ကာမလိမ်လည်မှုမဖြောက်ကြောင်း သုံးသပ်သည့်အပေါ် ကျေနပ်မှုမရှိကြောင်း မခင်မြတ်နိုးက သတင်းထောက်များကို ပြောကြား**သည်။

တရားလိုမခင်မြတ်နိုးက "ထုံးတမ်းစဉ်လာအရ ဒီဟာက လင်မယားဖြစ်တယ်လို့ သူတို့ကပြောတယ်။ အဲဒီလိုမျိုးသာလင်မယားဖြစ်တယ်ဆိုရင် အတွဲတွေအများကြီး လက်မှတ်မထိုးဘဲ လင်မယားတွေဖြစ်ကုန်မှာပေါ့။ စာရွက်စာတမ်းနဲ့ လက်မှတ်ရေးထိုးထားမှသာ တရားဝင် အကြင်လင်မယားမြောက်တယ်လို့ ညီမသိထားတယ်" ဟု တရားခွင်အပြီး သတင်းထောက်များကိုပြောသည်။

အမှုအား လာမည့်ဖေဖော်ဝါရီ ၂၈ ရက်သို့ ချိန်းဆိုထားပြီး တရားလိုမခင်မြတ်နိုးအား ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

တရားလို မခင်မြတ်နိုးအပေါ် သရုပ်ဆောင်မိုးအောင်ရင်က လက်ထပ်မည်ဟုဆိုကာ ကာမလိမ်လည်ရယူ၍ လက်ထပ်ခြင်းမရှိသည့်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကင်းမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ တရားရုံးက လက်ခံခဲ့ပြီး ပုဒ်မ ၄၁၇ ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုအတွက် သရုပ်ဆောင်မိုးအောင်ရင်အား ရန်ကင်းမြို့နယ် တရားရုံးက ငွေကျပ်သိန်း တစ်ရာ၊ လူပုဂ္ဂိုလ်နှစ်ဦးတို့ဖြင့် အာမခံရယူထားကြောင်း သိရသည်။

မင်းရန်နောင်

CB ဘဏ်အတွင်း သေနတ်အတုဖြင့် ခြိမ်းခြောက်လုယူထွက်ပြေးသူကို လေးရက်အကြာတွင် ပြန်လည်ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ အမှတ် ၃၅ ရပ်ကွက်၊ ပင်လုံလမ်းနှင့် အင်္ကာဝါလမ်းသွယ်ထောင့်ရှိ **CB ဘဏ်အတွင်း ဖေဖော်ဝါရီ ၇ ရက်က ဝင်ရောက်၍ သေနတ်ဖြင့်ခြိမ်းခြောက်ကာ ငွေကျပ်သိန်းခြောက်ရာခန့်၊ လုယူထွက်ပြေးသူကို လေးရက်အကြာတွင် ဖမ်းဆီးရမိကြောင်း** ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ထိုသို့လုယူထွက်ပြေးသူမှာ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အင်ကြင်းလမ်း၊ အမှတ် (၃၃) ရပ်ကွက်နေထိုင်သူ အသက် ၄၇ နှစ်အရွယ် စီးကျော်ကျော်ကို ပြစ်မှုကျူးလွန်ရာအသုံးပြုသည့် YGN 5K/xxxx probox ယာဉ်နှင့်အတူ လုယူသွားသည့် ကျပ်သိန်းခြောက်ရာခန့်မှ မြန်မာငွေကျပ် သိန်း ၃၇၀ ကျော်၊ လုယူသွားသည့်ငွေများဖြင့် လဲလှယ်ထားသော အမေရိကန်ဒေါ်လာ ၇၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။


ဓာတ်ပုံ- ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

ပြစ်မှုကျူးလွန်သူ၏ထွက်ဆိုချက်အရ ယင်းသို့ ပြစ်မှုကျူးလွန်ရခြင်းသည် **အရေးတကြီး ငွေလိုအပ်နေသည့်အတွက် ပြစ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်ကာ ၎င်းအနေဖြင့် သေနတ်အတု၊ ဝုံးအတုတို့ဖြင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း** ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်းအတွက် ပြစ်မှုကျူးလွန်သူ စီးကျော်ကျော်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းက (ပ) ၃၂၀/၂၀၂၀၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

မင်းရန်နောင်

ဂျိမ်းစဘွန်းဇာတ်ကားသစ်အတွက် ဆယ်ကျော်သက်ဂရမ်မီဆုများရှင် ဘီလီအိုင်းလစ်ရှ်သီဆိုထားသည့် ဇာတ်ဝင်သီချင်း ထွက်ရှိ



၂၀၂၀ ပြည့်နှစ် ဂရမ်မီဆုပေးပွဲကြီးမှာ တစ်နှစ်တာအကောင်းဆုံးတေးသီချင်းဆု၊ တစ်နှစ်တာအကောင်းဆုံးတေးအယ်ဘမ်ဆု၊ တစ်နှစ်တာအကောင်းဆုံးအသံသွင်းဆု၊ တစ်နှစ်တာအကောင်းဆုံးပေါ့ပ်အဆိုအယ်ဘမ်ဆုနဲ့ အကောင်းဆုံးမျက်နှာသစ်တေးသံရှင်ဆုဆိုပြီး ဂရမ်မီဆုငါးဆုကို သိမ်းကျုံးရရှိခဲ့တဲ့ ဆယ်ကျော်သက်အဆိုတော်မလေး ဘီလီအိုင်းလစ်ရှ်က ယခုနှစ်ထဲရုံတင်ပြသသွားတော့မယ့် ဂျိမ်းစဘွန်းဇာတ်ကားသစ်အတွက် သူသီဆိုထားခဲ့တဲ့ ဇာတ်ဝင်သီချင်းကို ဖေဖော်ဝါရီလ ၁၄ ရက်မှာ ထုတ်ပြန်လိုက်ပါပြီ။ ထုတ်ပြန်ပြီး ခြောက်နာရီအတွင်းမှာတင် သူရဲ့ဂျိမ်းစဘွန်းဇာတ်ဝင်တေးသီချင်း **No Time to Die** ရဲ့ သီချင်းဗီဒီယိုကို ဝင်ရောက်ကြည့်ရှုသူ နှစ်သန်းကျော်သွားခဲ့တယ်လို့လည်း သိရပါတယ်။ အသက် ၁၈ နှစ်သာရှိသေးတဲ့ ဘီလီအိုင်းလစ်ရှ်က ဂျိမ်းစဘွန်းရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ဝင်တေးသီချင်းကို ရေးစပ်သီဆိုခွင့်ရတဲ့ အသက်အငယ်ဆုံးအနုပညာရှင်လည်း ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဘီလီအိုင်းလစ်ရှ်ရဲ့ ဂျိမ်းစဘွန်းဇာတ်ဝင်တေး No Time to Die ကို ဖေဖော်ဝါရီလ ၁၈ ရက် လန်ဒန်မြို့မှာကျင်းပတဲ့ ဗြိတိန်ဆုပေးပွဲကြီးမှာ ဘီလီအိုင်းလစ်ရှ်က ပထမဆုံးအကြိမ်အဖြစ် ပွဲဦးထွက်သီဆိုဖျော်ဖြေတင်ဆက်သွားမယ်လို့လည်း သိရပါတယ်။ ဂျိမ်းစဘွန်းဇာတ်ကားသစ်ဖြစ်တဲ့ No Time to Die ကို **လာမယ့် ဧပြီလ၁၀ ရက်မှာရုံတင်ပြသသွားမယ်လို့** သိရပါတယ်။

(Variety, 15.2.2020) သံသာ

မိန်းကလေးသီးသန့်ကောလိပ်ထဲသို့ အမျိုးသားများအုပ်စုလိုက် ကျူးကျော်ဝင်ရောက်ကာ ကျောင်းသူများကို ပလက်ကာရပြခဲ့ကြ



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့က အမျိုးသမီးသီးသန့်ကောလိပ်ကျောင်းဖြစ်တဲ့ ဂါဂီကောလိပ်ထဲကို သောက်စားမူးယစ်နေတဲ့ ပြင်ပကအမျိုးသားတွေက အုပ်စုကျူးကျော်ဝင်ရောက်လာခဲ့ကြပြီး ကျောင်းသူတွေကို အတင်းအဓမ္မဝင်ကြာရပြုတာတွေ၊ လိင်ပိုင်းဆိုင်ရာစော်ကားနှောင့်ယှက်တာတွေ ပြုလုပ်ကျူးလွန်ခဲ့ကြတယ်လို့ သိရပါတယ်။ ကောလိပ်ထဲမှာ **နှစ်ပတ်လည်ယဉ်ကျေးမှုပွဲတော်ကျင်းပနေချိန်မှာပဲ** ကျောင်းပြင်ပကနေ မူးယစ်သောက်စားထားကြတဲ့ အမျိုးသားတွေက **ကောလိပ်ကျောင်းရဲ့နံရံကို ကျော်တက်ပြီး ကျူးကျော်ဝင်ရောက်ကာ ကျောင်းသူတွေကို အတင်းအဓမ္မဝင်ကြာရပြုတာ၊ လိင်ပိုင်းဆိုင်ရာစော်ကားနှောင့်ယှက်တာတွေပြုလုပ်ခဲ့တာဖြစ်ပါ**တယ်။ ကောလိပ်ကို အမျိုးသားတွေ ဝုံပြုံရောက်လာတာဖြစ်ပြီး **ဒီအမျိုးသားတွေက ကုန်တင်ကားတွေနဲ့ ကျောင်းရှေ့ကို အုပ်စုလိုက်ရောက်လာခဲ့ကြတာလို့** ကျောင်းသူတစ်ဦးက ဆိုပါတယ်။ **ကျောင်းအာဏာပိုင်တွေနဲ့ လုံခြုံရေးတွေကလည်း ဒီဖြစ်ရပ်တစ်ခုလုံးမှာ ဝင်ရောက်တားဆီးဟန့်တားပေးတာမျိုး၊ ကာကွယ်ပေးတာမျိုး လုံးဝမရှိခဲ့တဲ့အတွက် အတော်လေးစိတ်ပျက်မိတယ်လို့** ကျောင်းသူတစ်ဦးက ဆိုပါတယ်။ လိင်ပိုင်းဆိုင်ရာစော်ကားနှောင့်ယှက်မှုတွေကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ခံနေရတာတောင်မှ တာဝန်ယူပေးမှု၊ ကာကွယ်ပေးမှုမျိုးမပြုဘဲ လျစ်လျူရှုခဲ့တဲ့ ဂါဂီကောလိပ်ကို ကျောင်းသူတွေက ဆန္ဒပြမှုတွေလုပ်နေကြပြီလို့လည်းသိရပါတယ်။ ကျောင်းဝင်းထဲကို အမျိုးသားတွေအုပ်စုလိုက်ကျူးကျော်ဝင်ရောက်ပြီး ကျောင်းသူတွေ စော်ကားမှုပြုလုပ်ခဲ့တဲ့ ဖြစ်စဉ်အတွက် **လူ ၁၁ ဦးကို နယူးဒေလီရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီလို့** သိရပါတယ်။

(India Today, 15.2.2020) သံသာ

အိန္ဒိယသားက အပြေးချန်ပီယံအူစိန်ဘော့ဇ်၏အမြန်နှုန်းစံချိန်ကို ချိုးနိုင်ခဲ့

ရေတွေဖြည့်သွင်းထားတဲ့ လယ်ကွင်းထဲမှာ ကျွဲတစ်ရှဉ်းကို ကြိုးနဲ့ကိုင်ထိန်းရင်း အမြန်ဆုံး အားသွန်ခွန်စိုက်ပြေးကြရတာ ဖြစ်ပြီး ဆရီနိုဗာဆာဂိုဒါ ပြေးတာကို ဗီဒီယိုရိုက်ကူးမှတ်တမ်းတင်ထားခဲ့တာ ဖြစ်ပါတယ်။ ကမ်ဘလာအပြေးပြိုင်ပွဲလို့ ထင်ရှားတဲ့ ကျွဲတွေနဲ့အတူပြေးကြတဲ့ ဒီပြိုင်ပွဲကြီးမှာ ဆရီနိုဗာဆာဂိုဒါက ပြိုင်ပွဲ ၁၂ မျိုးကို ဝင်ပြိုင်ခဲ့တာဖြစ်ပြီး ဆုအမျိုးအစား စုစုပေါင်း ၂၉ ဆုရရှိခဲ့တယ်လို့လည်း သိရပါတယ်။ ကမ်ဘလာအပြေးပြိုင်ပွဲက ခါနာတာကာပြည်နယ်ရဲ့ အစဉ်အလာမပျက်ကျင်းပကြတဲ့ ရိုးရာအပြေးပြိုင်ပွဲဖြစ်ပြီး အနီးပတ်ဝန်းကျင်က ကျေးလက်ဒေသခံတွေကြားမှာ အထူးထင်ရှားပြီး နှစ်စဉ်အများအပြားလာရောက်ကြည့်ရှုအားပေးကြတဲ့ နာမည်ကျော်ပွဲတစ်ခုလည်းဖြစ်ပါတယ်။

(SN, 15.2.2020) သံသာ

အိန္ဒိယနိုင်ငံ ခါနာတာကာပြည်နယ်က ဆရီနိုဗာဆာဂိုဒါဆိုသူ **အသက် ၂၈ နှစ်အရွယ်အမျိုးသားက ရိုးရာအပြေးပြိုင်ပွဲတစ်ခုမှာ ဝင်ပြိုင်ခဲ့ပြီး နာမည်ကျော်အပြေးချန်ပီယံအူစိန်ဘော့ရဲ့ အမြန်နှုန်းစံချိန်ကိုပါ ချိုးနိုင်ခဲ့တယ်လို့သိရပါတယ်။** မိတာ ၁၀၀ အပြေးပြိုင်ပွဲမှာ အူစိန်ဘော့ရဲ့ **စံချိန်က ၉ ဒသမ ၅၈ စက္ကန့်ဖြစ်ပြီး ဆရီနိုဗာဆာဂိုဒါကတော့ ၉ ဒသမ ၅၅ စက္ကန့်နဲ့ ပန်းဝင်ခဲ့တာဖြစ်ပြီး** နာမည်ကျော်အိုလံပစ်ချန်ပီယံအပြေးသမား အူစိန်ဘော့ရဲ့စံချိန်ကို ချိုးနိုင်ခဲ့တာလို့ သတင်းမှာဖော်ပြထားခဲ့ပါတယ်။ ခါနာတာကာပြည်နယ်ရဲ့ ရိုးရာအပြေးပြိုင်ပွဲဖြစ်တဲ့ ဒီအပြေးပွဲက

စဉ်ဆက်မပြတ် တစ်ခဲနက်အားပေးကြတဲ့ ပရိသတ်ကြီးကို အထူးကျေးဇူးတင်ပါတယ်

သင့်ကျန်းမာရေးအတွက် မဖြစ်သင့်တာ မဖြစ်ရလေအောင် -

Good Health ဂျာနယ်က တာဝန်ယူပါတယ်။

ကျန်းမာရေးဗဟုသုတကြွယ်ဝကာ သင့်တစ်မိသားစုလုံး သက်ရှည်ကျန်းမာပြီး စိတ်ပျို့ကိုယ်နအောင် ရဲရဲကြီးအာမခံနိုင်ပါတယ်။

ချင်ခြင်းတပ်ခြင်းနှင့်ကျန်းမာရေး၊ အသက်အရွယ်ကြီးရင့်တယ်လို့ ထင်ရတဲ့ဖက်ရှင်အမှားများ၊ အော်ဂဲနစ်နှင့်ကျန်းမာရေး၊ လူရွှင်တော် အုန်းသီး၏ Lifestyle၊ လေထုသန့်စင်ပေးနိုင်သည့် ဗယောင်းတိုင်ပြုလုပ်နည်း၊ ကလေးငယ်နှင့် မှသားချို့ချို့၊ လူငယ်တွေ ဘယ်လိုစာအုပ်မျိုးဖတ်သင့်လဲ၊ ၂၀၂၀ အတွက် Plan ဆွဲပြီးပြီလား၊ သွေးကြောအတွင်း ပိတ်ဆို့မှုကင်းအောင်၊ နိဗယ်ကိုရိုနာဗိုင်းရပ်စ်သံသယရှိသူတွေကို ဘယ်လိုစောင့်ကြည့်နေလဲ၊ မိန်းမကိုယ်သန့်စင်ဆေးနဲ့ နေ့စဉ်ဆေးကြောသင့်လား၊ ဆီးကျောက်ပြန်လည်မဖြစ်အောင်၊ အကြည့်တစ်ချက်နဲ့ဖမ်းစားနိုင်မယ့် မျက်တောင်မွေးတွေပိုင်ဆိုင်ဖို့၊ ကလေးတို့ရဲ့ ပီဇအကျင့်၊ ရင်သွေးငယ်ကိုသက်ရောက်နိုင်သည့် ကိုယ်ဝန်ဆောင်မိခင်တို့၏အမူအကျင့်များ၊ ဆေးဆိုင်များရဲ့အခန်းကဏ္ဍ အပါအဝင်..

ဖြန့်ချိရာဌာန - စွယ်စုံမိဒီယာ၊ ပထမထပ်၊ Central Tower၊ အနော်ရထာလမ်း(၃၉)လမ်းထောင့်၊ ရန်ကုန်၊ ဗုဒ္ဓ - ၃၁၅၂၉၃၊ ၃၉၂၉၈၂

အကြံနေ့တိုင်း ထွက်ပြေ စာကြည့်တိုက်များနှင့် ဆေးရုံ၊ ဆေးခန်းများအတွက် အထူးနှုန်း

စက်ဘီးစီးသူများ၏ စိတ်အခြေအနေကို emoji ရုပ်ပုံလေးများနှင့်ဖော်ပြမည့် စက်ဘီးစီးဂျာကင်ကို ထုတ်လုပ်

ကားလမ်းပေါ်မှာ စက်ဘီးနင်းရတဲ့ အခါ ဖော်တော်ယာဉ်တွေနဲ့ မတော်တဆမှုတွေကို အတတ်နိုင်ဆုံးလျှော့ချပေးနိုင်စေဖို့ အထူးဖန်တီးထားတဲ့ စက်ဘီးနင်းသူတွေအတွက် ဂျာကင်ကို Ford က ထုတ်လုပ်လိုက်ပါတယ်။ စက်ဘီးနင်းသူတွေနဲ့ မော်တော်ကားမောင်းနှင်သူတွေကြား အပြန်အလှန်နားလည်နိုင်မယ့် အချက်ပြစနစ်အနေနဲ့ စက်ဘီးစီးသူတွေရဲ့စိတ်အခြေအနေ၊ ဦးတည်ချက်နဲ့ လှုပ်ရှားမှုတွေကို မော်တော်ကားမောင်းနှင်သူတွေကို emoji ရုပ်ပုံလေးတွေနဲ့ ပြသပေးမယ့် ဂျာကင်အင်္ကျီဖြစ်ပါတယ်။ စက်ဘီးသမားတွေအတွက် ထုတ်လုပ်ထားတဲ့ အဆိုပါဂျာကင်အင်္ကျီရဲ့နောက်ကျောဘက်မှာ LED မီးသီးစနစ်နဲ့ အချက်ပြ emoji ရုပ်ပုံလေးတွေကို အမျိုးမျိုးပြောင်းလဲပြသပေးနိုင်တယ်လို့ သိရပါတယ်။ စက်ဘီးလက်ကိုင်က ကြိုးမဲ့စနစ်သုံးစက်လေးနဲ့ ချိတ်ဆက်ထားတာဖြစ်ပြီး စက်ဘီးနင်းသူတွေအနေနဲ့ လက်ကိုင်ကို လွှတ်စရာမလိုဘဲ ဂျာကင်အင်္ကျီပေါ်မှာ အချက်ပြစနစ်ပုံစံအမျိုးမျိုးကို ချိတ်ဆက်ပြသပေးနိုင်မှာ ဖြစ်ပါတယ်။ စက်ဘီးနင်းသူတွေနဲ့ ကားလမ်းအသုံးပြုသူတွေ အန္တရာယ်ကင်းစေနိုင်စေဖို့ Ford ရဲ့ Share the Road ဆိုတဲ့ လှုပ်ရှားမှုအနေနဲ့ ဒီဂျာကင်အင်္ကျီကို ဗြိတိန်စက်မှုဒီဇိုင်းအဖွဲ့ Designworks နဲ့ ပူးပေါင်းလုပ်ဆောင်ထားခဲ့တာဖြစ်ပါတယ်။

(DM, 15.2.2020) သံသာ

လူအစုလိုက်အပြုံလိုက်မြုပ်နှံထားရာ အုတ်ဂူများတွင် အလောင်း ၆၀၀၀ ကျော် ရှာဖွေတွေ့ရှိ

ဘူရွန်ဒီနိုင်ငံ၏ Truth and Reconciliation Commission က Karusi ပြည်နယ်ရှိ **လူအစုလိုက်အပြုံလိုက်မြုပ်နှံထားသောအုတ်ဂူခြောက်ခုတွင် အလောင်း ၆၀၀၀ ကျော်ရှာဖွေတွေ့ရှိခဲ့သည်ဟု** သိရသည်။

အလောင်း ၆၀၃၂ ခုနှင့် အတူ ထောင်နှင့်ချီသောကျည်ဆန်များလည်း ရှာဖွေတွေ့ရှိခဲ့ပြီး အလောင်းများမှအဝတ်အစား၊ ဖျက်မှန်နှင့်စိပ်ပုတီးများကိုအသုံးပြုကာ မည်သူမည်ဝါများဖြစ်ကြောင်း ဖော်ထုတ်လျက်ရှိသည်ဟု Commission အကြီးအကဲ Pierre Claver Ndayicariye က ဆိုခဲ့သည်။ ဘူရွန်ဒီနိုင်ငံသည် ကိုလိုနီနယ်ချဲ့များ၊ ပြည်တွင်းစစ်နှင့် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ရံဖန်ရံခါဖြစ်ပွားလေ့ရှိသော လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ **လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် Hutu လူမျိုးစုများမှာ ပစ်မှတ်ထားခံခဲ့ရပြီး** သေဆုံးသူများ၏ မိသားစုဝင်များသည် ၄၈ နှစ်ကြာမှ ဖွင့်ဟပြောဆိုနိုင်ခဲ့ကြသည်။ ဘူရွန်ဒီနိုင်ငံတွင် Hutu နှင့် Tutsi လူမျိုးစုနှစ်ခုရှိပြီး ၂၀၀၅ **ခုနှစ်တွင်ပြီးဆုံးခဲ့သောပြည်တွင်းစစ်၌ လူပေါင်းသုံးသိန်းခန့်သေဆုံးခဲ့သည်၊** ၂၀၁၄ ခုနှစ်တွင် လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကိုစုံစမ်းရန် ကော်မရှင်တစ်ခုဖွဲ့စည်းခဲ့ပြီး **လက်ရှိအချိန်အထိ လူအစုလိုက်အပြုံလိုက်မြုပ်နှံထားသော အုတ်ဂူပေါင်း ၄၀၀၀ ကျော်ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်ဟု** သိရသည်။

(AP,17.2.2020) အေးယုနိုင်

အမေရိကန်လေဆိပ်တွင် တရုတ်နိုင်ငံက သယ်ဆောင်လာသည့်ငှက်သေများကို ဖမ်းဆီးရရှိ

တရုတ်နိုင်ငံ ဘေဂျင်းမြို့မှကနေ **အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ လေဆိပ်ကို ဆိုက်ရောက်လာခဲ့တဲ့ ခရီးသည်တစ်ဦးထံကနေ ငှက်သေတွေကို အမေရိကန်အကောက်ခွန်အရာရှိတွေ ဖမ်းဆီးသိမ်းဆည်းနိုင်ခဲ့တယ်လို့** လေဆိပ်အာဏာပိုင်တွေက ဆိုပါတယ်။ ငှက်သေတွေကို ထုပ်ပိုးထားတဲ့အိတ်တစ်ခုကို ခရီးသည်ရဲ့အထုပ်အပိုးထဲကနေ စစ်ဆေးတွေ့ရှိခဲ့တာဖြစ်ပြီး **ကြက်ငှက်တုပ်ကွေးပျံ့နှံ့မှုအန္တရာယ်စိုးရိမ်မှုတွေကြောင့်** ဖမ်းဆီးသိမ်းဆည်းခဲ့တယ်လို့ အမေရိကန်အကောက်ခွန်နှင့်နယ်စပ်ကင်းလှည့်အဖွဲ့က ထုတ်ပြန်ခဲ့ပါတယ်။ **သိမ်းဆည်းခဲ့တဲ့ ဒီငှက်သေတွေကို အမေရိကန်စိုက်ပျိုးရေးဌာနရဲ့အတည်ပြုခွင့်ပြုချက်နဲ့ မီးရှို့ဖျက်ဆီးခဲ့ပြီလို့လည်း** လေဆိပ်အာဏာပိုင်တွေက ဆိုပါတယ်။ **ခရီးသည်ကတော့ ဒီငှက်သေတွေက ကြောင်စာဖြစ်ပြီး မေရီလန်းပြည်နယ်ကို သယ်ဆောင်သွားဖို့ စီစဉ်ထားခဲ့တာလို့ ဆိုပါတယ်၊** ထုပ်ပိုးမှုအပေါ်မှာလည်း ကြောင်နဲ့ခွေးရုပ်ပုံတွေပါရှိပြီး တရုတ်စာလုံးတွေနဲ့ရေးသားထားတာကိုတွေ့ရပေမယ့် ဒီငှက်သေတွေကို အမေရိကန်နိုင်ငံထဲသယ်ယူခွင့်မပြုနိုင်ဘဲ ဖျက်စီးပစ်ဖို့ဆုံးဖြတ်ခဲ့တာလို့ လေဆိပ်အာဏာပိုင်တွေက ဆိုပါတယ်။ လတ်တလောဖြစ်ပွားနေတဲ့ ကိုရိုနာအဆုတ်ရောင်ပိုင်းရုပ်စပ်ပျံ့နှံ့မှုကြောင့်လည်း တရုတ်နိုင်ငံကလာတဲ့ ခရီးသည်တွေကို သတိထားစောင့်ကြည့်နေရတဲ့အခြေအနေဖြစ်ပြီး ဒီလို ပုံမှန်မြင်တွေ့နေကျမဟုတ်တဲ့ ငှက်နဲ့တိရစ္ဆာန်အသေထုတ်ကုန်တွေကိုလည်း အမေရိကန်နိုင်ငံထဲကို သယ်ယူခွင့်ပြုဖို့လုံးဝမဖြစ်နိုင်ဘူးလို့ အာဏာပိုင်တစ်ဦးက ဆိုပါတယ်။ **(DS, 17.2.2020) သံသာ**

အာဗရိကကမ်းရိုးတန်းမှ တစ္ဆေသင်္ဘောကြီး အိုင်းရစ်ကမ်းခြေတွင် သောင်တင်လာ

လွန်ခဲ့သည့်ဧပြီကလခန့်က အာဗရိကကမ်းရိုးတန်း၌မျောပါနေသည်ကိုတွေ့ရှိရသောတစ္ဆေသင်္ဘောကြီးတစ်စင်းသည် Dennis မုန်တိုင်းတိုက်ခတ်ပြီးနောက် အိုင်းရစ်ကမ်းခြေတစ်ခုတွင် သောင်တင်လာခဲ့သည်ဟု သိရသည်။

၂၅၃ ပေရှည်လျားသော **MV Alta** ကုန်တင်သင်္ဘောကြီးတွင် တန်ဖန်းနီးယားအလံပါရှိလာပြီး ဖေဖော်ဝါရီလ ၁၆ ရက် မနက်ပိုင်း၌ Ballycotton ဒေသတွင် မြင်တွေ့ခဲ့ရသည်။ ဒေသခံအာဏာပိုင်များက သင်္ဘောကြီး၏အခြေအနေကိုလာရောက်စစ်ဆေးခဲ့ကြပြီး သင်္ဘောပေါ်၌ လူတစ်ယောက်မှမပါလာခဲ့ဟု ဆိုခဲ့သည်။ အဲ့အားသင့်စရာကောင်းသည့်အချက်မှာ **သင်္ဘောကြီးသောင်တင်မလာမီတွင် ကမ်းရိုးတန်းအလွန်၌ မည်သည့်ငါးဖမ်းသင်္ဘောကမှ မမြင်တွေ့ခဲ့ကြခြင်းဖြစ်သည်၊** တာဝန်ရှိသူများက သင်္ဘောကြီးသည် ညစ်ညမ်းမှုမဖြစ်စေနိုင်သည့်အတွက် တစ်စုံတစ်ရာတို့ပြန်လုပ်ဆောင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၇၆ ခုနှစ်ကတည်ဆောက်ခဲ့သောသင်္ဘောကြီးကို ၂၀၁၈ စက်တင်ဘာလက ဘာမြူဒါအရှေ့တောင်ပိုင်းမိုင် ၁၃၀၀ အကွာ ၌ သင်္ဘောသား ၁၀ ဦးနှင့်အတူ တွေ့ရှိခဲ့ဖူးပြီး သင်္ဘောသားများကို ကယ်ဆယ်နိုင်ခဲ့သည်ဟု ယူဆရကြောင်း သိရသည်။ **(AP,17.2.2020) အေးယုနိုင်**

အလွန်အားသော်လည်း ဂျပန်ရိုးရာပွဲတော်တွင် ထောင်နှင့်ချီသည့် ဝတ်လစ်စလစ်အမျိုးသားများ ဆင်နွှဲခဲ့ကြ

ဂျပန်နိုင်ငံ ဟွန်ရှူကျွန်းမှာ နှစ်စဉ် **နှစ်တိုင်းကျင်းပတဲ့ ရိုးရာပွဲတော်တစ်ခုမှာ ထောင်နဲ့ချီတဲ့ ဂျပန်အမျိုးသားတွေက ဝတ်လစ်စလစ်နဲ့ ပါဝင်ဆင်နွှဲခဲ့ကြတယ်လို့** သိရပါတယ်။ ဟာဒါကာမက်ဆုရီပွဲတော်လို့ခေါ်တဲ့ ဒီရိုးရာပွဲတော်ကို အိုခါယာမစီရင်စုမှ ဆိုင်ဒိုင်ကျိကျောင်းတော်မှာ ကျင်းပခဲ့တာဖြစ်ပြီး **ရေခဲလုနီးပါးအေးစက်နေတဲ့ရာသီဥတုမှာ အမျိုးသားတွေက အဝတ်အစားမပါဘဲ နံဝေပိုင်းလေးတွေသာ ပတ်ထားကာ အုပ်စုလိုက်ပါဝင်ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။** ဒီပွဲတော်မှာ ဆိုင်ဒိုင်ကျိကျောင်းတော်ရဲ့အကြီးအမှူးက ရှင်ဂီလို့ခေါ်တဲ့ ၂၀ စင်တီမီတာလောက်ရှိတဲ့ သစ်သားချောင်းတွေကို ထင်းချောင်းတွေအတူရောပြီး လူအုပ်ထဲပစ်ချပေးတာဖြစ်ပါတယ်။ အောက်မှာအုပ်စုလိုက်စောင့်ဆိုင်းနေတဲ့ အမျိုးသားတွေက ရှင်ဂီလို့ခေါ်တဲ့ ဒီသစ်သားချောင်းတွေကို ဖမ်းယူဖို့အပြိုင်အဆိုင်ကြိုးစားကြတာဖြစ်ပြီး ရှင်ဂီကိုရရှိတဲ့အမျိုးသားက တစ်နှစ်တာလုံးကံကောင်းကြတယ်ဆိုပြီး ယုံကြည်ယူဆကြတာဖြစ်ပါတယ်။ ဒီပွဲတော်က **နှစ်ပေါင်း ၅၀၀ နီးပါးမျှသက်တမ်းရှိပြီဖြစ်တဲ့ ဂျပန်ရိုးရာပွဲတော်ဖြစ်**တယ်လို့သိရပါတယ်။ **စိတ်ဝိညာဉ်ကို သန့်ရှင်းစင်ကြယ်စေဖို့အတွက် အေးစက်နေတဲ့ရေကန်ထဲမှာ တစ်နာရီကနေ နှစ်နာရီကြာထိ ရေချိုးသန့်စင်ကြတဲ့ပွဲကိုလည်း ဒီပွဲတော်မှာထည့်သွင်းပြုလုပ်ကြလေ့ရှိတယ်**လို့သိရပါတယ်။

(Independent, 17.2.2020) သံသာ

မဲလ်တာကျွန်းနိုင်ငံငယ်လေး၏ယာဉ်ထိန်းရဲတပ်ဖွဲ့ တစ်ဝက်ကျော်မှာ လိမ်လည်မှုဖြင့် ဖမ်းဆီးခံရ

မဲလ်တာကျွန်းနိုင်ငံငယ်လေးတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့၏အကြီးအကဲအပါအဝင် တပ်ဖွဲ့ဝင်တစ်ဝက်ကျော်မှာ အမည်မဖော်လိုသူတစ်ဦး၏သတင်းပေးမှုကြောင့် အချိန်ပိုကြေးလိမ်လည်မှုဖြင့် ဖမ်းဆီးခံခဲ့ရသည်ဟု သိရသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၅၀ ရှိသည့် အနက် ၃၇ ဦးမှာ သုံးနှစ်တာကာလအတွင်း အမှန်တကယ်မရှိခဲ့သောအချိန်ပိုဆင်းချိန်ပေါင်းရာနှင့်ချီတင်ပြကာ အချိန်ပိုကြေးရယူခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့အကြီးအကဲ Walter Spiteri မှာလည်း ကားအသုံးပြုနေသည့်တိုင်အောင် မော်တော်ဆိုင်ကယ်စရိတ်များတောင်းခံနေခဲ့သည်။ တပ်ဖွဲ့ဝင်အချို့မှာလည်း ဓာတ်ဆီများထုတ်ယူကာ ကိုယ်ပိုင်ကားများအတွက်အသုံးပြုမှုဖြင့် စွပ်စွဲခံထားရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း လမ်းမများပေါ်၌ ယာဉ်ထိန်းရဲအနည်းငယ်သာတွေ့ရပြီးနောက် လူထုက သတိထားမိခဲ့ပြီး ဝန်ကြီးချုပ် Robert Abela က ဒါဟာ တကယ်အလုပ်လုပ်တဲ့ရဲတပ်ဖွဲ့ရှိနေကြောင်း ပြလိုက်တာပါ။ အဂတိလိုက်စားမှုတွေကို ဒီလိုစစ်ဆေးအရေးယူတာဟာ ကောင်းတဲ့ကိစ္စပါ ဟု ဆိုခဲ့သည်။ မဲလ်တာကျွန်းနိုင်ငံငယ်လေးသည် ပြီးခဲ့သည့်နှစ်များအတွင်း အဂတိလိုက်စားမှုများ၊ ခရိုနီများ၊ ငွေကြေးအလွဲသုံးစားလုပ်မှုများဖြင့် ရင်ဆိုင်နေခဲ့ရသည်ဟု သိရသည်။

(AP,17.2.2020) အေးယုနိုင်

ခင်ပွန်းက ချစ်သူများနေ့လက်ဆောင်အဖြစ် ဇနီးကို ကျောက်ကပ်လှူလိုက်

ဇနီးကို အလွန်ချစ်သည့် ခင်ပွန်းက ချစ်သူများနေ့လက်ဆောင်အဖြစ် ဇနီးကို ကျောက်ကပ်လှူလိုက်သည်။ **မိမိ၏ ကျောက်ကပ်သည်ဇနီးနှင့်ကိုက်ညီသည်ဟုသိလျှင်သိချင်း မိမိက လှူရန်ဆုံးဖြတ်လိုက်သည်ဟု** ဩစတြေးလျှနိုင်ငံ ကွင်းစ်လန်းတွင်နေထိုင်သည့် လိုင်အန်စ်တီက ဆိုသည်။ 'ကိုယ်မြတ်နိုးရတဲ့လူ သေလုမျောပါးဖြစ်နေတာ တွေ့ရတော့ နှစ်ခါပြန်စဉ်းစားစရာမလိုဘူး။ လှူမယ်လို့တစ်ခါတည်း စိတ်ပိုင်းဖြတ်လိုက်တယ်' ဟု ၎င်းက ဇနီးသည် လိုင်တေလာကို ကျောက်ကပ်လှူဖြစ်သွားသည့်အကြောင်း ပြန်ပြောပြသည်။ ဇနီးသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ တွင် လယ်ကွင်းတစ်ခု၌ အဆိပ်ခတ်ခံရကာ ကျောက်ကပ် စပျက်စီးသွားသည်။ ပြီးခဲ့သည့်နှစ်တွင် တုပ်ကွေးဗိသွားသဖြင့် အခြေအနေသည် သိသိသာသာပိုဆိုးလာပြီး ကျောက်ကပ် ဆေးရတော့သည်။ ခင်ပွန်း၏ကျောက်ကပ်နှင့်သာ မကိုက်ညီပါက ၎င်းသည် အလှူရှင်ရရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရပေလိမ့်မည်။ 'ကျွန်မ သိပ်ကံကောင်းတာပဲ။ ယောကျ်ားကိုလည်း ကျေးဇူးအရမ်းတင်မိတယ်' ဟု လူနာက ဆိုသည်။ ကုသမှုအပြီးတွင် နေရထိုင်ရ အလွန်သက်သာလာသည်ဟု ၎င်းက ဆိုသည်။ 'သူ့ကျောက်ကပ်က ကျွန်မခန္ဓာကိုယ်ထဲရောက်တာနဲ့ အလုပ်တန်းလုပ်တော့တာပဲ' ဟု ၎င်းက ဆက်ပြောသည်။

(DM, 17.2.20) ချယ်ရီ

အီတလီနိုင်ငံ၏ နာမည်အကြီးဆုံး အပြာမင်းသမီးက နိုင်ငံရေးပါတီတည်ထောင်

အိုင်လိုနာစတယ်လာဆိုတဲ့ အီတလီနိုင်ငံရဲ့နာမည်အကျော်ကြားဆုံးအပြာသရုပ်ဆောင်မင်းသမီးက နိုင်ငံရေးပါတီအသစ်တစ်ခုကို တည်ထောင်ခဲ့ပြီလို့သိရပါတယ်။ La Cicciolina လို့လည်း လူသိများကြတဲ့ အိုင်လိုနာစတယ်လာက **၁၉၈၀ ပြည့်နှစ်တွေမှာ ကမ္ဘာ့ပထမဆုံးအပြာရုပ်ရှင်ကြယ်ပွင့်ပါလီမန်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံခဲ့ရသူလည်းဖြစ်ပြီး သူရဲ့မဲဆွယ်စည်းရုံးပွဲဟောပြောပွဲတွေမှာလည်း ကိုယ်အပေါ်ပိုင်းဝတ်လာနဲ့တက်ရောက်ခဲ့သေးတယ်လို့ သိရပါတယ်။ အရွေ့အလယ်ပိုင်းဒြိမ်းချမ်းရေးအတွက် အီရတ်ခေါင်းဆောင် ဆဒမ်ဟူစိန်နဲ့ အိပ်ပေးမယ်ဆိုပြီး ကမ်းလှမ်းခဲ့တာကြောင့်လည်း နာမည်ထင်ရှားသွားခဲ့ဖူးတဲ့ အီတလီအပြာမယ်နိုင်ငံရေးသမားဟောင်းလည်းဖြစ်ပါတယ်။** ၁၉၉၁ ခုနှစ်ရွေးကောက်ပွဲတွေမှာ ရုံးနိုမ့်သွားခဲ့ပြီးတဲ့နောက် အမေရိကန်အနုပညာရှင် ဂျက်ဖ်ကွန်းနဲ့ အိမ်ထောင်ပြုခဲ့ပါတယ်။ **၁၉၉၃ ခုနှစ်မှာ အပြာကားသရုပ်ဆောင်မှုကို ရပ်နားလိုခြင်းမရှိတာကြောင့် ခင်ပွန်းဖြစ်သူနဲ့ပြတ်စဲခဲ့တယ်လို့သိရပါတယ်၊** အပြာရုပ်ရှင်လောကကနေ အနားယူသွားခဲ့ပြီဖြစ်တဲ့ အိုင်လိုနာက **တေးဂီတလောကကိုပါ ရောက်လာခဲ့ပြန်ကာ သူထုတ်ခဲ့တဲ့သီချင်းတွေထဲမှာ Muscolo Rosso** ဆိုတဲ့သီချင်းက ပြင်သစ်မှာအဲ့အားသင့်ဖွယ်ရာ အောင်မြင်မှုရခဲ့သေးတယ်လို့ သိရပါတယ်။ လက်ရှိမှာ **အသက် ၆၈ နှစ်ရှိပြီဖြစ်တဲ့ အိုင်လိုနာက DNA – Democrazia Natura Amore** လို့ **အမည်ပေးထားတဲ့ ပါတီတစ်ခုကိုတည်ထောင်ပြီး ၂၀၂၃ ခုနှစ်မှာ ကျင်းပမယ့်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်လို့သိရပါတယ်။** ပါတီရဲ့မူဝါဒတွေကို ကြေညာခြင်းမရှိသေးပေမယ့် **လက်ရှိအစိုးရရဲ့လုပ်ဆောင်မှုတွေကိုကြည့်ပြီး နိုင်ငံရေးလောကထဲပြန်လာဖို့စဉ်းစားခဲ့တာလို့** အိုင်လိုနာက ဆိုပါတယ်။ **(DS, 17.2.2020) သံသာ**

၂၃ နှစ်အရွယ် မိန်းကလေးက ပေါင် ၅၀၀၀၀၀ တန်အိမ်ကြီး ကံထူးသွား

ယူကေတွင်နေထိုင်သည့် အသက် ၂၃ နှစ်အရွယ် မိန်းကလေးသည် နှစ်ပေါင်ဖြင့် **ကံစမ်းမဲလက်မှတ်တစ်စောင်ဝယ်လိုက်ရာ ကံစမ်းမဲပေါက်သွားပြီး အိမ်ကြီးရှင်သခင်မ ဖြစ်သွားတော့သည်။** ပေါင် ၅၀၀၀၀၀ တန်သည့် အိမ်ကြီးကို မဲပေါက်သူမှာ ၎င်းဖြစ်ကြောင်း သိလိုက်ရသည့်အခါ ထိုမိန်းကလေးမှာ မယုံနိုင်အောင်ဖြစ်သွားပြီး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ စုံတွဲတစ်တွဲက ကွာရှင်းတော့မည်ဖြစ်သဖြင့် နှစ်ပေါင်ဖြင့် ကံစမ်းမဲလက်မှတ်များ ရောင်းချလိုက်သည်။ ကံထူးရှင်သည် ယင်းအိမ်ကြီးကို ရမည်ဖြစ်သည်။ ပိုသည့်ငွေကို ကုသိုလ်ဖြစ်အဖွဲ့တစ်ခုအားလှူမည်ဟု ၎င်းတို့က ကြေညာထားသည်။ **၎င်းတို့သည် ကံစမ်းမဲလက်မှတ်ပေါင်း ၃၀၀၀၀၀ ရောင်းချခဲ့ရကာ ပေါင် ၆၀၀၀၀၀ ရရှိခဲ့သည်၊ ပိုသည့် ပေါင် ၁၀၀၀၀၀ ကို ၎င်းတို့က လှူဒါန်းမည်ဖြစ်သည်၊** 'အဖေရော၊ အမေရော၊ ကျွန်မကောင်လေးပါ အဲဒီလက်မှတ်ဝယ်ထားကြတာ။ ကျွန်မကောင်လေးဆို အဲဒီအိမ်ကို အရမ်းမဲပေါက်ချင်တာ။ ကျွန်မ မဲပေါက်တယ်လို့ လှမ်းပြောတော့ သူမှာ ပျော်လွန်းလို့ ထအော်တော့တာပဲ။ ကောင်လေးကိုပါခေါ်ပြီး အဲဒီအိမ်ကို မိသားစုလိုက်ပြောင်းတော့မယ်' ဟု လက်ထောက်စီမံအလုပ် လုပ်ကိုင်နေသည့် ၂၃ နှစ်အရွယ်ထိုမိန်းကလေးက ဆိုသည်။ ထိုအိမ်ကြီးသည် စိမ်းစိုနေသည့် ခြံဝင်းကျယ်ကြီးထဲတွင် တည်ရှိသည်။

(DM, 17.2.20) ချယ်ရီ

နှစ်ဦးအတူသတ်သေကြသည့် အသက် ၉၀ အရွယ် အဘိုးနှင့်အဘွား ဒေတ်သစ်ရိုမီယိုနှင့် ဂျူးလီးယက်ဖြစ်သွား

နှစ်ဦးအတူသတ်သေရန် သဘောတူခဲ့ကြသည့် အဘိုးအဘွားစုံတွဲသည် ဒေတ်သစ်ရိုမီယိုနှင့် ဂျူးလီးယက်ဖြစ်သည်ဟု သေမှုသေခင်းစုံစမ်းစစ်ဆေးရေးကဆိုသည်ဟု ဖေဖေဝါရီလ ၁၅ ရက် သတင်းအရ သိရသည်။ **အသက် ၉၀ အရွယ် အီဒါပလက်ဒ်နှင့် ၈၉ နှစ်အရွယ် ဂျီအိုဇရေတို့က ဆေးသောက်ကာ သတ်သေကြမည်ဟု ပြီးခဲ့သည့်နှစ် မေလတွင် ဆုံးဖြတ်ခဲ့ကြသည်။** ၎င်းတို့၏ အိမ်ရှေ့တံခါးပွင့်နေသဖြင့် အိမ်နီးချင်းက လှမ်းခေါ်ရာ အသံမကြားသဖြင့် သွားကြည့်သည့်အခါတွင်မှ နှစ်ဦးသားသတ်သေကြခြင်းဖြစ်ကြောင်းသိသွားပြီး နှစ်ဦးလုံးကို ဆေးရုံအမြန်ဆုံးပို့လိုက်သည်။ ဆေးသောက်ကာ သတ်သေကြသော်လည်း **အဘွားမှာ ဆေးရုံတွင် ခြောက်ရက်သာ ခံလိုက်ပြီး သေဆုံးသွားသော်ငြား အဘိုးမှာ မသေပေ၊ သို့သော်လည်း နှစ်ပေါင်း ၅၀ ပေါင်းခဲ့သည့်ဇနီးမရှိသဖြင့် အဘိုးမှာ ဖြေမဆည်နိုင်ဖြစ်ကာ နောက်သုံးလအကြာတွင် ကြိုးဆွဲချသတ်သေသွားသည်၊** ၎င်းကို စောင့်ရှောက်ပေးနေသည့် **တူမရှိပြီး တူမအလစ်တွင်** အဘိုးက သတ်သေသွားပြန်ခြင်းဖြစ်သည်။

(DM, 17.2.20) ချယ်ရီ

သန်းကြွယ်သူဌေးကြီးက ၎င်းနှင့်အတူ ကမ္ဘာပတ်ခရီးထွက်နိုင်မည့်ပူးစာရှင်ကို လိုက်ရှာနေ



ပိုင်ဆိုင်မှု ပေါင် ၂၅ သန်းရှိသည့် အသက် ၄၁ နှစ်အရွယ် လူပျိုကြီးက ၎င်းနှင့်အတူ ဇိမ်ခံကမ္ဘာပတ်နိုင်မည့် ဖူးစာရှင် မိန်းမချောကို လိုက်ရှာနေသည်။ အင်္ဂလန်တွင်နေထိုင်သည့် အန်ဒီစကော့တ်သည် မြေထဲပင်လယ်တွင် ၎င်းနှင့်အတူသဘောရွက်လွှင့် ခရီးသွားနိုင်မည်၊ အက်ဝ်စ်တောင်တန်းတွင် ၎င်းနှင့်အတူ နှင်းလျှောစီးခရီးလိုက်နိုင်မည့် လှပထက်မြက်၊ ချမ်းသာကြွယ်ဝသည့် ဖူးစာရှင်ကို လိုက်ရှာနေခြင်းဖြစ်သည်၊ အရွယ်ကောင်းကာလတွင် စီးပွားရေးကိုသာ ဇိဇ်ကြိုးစားခဲ့ရကြောင်း၊ မိမိသည် **မိမိနှင့်ဂုဏ်ရည်ချင်းမကွာလှသည့် ဖူးစာရှင်ကိုသာ လိုချင်ကြောင်း၊ ထို့ကြောင့် မိမိမှာ လက်တွဲဖော်ရှာရအလွန်ခက်နေကြောင်း** ၎င်းက ဆိုသည်။ **မိမိဘာသာ ချမ်းသာကြွယ်ဝအောင်၊ အောင်မြင်အောင်လုပ်ထားနိုင်သည့် ကိုယ်ထူးကိုယ်ချွန် မိန်းကလေးမျိုးကိုသာ လိုချင်သည်**ဟု ၎င်းက ဆိုသည်။ 'ရည်းစား စထားထားချင်းမှာပဲ ကိုယ်က ချည်းပဲ သူ့ကိုငွေကြေးထောက်ပံ့ရမယ်ဆိုတာမျိုးကို သဘောမကျဘူး။ ဒီလိုဆိုရင် တစ်ဖက်စောင်းနင်းကြီးဖြစ်နေမှာပေါ့' ဟု အထက်ပါလူပျိုကြီးကဆိုသည်။ ၎င်းသည် **အသက် ၂၆ နှစ်သားတွင်ပင် ဒေါ်လာတစ်သန်း ရှာနိုင်ခဲ့သည်၊ သို့သော် အသက် ၃၀ အရွယ်တွင် ငွေကြေး အကျပ်အတည်းကာလနှင့်ကြုံကာ ဒေါ်လာတစ်သန်းလုံး လက်လွတ်ဆုံးရှုံးလိုက်ရသည်၊ ပြီးခဲ့သည့် ဆယ်နှစ်လုံးတွင် ၎င်းက ၎င်း၏စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက်သာ အပြည့်အဝအားစိုက်လုပ်ဆောင်ခဲ့သဖြင့် ရည်းစားထားရန် အချိန်မပေးနိုင်ခဲ့ပေ။**

(DM, 17.2.20) ချယ်ရီ

မှာယူသူထံပို့ပေးရမည့် ပီဇာထဲကို တံတွေးထွေးထည့်ခဲ့သည့် မုန့်ပို့သမား ထောင်ဒဏ်နှစ်နှစ်ခွဲ ချမှတ်ခံရ

တူရကီနိုင်ငံ အင်စကီဆီဟာမြို့မှ ဘူရက်အက်စ်ဆိုသူ အသက် ၁၈ နှစ်အရွယ်မုန့်ပို့သမားတစ်ဦးက **မှာယူသူထံပို့ဆောင်ပေးရမယ့် ပီဇာမုန့်ထဲကို တံတွေးထွေးထည့်ခဲ့တာကြောင့် ထောင်ဒဏ်နှစ်နှစ်ခွဲ ချမှတ်ခံလိုက်ရတယ်**လို့ သိရပါတယ်။ **လုံခြုံရေးကင်မရာမှတ်တမ်းအရ** ၂၀၁၇ ခုနှစ်တုန်းက အိမ်ရာတစ်ခုက တိုက်ခန်းတစ်ခန်းကို ပီဇာမုန့်ပို့ပေးခဲ့တာမှာ မုန့်ပို့သမားက မုန့်ဘူးထဲက ပီဇာမုန့်ထဲကို တံတွေးထွေးထည့် ခဲ့တာဖြစ်ပါတယ်။ **တိုက်ပိုင်ရှင်က လုံခြုံရေးကင်မရာမှတ်တမ်းကို ပြန်လည်စစ်ဆေးကြည့်ရှုရိုန်မှာ မုန့်ပို့သမား၏ မလျော်မကန်လုပ်ဆောင်ချက်ကို မြင်တွေ့ခဲ့ပြီး မုန့်မှာယူတဲ့ တိုက်ခန်းကို အသိပေးအကြောင်းကြား**ခဲ့တာဖြစ်ပါတယ်။ မုန့်ပို့သမားက အပြစ်မရှိကြောင်း ငြင်းဆန်ခဲ့ပေမယ့် လည်း လုံခြုံရေးကင်မရာမှတ်တမ်းသက်သေက ခိုင်လုံနေခဲ့တာကြောင့် အင်စကီဆီဟာတရားရုံးက ၎င်းကို **ဖျက်လိုဖျက်ဆီးပြုလုပ်မှု၊ အစားအစာကိုအဆိပ်ဖြစ်စေပြီး ပြည်သူကျန်းမာရေးကိုအန္တရာယ်ဖြစ်စေမှုတွေနဲ့ ထောင်ဒဏ်နှစ်နှစ်ခွဲချမှတ်လိုက်တာ**ဖြစ်ပါတယ်။ လုံခြုံရေးကင်မရာမှတ်တမ်းမှာ မှာယူသူဟယဆီယင် အယ်ယုဇ်ရဲ့အိမ်အပြင်ဘက်မှာ မုန့်ပို့သူဘူရက်က ပီဇာဘူးကိုဖွင့်ပြီး တံတွေးထွေးထည့်ကာ မုန့်ဘက်ကို စောင့်ငဲ့ပြီး သူ့ရဲ့ဖုန်းနဲ့ Selfie ဓာတ်ပုံရိုက်နေတာကို မြင်တွေ့ရပါတယ်။ ဘူရက်ကတော့ ပီဇာမုန့်က လမ်းမှာပျက်သွားတာမျိုးရှိမရှိ မုန့်ဘူးဖွင့်စစ်ကြည့်ရုံပါပဲလို့ ငြင်းဆန်ခဲ့ပေမယ့် တရားရုံးက သူ့ကိုထောင်ဒဏ်နှစ်နှစ်ခွဲချမှတ်ခဲ့တာဖြစ်ပါတယ်။

(DM, 15.2.2020) သံသာ

စုစုပေါင်း အသက် ၂၅၇ နှစ်ရှိသော ၄ ဦးပါ လှေလော်အဖွဲ့က အတ္တလန္တိတ်သမုဒ္ဒရာကို အောင်မြင်စွာဖြတ်ကျော်နိုင်

စုစုပေါင်းအသက် ၂၅၇ နှစ်နှင့် ၁၀ ရက်ရှိသော ဖြိတိန်လှေလော်အသင်းတစ်ခုသည် အတ္တလန္တိတ်သမုဒ္ဒရာကို အောင်မြင်စွာဖြတ်ကျော်လှော်ခတ်နိုင်ခဲ့သည်ဟု သိရသည်။

Ancient Mariners အမည်ရှိ လှေလော်အသင်းသည် ဒီဇင်ဘာလ ၁၂ ရက်တွင် Canary Islands မှထွက်ခွာခဲ့ပြီး ဇန်နဝါရီလ ၃၀ ရက်တွင် English Harbor သို့ရောက်ရှိခဲ့ကာ **စုစုပေါင်း ၄၉ ရက် ၈ နာရီနှင့်မိနစ် ၄၀ ကြာမြင့်ခဲ့သည်၊** အဆိုပါလှေလော်အသင်းတွင် အသက် ၆၇ နှစ်အရွယ် Guy Munnoch ၊ အသက် **၆၄ နှစ်ကျော်အရွယ်** Mike Winn ၊ အသက် **၆၃ နှစ်ကျော်အရွယ်** John Moorhouse နှင့် အသက် **၆၁ နှစ်ကျော်အရွယ်** Steve Hughes တို့ပါဝင်ပြီး **အတ္တလန်တစ်သမုဒ္ဒရာကို လှော်ခတ်ဖြတ်ကျော်နိုင်ခဲ့သောအသက်အကြီးဆုံးပုဂ္ဂိုလ်များအဖြစ် ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့သည်၊** ယခင်စံချိန်မှာ စုစုပေါင်းအသက် ၂၂၃ နှစ်နှင့် ၂၂၁ ရက်ရှိသောလှေလော်အသင်းက အတ္တလန်တစ်သမုဒ္ဒရာကို ၅၂ ရက်ဖြင့် ကျော်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။ Ancient Mariners လှေလော်အသင်းသည် သမုဒ္ဒရာကိုဖြတ်ကျော်ရန် **လှော်ချက်ပေါင်း ၁၅၅ သန်းခန့်လှော်ခတ်ခဲ့ရသည်**ဟု သိရသည်။

(AP,15.2.2020) အေးယုနိုင်

စတီးချောင်းကြီးက လေကာမုန်ကို ဖောက်ဝင်လာသော်လည်း စတီယာရင်ကြောင့် ယာဉ်မောင်းအသက်ဘေးမှ လွတ်သွား



အမေရိကန်ပြည်ထောင်စု မိချဂန်ပြည်နယ်တွင်နေထိုင်သည့် ကုန်တင်ယာဉ်မောင်းသည် **ကားစတီယာရင်ကြောင့် အသက်ဘေးမှကပ်လွတ်သွား**ခဲ့သည်။ ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။ ဂျွန်နီလိုဝီဆိုသည့် ထိုယာဉ်မောင်း ကားမောင်းနေစဉ် ၎င်းရှေ့မှ ကားပေါ်တွင် **စတီးချောင်းကြီးတစ်ချောင်း ပါလာသည်၊ လမ်းခုလတ်တစ်နေရာအရောက်တွင် စတီးချောင်းကြီးသည် ကားပေါ်မှ လျှောကျကာ ၎င်းကား၏ လေကာမုန်တည့်တည့်ဝင်လာသည်၊** ခြောက်ပေ ရှည်သည့် စတီးချောင်းကြီးက **လေကာမှန်ကို ဖောက်ခွင်းဝင်လာသော်လည်း စတီယာရင်ထဲတည့်တည့် ညပ်ဝင်သွားသည်၊** 'စတီယာရင်ထဲ သွားညပ်လို့ပေါ့ဗျာ။ မဟုတ်ရင် ကျွန်တော့်နှလုံးကို ဖောက်ဝင်သွားမှာ' ဟု အသက် ၄၉ နှစ်အရွယ် ယာဉ်မောင်းက ဆိုသည်။ **တစ်နာရီ ၆၅ မိုင်နှုန်းဖြင့် ကားမောင်းနေစဉ် ယာဉ်မောင်းသည် အသည်းထိတ်ဖွယ်ထိုဖြစ်ရပ်နှင့် ပက်ပင်းကြုံလိုက်ရခြင်းဖြစ်**သည်။

(DM, 15.2.20) ချယ်ရီ

ကမ္ဘာ့အကြီးဆုံး ချောကလက်ပွဲတော်ကို ဘယ်လ်ဂျီယံတွင် ကျင်းပ

ကမ္ဘာပေါ်မှာ အရသာထူးခြားကောင်းမွန်ပြီး အရည်အသွေးကောင်းတဲ့ ချောကလက်တွေထွက်ရှိရာမှာ နာမည်ကျော်ကြားလှတဲ့ **ဘယ်လ်ဂျီယံနိုင်ငံတွင် ကမ္ဘာ့အကြီးမားဆုံးချောကလက်ပွဲတော်ကို ကျင်းပပြုလုပ်သွားခဲ့ပါတယ်၊** ဘယ်လ်ဂျီယံနိုင်ငံရဲ့မြို့တော် ဘရပ်ဆဲလ်မြို့မှာ **နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်တဲ့ Salon Du Chocolat Brussels** ကို ၂၀၂၀ ပြည့်နှစ်မှာလည်း **ချစ်သူများနေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၄ ရက်ကနေ ၁၆ ရက်နေ့ထိ ကျင်းပသွားခဲ့တာဖြစ်ပြီး** ကမ္ဘာအနှံ့အပြားက ချောကလက်ပညာရှင်တွေနဲ့ ချောကလက်နှစ်သက်သူတွေ စုရုံးရောက်ရှိလာခဲ့ကြတာဖြစ်ပါတယ်။ ဒီပွဲတော်ကြီးမှာ ထိပ်တန်းချောကလက်ပညာရှင်တွေရဲ့ချောကလက်လက်ရာတွေကို မြည်းစမ်းစားသုံးခွင့်ရနိုင်တဲ့အပြင် **ချောကလက်ပန်းပုရုပ်ပြခန်းတွေ၊ ကလေးရောလူကြီးပါ ဝင်ရောက်သင်ယူနိုင်မယ့် ချောကလက်လက်တွေ့သင်ကြားခန်းတွေလည်းပါရှိပြီး** ချောကလက်နဲ့ပတ်သက်လို့ စိတ်ဝင်စားသူတွေအတွက် အတော်လေးဆွဲဆောင်မှုရှိအောင် အစုံအလင်ဖန်တီးပေးထားတဲ့ ချောကလက်ပွဲတော်ကြီးဖြစ်ပါတယ်လို့ ပွဲကျင်းပရေးအဖွဲ့က ဆိုပါတယ်။ ဒီချောကလက်ပွဲတော်ကြီးမှာ **လူတွေစိတ်ဝင်စားမှုအများဆုံးကတော့ ချောကလက်ဖက်ရှင်ရှိုးပြပွဲဖြစ်ပြီး** ဒီပွဲမှာဖက်ရှင်မော်ဒယ်တွေက **ချောကလက်တွေနဲ့ဖန်တီးထားတဲ့ ဒီဇိုင်းဆန်းဖက်ရှင်တွေကို ဆင်မြန်းပြီး ရှိုးလျှောက်ခဲ့ကြတယ်လို့** သိရပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုပြီးဆန်းသစ်လာတဲ့ ချောကလက်ဖက်ရှင်တွေက ဒီပွဲရဲ့အဓိကဆွဲဆောင်မှုလည်းဖြစ်ပါတယ်လို့ ပွဲကြည့်သူတစ်ဦးက ဆိုပါတယ်။

(CF, 15.2.2020) သံသာ

ကြွက်များဖြင့် ဟိုတယ်များ၌လိုက်လံလိမ်လည်နေသော အမျိုးသားကို ဖမ်းဆီးရမိ



အမေရိကန်နိုင်ငံ ယူတားပြည်နယ်တွင် အသက် ၃၇ နှစ်အရွယ် Ryan Sentelle State အမည်ရှိအမျိုးသားကို ကြွက်များဖြင့် ဟိုတယ်သုံးခုတွင် ငွေလိမ်လည်မှုနှင့် ဖမ်းဆီးခဲ့သည်ဟု သိရသည်။

Ryan Sentelle State သည် **ဟိုတယ်တွင် လာရောက်တည်းခိုနေထိုင်ကာ ကြွက်များကိုယူသွင်းလာပြီး ဟိုတယ်ကို မသန့်ရှင်းဟုစွပ်စွဲကာ တည်းခိုစရိတ်များ မရှင်းဘဲ နေလေ့ရှိသူဖြစ်သည်၊ ယခုအခါ ဟိုတယ်သုံးခုတွင် လိမ်လည်မှုဖြင့် ဖမ်းဆီးခံခဲ့ရသော်လည်း အခြားဟိုတယ်ပေါင်းများစွာကို လိမ်လည်ခဲ့သေးသည်ဟု အာဏာပိုင်များက ယူဆနေကြသည်၊** Ryan Sentelle State ကို မည်ကဲ့သို့ဖမ်းဆီးခဲ့သည်ကို မသိရှိရသော်လည်း ဟိုတယ်ပေါင်းများစွာတွင် အခန်းခမပေးရအောင် လိုက်လံလိမ်လည်ခဲ့ကြောင်း Ryan Sentelle State က ဝန်ခံခဲ့သည်။ Ryan Sentelle State သည် ပြစ်မှုပေါင်းငါးခုဖြင့် စွဲချက်တင်ခံထားရပြီး ထောင်ဒဏ်ကျခံရနိုင်ခြေရှိနေသည်ဟု သိရသည်။

(AP,14.2.2020) အေးယုနိုင်

အင်ဒိုနီးရှားရဲတပ်ဖွဲ့က ချစ်သူများနှေ့၌ တည်းခိုခန်းတွင် ချိန်းတွေ့သည့်စုံတွဲများကို ဖမ်းဆီး

ကမ္ဘာတစ်လွှားရှိ သန်းပေါင်းများစွာသောလူများသည် ချစ်သူများနေ့ကို လွတ်လပ်စွာ စိတ်ကြိုက်ဆင်နွှဲခွင့်ရကြသော်လည်း မွတ်စလင်အများစုနေထိုင်ရာ **အင်ဒိုနီးရှားနိုင်ငံရှိ ဒေသအချို့တွင်မူ ထိုသို့မဟုတ်ပေ၊ ချစ်သူများနေ့သည် တိုင်းပြည်၏ယဉ်ကျေးမှုနှင့်ကျင့်ဝတ်တို့ကို ချိုးဖောက်ရာရောက်သည်ဟုဆိုကာ အင်ဒိုနီးရှားပြည်နယ်အချို့နှင့် မြို့အချို့က ချစ်သူများနေ့ကို ကျင်းပခွင့်မပြုပေ၊** မကက်စ်ကာမြို့ရဲတပ်ဖွဲ့က ချစ်သူများနေ့တွင် **တည်းခိုခန်းနှင့်ဟိုတယ်များကို ဝင်ရှာပြီး စုံတွဲများကို ဖမ်းဆီးလိုက်သည်၊ လက်မထပ်ရသေးဘဲ တည်းခိုခန်းတွင် အတူတည်းခိုနေကြသည့်စုံတွဲများကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ရာ အဖမ်းခံရသူများတွင် ဂျာမန်နိုင်ငံသားတစ်ဦးပါ ပါသွားသည်၊ လက်မထပ်သေးမီ အတူနေလျင် ဖြစ်လာမည့် ဆိုးကျိုးများကို ရဲတပ်ဖွဲ့က လူငယ်များကို ရှင်းပြလိုက်ပြီး ၎င်းတို့ကို ပြန်လွှတ်ပေးလိုက်သည်၊** သို့သော် အဖမ်းခံရသည့်အထဲတွင်ပါသွားသည့် လိင်လုပ်သားငါးဦးကို ပြန်လည်ထူထောင်ရေးစခန်းသို့ပို့သွားမည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ အသက် ၁၆ နှစ်အထက်များကိုသာ ကွန်ဒုံး ရောင်းရန်ကိုလည်း ယင်းမြို့က တင်းတင်းကျပ်ကျပ် သတ်မှတ်ထားသေးသည်။ ကွန်ဒုံးသည် အိမ်ထောင်ရှင်များအတွက်သာ ဖြစ်သည်ဟု အထက်ပါပြောရေးဆိုခွင့်ရှိသူက ဆက်ပြောသွားသည်။ **သို့သော် မြို့တော်ဂျကာတာရှိ စားသောက်ဆိုင်များကမူ ချစ်သူများနေ့အထိမ်းအမှတ်အနေဖြင့် ဆိုင်များကို ပေါ်ပေါ်ထင်ထင်ပင် အလှဆင်ထားကြသည်။**

(DM, 15.2.20) ချယ်ရီ

အသက် ၁၁၂ နှစ်အရွယ် ဂျပန်စစ်သားဟောင်းကြီးက ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသားဖြစ်လာ

ဂျပန်နိုင်ငံ Niigata မြို့မှ Chitetsu Watanabe အမည်ရှိစစ်သားဟောင်းကြီးသည် ပြီးခဲ့သည့်ဧဖေဖော်ဝါရီလ ၁၂ ရက်တွင် အသက် ၁၁၂ နှစ်နှင့် ၃၄၄ ရက်၌ **ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသားအဖြစ် အသိအမှတ်ပြုခံခဲ့ရသည်ဟု** သိရသည်။

Chitetsu Watanabe ကို ၎င်းလက်ရှိနေထိုင်ရာဘိုးဘွားရိပ်သာ၌ ဂင်းနက်စ်စံချိန်အသိအမှတ်ပြုလွှာကို သွားရောက်ပေးအပ်ခဲ့ကြသည်။ Chitetsu Watanabe ကို ၁၉၀၇ ခုနှစ် မတ်လ ၅ ရက်တွင် Niigata မြို့၌မွေးဖွားခဲ့ပြီး မွေးချင်းရှစ်ဦးထဲတွင် အကြီးဆုံးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကျောင်းမှဘွဲ့ရသော Chitetsu သည် Dai-Nippon Meiji Sugar အတွက် ထိုင်ဝမ်သို့ပြောင်းရွှေ့ခဲ့သည်။ ထိုင်ဝမ်တွင် Mitsue နှင့်အိမ်ထောင်ကျကာ သားသမီးလေးဦးထွန်းကားခဲ့သည်။ ၁၉၄၄ ခုနှစ် ပစိဖိတ်စစ်ပွဲပြီးဆုံးချိန်တွင် **ဇာတိမြေသို့ပြန်ရောက်လာပြီး စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်နေခဲ့သည်။** Chitetsu က ၎င်းအသက်ရှည်ရသည့်လျှို့ဝှက်ချက်မှာ **စိတ်မတိုဘဲ မျက်နှာတွင် အပြုံတမ်းအပြုံးဆောင်ထားနိုင်ခြင်းဖြစ်**သည်ဟု ဆိုခဲ့ကြောင်း သိရသည်။

(AP,15.2.2020) အေးယုနိုင်

ကားမောင်းရင်းရသောက်သည့် ဩစတြေးလျယာဉ်မောင်း ၁၇၃ ဒေါ်လာ ဒဏ်ရိုက်ခံရ

အပူချိန် အမြင့်ဆုံးဖြစ်နေသည့်အချိန်တွင် ကားမောင်းရင်း ရေသောက်လိုက်မိသည့်ယာဉ်မောင်းကို ဩစတြေးလျယာဉ်ထိန်းရဲက ၁၇၃ ဒေါ်လာ ဒဏ်ရိုက်လိုက်ကြောင်း သိရသည်။ ဘရွတ်ဝ်ဟားရစ်သည် အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်ရှိသည့်နေ့တွင် ၁၂ နာရီတိုင်တိုင်အလုပ်လုပ်ခဲ့ရပြီးနောက် ကားနှင့်အိမ်ပြန်လာစဉ် အိမ်နားအရောက်တွင် ရဲက ၎င်းကားကို လှမ်းတားလိုက်သည်။ **ကားကို အာရုံအပြည့်စိုက်ပြီး မမောင်းဟု ယာဉ်ထိန်းရဲကဆိုကာ ၎င်းကို ၁၇၃ ဒေါ်လာ ဒဏ်ငွေရိုက်လိုက်ခြင်းဖြစ်**သည်။ နေအလွန်ပူသဖြင့် ရေဓာတ်ပြည့်နေစေရန် ရေသောက်ခြင်းသာဖြစ်သည်ဟု ၎င်းက စောဒကတက်သော်လည်း ရဲက လက်မခံကြောင်း ထိုကားပိုင်ရှင်က ပြောပြသည်။ ဥပဒေကို ချိုးဖောက်တယ်ဆိုရင် ဒဏ်ငွေဆောင်မှာပါ။ ဒါပေမဲ့ **ချစ်ချစ်တောက်ပူနေတဲ့ ရာသီဥတုမှာ ရေဓာတ်ပြည့်အောင်လုပ်တာကို ဒဏ်တပ်တာမျိုးကတော့ လက်သင့်ခံနိုင်စရာ မရှိဘူး**ဟု ၎င်းက ဆိုသည်။ **ကားကို မထိန်းနိုင်တော့လျှင် ကားမောင်းရင်း ရေသောက်ခြင်းကို တရားမဝင်တဲ့ သတ်မှတ်နိုင်ကြောင်း** ယာဉ်ထိန်းရဲကဆိုသည်။ ကားမောင်းရင်း ရေသောက်တဲ့အပြုအမူကြောင့် ယာဉ်မောင်းမှာထိခိုက်မှု ဖြစ်သွားနိုင်လား ဒါမှမဟုတ် တခြားလူတွေကို ထိခိုက်မှုဖြစ်သွားစေသလားဆိုတဲ့ အခြေအနေတွေကို ကြည့်ပြီး ယာဉ်မောင်းကို ဒဏ်ရိုက်ရပါတယ်ဟု ၎င်းက ဆက်ပြောသည်။

(DM, 15.2.20) ချယ်ရီ

ဖုန်းကြည့်ပြီး လမ်းကူးသည့် မိန်းကလေး ကားတိုက်ခံရကာ သေဆုံး

ကျောင်းဆင်းလာသည့် မိန်းကလေး **ကျောင်းအနီးတွင် လမ်းကူးရာ ဖုန်းကို ကြည့်၊ နားကြပ်တပ်ထားပြီး လမ်းကူးသဖြင့် ဘတ်စကားတိုက်ခံရကာ သေဆုံးသွားကြောင်း** ဗြိတိန်သတင်းများက ဆိုသည်။ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလ ၂၈ ရက်တွင် **နှစ်ထပ်ဘတ်စကားကြီး ဝင်တိုက်လိုက်သဖြင့် အသက် ၁၅ နှစ်အရွယ် ကျောင်းသူ**သည် ဒဏ်ရာအများအပြားရသွားသည်ဟု ဖေဖော်ဝါရီလ ၁၃ ရက်သတင်းက ဆိုသည်။ ကျောင်းမှထွက်လာတွင် မိန်းကလေးသည် အထက်ပါအဖြစ်ဆိုးနှင့် ကြုံလိုက်ရခြင်းဖြစ်သည်။ မိန်းကလေးသည် ကားတိုက်မခံရမီ စက္ကန့်ပိုင်းအလိုတွင် ဖုန်းကြည့်နေသည်ဟု မျက်မြင်သက်သေများက ဆိုသည်။ ထိုဆယ်ကျော်သက်မိန်းကလေးသည် အခင်းဖြစ်ပွားရာနေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားသည်။ မိမိတို့သမီးကြုံခဲ့ရသော အဖြစ်ဆိုးမျိုး အခြားလူများမကြုံရစေရန် သတိပေးလိုကြောင်း ကျန်ရစ်သူမိသားစုက ဆိုသည်။ 'အခုဆိုရင် ကျွန်မတို့ဘဝထဲကနေ သမီးလေး ထွက်သွားတာ တစ်နှစ်ကျော်သွားပါပြီ။ ဘဝကို သူမပါဘဲ ရှေ့ဆက်သွားတတ်အောင် ကျွန်မတို့ ကြိုးစားနေရပါတယ်။ **ဒီလိုအဖြစ်ဆိုးမျိုး သူများတွေ မကြုံရအောင် လမ်းကူးရင် ဖုန်းမကြည့်၊ နားကြပ် မတပ်ကြပါနဲ့လို့ သတိပေးချင်ပါတယ်**' ဟု ကျန်ရစ်သူမိဘများက ဆိုသည်။ ယာဉ်မောင်းအမျိုးသားသည် ယခင်လိုင်စင်ဖြင့် ယာဉ်မောင်းသူဖြစ်ပြီး အာမခံလည်း မထားထားပေ။ ထိုပြင် အခြားသောမော်တော်ယာဉ်ပြစ်မှုများလည်း ကျူးလွန်ထားသည့်အတွက် ဒဏ်ငွေ ပေါင် ၁၂၀ နှင့် ယာဉ်မောင်းခွင့်လေးနှစ် အပိတ်ခံခဲ့ရသည်။

(DM, 14.2.20) ချယ်ရီ

အင်ဒိုနီးရှားမှ ပင့်ကူလူသားက ပလတ်စတစ်ညစ်ညမ်းမှုကို ဦးဆောင်တိုက်ဖျက်နေ

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီစီကျွန်းတောင်ပိုင်း Pare-Pare မြို့မှ Rudi Hartono အမည်ရှိအမျိုးသားသည် **ပင့်ကူလူသားဝတ်စုံဖြင့် လမ်းမများနှင့်ကမ်းခြေများတွင် အမှိုက်လိုက်ကောက်ကာ ပလတ်စတစ်ညစ်ညမ်းမှုရှင်းလင်းရေးကို ဦးဆောင်လှုပ်ရှားလျက်ရှိသည်ဟု** သိရသည်။

ကော်ဖီဆိုင်အလုပ်သမားတစ်ဦးဖြစ်သော Rudi Hartono သည် အစောပိုင်းတွင် ခပ်ရိုးရိုးသာအမှိုက်လိုက်ကောက်နေခဲ့သော်လည်း တစ်ရက်တွင် တူဖြစ်သူနှင့် အတူ ပင့်ကူလူသားဝတ်စုံဖြင့်ဆော့ကစားနေရင်း စိတ်ကူးသစ်ရရှိခဲ့သည်။ နောက်ပိုင်းတွင် Rudi Hartono သည် **ပင့်ကူလူသားဝတ်စုံဖြင့် လမ်းမများနှင့်ကမ်းခြေများ၌အမှိုက်လိုက်ကောက်ရာမှ ၎င်းနေထိုင်ရာဒေသတွင် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည်၊** အသက် ၃၆ နှစ်အရွယ် Rudi Hartono သည် နှစ်နှစ်အရွယ်တွင် လေးနှင့်ဆော့ကစားရန် ၂၀၁၈ ခုနှစ်က ဝယ်ထားသောပင့်ကူလူသားဝတ်စုံကို အကျိုးရှိရှိအသုံးချနိုင်ခဲ့ပြီး **ဒေသခံအချို့မှာ ပင့်ကူလူသားနှင့်အတူ အမှိုက်လိုက်ကောက်လာကြသည်ကို မြင်တွေ့ရသည်၊** Rudi Hartono သည် သတင်းစာများနှင့် ရုပ်သံတီဗီအစီအစဉ်များ၌ပါ ဖော်ပြခံရပြီးနောက် ပလတ်စတစ်ညစ်ညမ်းမှုကိုတိုက်ဖျက်၍ ကမ္ဘာကြီးကိုသန့်ရှင်းအောင် ထိန်းသိမ်းကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိသည်ဟု သိရသည်။

(AP,15.2.2020) အေးယုနိုင်

ကာဇက်စတန်ကမ်းခြေအနီး ပင်လယ်ရေပြင်တွင် ရုတ်တရက်သွေးနီရောင်ပြောင်းသွား

ကာဇက်စတန်နိုင်ငံအရှေ့တောင်ပိုင်း၊ **အက်ခတူမြို့မှေးတင်ထားတဲ့ ကက်စပီယံပင်လယ်ကမ်းစပ်မှာ သွေးနီရောင်ရုတ်တရက်ပြောင်းလဲသွားတာကြောင့် ဒေသခံတွေ အထိတ်တလန့်ဖြစ်သွားခဲ့ကြတယ်**လို့သိရပါတယ်။ ဖြူဖြူဖွေးဖွေးနှင်းမှုန်တွေ စုပုံနေတဲ့ကမ်းခြေအနီးက ပင်လယ်ရေပြင်နေရာတစ်ချို့မှာ ကတ္တီပါအနီရောင်လိုမျိုး ချင်းချင်းနီနေတဲ့အရောင်တွေကို သိသာထင်ရှားစွာမြင်တွေ့ခဲ့ကြတာလို့ ဒေသခံတွေကဆိုပါတယ်။ ပင်လယ်ရေပြင်ညစ်ညမ်းမှုကြောင့် အနီရောင်ပြောင်းလဲသွားတာဖြစ်နိုင်တယ်လို့ ယူဆမှုတွေနဲ့အတူ ထိတ်လန့်စိုးရိမ်မှုတွေ အများအပြားရှိခဲ့တဲ့အတွက် ဒီပြောင်းလဲမှုအခြေအနေနဲ့ပတ်သက်ပြီး ဒေသခံသဘာဝပတ်ဝန်းကျင်ပညာရှင်တွေက လေ့လာစစ်ဆေးခဲ့ကြပါတယ်။ စစ်ဆေးမှုရလဒ်တွေအရ **Diatoms လို့ခေါ်တဲ့ ထူးခြားတဲ့ ရေမှော်တွေကြောင့် အနီရောင်ပြောင်းလဲသွားခဲ့ရတာလို့** ပညာရှင်တွေက ထုတ်ပြန်ထားခဲ့ပြီး ဒီရေမှော်တွေကို ထိတွေ့မိတဲ့ ငါးတွေနဲ့ လူသားတွေမှာဘေးအန္တရာယ်မရှိစေနိုင်ဘူးလို့ ဆိုပါတယ်။ ဒီလိုပြောင်းလဲမှုတွေက ဖြစ်လေ့ဖြစ်ထမရှိတဲ့ဖြစ်စဉ်တွေဖြစ်ပြီး ပညာရှင်တွေက ဘယ်လိုပဲအန္တရာယ်မရှိနိုင်ဘူးလို့ပဲဆိုဆို ပြောင်းလဲမှုတွေနဲ့အတူ သဘာဝတရားကြီးက အချက်ပြနေခဲ့ပြီလို့ ဒေသခံတစ်ဦးက ပြောကြားခဲ့ပါတယ်။

(DS, 17.2.2020) သံသာ

ကမ်ပါးပိုးလောင်းများ စုပြုံနေသည့် ဝတ်မှုန်ကူးပျံများ၏ရုပ်ကြွင်းကို မြန်မာ့ပယင်းတွင်တွေ့ရှိကာ သက်တမ်းအရင့်ဆုံးအဖြစ်သတ်မှတ်



လွန်ခဲ့တဲ့နှစ်ပေါင်း သန်း ၁၀၀ ခန့်ကတည်းက သစ်စေးတွေထဲမှာ ပိတ်မိသေဆုံးခဲ့တဲ့ ဝတ်မှုန်ကူးပျံများတစ်ကောင်ရဲ့ ရုပ်ကြွင်းကို မြန်မာ့ပယင်းကျောက်ထဲမှာ တွေ့ရှိထားခဲ့ပြီး ဒီပျားမျိုးရဲ့ရုပ်ကြွင်းတွေတွေ့ရှိထားခဲ့သမျှထဲမှာ ဒီတစ်ခုက **သက်တမ်းအရင့်ဆုံးဖြစ်တယ်**လို့ သုတေသီတွေကသတ်မှတ်ခဲ့ကြပါတယ်။ သိပ္ပံအမည် Discoscapa apicula လို့ သိရတဲ့ ဒီပျားမျိုးက ထူးခြားတဲ့မျိုးစိတ်ဖြစ်ပြီး **ဝတ်မှုန်တွေနဲ့အတူပါရှိနေတဲ့ဒီပျားကို မြင်တွေ့နိုင်တဲ့ ရုပ်ကြွင်းမှတ်တမ်းအဖြစ်** ဒီပယင်းကို သတ်မှတ်ခဲ့ကြပါတယ်။ **ဒါ့ပြင် ပယင်းထဲက ဒီပျားမှာ ပိုးထောင်မကပ်ပါးပိုးလောင်းတွေတွယ်ကပ်စုပြုံနေတာကိုပါ လေ့လာမြင်တွေ့နိုင်ခဲ့ပြီး** ယနေ့ချိန်မှာလည်း ဒီလိုကပ်ပါးပိုးလောင်းတွေက ပျားတွေမှာတွယ်ကပ်နေထိုင်ကြလေ့ရှိကြတယ်လို့ သုတေသီတွေက ဆိုပါတယ်။ ပျားတွေမှာတွယ်ကပ်ကြတဲ့ပိုးတောင်မာပိုးလောင်းတွေရဲ့ရှေးအကျဆုံးရုပ်ကြွင်းတွေအနေနဲ့လည်း ဒီပယင်းထဲမှာ မြင်တွေ့ခဲ့ကြပြီး ပထမဆုံးမှတ်တမ်းတင်နိုင်ခဲ့တာလို့ သုတေသီတွေကဆိုပါတယ်။ ပန်းတွေဆီကိုသွားခဲ့ပြီး ဝတ်မှုန်တွေကပ်ပါလာတဲ့ ဒီပျားရဲ့ကျောဘက်မှာ ပိုးတောင်မာ ကပ်ပါးပိုးလောင်း ၂၁ ခုတွယ်ကပ်နေတာကို ပယင်းတစ်ခုတည်းမှာတင် လေ့လာတွေ့ရှိခဲ့ကြတာဖြစ်တယ်လို့ အမေရိကန်နိုင်ငံ၊ အော်ရီဂွန်ပြည်နယ် တက္ကသိုလ်က ပါမောက္ခကျော်ဂျိုပွိုင်နာဂူနိယာက ဆိုပါတယ်။ **ဒီလောက်များပြားတဲ့ကပ်ပါးပိုးလောင်းတွေရဲ့အနှောင့်အယှက်ပေးမှုကြောင့်ပဲ ဒီပျားက သစ်စေးထဲကို မတော်တဆဝင်သွားခဲ့မိပြီး သစ်စေးထဲမှာ ပိတ်မိသေဆုံးခဲ့တာဖြစ်နိုင်တယ်**လို့ ပါမောက္ခကျော်ဂျိုကဆိုပါတယ်။

(DM, 17.2.2020) သံသာ

ကားမီးလောင်ပြီး အထဲတွင် လူပိတ်မိနေသော်လည်း မည်သူမှဝင်မကယ်ဘဲ ဗုန်းဖြင့်သာရိုက်နေကြ

ကားမီးလောင်နေပြီး အထဲတွင် လူပိတ်မိနေသော်ငြား အနီးရှိ လူပေါင်း ၂၀ ခန့်က ဝင်မကယ်ဘဲ ဗုန်းဖြင့်သာ ဗီဒီယိုရိုက်နေကြကြောင်း အမေရိကန်သတင်းများက ဆိုသည်။ ဖြစ်ပုံမှာ ဤသို့ဖြစ်သည်။ မိုင်ယာမီတွင်နေထိုင်သည့် ဂျင်မ်အန်ဂူလိုသည် နေ့ခင်း ၂ နာရီတွင် အလုပ်သွားစဉ် ကားတစ်စီး မီးလောင်နေသည်ကို တွေ့လိုက်သည်။ **'ဘယ်ဘက်၊ ညာဘက် ကြည့်လိုက်တော့ ကားမီးလောင်နေတာကို လူပေါင်း ၂၀ လောက်က ဗုန်းနဲ့ ဗီဒီယိုရိုက်နေကြတာ တွေ့တယ်၊ ဒီဗီယိုပဲ ရိုက်ကြပြီး ဘာမှတော့ဝင်မကူညီကြဘူး။** ဒီတော့ 'ဒါငါ့ဘာဝနပဲ' ဆိုတဲ့ အသိဝင်လာတယ်' ဟု ၎င်းက ဆိုသည်။ ထို့ကြောင့် **၎င်းနှင့်အခြားလူတစ်ဦးက ကားပြတင်းပေါက်ထဲအတင်းဝင်ပြီး ကားထဲပိတ်မိနေသည့်လူကို မရမက ဆွဲထုတ်ကြတော့သည်။** ထို့နောက် ၎င်းကို နီးစပ်ရာဆေးရုံအမြန်ဆုံးပို့လိုက်သည်။ ၎င်းကို လူအများက သူရဲကောင်းဟု ဂုဏ်ပြုချီးမွမ်းနေကြသော်လည်း ၎င်းက လက်မခံပေ။ **'ကျွန်တော်သာ သူ့နေရာဆိုရင်လည်း ကျွန်တော့်ကိုလာကယ်မယ့်လူ ရှိပါစေလို့ မျှော်လင့်မှာပါပဲ'** ဟု ၎င်းက ဆက်ပြောသည်။ ကားမီးလောင်သဖြင့် ထိုလမ်းကြီးကို မီးသတ်က နာရီအနည်းငယ်ကြာ ပိတ်လိုက်သေးသည်။

(DM, 17.2.20) ချယ်ရီ

၂၀ ဒီဂရီဆဲဆီးယပ်စ်ကျော်နှင့် အန္တာတိကတိုက်တွင် နေ့အပူချိန်စံချိန်တင်တိုးမြင့်လာခဲ့

အန္တာတိကတိုက်မှာ ပထမဦးဆုံးအကြိမ်အဖြစ် နေ့အပူချိန် ၂၀ ဒီဂရီဆဲဆီးယပ်စ်ကျော်ထိ တိုးမြင့်လာခဲ့ပြီး အမြင့်မားဆုံးအပူချိန်အဖြစ် စံချိန်သစ်မှတ်တမ်းတင်သွားခဲ့ပြီလို့ အန္တာတိကတိုက်ကသိပ္ပံပညာရှင်တွေက ဆိုပါတယ်။ နေ့အပူချိန် ၂၀ ဒသမ ၇၅ ဒီဂရီဆဲဆီးယပ်စ်ထိ တိုးမြင့်ခဲ့တာဖြစ်ပြီး **အန္တာတိကတိုက်မှာ ဒီလောက်မြင့်မားတဲ့အပူချိန်မျိုးကို တစ်ခါမှ မမြင်ဖူးခဲ့ဘူးလို့** ဘရာဇီးသိပ္ပံပညာရှင် ကားလို့စ်ရှေဖာက ဆိုပါတယ်။ အစဉ်အေးခဲနေခဲ့တဲ့အန္တာတိကတိုက်မှာ အပူချိန် ၂၀ ဒီဂရီဆဲဆီးယပ်စ်ကျော်သွားခဲ့တာက **ကမ္ဘာကြီးပူနွေးမှုအတွက် ပိုပြီးတုန်လှုပ်ခြောက်ခြားစရာဖြစ်လာစေနိုင်တယ်**လို့ ဆိုပါတယ်။ အာဂျင်တီးနားနိုင်ငံရဲ့ မာရမ်ဘိုင်အိုသုတေသနစခန်း အခြေစိုက်ရာ အန္တာတိကတိုက်ရဲ့မြောက်ဖျားပိုင်းက ဆေမောကျွန်းမှာ အပူချိန်တိုင်းတာဖတ်ရှုမှုပြုလုပ်ခဲ့တာဖြစ်ပါတယ်။ **ယခင်က အန္တာတိကရဲ့အမြင့်မားဆုံးအပူချိန်ကို ၁၉ ဒီဂရီဆဲဆီးယပ်စ်နဲ့မှတ်တမ်းတင်ထားခဲ့တာဖြစ်ပြီး** ယခုစံချိန်ငါဘိုးများလာတဲ့ အပူချိန်အရ အန္တာတိကတိုက်ပတ်ဝန်းကျင်မှာ မတူညီတဲ့ပြောင်းလဲမှုတွေ စတင်ဖြစ်နေပြီဆိုတာကို ပြသနေတာဖြစ်တယ်လို့ ကားလို့စ်က ဆိုပါတယ်။ **ပူနွေးလာတဲ့အခြေအနေကြောင့် ရေခဲမြစ်တွေနဲ့ ရေခဲပြင်တွေအရည်ပျော်လာရာကနေ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုတွေဆက်လက်ဖြစ်လာနိုင်ပြီး ကမ်းရိုးဒဏ်ကြီးတွေနဲ့ ကျွန်းနိုင်ငံငယ်တွေအတွက် ခြိမ်းခြောက်မှုဖြစ်လာနိုင်တယ်**လို့ သုတေသီတွေက ဆိုထားခဲ့ပါတယ်။

(JP, 17.2.2020) သံသာ

တင်ပါးကြီးစေသည့် ခွဲစိတ်မှုသွားလုပ်သည့် သတို့သမီးလောင်း ခွဲစိတ်နေစဉ်အတွင်း သေဆုံးသွား

အသက် ၃၁ နှစ်အရွယ် ဇြတိသွအမျိုးသမီးက မင်္ဂလာ မဆောင်မီ တူရကီရှိ ပုဂ္ဂလိကဆေးရုံတွင် တင်ပါးကြီးစေသည့် ခွဲစိတ်မှုသွားလုပ်ခဲ့ပြီး ခွဲစိတ်မှုလုပ်နေစဉ်အတွင်း သေဆုံးသွားကြောင်း ဖေဖော်ဝါရီလ ၁၅ ရက်သတင်းက ဆိုသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ၁၉ ရက်တွင် အစွတန်ဘူလ်သို့ အလည်အပတ်ခရီးရောက်ရှိနေစဉ် မယ်လစ်ဆာကာက ပေါင် ၃ ၁၅၀ ခန့် အကုန်အကျခံကာ ထိုခွဲစိတ်မှုကို လုပ်ခဲ့ခြင်းဖြစ်သည်။ **ထိုခွဲစိတ်မှုမျိုးတွင် ဆရာဝန်က လူနာ၏ခန္ဓာကိုယ်တစ်နေရာတွင် ပိုလျှံနေသည့်အဆီကို စုပ်ယူပြီး တင်ပါးထဲထည့်ပေးလေ့ရှိသည်၊ လူနာသည် အဆိုပါအလှအပဆိုင်ရာ ခွဲစိတ်မှုကြောင့် အဆုတ်ထဲရှိ သွေးလွှတ်ကြောတွင် သွေးခဲမှုဖြစ်ကာ၊ သွေးကြောတွင် အဆီပိတ်ကာ သေဆုံးသွားသည်ဟု** သေမှုသေခင်းစုံစမ်းစစ်ဆေးရေးက ဆိုသည်။ ယင်းအမှုကို သက်ဆိုင်ရာက ဆက်လက်စုံစမ်းစစ်ဆေးနေသည်။ မယ်လစ်ဆာကာသည် စိတ်ကျန်းမာရေးကုသိုလ်ဖြစ်အဖွဲ့အစည်းတွင် အလုပ်လုပ်ကိုင်သူဖြစ်သည်။ ချစ်ရသူကွယ်လွန်သွားပြီဖြစ်သော်လည်း မိမိကမူ နောက်ဆုံးထွက်သက်ထိ မယ်လစ်ဆာကာကို ဆက်ချစ်နေဦးမည်ဟု ကျန်ရစ်သည့်ချစ်သူက မယ်လစ်ဆာကာ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ချစ်သူများနှင့် ရေးသားထားသည်။ **၂၀၁၈ ခုနှစ် ဩဂုတ်လကလည်း အသက် ၂၉ နှစ်အရွယ် ဇြတိသွအမျိုးသမီးသည် တူရကီတွင် တင်ပါးကြီးစေရန်ခွဲစိတ်မှုလုပ်ခဲ့ပြီး ယင်းအပြီး မကြာမီတွင်ပင် သေဆုံးသွားခဲ့သေးသည်။**

(DM, 17.2.20) ချယ်ရီ

COVID-19 Coronavirus နှင့်နောက်ဆုံးအခြေအနေများ



COVID-19 လို့နာမည်ပေးထားတဲ့ Coronavirus ရောဂါပိုးကြောင့် ဖေဖော်ဝါရီလ ၁၇ ရက်အထိ ကမ္ဘာတစ်ဝှမ်းတွင် သေဆုံးသူ ၁၇၇၅ ဦး၊ ရောဂါပိုးကူးစက်ခံရသူ ၇၁၃၃၄ ဦးနဲ့ ပြန်လည်ကောင်းမွန်လာသူ ၁၁၀၂၉ ဦးရှိ နေပြီလို့ တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်ရဲ့အဆိုအရ သိရပါတယ်။

တရုတ်နိုင်ငံမှာ ဟူဘေးပြည်နယ်ရဲ့ လူဦးရေ ၅၆ သန်းနဲ့မြို့တော်ဖြစ်တဲ့ ဝူဟန်မြို့ကိုသာမက တခြားပြည်နယ်တွေမှာပါ သီးသန့်ခွဲခြားစောင့်ကြည့်မှုတွေပြုလုပ်နေပါတယ်။ ရောဂါပိုးကူးစက်ခံရသူအရေအတွက်တိုးပွားလာပေမယ့် **ပြီးခဲ့တဲ့ ၁၃ ရက်အတွင်း ရောဂါပိုးအဓိကပြန့်ပွားနေတဲ့ဗဟိုချက်နေရာရဲ့ပြင်ပမှာ ကူးစက်ခံရမှုနှုန်းကျဆင်းသွားခဲ့ပါတယ်၊** ဟူဘေးပြည်နယ်ရဲ့အပြင်ဘက်မှာ ရောဂါပိုးထပ်မံကူးစက်ခံရသူ ၁၁၅ ဦးရှိခဲ့ပေမယ့် လွန်ခဲ့တဲ့တစ်ပတ်လောက်က ၄၅၀ ရှိခဲ့တာထက် စာရင် သိသိသာသာလျော့နည်းသွားခဲ့တာပါ။ တရုတ်အာဏာပိုင်တွေက ရောဂါပိုးပြန့်ပွားမှုကိုထိန်းချုပ်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီးတော့ ဘေဂျင်မြို့ကို ရောက်ရှိလာသူတိုင်းအတွက် ၁၄ ရက်ကြာ သီးသန့်ခွဲခြားစောင့်ကြည့်ခံရမယ့် စည်းမျဉ်းကိုပါ ထုတ်ပြန်ထားခဲ့ပါတယ်။

တရုတ်အမျိုးသားကျန်းမာရေးအာဏာပိုင်တွေက ကူးစက်ခံရမှုနှုန်းလျော့ကျလာတာဟာ ရောဂါပိုးပြန့်ပွားမှုကိုထိန်းချုပ်နိုင်တဲ့လက္ခဏာတစ်ရပ်လို့ ဆိုနေပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ Tedros Adhanom Ghebr-eyesus ကတော့ ကူးစက်မြန်ရောဂါပိုးရဲ့ဦးတည်ရာကိုခန့်မှန်းဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့သတိပေးထားပါတယ်၊ ဘေဂျင်မြို့ကို ရောက်ရှိနေပြီဖြစ်တဲ့ နိုင်ငံတကာပညာရှင်အဖွဲ့ကလည်း ရောဂါပိုးနဲ့ပတ်သက်ပြီး တရုတ်ပညာရှင်တွေနဲ့တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ပြင်ပမှာတော့ **ထိုင်ဝမ်မှာ Coronavirus ရောဂါပိုးကြောင့် ပထမဆုံးသေဆုံးသူရှိလာခဲ့ပါတယ်၊ မူလက ရောဂါအခံရှိပေမယ့် ပြည်ပကိုသွားလာခဲ့ဖူးခြင်းမရှိတဲ့အသက် ၆၁ နှစ်အရွယ်အမျိုးသားဟာ ဆေးရုံမှာ သေဆုံးသွားခဲ့ပါတယ်၊** တရုတ်နိုင်ငံပြင်ပမှာ ငါးဦးမြောက် သေဆုံးသူဖြစ်ပြီးတော့ တခြားသေဆုံးမှုတွေကတော့ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ ဂျပန်နဲ့ပြင်သစ်နိုင်ငံတွေမှာ ဖြစ်ပါတယ်။

အပျော်စီးသဘော်ကြီးပေါ်မှ အဖမရိကန်နိုင်ငံသားများကိုပြန်လည်ခေါ်ဆောင်

ဂျပန်နိုင်ငံမှာဆိုက်ကပ်ထားတဲ့ Diamond Princess အပျော်စီးသဘော်ကြီးကို Coronavirus ရောဂါပိုးကူးစက်ခံထားရသူတွေတွေ့ရှိတာကြောင့် သီးသန့်ခွဲခြားစောင့်ကြည့်စစ်ဆေးမှုတွေပြုလုပ်နေခဲ့ပေမယ့် ဖေဖော်ဝါရီလ ၁၇ ရက်မနက်အစောပိုင်းမှာ **အမေရိကန်အစိုးရကငှားရမ်းထားတဲ့လေယာဉ်နှစ်စင်းဟာ သဘော်ကြီးပေါ်က အမေရိကန်နိုင်ငံသား ၄၀၀ ခန့်ကို လာရောက်ခေါ်ဆောင်သွားခဲ့ပါတယ်၊** ခရီးသည်နဲ့အမှုထမ်း ၃၇၀၀ လိုက်ပါလာတဲ့သဘော်ကြီးပေါ်တွင် ၁၆-၂-၂၀၂၀ ရက်အထိ စစ်ဆေးပြီးသူ ၁၂၁၉ ဦးမှာ ရောဂါပိုးကူးစက်ခံရသူ ၃၅၅ ဦးအထိတွေ့ရှိထားပြီဖြစ်ပါတယ်။ ရောဂါပိုးကူးစက်ခံထားရတဲ့အမေရိကန်နိုင်ငံသား ၄၀ ခန့်ကတော့ ဂျပန်နိုင်ငံမှာပဲ ဆေးကုသမှုခံယူသွားရမှာပါ။ အမေရိကန်ကပြန်လည်ခေါ်ဆောင်သွားသူတွေဟာ လေတပ်စခန်းတွေမှာ ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်မှုခံယူရမှာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံသားတချို့ကတော့ လေယာဉ်ခဲ့လိုက်ပါဖို့ ငြင်းဆန်ခဲ့ပြီး သဘော်ကြီးကို သီးခြားစောင့်ကြည့်စစ်ဆေးမှုပြီးဆုံးမယ့် ဖေဖော်ဝါရီလ ၁၉ ရက်အထိ ဆက်လက်စောင့်ဆိုင်းဖို့သာ ရွေးချယ်ခဲ့ကြတာကြောင့် လေယာဉ်ပေါ်မှာပါသွားတဲ့အမေရိကန်နိုင်ငံသားအတိအကျကို မသိရှိနိုင်ပါဘူး။

တစ်ချိန်တည်းမှာပဲ ဂျပန်အစိုးရက သဘော်ပေါ်ကခရီးသည်တွေကို iPhone အလုံးပေါင်း ၂၀၀၀ ဝေငှပေးခဲ့ပါတယ်။ တစ်စခန်းကိုတစ်လုံးစီရရှိခဲ့တဲ့ဖုန်းတွေမှာ ကျန်းမာကျန်းမာရေးဝန်ကြီးဌာနက ဖန်တီးထားတဲ့ အပလီကေးရှင်းတစ်ခုပါဝင်ပါတယ်။ ဒီအပလီကေးရှင်းကိုအသုံးပြုသူတွေဟာ ဆရာဝန်တွေ၊ ဆေးဝါးပညာရှင်တွေ၊ စိတ်ကျန်းမာရေးအကြံပေးဆွေးနွေးသူတွေနဲ့တိုက်ရိုက်ဆက်သွယ်လို့ ရပါတယ်။ **သဘော်ပေါ်မှာလိုက်ပါခဲ့ဖူးတဲ့အမျိုးသားတစ်ဦးဟာ ဟောင်ကောင်မှာဆင်းသက်တဲ့အခါ ရောဂါပိုးကူးစက်ခံထားရတာကိုတွေ့ရှိတာကြောင့် ဖေဖော်ဝါရီလ ၃ ရက်ကစပြီး သဘော်ကြီးကို သီးသန့်ခွဲခြားစောင့်ကြည့်စစ်ဆေးနေတာဖြစ်ပါတယ်။**

တရုတ်ဘက်မှာဘာဖြေရှင်းမှုတွေပိုပြီးသတ်

တရုတ်နိုင်ငံက ရောဂါပိုးပြန့်ပွားမှုကိုထိန်းချုပ်ဖို့ကြိုးပမ်းရာမှာ ငွေစက္ကူတွေကိုပါ ပိုးသတ်လာခဲ့ပါတယ်။ **တရုတ်ဘဏ်တွေက ခရမ်းလွန်ရောင်ခြည်အလင်း သို့မဟုတ် မြင့်မားတဲ့အပူချိန်ကိုသုံးပြီး ယွမ်ငွေစက္ကူတွေကိုပိုးသတ်ပြီးတဲ့အခါ အလုပ်တိတ်သိမ်းဆည်းထားပြီး ၁၄ ရက်မှသာ ပြန်လည်ပတ်ဝေမှာဖြစ်ပါတယ်၊** တရုတ်ဝဟိဘဏ်က လူထုကိုငွေထုတ်ပေးတဲ့အခါ **အတတ်နိုင်ဆုံး ငွေစက္ကူအသစ်တွေကို သာထုတ်ပေးဖို့** ဘဏ်တွေကို ညွှန်ကြားထားပါတယ်။ ဒါ့အပြင် ဟူဘေးပြည်နယ်ကိုလည်း ငွေစက္ကူယွမ် ၄ ဘီလီယံအရေးပေါ်ထုတ်ဝေပေးထားပါတယ်။

Coronavirus လူနာမှမွေးဖွားလာသောကလေးငယ်

တရုတ်နိုင်ငံမှာ **Coronavirus ရောဂါပိုးကူးစက်ခံထားရတဲ့အမျိုးသမီးတစ်ဦးက မွေးဖွားခဲ့တဲ့ကလေးငယ်ဟာ ရောဂါပိုးကူးစက်ခံထားရခြင်းမရှိဘူးလို့** စစ်ဆေးချက်ထွက်ပေါ်လာခဲ့ပါတယ်။ သိပ္ပံပညာရှင်တွေက ရောဂါပိုးဟာ မိခင်ရဲ့သားအိမ်ထဲမှာ သန္ဓေသားကိုကူးစက်လာမှာ စိုးရိမ်နေကြတာပါ။ ရှန်စီးပြည်နယ် ရှီအန်းမြို့မှာရှိတဲ့ Xi'an Jiaotong University ဆေးရုံမှာမွေးဖွားခဲ့တဲ့ကလေးငယ်မှာ ရောဂါပိုးကူးစက်ခံထားရခြင်းမရှိဘူးလို့ ထွက်ပေါ်လာပြီးတဲ့နောက် ဆေးရုံက ဆင်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။ သိပ္ပံပညာရှင်တွေကတော့ **ရောဂါပိုးဟာ မိခင်ဝမ်းထဲမှာ သန္ဓေသားကိုကူးစက်နိုင်ခြင်းရှိမရှိဆိုတာ အငြင်းပွားနေကြဆဲပါပဲ၊** ဖေဖော်ဝါရီလအစောပိုင်းမှာ ရောဂါပိုးကူးစက်ခံထားရတဲ့လူနာတစ်ဦးကမွေးဖွားခဲ့တဲ့ကလေးတစ်ဦးကတော့ မွေးပြီးတဲ့နောက်နာရီ ၃၀ အကြာမှာ သေဆုံးသွားခဲ့ပါတယ်။

ရောဂါပိုးစတင်ပြန့်ပွားရာဇာတ်ပြန်

ကွမ်တုံပြည်နယ် ကွမ်ကျီးမြို့ South China University of Technology မှ သိပ္ပံပညာရှင်တွေက **Coronavirus ရောဂါပိုးဟာ ဝူဟန်မြို့ရဲ့ ဓာတ်ခွဲခန်းတစ်ခုကနေ စတင်ခဲ့တာဖြစ်နိုင်တယ်လို့ ဆိုလိုက်ပါတယ်၊** လင်းနို့အကောင် ၆၀၀ လောက်ရှိတဲ့ဓာတ်ခွဲခန်းမှာ သိပ္ပံပညာရှင်တွေဟာ လင်းနို့တွေတိုက်ခိုက်တာခံခဲ့ရသလို လင်းနို့သွေးတွေက လူအရေပြားနဲ့ထိတွေ့မိခြင်း၊ လင်းနို့တွေက လူတွေ ပေါ်မှာ အပေါ့သွားချခြင်းတွေဖြစ်ပေါ်ခဲ့ တယ်လို့ **Wuhan Center for Disease Control (WCDC)** ရဲ့သုတေသီတစ်ဦးက ဆိုထားပါတယ်၊ ဒီဓာတ်ခွဲခန်းဟာ ရေဒဂါပို့စတင်ပြန့်ပွားတယ်လို့လူတွေသိထားတဲ့ဝူဟန်အစားအသောက် စျေးနဲ့ကိုက် ၃၀၀ အကွာမှာ တည်ရှိပါတယ်၊ Botao Xiao နဲ့ Lei Xiao ပညာရှင် နှစ်ဦးက The possible origins of 2019-nCoV coronavirus ဆိုတဲ့ စာတမ်းကို ရေးသားခဲ့တာပါ။

အသက်အကြီးဆုံးလူနာပြန်လည်ကောင်းမွန်လာခြင်း

တရုတ်နိုင်ငံ ကြက်ကျန်းပြည်နယ်မှ အသက် ၉၆ နှစ်အရွယ်အမျိုးသမီးလူနာဟာ အထူးကြပ်မတ်ဆောင်မှာ သုံးရက်ကြာဆေးကုသမှု ခံယူခဲ့ပြီးတဲ့နောက် **ပြန်လည်ကောင်းမွန်လာခဲ့တယ်လို့ အာဏာပိုင်တွေက ဆိုခဲ့ပါတယ်၊ ရောဂါပိုးကူးစက်ခံရသူတွေထဲမှာ အသက်အကြီးဆုံးဖြစ်တဲ့မစွမ်းလူကို** ဟန်ကျိုးမြို့ရဲ့ Zhejiang branch of The First Hospital Affiliated to Zhejiang University ဆေးရုံကနေ ဆင်းခွင့်ပေးလိုက်ပြီဖြစ်ပါတယ်။ အိမ်မှာပဲနေလေ့ရှိတဲ့အဘွားဟာ သူငယ်ချင်းတွေနဲ့သွားတွေ့ပြီးပြန်လာတဲ့ သမီးတစ်ယောက်ဆီကနေ ရောဂါပိုးကူးစက်ခံခဲ့ရတာပါ။ နှလုံးရောဂါ၊ အဆုတ်ရောဂါနဲ့ဆီးချိုရောဂါအခံရှိတဲ့သက်ကြီးရွယ်အိုတွေဟာ ရောဂါပိုးကူးစက်ခံရနိုင်ခြေပိုများသလို ဆရာဝန်တွေအတွက်လည်း ကုသမှုပေးရာမှာ ပိုမိုခက်ခဲတာကြောင့် ပြန်လည်ကောင်းမွန်လာနိုင်ခြေနည်းတယ်လို့ တရုတ်အာဏာပိုင်တွေက ဆိုထားပါတယ်။

AI စက်ရုပ်ကားများအသုံးပြုခြင်း

တရုတ်နိုင်ငံ **ဝူဟန်မြို့မှာ ဒေသခံတွေကို အစားအသောက်နဲ့ဆေးဝါးအထောက်အပံ့ပစ္စည်းတွေပို့ဆောင်ပေးဖို့ AI စက်ရုပ်ကားတွေကို အသုံးပြုနေတယ်** လို့ သိရပါတယ်။ JD Logistics ကုမ္ပဏီရဲ့မောင်းသူမဲ့ဗန်ကားတွေက လိုအပ်နေသူတွေဆီကို အစားအသောက်နဲ့ဆေးဝါးတွေပို့ဆောင်ပေးနေတာကြောင့် လူမှုလူချင်းရောဂါပိုးကူးစက်ခံရနိုင်ခြေကို လျော့ချပေးနိုင်မှာ ဖြစ်ပါတယ်။ **လက်ခံရရှိသူက verification code နံပါတ်ထည့်သွင်းပြီးတာနဲ့ မောင်းသူမဲ့ယာဉ်မှာပါလာတဲ့ပစ္စည်းကို ရယူနိုင်ပါတယ်၊** ဒီယာဉ်ငယ်လေးတွေဟာ ၂၄ နာရီကျော်အထိ ပစ္စည်းပို့တဲ့အလုပ်ကို မမောပန်းဘဲလုပ်ဆောင်ပေးနိုင်တယ်လို့ သိရပါတယ်။

၁၂ရက်အတွင်းအပြီးဆောက်လုပ်ခဲ့သောတရုတ်ဆေးရုံသစ်ကြီးနှစ်ခု

Coronavirus ရောဂါပိုးပြန့်ပွားမှုကြောင့် ဝူဟန်မြို့မှာ **Huoshenshan** ခုတင် ၁၀၀၀ ဆေးရုံကို ၁၀ ရက်အတွင်းနဲ့ **Leishenshan** ခုတင် ၁၆၀၀ ဆေးရုံကို ၁၂ ရက်အတွင်း အပြီးတည်ဆောက်ပြီး "မဖြစ်နိုင်တာကိုဖြစ်အောင်လုပ်နိုင်ခဲ့ပြီ"လို့ တရုတ်အာဏာပိုင်တွေက ကြွေးကြော်ခဲ့ကြပါတယ်၊ ဆေးရုံနှစ်ခုလုံးမှာ လူနာတွေလက်ခံကုသပေးနေပြီဆိုပေမယ့် ဆေးဝါးပစ္စည်းတွေနဲ့ကိရိယာတွေ မလုံလောက်သေးတာကြောင့် ဆေးရုံနှစ်ခုပေါင်းမှ လူနာ ၁၃၃၆ ဦးသာရှိပါသေးတယ်။

COVID-19 ပြန့်ပွားလျက်ရှိရာဒေသတိုင်းနိုင်ငံနှင့်ချစ်သူများနေ့

တရုတ်နိုင်ငံမှာ Coronavirus ရောဂါပိုးပြန့်ပွားနေပေမယ့် ဖေဖော်ဝါရီလ ၁၄ ရက်မှာကျရောက်တဲ့ချစ်သူများနေ့ကို တရုတ်နိုင်ငံသားတွေလည်း ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ Weibo မှာ #Valentine'sDay ဆိုတဲ့ hashtag က ၁၂ သန်းလောက်ရှိပြီး ကြည့်ရှုသူ ၅၅ ဘီလီယံကျော်ရှိခဲ့ပါတယ်။ စုံတွဲတချို့ကတော့ ဝီဒီယိုဖုန်းခေါ်ဆိုခြင်း၊ လက်ဆောင်ပစ္စည်းပို့ပေးခြင်း၊ အွန်လိုင်းဂိမ်းအတူကစားခြင်းအစရှိသဖြင့် လူချင်းမတွေ့ပေမယ့် ချစ်သူများနေ့ကို အတူတကွဖြတ်ကျော်ခဲ့ကြပါတယ်။ **လက်ဆောင်ပစ္စည်းတွေထဲမှာ သမားရိုးကျ ပန်းနဲ့ချောကလက်တွေအပြင် မျက်နှာဖုံးတွေနဲ့ပိုးသတ်ဆေးပစ္စည်းတွေလည်းပါဝင်ခဲ့ပါတယ်။**

COVID-19 နှင့်ပတ်သက်သောအယူအဆမှားများ

ဖေဖော်ဝါရီလ ၁၇ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 နဲ့ပတ်သက်လို့ လူတွေအသိမှားထားတဲ့အချက်တွေကို ရှင်းလင်းပြောဆိုပေးခဲ့ပါတယ်။

ဒီအချက်တွေကတော့ -

- Coronavirus ရောဂါပိုးကိုကာကွယ်ဖို့ မကြာခဏလက်ဆေးပြီးတဲ့အခါ လက်အခြောက်ခံစက်သုံးမယ့်အစား တစ်ရှူးနဲ့သေချာသုတ်ပါ။
- ultraviolet ပိုးသတ်မီးအိမ်တွေက COVID-19 ကိုမသေစေဘဲ အရေပြားကိုတောင် စပ်ဖျင်းဖျင်းဖြစ်စေပါတယ်။
- အပူချိန်တိုင်းကိရိယာက အဖျားရှိသူကို သာ ထောက်လှမ်းပေးတာပါ။ မဖျားနာသေးတဲ့ရောဂါပိုးကူးစက်ခံထားရသူကို ရှာဖွေမပေးနိုင်ပါဘူး။
- ခန္ဓာကိုယ်ကို အရက်ပျံ သို့မဟုတ် ကလိုရင်းနဲ့ဖျန်းလိုက်ရုံနဲ့ ခန္ဓာကိုယ်ထဲရောက်နေပြီးသားရောဂါပိုးကို မသေစေနိုင်ပါဘူး။
- တရုတ်နိုင်ငံက ပစ္စည်းထုပ်တွေနဲ့စာတွေကို လက်ခံရယူရုံနဲ့ Coronavirus မကူးစက်နိုင်ပါဘူး။
- လက်ရှိမှာ အိမ်မွေးတိရစ္ဆာန်တွေကို COVID-19 ကူးစက်နိုင်တယ်ဆိုတဲ့ သက်သေမတွေ့သေးပေမယ့် တိရစ္ဆာန်တွေကို ကိုင်တွယ်ပြီးတိုင်း လက်ဆေးဖို့လိုပါတယ်။
- COVID-19 အတွက် ကာကွယ်ဆေးထိုးလို့မရပါဘူး။
- နှာခေါင်းကို ဆားရည်နဲ့ဆေးပေးရင် သက်သာတာဟာ သာမန်အအေးမိခြင်းအတွက်သာဖြစ်ပါတယ်။
- ပလုတ်ကျင်းဆေးရည်တွေအသုံးပြုရုံနဲ့ COVID-19 ကူးစက်မှုကို မကာကွယ်နိုင်ပါဘူး။
- ကြက်သွန်ဖြူက ကျန်းမာရေးအတွက်ကောင်းမွန်တဲ့အစားအသောက်ဖြစ်ပေမယ့် COVID-19 ကို ကာကွယ်ပေးနိုင်တယ်ဆိုတဲ့သက်သေမရှိသေးပါဘူး။
- နှမ်းဆီက COVID-19 ကို ခန္ဓာကိုယ်ထဲမဝင်အောင် ကာကွယ်မပေးနိုင်ပါဘူး။
- COVID-19 က သက်ကြီးရွယ်အိုတွေမှမဟုတ်ဘဲ အသက်အရွယ်မရွေးကူးစက်ခံရနိုင်ပါတယ်။
- လက်ရှိအချိန်အထိ COVID-19 ကို ကာကွယ်ဖို့နဲ့ကုသဖို့ ဆေးမရှိသေးပါဘူး။

Ref:BBC, CNA, WHO, Guardian, The Sun, Daily Mail, NYPost, Businessinsider (17.2.2020) အေးယုနိုင်

ခရီးသည်များအသက်ရှူကျပ်ကာ သေဆုံးခဲ့ရသည့် နီပေါဟိုတယ် ပိတ်လိုက်ရ



နီပေါနိုင်ငံက တောင်ပေါ်ဒေသက ဟိုတယ်တစ်ခုမှာ တည်းခိုနေတဲ့ အိန္ဒိယနိုင်ငံသားခရီးသည် ၁၅ ဦးအုပ်စုထဲမှာ ရှစ်ဦးက အသက်ရှူကျပ်ကာသေဆုံးခဲ့ရတဲ့အတွက် ဟိုတယ်ကို ပိတ်လိုက်ရတယ်လို့ သိရပါတယ်။ နီပေါနိုင်ငံရဲ့ခရီးသွားလည်ပတ်မှုများတဲ့ဒေသတစ်ခုဖြစ်တဲ့ မက်ဝမ်ပါခရိုင်၊ ဒါမန်မြို့က Everest Panorama Resort မှာ တည်းခိုနေတဲ့ အိန္ဒိယခရီးသည်တွေက **သူတို့နားနေတဲ့အခန်းတွေထဲမှာ အသုံးပြုထားတဲ့ လေပူစက်တွေက နေ့ တတ်ငွေ့ယိုစိမ့်မှုဖြစ်ခဲ့တာကြောင့် အသက်ရှူကျပ်ပြီး သတိမေ့လဲကျကာ သေဆုံးခဲ့ကြရတာလို့**သိရပါတယ်။ ဒီဖြစ်ရပ်အတွက် လုံခြုံရေးစီမံခန့်ခွဲမှုညံ့ဖျင်းမှုနဲ့ ဟိုတယ်ရဲ့စီမံရေးအားနည်းချက်တွေကြောင့် နီပေါအာဏာပိုင်တွေက **ဟိုတယ်လိုင်စင်သိမ်းခဲ့ပြီး ဟိုတယ်ကို သုံးလကြာဖွင့်လှစ်လည်ပတ်ခွင့် ပိတ်ပင်တားမြစ်ခဲ့**တာလို့သိရပါတယ်။ အိန္ဒိယခရီးသွားတွေ သေဆုံးခဲ့ရမှုနဲ့ပတ်သက်ပြီးစုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်ခဲ့တာမှာ **ဟိုတယ်အနေနဲ့ ဘေးကင်းလုံခြုံမှုဆိုင်ရာသတ်မှတ်ညွှန်ကြားချက်တွေကို လိုက်နာခြင်းမရှိဘဲ စည်သည်တွေကို စံချိန်စံညွှန်းနဲ့ကိုက်ညီမှုမရှိတဲ့ဝန်ဆောင်မှုတွေပေးခဲ့တာကို** စစ်ဆေးတွေ့ရှိထားခဲ့တယ်လို့ နီပေါယဉ်ကျေးမှုဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းနဲ့အရပ်သား လေကြောင်းပျံသန်းရေးအဖွဲ့တို့ပူးပေါင်းဖွဲ့စည်းခဲ့တဲ့ စစ်ဆေးရေးကော်မတီက ထုတ်ပြန်ခဲ့ပါတယ်။ ဟိုတယ်အနေနဲ့ လိုအပ်တဲ့စံအချက်တွေနဲ့ကိုက်ညီမှုရှိအောင် အဆင့်မြှင့်တင်ပြီးတဲ့အခါမှ ပြန်လည်ဖွင့်လှစ်ခွင့်ရမှာဖြစ်ပါတယ်။ သေဆုံးခဲ့ရတဲ့ ခရီးသည်တွေက အိန္ဒိယနိုင်ငံ၊ ကီရာလာပြည်နယ်ကနေလာရောက်လည်ပတ်တဲ့ အိန္ဒိယခရီးသည်တွေဖြစ်ပြီး **ရှစ်ဦးမှာလေးဦးက ကလေးတွေဖြစ်တယ်**လို့ သိရပါတယ်။

(TH, 15.2.2020) သံသာ

Coronavirus ရောဂါပိုးကြောင့် အပြင်မထွက်နိုင်သော အပြေးအားကစားသမားက နေအိမ်အတွင်း ၃၁ မိုင်အပြေးလေ့ကျင့်

တရုတ်နိုင်ငံ ကြက်ကြန်းပြည်နယ် ဟန်ကျီးမြို့၌ **Coronavirus ရောဂါပိုးကြောင့် အိမ်ပြင်မထွက်နိုင်သော အပျော်တမ်းမာရသွန် အပြေးသမား Pan Shancu သည် နေအိမ်အတွင်း၌ပင် ၃၁ မိုင်အပြေးလေ့ကျင့်လျက်ရှိသည်ဟု** သိရသည်။

Pan Shancu သည် အိမ်ပြင်မထွက်နိုင်သည့်တိုင်အောင် **တိုက်ခန်းကျဉ်းကျဉ်းလေးထဲတွင် အပြေးလေ့ကျင့်နေခဲ့ပြီး ယခုအခါ ၎င်းပြေးခဲ့သည့်အကွာအဝေးသည် ၃၁ မိုင်အထိရှိနေပြီဟု** ဆိုခဲ့သည်။ Pan Shancu သည် နေအိမ်အတွင်းရှိ အခန်းတစ်ခန်းထဲတွင် လေးနာရီ ၄၈ မိနစ်နှင့် ၄၄ စက္ကန့်ကြာအောင် အပတ်ပေါင်း ၆၂၀ ကြိမ်ပတ်ပြေးခဲ့သည့်တိုင်အောင် **ရွရွလေးသာပြေးသည့်အတွက် အိမ်နီးချင်းများအတွက်လည်း အနှောင့်အယှက်မဖြစ်ဟု ဆိုသည်။** Pan Shancu ၏ အိမ်ထဲတွင် အပြေးလေ့ကျင့်နေသောဗီဒီယို သည် လူမှုကွန်ရက်မီဒီယာပေါ်တွင် အလေ့အကျင့်မပြတ်သော Pan Shancu ၏စိတ်ဓာတ်ကြောင့် ချီးကျူးပြောဆိုခံနေရသည်ဟု သိရသည်။

(AP,15.2.2020) အေးယုနိုင်

တိုင်ပတ်အကယ် ၁၅ ပေအမြင့်ရှိသည့် တိုင်ပေါ်မှ ပြုတ်ကျကာ အရိုးကျိုးသွား

တိုင်ပတ်အကသည် ကြည့်ရသူများအတွက် လွယ်သည်ထင်ရသော်လည်း ကရသူများအတွက်မူ မလွယ်လှပေ။ **တိုင်ပတ်အကမယ်များသည် ၁၅ ပေ၊ ပေ ၂၀ အမြင့်ရှိသည့် တိုင်ပေါ်တက်ကာ ပရိသတ်များကို ဖျော်ဖြေကြရသည်၊ ထိုအမြင့်မှ အရှိန်ဖြင့် ပြုတ်ကျလျှင် ဒဏ်ရာအနာတရ ရမည်မှာ သေချာသည်၊** အမေရိကန်ပြည်ထောင်စု တက္ကဆက်စ်ပြည်နယ်မှ တိုင်ပတ်အကမယ် ကပြဖျော်ဖြေနေစဉ် မတော်တဆ ပြုတ်ကျသွားခဲ့သည်။ ယင်းဗီဒီယိုဖိုင်သည် ကြည့်ရှုမှုအကြိမ်ရေ ၁၀ သန်းနီးပါး ရသွားသည်။ ထိုသို့ပြုတ်ကျသည့်အတွက် **မေးရိုးကျိုးသွား၊ သွားပဲ့သွား၊ ခြေကျင်းဝတ်တွင် ဒဏ်ရာရသွားသော်လည်း အကမယ်က တိုင်ပေါ် ပြန်တက်ကာ ဆက်လက် ကပြဖျော်ဖြေခြင်း၊ ဖျော်ဖြေခဲ့သည်၊ ထို့ကြောင့် ထိုအကမယ်နာမည်ကြီးသွားတော့သည်၊** ပြုတ်ကျသဖြင့် ဒဏ်ရာရသွားကြောင်းကို ၎င်းက အင်စတာဂရမ်စာမျက်နှာတွင် ဗီဒီယိုတင်ပြီး ပြောပြသွားသေးသည်။ လူအများအာရုံစိုက်သည်ကို ခံလိုသဖြင့် ဗီဒီယိုတင်ခြင်းမဟုတ်ကြောင်း၊ မိမိကို အားပေး၊ ချီးကျူးကြသူများကို ကျေးဇူးတင်စကား ပြောချင်သဖြင့်ကာ ဗီဒီယိုတင်ခြင်းဖြစ်ကြောင်း ၎င်းက ပြောသွားသေးသည်။

(IT, 14.2.20) ချယ်ရီ

အဘွားမကွယ်လွန်မီ အဘွား၏ဘဏ်စာရင်းမှ ဒေါ်လာ ၄၀၀၀၀၀ နီးပါးခိုးယူမှုပြင့် မြို့တော်ဝန်တရားစွဲခံရ



အမေရိကန်ပြည်ထောင်စု **တန်နက်ဆီပြည်နယ်မှ မြို့တော်ဝန်သည် အဘွားမကွယ်လွန်မီ အဘွား၏ဘဏ်စာရင်းမှ ဒေါ်လာ ၄၀၀၀၀၀ နီးပါး ခိုးယူခဲ့မှုဖြင့် စွဲချက်တင်ခံထားရ**သည်။ အဘွားဖြစ်သူ မာစီလင်ကာပန်တာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် မကွယ်လွန်မီတွင် မောင့်တ်ကာမယ်လ်မြို့၏ လက်ရှိမြို့တော်ဝန် ခရစ္စတိုဖာစကော့တ်ဂျိုးနက်စ်က အဘွား၏ဘဏ်စာရင်းထဲမှ ဒေါ်လာ ၃၉၄၀၀၀ ထုတ်ယူခဲ့သည်ဟု စွပ်စွဲချက်များက ဆိုသည်။ ၎င်းကအဘွားဖြစ်သူ၏ဘဏ်စာရင်းထဲမှ ငွေကို လိုချင်သဖြင့် ဘဏ်ချက်လက်မှတ်ကို ကိုယ်တိုင်ရေးကာ ယင်းချက်လက်မှတ်ဖြင့် ငွေထုတ်ခဲ့သည်ဟု တန်နက်ဆီ စုံစမ်းစစ်ဆေးရေးဗျူရိုက ဆိုသည်။ ရှေ့နေချုပ် ဒန်အမ်းစ်ထရောင်းက တောင်းဆိုလာသဖြင့် အာဏာပိုင်အဖွဲ့က ၂၀၁၉ ခုနှစ် ဩဂုတ်လကစကာ မြို့တော်ဝန်ကိုစုံစမ်းစစ်ဆေးခဲ့သည်။ **ချက်လက်မှတ်အတုများ သုံးခဲ့ကြောင်း သက်သေတွေ့သည်ဟု ဆိုကာ** ရှေ့နေချုပ်က အာဏာပိုင်အဖွဲ့ကို စုံစမ်းစစ်ဆေးခိုင်းလိုက်ခြင်းဖြစ်သည်။ မြို့တော်ဝန်သည် ဒေါ်လာ ၂၅၀၀၀၀ ခိုးယူမှုဖြင့် စွဲချက်တင်ခံထားရပြီး **ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၁၅ နှစ်မှ ၂၅ နှစ်အထိ ကျခံရနိုင်သည်၊ ထိုစွပ်စွဲချက်ကို မြို့တော်ဝန်က ငြိုးဆိုခဲ့**သည်။

(DM, 15.2.20) ချယ်ရီ

ငါးနှစ်သားကလေးက ညီမကိုမီးထဲမှ ဆွဲထုတ်ကယ်တင်လိုက်



အမေရိကန်ပြည်ထောင်စု ကျော်ဂျီယာပြည်နယ်တွင်နေထိုင်သည့် **ငါးနှစ်သားကလေးသည် နှစ်နှစ်အရွယ် ညီမငယ်ကို မီးထဲမှ ဆွဲထုတ်ကယ်တင်လိုက်သည့်အပြင် အိမ်မွေးခွေးကိုပါ သွားကယ်လိုက်သေး**သည့်အတွက်သူရဲကောင်းဟု ချီးမွမ်းခံနေရသည်။ ထို့ပြင် ၎င်းက **အိပ်မောကျနေသည့် မိသားစုကိုပါ သွားနှိုးလိုက်သေး**သည်။ ထို့ကြောင့် ညီမငယ်အပါအဝင် မိသားစုဝင် ခုနစ်ဦးသည် ထိုကလေး၏ကျေးဇူးကြောင့် အသက်ဘေးမှလွတ်သွားကြသည်။ ထိုကလေးနှင့်ညီမငယ်လေး အိပ်နေသည့်အခန်းတွင် မီးစလောင်ခြင်းဖြစ်ပြီး လျှပ်စစ်ပစ္စည်းတစ်ခုမှစလောင်သည်ဟု ယူဆရသော်လည်း အတိအကျကို မီးသတ်က မပြောနိုင်သေးပေ။ မီးစလောင်သည်နှင့် အရင်ဦးဆုံးနိုးလာသည်သူမှာ ငါးနှစ်အရွယ် နိအာဖြစ်သည်။ ၎င်းက ညီမလေးလိလိကို အခန်းထဲမှ ဆွဲထုတ်သွားလိုက်သည်။ ထို့နောက် အခန်းထဲ တစ်ခါပြေးသွားကာ ခွေးကို သွားဆွဲထုတ်ကယ်ပြန်သည်။ ထို့နောက် အိမ်ချင်းကပ်လျက်ဖြစ်နေသည့် ဦးလေးမိသားစုကို သွားနှိုးလိုက်သည်။ ညီမလေးနှင့်ခွေးကို မီးထဲမှ ဆွဲထုတ်ကယ်လိုက်သော်ငြား နိဝါသည် ဒဏ်ရာ အနည်းငယ်သာရသွားသည်။ နိဝါက အသက်ပေါင်းများစွာကို ကယ်လိုက်နိုင်သည့်အတွက် ၎င်းကို မီးသတ်တပ်ဖွဲ့က **ဂုဏ်ထူးဆောင် မီးသတ်တပ်ဖွဲ့ဝင်အဖြစ်** ခန့်အပ်သွားမည်ဖြစ်ပြီး အသက်သခင်ဆုတံဆိပ်ကိုပါ အပ်နှင်းသွားဦးမည်ဖြစ်သည်။

(DM, 15.2.20) ချယ်ရီ

ကမ္ဘာ့ပထမဆုံး ရေပေါ်မြို့ကြီးကို လာမည့် ၁၀ နှစ်အတွင်း အကောင်အထည်ဖော်နိုင်တော့မည်

ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့်ခြိမ်းခြောက်ခံနေရသောဒေသများကိုကယ်တင်နိုင်ရန် သိပ္ပံပညာရှင်များ၏ကြိုးပမ်းချက်တစ်ခုဖြစ်သော **ကမ္ဘာ့ပထမဆုံးရေပေါ်မြို့တော်ကြီးသည် လာမည့် ၁၀ နှစ်အတွင်း အကောင်အထည်ပေါ်လာလိမ့်မည်ဖြစ်သည်ဟု** သိရသည်။

ကုလသမဂ္ဂ၏ဦးဆောင်မှုဖြင့် လုပ်ဆောင်နေသောပရောဂျက်တွင် ရေပေါ်၌ပေါ်နိုင်သောပလက်ဖောင်းများပေါ်၌ နေအိမ်များကိုတည်ဆောက်ကြမည်ဖြစ်သည်။ UN-Habitat ၏ ဒုဒါရိုက်တာ Victor Kisob က ရေပေါ်မြို့ဆိုတာ မဖြစ်နိုင်ဘူးလို့ထင်ရပေမယ့် နည်းလမ်းမှန်ကန်ရင် တကယ်ဖြစ်လာနိုင်ပါတယ်။ နောက်တစ်ဆင့်အနေနဲ့ ပုံစံငယ်တည်ဆောက်ပြီး စမ်းသပ်မှုတွေလုပ်ဆောင်မှာဖြစ်လို့ လာမယ့် ၁၀ နှစ်အတွင်း အကောင်အထည်ပေါ်လာနိုင်ပါတယ်ဟု ဆိုခဲ့သည်။ UN-Habitat သည် Oceanix ကုမ္ပဏီ၊ Massachusetts Institute of Technology ၊The Explorers Club တို့နှင့်ပူးပေါင်းဆောင်ရွက်ချက်ရှိသည်။ **ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပြီး ကမ္ဘာအကြီးဆုံးမြို့ကြီးများ၏ ၉၀ ရာခိုင်နှုန်းသည် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့်အတွက် ရေပေါ်မြို့စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်နေကြသည်ဟု** သိရသည်။

(AP,15.2.2020) အေးယုနိုင်

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး မင်းသားနှင့်မင်းသမီး



အသက် ၄၈ နှစ်အရွယ် မင်းသားကြီး Dwayne Johnson နှင့် အသက် ၃၅ နှစ်အရွယ် ညို့မင်းသမီး Scarlett Johansson တို့သည် ဝင်ငွေအကောင်းဆုံး မင်းသားနှင့် မင်းသမီးဖြစ်ကြသည်ဟု ဖော့ဘ်စ်မဂ္ဂဇင်းကဆိုသည်။ **မင်းသားကြီးသည် ပြီးခဲ့သည့်နှစ်တွင် ဝင်ငွေ ဒေါ်လာ ၈၉ ဒသမ ၄ သန်းရခဲ့ပြီး The Avengers မင်းသမီးက ဝင်ငွေ ဒေါ်လာ ၅၆ သန်းရခဲ့သည်ဟု** အထက်ပါစာရင်းကဆိုသည်။ ဟောလိဝုဒ်တွင် မင်းသားနှင့် မင်းသမီးဝင်ငွေကွာဟမှုသည် ပြောစမှတ်ဖြစ်နေသည်။ ကျား၊ မ ဝင်ငွေကွာဟမှုမည်မျှကြီးမားနေသည်ဆိုသည်ကို ဝင်ငွေအကောင်းဆုံးမင်းသားဆယ်ဦးစာရင်းနှင့် ဝင်ငွေအကောင်းဆုံးမင်းသမီးဆယ်ဦးစာရင်းကို ယှဉ်ကြည့်လျှင် သိနိုင်သည်။ **ဝင်ငွေအကောင်းဆုံးမင်းသမီးဟု ထိပ်ဆုံးတွင်ရပ်တည်နေသည့် စကားလက်ဂျီဟန်ဆင်သည် မင်းသားစာရင်းတွင်ဆိုလျှင် နံပါတ် ရှစ်နေရာတွင်သာ ရှိပေလိမ့်မည်၊ ထိပ်တန်းဝင်ငွေအကောင်းဆုံးမင်းသား ဆယ်ဦး၏ ဝင်ငွေကို စုစုပေါင်းလိုက်လျှင် ယင်းသည် ထိပ်တန်းဝင်ငွေအကောင်းဆုံးမင်းသမီးဆယ်ဦး၏ စုစုပေါင်းဝင်ငွေထက် နှစ်ဆနီးပါးဖြစ်နေသည်။** ထိုမင်းသား၊ မင်းသမီးတို့ ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်အတွင်း ရရှိသည့် ရုပ်ရှင်နှင့်ကြော်ငြာ ဝင်ငွေတို့ကို ဖော့ဘ်စ်က ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်သည်။ ဝင်ငွေအကောင်းဆုံးမင်းသားဆယ်ဦးစာရင်းတွင် ဂျက်ကီချန်းက နံပါတ်ငါးနေရာတွင် ရှိနေပြီး ဘောလိဝုဒ်မင်းသား အက်ရှေကူးမားက နံပါတ်လေးနေရာတွင် ရပ်တည်နေသည်။ **(DM, 15.2.20) ချယ်ရီ**

ကြေးစားလူသတ်သမားများက ဆရာဝန်နှင့် ရဲအယောင်ဆောင်ကာ ထောင်သားကို ဆေးရုံတွင် သတ်လိုက်

ကြေးစားလူသတ်သမားများက ဆရာဝန်နှင့် ရဲအယောင်ဆောင်ကာ မူးယစ်ဆေးဝါးဂိုဏ်းအဖွဲ့ဝင်ထောင်သားကို အီကွေဒေါရှိ ဆေးရုံတွင် သတ်ပစ်လိုက်ပုံ ဗီဒီယိုဖိုင် အွန်လိုင်းတွင် ပျံ့နှံ့လာ သည်။ ထိုထောင်သားသည် **လူသတ်မှုဖြင့် ထောင်ကျနေသူဖြစ်ပြီး အကျဉ်းထောင်ခန်းတစ်ခန်းတည်းတွင် ၎င်းနှင့်အတူနေနေသည့် ထောင်သားက ၎င်းကို သေနတ်ဖြင့်ပစ်လိုက်သော်လည်း ကံကောင်းထောက်မစွာဖြင့် အသက်ဘေးမှလွတ်သွားသူဖြစ်သည်၊** ၎င်း၏ကျောနှင့် ခြေထောက်ထဲ ဝင်သွားသည့် ကျည်ဆန်များကို ဆရာဝန်များက ထုတ်ပေးလိုက်ပြီး ဆေးရုံတွင် အားပြန်ဖြည့်အနားယူနေချိန်တွင် ယင်းအဖြစ်ဆိုးနှင့်ကြုံလိုက်ရခြင်းဖြစ်သည်။ ၎င်းကို **အတူနေထောင်သားက ယင်းသို့နှစ်ကြိမ်တိုင်တိုင် လုပ်ကြံရန်အားထုတ်ဖူးပြီး ၎င်းက နှစ်ကြိမ်စလုံး အသက်ဘေးမှကပ်လွတ်သွားခဲ့သည်၊ သို့သော်ငြား နောက်ဆုံးတစ်ကြိမ်တွင်မူ** ကံကြမ္မာက ၎င်းကို မျက်နှာသာမပေးတော့ပေ။ ဆရာဝန်နှင့် ရဲဝတ်စုံဝတ်ထားသည့် ကြေးစားလူသတ်သမားများက ရဲအစစ်နှင့်အတူ ဆေးရုံထဲ အေးဆေးဆေး ဝင်လာသည်ကို ဗီဒီယိုဖိုင်တွင် မြင်တွေ့ရသည်။ ဆယ်လတ်စ်ဆို သည့် ထောင်သားနေနေသည့် အဆောင်သို့အရောက်တွင် ထိုလူသုံးဦးထဲမှ တစ်ဦးက သေနတ်ကို ဆွဲထုတ်လိုက်ကာ ရဲအစစ်ကိုလည်း သေနတ်ဆွဲထုတ်ခိုင်းလိုက်သည်။ နှစ်ဦးက လက်နက်ပါနေသဖြင့် လမ်းတစ်လျှောက်ရှိ လုံခြုံရေးအချို့လည်း လက်မြှောက်လိုက်ရသည်။ ထို့နောက် ၎င်းတို့က ဆယ်လတ်စ်ဝဲလျောင်းနေသည့်ခုတင်နား ရောက်သွားကာ ဆယ်လတ်စ်ကို သေနတ်ဖြင့်ပစ်သတ်လိုက်တော့သည်။ သံသယဖြစ်ဖွယ်ထိုလူနှစ်ဦးကို အီကွေဒေါရဲတပ်ဖွဲ့က ဖမ်းဆီးရမိသွားပြီဖြစ်သည်။ **ပြိုင်ဘက်မူးယစ်မှောင်ခိုဂိုဏ်းနှစ်ဂိုဏ်း ပစ်ခတ်နေကြပြီး ယခုဖြစ်ပွားသည့် လူသတ်မှုသည် ထိုနှစ်ဖွဲ့၏ ရန်ပြိုးနှင့်ဆက်စပ်နေဖွယ်ရှိသည်ဟု** ဒေသခံမီဒီယာများက ဆိုသည်။

(DM, 15.2.20)

ချယ်ရီ

အမေရိကန်အမျိုးသားက ရည်းစားရှာပေးနိုင်သူအား ဒေါ်လာ ၂၅၀၀၀ ချီးမြှင့်ရန် ကြေညာထား



အမေရိကန်နိုင်ငံ ကန်းဆက်ပြည်နယ်မှ **အသက် ၄၇ နှစ်အရွယ် Bachelor Jeff Gebhart** အမည်ရှိအမျိုးသားသည် **၎င်းအတွက် ရည်းစားရှာပေးနိုင်သူကို ဒေါ်လာ ၂၅၀၀၀ ဆုငွေချီးမြှင့်ရန် ကြေညာထား**သည်ဟု သိရသည်။

ကုန်သွယ်လုပ်ငန်းပိုင်ရှင်တစ်ဦးဖြစ်သော Bachelor Jeff Gebhart က သမားရိုးကျအိမ်ထောင်ဘက်ရှာဖွေခြင်းကို ငြီးငွေ့လာပြီးနောက် ခြောက်လကြာအချိန်ယူကာ အိမ်ထောင်ဖက်ရှာဖွေသည့်ဝက်ဆိုက်ဒ်တစ်ခုကို ဖန်တီးခဲ့သည်။ ဝက်ဘ်ဆိုက်ဒ်တွင် Bachelor Jeff Gebhart နှင့်ပတ်သက်သောအချက်အလက်များ အားလုံးကိုဖော်ပြထားသည်။ Bachelor Jeff Gebhart သည် **ဆုငွေကို တစ်နှစ်လျှင် ဒေါ်လာ ၅၀၀၀ စီဖြင့် ငါးနှစ်ခွဲပေးမည်ဖြစ်ပြီး ကြားထဲတွင် လမ်းခွဲခဲ့ပါက အိမ်ထောင်ဖက်ရှာပေးသူသည် ဆုငွေကို ဆက်လက်ရရှိတော့မည်မဟုတ်ပေ၊** Bachelor Jeff Gebhart ၏ အိမ်ထောင်ဖက်ဖြစ်လိုသူအမျိုးသမီးသည် အရင်ဦးစွာ ညစာစား၊ ရုပ်ရှင်ကြည့်ရမည်မဟုတ်ဘဲ **စိတ်ပညာရှင်များဖန်တီးပေးထားသော သိပ္ပံပညာကို အခြေခံသည့် မေးခွန်းများကို ဖြေကြားရမည်ဖြစ်**သည်။ Bachelor Jeff Gebhart က **၎င်း၏ရည်ရွယ်ချက်မှာ မိမိ၏ဖူးစာရှင်အမှန်ကို ရှာဖွေလိုခြင်းသာဖြစ်သည်ဟု** ဆိုခဲ့ကြောင်း သိရသည်။

(AP,15.2.2020) အေးယုနိုင်

ပရိသတ် ၈၆ ဦးကိုသေဆုံးစေခဲ့သော ကြောက်စရာအကောင်းဆုံးသရဲကားကို ဂျပန်တွင် ပထမဆုံး ရုံတင်ပြသမည်



ကြည့်ရှုသူပရိသတ်များကို သေဆုံးစေနိုင်သည့် ကြောက်စရာအကောင်းဆုံး သရဲကားကို ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ် ရုံတင်ပြသသွားမည်ဟု သိရသည်။

Antrum: The Deadliest Film Ever Made အမည်ရှိသရဲကားသည် အသတ်ခံလိုက်ရသောအိမ်မွေးခွေး၏ ဝိညာဉ်ကို ခရေပြည်အထိ သွားပြန်ခေါ်ပုံကို ရိုက်ကူးထားသည်။ သို့သော် ဒါရိုက်တာများဖြစ်သော David Amito နှင့် Michael Laicini တို့၏ အဆိုအရ ရုပ်ရှင်၏မြှုပ်ကွက်သည် ကျိန်စာသင့်ထားပြီး ယင်းမြှုပ်ကွက်ကိုသိရှိသွားသောပရိသတ်များသည် သေဆုံးရလေ့ရှိသည်။ **၁၉၈၈** ခုနှစ် **Budapest** ရုပ်ရှင်ပွဲတော်၌ပြသစဉ်တွင် ရုပ်ရှင်ရုံမီးလောင်ရာမှ ၅၆ ဦးသေဆုံးခဲ့သလို ၁၉၉၃ ခုနှစ်က **San Francisco** တွင်ပြသစဉ်အခါကလည်း အဆောက်အအုံပေါက်ကွဲမှုဖြစ်ပွားကာ လူ ၃၀ သေဆုံးခဲ့သည်၊ ရုပ်ရှင်ကို ၁၉၇၀ ပြည့်နှစ်တွင် ရိုက်ကူးခဲ့သည်ဟု ဆိုကြသော်လည်း **IMDB** ၌ ၂၀၁၈ ခုနှစ်တွင် ရိုက်ကူးသည်ဟု ဖော်ပြထားသည်၊ လွန်ခဲ့သည့်တစ်နှစ်ကျော်က Brooklyn Horror ရုပ်ရှင်ပွဲတော်၌ Antrum: The Deadliest Film Ever Made ရုပ်ရှင်အကြောင်းသိရှိခဲ့သောထုတ်လုပ်သူ Eric Thirteen သည် Uncork'd Entertainment နှင့်သဘောတူညီချက်ရရှိကာ ၂၀၂၀ တွင် ပြသနိုင်ရန်လုပ်ဆောင်ခဲ့ပြီး ဂျပန်နိုင်ငံတွင် ပထမဆုံးပြသသွားမည်ဖြစ်သည်ဟု သိရသည်။

(AP,15.2.2020) အေးယုနိုင်

ကရင်မလင်တွင် ၎င်းရှိနေသမျှ လိုင်တူအိမ်ထောင်ပြုမှုကို တရားဝင်ဖြစ်စေမည်မဟုတ်ဟု သမ္မတပူတင်ဆို

ရုရှားသမ္မတပူတင်က ကရင်မလင်တွင် ၎င်းရှိနေသမျှကာလပတ်လုံး ရုရှားနိုင်ငံတွင် လိင်တူအိမ်ထောင်ပြုမှုကို တရားဝင်ဖြစ်စေမည်မဟုတ်ဟု ပြောကြားခဲ့သည်၊ မိသားစုတွင် ဖခင်နှင့်မိခင်ဟူ၍သာ ရှိရမည်ဖြစ်ပြီး ရုရှားနိုင်ငံ၏ ရိုးရာအစဉ်အလာအတိုင်း အဆိုပါသတ်မှတ်ယူဆချက်ကို မိဘနံပတ် ၁၊ မိဘနံပတ် ၂ ဟူသည့် အခေါ်အဝေါ်များနှင့် မှောက်လှန်ဖျက်ဆီးစေခွင့်ပြုမည်မဟုတ်ကြောင်း သမ္မတပူတင်က ရှင်းရှင်းလင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံ၏ သမ္မတဖြစ်နေသမျှ ကာလပတ်လုံး မိဘနံပတ် ၁၊ မိဘနံပတ် ၂ ဟူ၍ခေါ်ဆိုမှုများ လုံးဝအဖြစ်ခံမည်မဟုတ်ဟု ယခင်ကလည်း လူသိထင်ရှားပြောကြားထားခဲ့ပြီးဖြစ်ကာ ယခုတွင်လည်း ဖခင်နှင့်မိခင်ဟူ၍ သာရှိရမည်ဟု ထပ်လောင်းပြောကြားပါဦးမည်ဟု သမ္မတပူတင်က ပြောကြားသွားခဲ့ခြင်းဖြစ်သည်။ ဆယ်စုနှစ်နှစ်စုမျှ အာဏာလက်ကိုင်ရရှိထားခဲ့သည့် သမ္မတပူတင်က ရုရှားနိုင်ငံကို အနောက်တိုင်းစံနှုန်းမှုများနှင့် ကွာဝေးမှုရှိစေခဲ့ပြီး **လိင်တူဆက် ဆံမှုများနှင့် လိင်နှစ်သက်ဦးတည်မှုမတည်ငြိမ်ပြောင်းလဲမှုများနှင့်ပတ်သက်၍လည်း တင်းကျပ်ထားခဲ့**သည်။ လိင်တူချင်းထိမ်းမြားမှုနှင့်ပတ်သက်၍ သမ္မတပူတင်၏ ပြတ်သားသည့်မှတ်ချက်ကြောင့် ရုရှားနိုင်ငံတွင် လိင်တူချင်းအိမ်ထောင်ပြုခွင့်ဥပဒေအဖြစ် ပြောင်းလဲသတ်မှတ်ပေးမှုအတွက် လိင်တူအခွင့်အရေးလှုပ်ရှားထောက်ခံသူများ၏ မျှော်လင့်ချက်မှာ ဝေးကွာနေဆဲပင်ဖြစ်သည်။

(Reuters, 15.2.2020) သံသာ

၇၅ နှစ်အရွယ်က ကမ္ဘာ့အသက်အကြီးဆုံး ကြေးစားဘောလုံးသမားဖြစ်ရန် ကြိုးစားနေ



ကြေးစားဘောလုံးသမားဖြစ်လာရန်ဆိုသည့် အိပ်မက်သည် အက်ဖ်အယ်လ်ဒင်ဘဒါအတွက် မည်သို့မှ လက်လှမ်းမမီနိုင်သည့်အိပ်မက်ဖြစ်ခဲ့သည်။ သို့သော် အသက် ၇၅ နှစ်အရောက်တွင်မူ ကံပေါ်လာသည်။ ၎င်းက အီဂျစ်ဘောလုံးအဖွဲ့အစည်းထဲဝင်ခွင့်ရသွားပြီဖြစ်ပြီး ယင်းအဖွဲ့အစည်းတွင် အသက်အကြီးဆုံးဘောလုံးသမားဖြစ်လာသည်။ **သားသမီးလေးဦးရှိကာ မြေးခြောက်ဦးရှိသည့် ဘဒါသည် ခြောက်နှစ်သားအရွယ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ လမ်းကြုံလမ်းကြားများထဲတွင် ဘောလုံးစကန်ခဲ့သည်၊** သို့သော် အရွယ်ရောက်လာသည့်အခါ အတိုင်ပင်ခံပြုံ့ပြုအင်ဂျင်နီယာအလုပ်ဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ ဘောလုံးကို **အပျော်တမ်းအဆင့်အနေဖြင့် ဆက်ကန်နေသော်လည်း တစ်နေ့တွင် ကြေးစားအဆင့် ဘောလုံးသမားဖြစ်လာရမည်ဆို သည့် အိပ်မက်ကို စွန့်လွှတ်လိုက်ရသည်၊** သို့သော် ဘောလုံးစကန်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိလာချိန်တွင် ၎င်းက ကလေး ဘဝ အိပ်မက်ကိုအကောင်အထည်ဖော်ကာ ဘောလုံးအသင်းများတွင် လျှောက်လှာသွားတင်ခဲ့သည်။ နောက်ဆုံး အောက်တိုဘာလ ၆ ရက်တွင်မှ **အီဂျစ်အသင်းတစ်သင်းက ၎င်းကို လက်ခံလိုက်သည်၊ ၎င်းက ထိုအသင်းနှင့် ဘောလုံးကန်လေ့ကျင့်နေပြီဖြစ်သည်၊** ကမ္ဘာ့အသက်အကြီးဆုံး ကြေးစားအဆင့် ဘောလုံးသမားအဖြစ် **သတ်မှတ်ခံရရန်အတွက်ဆိုလျှင် မိနစ် ၉၀ ကြာသည့် ဘောလုံးပွဲနှစ်ပွဲကန်ဖူးရမည်ဖြစ်သည်၊** ထို့ကြောင့်လည်း ၎င်းက ယခုကဲ့သို့ သည်းကြီးမည်းကြီးလေ့ကျင့်နေခြင်းဖြစ်ပြီး ယင်းတာဝန်ကို မတ်လတွင် အောင်မြင်အောင်လုပ်နိုင်မည်ဟု ၎င်းက မျှော်လင့်ထားသည်။ ဒုတိယဘောလုံးပွဲကို ၎င်းကန်သည့်အခါ ကမ္ဘာ့စံချိန်ပြုစုရေးအဖွဲ့မှ ကိုယ်စားလှယ်ကကွင်းထဲ ကိုယ်တိုင်လာကြည့်မည်ဖြစ်သည်။

(TG, 15.2.20) ချယ်ရီ

လွမ်းဆွတ်တမ်းတနေသည့်မိခင်က သေဆုံးသွားသည့် ခုနစ်နှစ်အရွယ်သမီးငယ်လေးနှင့် ပုံရိပ်ယောင်ကမ္ဘာထဲ ပြန်လည်ဆုံတွေ့နိုင်ခဲ့

အသက် ခုနစ်နှစ်အရွယ်လေးနဲ့ သေဆုံးသွားခဲ့ရတဲ့ သမီးငယ်လေးကို လွမ်းဆွတ်တမ်းတနေရပြီး ဒုနစ်ဉီးနဲ့အမျှ ကြေကွဲဝမ်းနည်းနေရတဲ့ မိခင်ဖြစ်သူက ဆုံးရှုံးလိုက်ရတဲ့သမီးငယ်လေးကို VR ပုံရိပ်ယောင်နည်းပညာအသုံးပြုပြီး ပြန်လည်ဆုံတွေ့ ထိတွေ့ခွင့်ရသလို ခံစားခဲ့ရတယ်လို့သိရပါတယ်။ တောင်ကိုရီးယားနိုင်ငံမှ Meeting You ဆိုတဲ့ ရုပ်သံအစီအစဉ်တစ်ခုကနေ ထုတ်လွှင့်ခဲ့တာမှာ ကွယ်လွန်သွားခဲ့ပြီးဖြစ်တဲ့ နာယွန်းဆိုတဲ့ ခုနစ်နှစ်အရွယ် သမီးငယ်လေးကို မိခင်ဖြစ်သူက VR ကိရိယာတွေဆင်မြန်းပြီး လက်တွေ့ပြန်လည်ဆုံစည်းခွင့်ရသလို မျိုး မြင်တွေ့ခံစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ပုံရိပ်ယောင်ကမ္ဘာထဲမှာ သမီးလေးနဲ့ အပြန်အလှန်စကားပြောနိုင်ခဲ့ပြီး သမီးလေးကို ထွေးပွေ့နိုင်ခဲ့တယ်လို့ မိခင်ဖြစ်သူကျန်ကျိဆန်က ဆိုပါတယ်။ ကိုရီးယားကုမ္ပဏီဖြစ်တဲ့ MBC ကနေ ကွယ်လွန်သူနာယွန်းလေးရဲ့ မျက်နှာသွင်ပြင်၊ ခန္ဓာကိုယ်၊ အသံနဲ့ လှုပ်ရှားမှုအပြုအမူဟန်ပန်တွေကအစ တစ်ထေရာတည်းနီးပါး တူညီအောင် ဒီဇိုင်းဖန်တီးခဲ့တာလို့သိရပါတယ်။ ပုံရိပ်ယောင်ကမ္ဘာထဲက နာယွန်းလေးက မိခင်ဖြစ်သူကို လွမ်းဆွတ်နေတဲ့အကြောင်း၊ အဝေးမှာရှိနေပေမယ့် သတိရနေပြီး စိတ်မပူဖို့ ပြောကြားခဲ့ပြီး နောက်ဆုံးမှာတော့ အိပ်စက်တော့မယ်ဆိုပြီး အိပ်ရာထဲလဲချကာ မိခင်ဖြစ်သူကို နှုတ်ဆက်သွားခဲ့ပါတယ်။ နာယွန်းလေးနဲ့ မိခင်တို့ ဆုံစည်းနေတာကို ကျန်တဲ့မိသားစုဝင်တွေက လည်း အပြင်ကနေ မြင်တွေ့ခွင့်ရခဲ့ပြီး မျက်ရည်ခံတွေကျခဲ့ကြတယ်လို့ သိရပါတယ်။

(DM 15.2.2020) သံသာ

အဓမ္မပြုကျင့်ရန်လုပ်လာသဖြင့် အမျိုးသား၏လိင်တံကို အမျိုးသမီးက ဖြတ်ပစ်လိုက်



အမျိုးသားက **အဓမ္မပြုကျင့်ရန် လုပ်လာသဖြင့် ထိုအမျိုးသား၏ လိင်တံကို အမျိုးသမီးက ဖြတ်ပစ်လိုက်မှု ပါကစ္စတန်တွင်ဖြစ်ပွားခဲ့ကြောင်း** သိရသည်။ ပန်ဂျပ်ပြည်နယ်ရှိ အိမ်တွင် တစ်ဦးတည်း ဖြစ်နေစဉ် ထိုလူက အိမ်ထဲ အတင်းဝင်လာကြောင်း၊ ထို့နောက် မိမိကိုမဖွယ်မရာလုပ်ရန် အားထုတ်ကြိုးပမ်းကြောင်း၊ **မိမိလည်း ကြောက်ကြောက်လန့်လန့်ဖြင့် မီးဖိုထဲပြေးဝင်သွားကာ ဓားကို ဆွဲယူလိုက်ကြောင်း၊ ထို့နောက် ထိုလူ၏ လိင်တံကို ဖြတ်ပစ်လိုက်ကြောင်း** အသက် ၂၅ နှစ်အရွယ် အမျိုးသမီးက ထွက်ဆိုသည်ဟု ရဲမှူး မိုဟာမက်အီယက်စ်က သတင်းဌာနများကို ပြောသည်။ အသက် ၂၈ နှစ်အရွယ် အမျိုးသားကို နီးစပ်ရာဆေးရုံသို့အမြန်ဆုံးပို့ကာ ကုသမှု ပေးလိုက်ကြောင်း ရဲမှူးက ဆက်ပြောသည်။ တရားခံအမျိုးသားသည် ဆေးရုံမှ ဆင်းလာပြီဟု ယူဆရသည်။ **အဆိုပါအမျိုးသားနှင့် အမျိုးသမီးသည် တစ်ဦးနှင့်တစ်ဦး သိကျွမ်းကြပြီး အမျိုးသားသည် အခြား အမျိုးသမီးနှင့် လက်ထပ်ရန်လုပ်နေစဉ် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်၊** ယင်းအမှုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေပြီဖြစ်သည်။

(DM, 14.2.20) ချယ်ရီ

မာလာလာကိုသတ်ရန်ကြိုးပမ်းခဲ့သည့် တာလီဘန်သေနတ်သမား ထောင်မှထွက်ပြေးလွတ်မြောက်

နိုဘယ်ငြိမ်းချမ်းရေးဆုရှင် မာလာလာကို သတ်ရန်ကြိုးပမ်းခဲ့သည့် တာလီဘန်သေနတ်သမားက ပါကစ္စတန်ထောင်မှ ထွက်ပြေးလွတ်မြောက်လာပုံကို လူမှုကွန်ရက်တွင် ကြွားဝါပြောဆိုလိုက်သည်၊ ၎င်းက ၂၀၁၂ ခုနှစ်တွင် မာလာလာ လိုက်ပါလာသည့်ကျောင်းကားပေါ်တက်ကာ မာလာလာ၏ဦးခေါင်းကို သေနတ်ဖြင့် ပစ်ခဲ့သည်။ ပြီးခဲ့သည့် တစ်လနီးပါးက ထောင်မှ ထွက်ပြေးလွတ်မြောက်လာကြောင်း ၎င်းက ကြွားဝါပြောဆိုသွားခဲ့သည်။ ပါကစ္စတန်အာဏာပိုင်များထံ မိမိက ၂၀၁၇ ခုနှစ်တွင် အဖမ်းခံလိုက်ပြီးနောက် အာဏာပိုင်အဖွဲ့နှင့် သဘောတူညီချက်ရခဲ့ကြောင်း၊ အိမ်တွင်သာ မိသားစုနှင့်အတူ နေအိမ်အကျယ်ချုပ်ကျခံမည်ဟု ၎င်းကပြောခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသွားခဲ့သည်။ သို့သော် အာဏာပိုင်များက ယင်းကတိကို မတည်သဖြင့် မိမိလည်း ထွက်ပြေးလာလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထိုပြောကြားချက်နှင့်ပတ်သက်၍ အာဏာပိုင်ဘက်က မည်သို့မှ မပြောသေးပေ။ မိန်းကလေးများ ပညာသင်ကြားခွင့်ရရေးအတွက် မာလာလာက ကြိုးစားခဲ့သဖြင့် အာဆန်ဆိုသည့် ထိုတာလီဘန်သေနတ်သမားက မာလာလာကို သတ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ **ခေါင်းတွင် သေနတ်ဒဏ်ရာ ရပြီးနောက် မာလာလာသည် ဗြိတိန်သို့ လေယာဉ်ဖြင့်ရောက်သွားသည်၊** ၎င်းသည် ယင်းတွင် ဆေးကုသမှုခံယူပြီး ပြန်ကောင်းလာကာ ၂၀၁၄ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု ရသွားသည်၊ **ထို့နောက် ကျောင်းပြီးသွားကာ အောက်စ်ဖို့ဒ်တက္ကသိုလ်မှ ဘွဲ့ရသွားသည်၊** အာဆန်ဆိုသည့် အထက်ပါလူသည် ပါကစ္စတန်၊ အာဖဂန်နယ်စပ်ရှိ တောင်တန်းထူထပ်သည့်နေရာတွင် ပုန်းအောင်းနေဖွယ်ရှိသည်ဟု လုံခြုံရေးသတင်းရင်းမြစ်များက အခိုင်အမာယူဆသည်။

(DM, 14.2.20) ချယ်ရီ

အီတလီမြို့တွင် အထီးကျန်သူများလွန်းသဖြင့် အထီးကျန်မှုကို ဖြေရှင်းပေးမည့်ကောင်စီဝင် ခန့်အပ်လိုက်ရ



အီတလီမြောက်ပိုင်းရှိ မြို့လေးကို အုပ်ချုပ်နေရသည့် မြို့တော်ဝန်က ၎င်း၏ မြို့လေးတွင် အထီးကျန်သူများပြားလွန်းလှသည်ဟုဆိုကာ ယင်းပြဿနာကို ဖြေရှင်းပေးမည့်ကောင်စီဝင် ခန့်အပ်လိုက်သည်၊ အန်တိုနယ်လီအာဂန်တီသည် လူဦးရေ ၅၄၀၀ ခန့်ရှိသည့် ဒီလာဒယ်ကွန်တီမြို့လေးတွင် ပြီးခဲ့သည့်နှစ် မေလမှစကာ မြို့တော်ဝန်ဖြစ်လာသည်။ မြို့ခံအများစုသည် အထီးကျန်နေကြသည်ဟု ၎င်းကဆိုသည်။ 'ကျွန်မ မြို့တော်ဝန်စဖြစ်ဖြစ်ချင်းလောက်မှာ မြို့ခံတွေက ကျွန်မနဲ့လာတွေ့ပြီး သူတို့ပြဿနာတွေ လာတင်ပြကြတယ်။ လာတဲ့လူတွေကတော့ လူကြီးတွေရော၊ လူငယ်တွေရော၊ ယောကျ်ားတွေရော၊ မိန်းမတွေပါပါတယ်။ **သူတို့ပြဿနာတွေက အမျိုးမျိုးဆိုပေမယ့် အကြမ်းဖျင်းအားဖြင့် ပြောလိုက်ရင်တော့ အထီးကျန်မှုပဲ၊** တစ်ယောက်တည်း ထီးထီးကြီးဖြစ်နေကြပြီး ဆွေမျိုးမိတ်ဆွေတွေနဲ့ အဆက်အစပ်မရှိ၊ အကူအညီ မရတာပဲ' ဟု မြို့တော်ဝန်က ဆိုသည်။ **လူမှုရေးမူဝါဒကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဂရာဇီလာဝစ်ရီသည် အထီးကျန်မှုကို ဖြေရှင်းပေးမည့် ကောင်စီဝင်အဖြစ် ခန့်အပ်ခံလိုက်ရသည်၊** ဒေသခံများသည် ထိုကောင်စီဝင်ကိုသာမက မြို့တော်ဝန်ထံကိုပါ ဖုန်းဆက်ပြီး ပြဿနာများကို တင်ပြနိုင်ပြီဖြစ်သည်။

(TG, 15.2.20) ချယ်ရီ

မော်တော်ကားအရွယ်ရှိ လိပ်ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိ

မော်တော်ကားတစ်စီးစာလောက် အရွယ်အစားရှိတဲ့ လိပ်ရဲ့ရုပ်ကြွင်းတွေကို တောင်အမေရိကမြောက်ပိုင်းမှာ တူးဖော်တွေ့ရှိခဲ့ထယ်လို့သိရပါတယ်။ Stupendemys geographicus ဆိုတဲ့ လိပ်အမျိုးအစားဖြစ်ပြီး ဒီလိပ်တွေက **လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၃ သန်းနဲ့ ၇ သန်းလောက်ကြားရှင်သန်နေထိုင်ခဲ့ကြတဲ့လိပ်အမျိုးအစားလို့သိရပါတယ်။** ကိုလံဘီယာနိုင်ငံ၊ တာတာကိုရာသဲကန္တာရနဲ့ ဗင်နီဇွဲလားနိုင်ငံ၊ အူရူမာကိုဒေသတွေမှာ လိပ်ရုပ်ကြွင်းတွေကို တူးဖော်တွေ့ရှိခဲ့တာလို့ သိရပါတယ်။ **၁၃ ပေလောက်ရှိတဲ့ ဒီလိပ်အမျိုးအစားရဲ့ ပထမဦးဆုံးရုပ်ကြွင်းကိုတော့ ၁၉၇၀ ပြည့်နှစ်လောက်က တူးဖော်တွေ့ရှိထားခဲ့တာဖြစ်ပါတယ်။ ဆလွန်းကား တစ်စီးလောက်အရွယ်အစားရှိတဲ့ ဒီလိပ်တွေက အမေဇုန်နဲ့ အိုရီနိုကိုမြစ်တွေ မဖြစ်ပေါ်လာခင်က တောင်အမေရိကမြောက်ပိုင်းရဲ့ကြီးမားကျယ်ပြန့်တဲ့စိမ့်မြေတစ်ခုမှာ ကျက်စားနေထိုင်ခဲ့ကြတယ်** လို့ သုတေသီတွေက ဆိုပါတယ်။ လိပ်ထီးတွေမှာ အခွံရဲ့တစ်ဖက်တစ်ချက်ဆီမှာ ဦးခေါင်းတွေနဲ့အတူ ယှဉ်တွဲနေထိုင်ခဲ့ကြတယ်လို့ သုတေသီတွေက သုံးသပ်ကြပါတယ်။ **ဒီလိပ်တွေက သေးငယ်တဲ့သတ္တဝါတွေ၊ အသီးအရွက်တွေ၊ အသီးအနှံနဲ့ အစေ့အဆန်တွေကိုလည်း စားသုံးကြတယ်** လို့ သုတေသီတွေက ဆိုပါတယ်။

(BBC, 15.2.2020) သံသာ

မျက်နှာဖုံးတပ်ဆင်ရန်ငြင်းဆန်ခဲ့သော ကိုယ်ကာယဗလမောင်မှာ Coronavirus ကြောင့် သေဆုံး



တရုတ်နိုင်ငံမှ အသက် ၇၂ နှစ်အရွယ် ကိုယ်ကာယဗလမောင် ချန်ပီယံဟောင်းကြီးတစ်ဦးသည် မျက်နှာဖုံးတပ်ရန်ငြင်းဆန်ခဲ့ပြီးနောက် Coronavirus ရောဂါပိုးကူးစက်ခံရကာ သေဆုံးခဲ့သည်ဟု သိရသည်။

ဟူဘေးပြည်နယ် ဝူဟန်မြို့မှ **Qiu Jun** သည် ဇေဖော်ဂါရီလ ၆ ရက်တွင် အဆုတ်ရောင်ရောဂါကဲ့သို့သောရောဂါလက္ခဏာများကိုခံစားရပြီးနောက် ဆေးရုံတွင် လေးရက်သာ အသက်ရှင်နိုင်ခဲ့သည်၊ **Qiu Jun** သည် ၂၀၀၃ ခုနှစ်က အသက် ၅၆ နှစ်အရွယ်တွင် ကိုယ်ကာယလေ့ကျင့်ခန်းများစတင်ပြုလုပ်ကာ ကိုယ်ကာယဗလမောင်ချန်ပီယံဆုပေါင်းများစွာကိုသိမ်းပိုက်နိုင်ခဲ့သဖြင့် တရုတ်နိုင်ငံ၌ လူသိများသူတစ်ဦးလည်းဖြစ်သည်။ ဝူဟန်မြို့၌ Coronavirus ပြန့်ပွားမှုကြောင့် မြို့ကိုပိတ်ဆို့ထားချိန်တွင် **Qiu Jun** သည် အားကစားခန်းမသို့ အသွားမမျက်သည့်အပြင် မျက်နှာဖုံးတပ်ရန်လည်း ခေါင်းမာစွာငြင်းဆန်၍ စနစ်တကျလက်ဆေးလေ့မရှိပေ၊ Qiu Jun သည် အဖျားတက်ကာ Wuhan Red Cross Hospital သို့ ရောက်ရှိလာပြီး လေးရက်အကြာတွင် သေဆုံးသွားခဲ့သည်ဟု သိရသည်။

(AP,15.2.2020) အေးယုနိုင်

အဟောင်းဆိုင်ကနေ ၁၇ ဒေါ်လာနှင့်ဝယ်ခဲ့သည့် ကြွေပန်းကန်ပြားကို လေလံတင်ရောင်းချရာ ဒေါ်လာသုံးသောင်းကျော်ရရှိ

၁၉၈၂ ခုနှစ်က အဟောင်းဆိုင်တစ်ဆိုင်ကနေ ၁၇ ဒေါ်လာပေးပြီး ဝယ်ခဲ့တဲ့ ကြွေပန်းကန်ပြားတစ်ချပ်ကို ဗြိတိန်နိုင်ငံမှာ လေလံတင်ရောင်းချခဲ့တာမှာ ဒေါ်လာ ၃၂၀၀၀ ကျော်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီကြွေပန်းကန်ပြားကို ပြင်သစ်နိုင်ငံ၊ ဗင်ဆင်နက်စ်မြို့မှာ ၁၇၅၄ ခုနှစ်၊ ဘုရင်လူးဝစ် ၁၅ အုပ်ချုပ်စဉ်ကာလက ပြုလုပ်ထားခဲ့တာလို့ သိရပါတယ်။ ဂျူဒစ်ဟောင်းဝဒ်ဆိုသူအမျိုးသမီးက ၁၉၈၂ ခုနှစ်မှာ ဒီရှေးဟောင်းကြွေပန်းကန်ပြားကို အင်္ဂလန်နိုင်ငံ၊ ဟန်ဂါဖို့ဒ်မြို့က အဟောင်းဆိုင်တစ်ဆိုင်ကနေ ၁၇ ဒေါ်လာပေးပြီး ဝယ်ယူဖြစ်ခဲ့တာလို့ သိရပါတယ်။ သူက ထူးခြား တဲ့ ရှားပါးရှေးဟောင်းပစ္စည်းတွေဆိုရင် မျက်စိကျတတ်သူဖြစ်ပြီး တကယ့် ရတနာကို ရွေးဝယ်ဖြစ်ခဲ့တာပါလို့ ဂျူဒစ်



ရဲ့သမီးဖြစ်သူရှားလော့ဟောင်းဝဒ်က ဆိုပါတယ်။ Wooley & Wallis လေလံဌာနကနေ ရောင်းချခဲ့တာမှာ ဒေါ်လာ ၃၂၆၁၅ နဲ့ လေလံရောင်းထွက်သွားခဲ့တာဖြစ်ပါတယ်၊ ဂျူဒစ်ရဲ့ ရှေးဟောင်းပစ္စည်းစုဆောင်းမှုထဲမှာ ပြင်သစ်နိုင်ငံရဲ့နောက်ဆုံးဘုရင်မ မာရိမန်တိုနက်တီရဲ့အကိုတော်အာခဒုခ်ဖာဒီနန်အတွက် ပြုလုပ်ထားတဲ့ ပန်းကန်ပြားလည်းပါရှိပြီး လေလံရောင်းချခဲ့တုန်းက ဒေါ်လာ ၄၈၄၀၀၈ ရရှိခဲ့တယ်လို့သိရပါတယ်။

(UPI, 15.2.2020) သံသာ

တရုတ်ကုမ္ပဏီတစ်ခုက အလုပ်လာသည့်ဝန်ထမ်းများအား ပိုးသတ်ဆေးဖျန်းပေးမည့်အထူးလိုဏ်ခေါင်းတစ်ခု ဖန်တီးတည်ဆောက်ထား

တရုတ်နိုင်ငံ ချုံကင်းမြို့မှကုမ္ပဏီတစ်ခုသည် အလုပ်လာသည့်ဝန်ထမ်းတိုင်းကို အထူးပြုလုပ်ထားသည့်လိုဏ်ခေါင်းအားဖြတ်ကျော်စေကာ ပိုးသတ်ဆေးဖျန်းပေးလျက်ရှိသည်ဟု သိရသည်။

ယခုရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံတွင် **နှစ်ကူးအားလပ်ရက်များကုန်ဆုံးသွားပြီဖြစ်သည့်အတွက် ဝန်ထမ်းများမှာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ကြပြီဖြစ်ပြီး ကုမ္ပဏီတစ်ခုက coronavirus ရောဂါပိုးကူးစက်ပြန့်ပွားမှုကိုကာကွယ်ရန် အထူးလိုဏ်ခေါင်းတစ်ခုကို ဖန်တီးခဲ့ခြင်းဖြစ်**သည်။ အလုပ်သမားများသည် လိုဏ်ခေါင်းကိုဖြတ်သည့်အခါတိုင်း ထည့်သွင်းထားသည့်ဆင်ဆာများက အလုပ်လုပ်ကာ အလုပ်သမား၏ တစ်ကိုယ်လုံးကို ပိုးသတ်ဆေးများဖျန်းပေးလိမ့်မည်ဖြစ်သည်။ **ချုံကင်းမြို့မှာလည်း coronavirus ကြောင့် ပိတ်ဆို့ခံထားရသည့်မြို့တစ်ခုဖြစ်ပြီး ဇေဖော်ဂါရီလ ၁၀ ရက်မှစတင်ကာ မြို့၏အဝင်အထွက်ကို တင်းကျပ်ထားခဲ့သည်၊** စီးပွားရေးလုပ်ငန်းများတွင်လည်း အလုပ်သမားများမှာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လာပြီဖြစ်သည့်အတွက် ရောဂါပိုးပြန့်ပွားမှုကိုထိန်းချုပ်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

(AP,15.2.2020) အေးယုနိုင်

ပြည်မြန်မာ K pop news ကိုရီးယား အနုပညာသတင်း

ချယ်ရီ



အင်စတာဂရမ်မှာ ဝရိသတ်သန်း ၂၀ ရတဲ့ ပထမဦးဆုံးအမျိုးသား ကေပေါ့ပ်နာမည်ကျော် Chanyeol

EXO အဖွဲ့ဝင် Chanyeol ဟာ အင်စတာဂရမ်မှာ ဝရိသတ်သန်း ၂၀ ရတဲ့ ပထမဦးဆုံးအမျိုးသား ကေပေါ့ပ်နာမည်ကျော်ဖြစ်သွားပါပြီ။ BLACKPINK အဖွဲ့ဝင် Lisa က ဝရိသတ် ၂၉ ဒသမ ၁ သန်းရထားတာပါ။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

သူ့အကောင့်ကို ဟက်ပို့လုပ်နေတဲ့လူတွေကို သတိပေးလိုက်တဲ့ IU

သူ့အင်စတာဂရမ်အကောင့်ကို ဟက်ဖို့ကြိုးစားနေတဲ့လူတွေကို IU က သတိပေးလိုက်ပါပြီ။ သူ အကောင့်မသုံးတာကြာပြီဖြစ်ပေမယ့် ပြီးခဲ့တဲ့ရက်ပိုင်းက ဖွင့် ကြည့်တဲ့အခါ မသက်စရာတွေ တွေ့ရကြောင်း၊ သူ့စကားဝှက် (password) ကို ရဖို့ ကြိုးစားနေတဲ့လူတွေရှိတယ်လို့ မက်ဆေ့ချ်တွေလည်း ဝင်နေကြောင်း သူက ဆိုပါတယ်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းများအတွက် EIA/SIA လုပ်ငန်းများကို တင်ဒါခေါ်ယူဆောင်ရွက်မည်



ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းများဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း နှင့် ဘူမိနှင့် မြေမျက်နှာသွင်ပြင် စစ်တမ်းကောက်ယူမှု လုပ်ငန်းများ(EIA/SIA)ကို တင်ဒါခေါ်ယူဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။

"အခုဆိုရင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူစာချုပ်နဲ့ အစုရှယ်ယာတွေ နဲ့ သက်ဆိုင်တဲ့ သဘောတူစာချုပ်တွေကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီးကပြောသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းအတွက် ၆၀၇ ဒသမ ၈၈ ဧက၊ စက်မှုဇုန်စီမံကိန်းအတွက် ၂၄၄၆ ဒသမ ၀၇ ဧကနှင့် အဆင့်မြင့် အိမ်ရာစီမံကိန်းအတွက် ၁၂၃၅ ဒသမ ၃၇ ဧကတို့ပါဝင်ကြောင်း သိရသည်။

ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Consortium နှင့် မြန်မာဘက်မှ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ၄၂ ခုပါဝင်သော မြန်မာ-ကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုး(လ်)ဒင်းကုမ္ပဏီအုပ်စုများနှင့် သက်ဆိုင်သော ကုမ္ပဏီတို့ ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ ရေနက်ဆိပ်ကမ်းစီမံကိန်းကို CITIC Consortium မှ ရာယ်ယာ ၇၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ မြန်မာဘက်မှ ၃၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း အဆင့်လိုက် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖြင့် စတင်အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စက်မှုဇုန်စီမံကိန်းကို လည်း CITIC Consortium ဘက်မှ ရှယ်ယာအချို့း ၅၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ မြန်မာဘက်မှ ၄၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး

ပါမောက္ခချုပ်ဆရာတော် သက်တော် ၈၀ ပြည့် ပတ္တမြားရတု ဝိဇာတမွေးနေ့မင်္ဂလာပွဲ မတ်လတွင် ကျင်းပပြုလုပ်မည်



စစ်ကိုင်းမြို့ သီတဝုကမ္ဘာ ဗုဒ္ဓတက္ကသိုလ်နှင့် အဘိမွာတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနာန္ဒမာလာဘိဝံသ၏ သက်တော် ၈၀ ပြည့် ပတ္တမြားရတု ဝိဇာတမွေးနေ့မင်္ဂလာပွဲကို မတ်လ ၁၉ ရက်မှ ၂၁ ရက်အထိကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မဟာသုဗောဓာရုံကျောင်းတိုက်မှ ဖေဖော်ဝါရီလ ၁၄ ရက်တွင် သိရသည်။

"ဆရာတော်ကြီးကို ပူဇော်တဲ့အနေနဲ့ သက်တော် ၈၀ ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ်ထုတ်မယ်၊ ဆွမ်းကြီးလောင်းမယ်၊ ညတရားပွဲ ကျင်းပမယ်၊ ဆရာတော်ကြီးအပါး ၂၀၀ နဲ့ပင့်သံဃာအပါး ၁၀၀၀ ၊ သီလရှင်အပါး ၂၀၀ ကို ပင့်ဖိတ် လှူဒါန်းဖို့စီစဉ်ထားတယ်"ဟု မဟာသုဗောဓာရုံကျောင်းတိုက်မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။

ပါမောက္ခချုပ်ဆရာတော် ဝိဇာတမွေးနေ့မင်္ဂလာပွဲတွင် အထူးပင့်သံဃာအပါး ၈၀ကို တစ်ပါးလျှင် ဝတ္ထုဒွေကျပ်သုံးသိန်း၊ ဆွမ်းကြီးလောင်းပင့်သံဃာအပါး ၅၀၀ တို့အားတစ်ပါးလျှင် အလှူဒွေကျပ် တစ်သိန်းစီ၊ ပင့်သီလရှင်အပါး ၂၀၀ အတွက် အလှူဒွေ ကျပ် ငါးသောင်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော်သည် ၁၉၄၀ ခုနှစ်၊ မတ်လ ၂၂ ရက်တွင် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ တွင်ဖွားမြင်ခြင်းဖြစ်ပြီး သာသနာပြုလုပ်ငန်းများကို မြန်မာနိုင်ငံတွင်သာမက ဂျာမကီ၊ နယ်သာလန်၊ဩစတြေးယား၊ အင်္ဂလန်၊ စကၤာပူ၊ မလေးရှား၊ ကိုးရီးယားနိုင်ငံများသို့ ကြွရောက်ကာ အဘိဓမ္မာသင်တန်းများ သင်ကြားပို့ချပေးမှုရှိကြောင်း သိရသည်။

ရှိန်းဝင်းထိုက်(ဓာတ်ပုံ - Nay Lin)

စိန်ခေါ်ခွင့်ရထားသည့်ပြိုင်ဘက် ဒဏ်ရာပြဿနာရှိနေခဲ့သော်လည်း အောင်လအန်ဆန် မစ်ဒယ်ဝိတ်ကမ္ဘာချန်ပီယံကာကွယ်ပွဲထိုးရန် စာချုပ်ချုပ်ဆို

မကြာခင်ရက်ပိုင်းအတွင်းကမှ အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာချန်ပီယံခါးပတ်ကို စိန်ခေါ်ထိုးသတ်ခွင့်ရရှိသည့် နယ်သာလန်နိုင်ငံသား ဇိုက်တာ ရီနီယာဒီရိက်တာသည် ဒဏ်ရာပြဿနာရှိနေခဲ့သော်လည်း အောင်လအန်ဆန်က ၎င်း၏မစ်ဒယ်ဝိတ်တန်း ကမ္ဘာချန်ပီယံခါးပတ်ကာကွယ်ပွဲထိုးသတ်သွားရန်အတွက် စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။

ONE MMA(Mixed Martial Arts) ကိုယ်ခံပညာဆိုင်းပေါင်းစုံပြိုင်ပွဲ၌ လိုက်ဟဲဗီးဝိတ်တန်း နှင့်မစ်ဒယ်ဝိတ်တန်း ကမ္ဘာချန်ပီယံခါးပတ်နှစ်ခုကို ရရှိထားသော ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် ပြီးခဲ့သော အောက်တိုဘာလက နောက်ဆုံးထိုးသတ်ခဲ့သည့် MMA ပွဲတွင် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာချန်ပီယံခါးပတ်ကာကွယ်ပွဲကိုထိုးခဲ့ပြီး ယခုနှစ်အတွင်း၌ မစ်ဒယ်ဝိတ်တန်း ကမ္ဘာချန်ပီယံကာကွယ်ပွဲများကိုသာ ထိုးသတ်သွားတော့မည်ဖြစ်ကြောင်း ပြောဆိုထားခဲ့ကာ ဝိတ်လျှော့၍ ကြိုတင်လေ့ကျင့်မှုများကို ပြီးခဲ့သော နှစ်ကုန်ပိုင်းကတည်းက ပြုလုပ်နေခဲ့ခြင်း ဖြစ်သည်။ "One Championship အဖွဲ့အစည်းနဲ့ မစ်ဒယ်ဝိတ်တန်းချန်ပီယံ ခါးပတ် ကာကွယ်

ပွဲယှဉ် ပြိုင်ထိုးသတ်ဖို့အတွက်စာချုပ်လက်မှတ် ရေးထိုးပြီးအတည်ပြုလိုက်ပါပြီ။ ရီနီယာဒီရိက်တာက သူမှာဒဏ်ရာရှိတယ်လို့ပြောတဲ့အတွက် ပြိုင်ဘက်က ဘယ်သူဖြစ်လာမလဲဆိုတဲ့ပဟေဠိက ကျွန်တော့်အတွက်အရေးမကြီးပါဘူး။ အားလုံးကို ကျွန်တော်ကတိပေးပါတယ်။ ဒီချန်ပီယံခါးပတ်ကာကွယ်ပွဲက အရမ်းကြည့်ကောင်းမယ့် ပွဲတစ်ပွဲဖြစ်မှာပါ။ ကျွန်တော် ချန်ပီယံခါးပတ်ကိုကာကွယ်ယှဉ်ပြိုင်ထိုးသတ်ဖို့အတွက် အဆင်သင့်ဖြစ်အောင် ကျွန်တော့်ရဲ့နည်းပြဆရာတွေက အကောင်းဆုံးလေ့ကျင့်ပြင်ဆင်ပေးမှာဖြစ်ပြီး ချန်ပီယံခါးပတ်ကိုကာကွယ်နိုင်မယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ရှိပါတယ်"ဟု အောင်လအန်ဆန်က စာချုပ်ချုပ်ဆိုအပြီး၌ ၎င်း၏လူမှုစာမျက်နှာတွင် ပြောကြားခဲ့သည်။

မစ်ဒယ်ဝိတ်တန်း ကမ္ဘာချန်ပီယံခါးပတ်ကို ၂၀၁၇ ဖွန်လက ရရှိထားခဲ့သော အောင်လအန်ဆန်သည် ယခုစာချုပ်ချုပ်ဆိုလိုက်သည့် ကမ္ဘာချန်ပီယံကာကွယ်ပွဲသည် လေးကြိမ်မြောက်ထိုးသတ်မည့် ချန်ပီယံကာကွယ်ပွဲလည်းဖြစ်သည်။ ထိုပွဲအတွက် ONE အဖွဲ့က **ဖေဖော်ဝါရီလ ၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော မစ်ဒယ်ဝိတ်တန်းအထူးပွဲစဉ်တွင် နာမည်ကြီး ဘရာဇီးဒိုက်တာ လီအန်ထရီအက်ဒီတ်ဒက်အား အနိုင်ရရှိသည့် နယ်သာလန်နိုင်ငံသားဇိုက်တာ ရီနီယာဒီရိုက်တာကို အောင်လအန်ဆန်၏ ကမ္ဘာချန်ပီယံခါးပတ်ကို စိန်ခေါ်ထိုးသတ်ခွင့်ပေးခဲ့ပြီးမှ** ရီနီယာဒီရိုက်တာက ဒဏ်ရာပြဿနာရှိနေခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အောင်လအန်ဆန်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည့် ပြိုင်ဘက်ကိုမသိရှိရသေးသည့်အပြင် ONE အဖွဲ့က အောင်လအန်ဆန် ကမ္ဘာချန်ပီယံကာကွယ်ပွဲ ထိုးသတ်သွားမည့် အချိန်နှင့်နေရာကိုလည်း ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

မိုင်းစောလွင် (ဓာတ်ပုံ - Aung La Nsang FB)

ကြက်သွန်နီစျေးကျလာသဖြင့် တရုတ်နိုင်ငံမှ ပြန်လည်ဝယ်ယူမှုများရှိလာဟု သိရ

မြန်မာနိုင်ငံတွင် **ကြက်သွန်နီစျေးနှုန်းကျဆင်းလာသဖြင့် တရုတ်နိုင်ငံမှ ပြန်လည်ဝယ်ယူမှုများရှိလာကြောင်း** ကြက်သွန်ပွဲရုံများထံမှ ဖေဖော်ဝါရီလ ၁၄ ရက်တွင်သိရသည်။

အဆိုပါကြက်သွန်နီများကို **ပြီးခဲ့သည့်နှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပုံမှန်ဝယ်ယူမှုရှိနေပြီး** စျေးနှုန်းကျဆင်းလာချိန်တွင် တရုတ်နိုင်ငံက **ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အဝယ်ရပ်တန့်ထားရာမှ ပြန်လည်ဝယ်ယူလာခြင်းဖြစ်ကြောင်း** သိရသည်။

"တရုတ်နိုင်ငံက ကုန်သည်တွေဝယ်နေတာရှိပါတယ်။ သူတို့ဘက်ကိုပို့မပို့တော့မသိဘူး။ စျေးကွက်အပြောင်းအလဲတော့ လောလောဆယ်မရှိသေးဘူး။ စောင့်ကြည့်ရဦးမယ်။ မကြာခင် နယ်အစုံကထွက်လာတော့မှာဖြစ်လို့ ဒီထက်စျေးတက်ဖို့မရှိနိုင်သေးဘူး"ဟု ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

တရုတ်နိုင်ငံအနေဖြင့် ကြက်သွန်များကို ဖေဖော်ဝါရီလမှ ဩဂုတ်လအထိ ဝယ်ယူလေ့ရှိကာ ပြည်တွင်းကြက်သွန်စျေးနှုန်းမြင့်တက်ချိန်တွင် ပြန်လည်တင်သွင်းလေ့ရှိကြောင်း သိရသည်။

ကြက်သွန်စျေးနှုန်းသည် မတ်လခန့်တွင် နယ်စုံထွက်လေ့ရှိသဖြင့် စျေးကျဆင်းနိုင်ပြီး ဧပြီလကုန်ခန့်တွင် တစ်ပိဿာကျပ် ၁၀၀၀ အောက်အထိ ရောက်ရှိနိုင်ကြောင်းသိရသည်။

ရှိန်းဝင်းထိုက်
(ဓာတ်ပုံ - ဓနထွန်း)

ENJOY THE FINE TASTE OF GOLF WITH

MacARTHUR'S

MacARTHUR'S

CELEBRITY GOLF LEAGUE

27TH FEB, 2020
PUN HLAING GOLF CLUB

Event Partner
Luminous

For registration, call: 09-44 33 899 80.
Last day to register: 15TH FEB, 2020

ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားတို့အတွက် တရားဥပဒေအတိုင်းဆောင်ရွက်သွားမည်ဟု Tint Tint Myanmar ကုမ္ပဏီဥက္ကဋ္ဌ ပြောကြား

Tint Tint Myanmar Group ကုမ္ပဏီသည် **Yangon Water Bus ရေယာဉ်များတွင်သုံးစွဲရန်အတွက် ဒီဇယ်များကို Petro & Trans Group ကုမ္ပဏီထံမှ ဒီဇယ်ဆီဗိုး ကျပ်သိန်း ဂုဝဝ ကျော်ကို အကြွေးစနစ်ဖြင့်ဝယ်ယူခဲ့သည် ဟုဆိုခြင်း**သည် မိမိနှင့် တိုက်ရိုက်မသက်ဆိုင်ဘဲ နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် မိမိနာမည်အား တပ်ပြီး ငွေတောင်းခံခြင်းသည် ဂုဏ်သိက္ခာပိုင်ဆိုင်ရာ အများကြီး ထိခိုက်ခဲ့သည်ဟု Yangon Water Bus တည်ထောင်သူ Tint Tint Myanmar Group ၏ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က ပြောကြားလိုက်သည်။

Yangon Water Bus တွင်သုံးစွဲရန် ဒီဇယ်ဆီများအကြွေးဝယ်ပြီး မပေးချေရသေးဟုဆိုကာ Tint Tint Myanmar ကုမ္ပဏီအား နိုင်ငံပိုင်သတင်းစာမှ တစ်ဆင့်ကြေညာခဲ့ခြင်းအပေါ် **ဧပြီဝါရီ ၁၇ ရက်ညနေပိုင်းက ရန်ကုန်မြို့ Sedona ဟိုတယ်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်း**ဖြစ်သည်။

''ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အများကြီး ထိခိုက်ပါတယ်၊ ဒီ Amount တစ်ခုကြောင့် ဖြေရှင်းနေတာမဟုတ်ပါဘူး၊ ကျွန်မတို့တည်ခဲ့တဲ့ သမိုင်း၊ Water Bus ရဲ့ဂုဏ်သိက္ခာ၊ ကျွန်မကုမ္ပဏီရဲ့ဂုဏ်သိက္ခာ၊ ကျွန်မဝန်ထမ်းတွေရဲ့ Motivation တွေအတွက် ဒီမှာလာပြီးတော့ ဖြေရှင်းရတာဖြစ်ပါတယ်'' လို့ ဒေါ်တင့်တင့်လွင်ကပြောသည်။

Water Bus တွင်အသုံးပြုရန် **ဆီများဝယ်ယူသုံးစွဲရန် စီမံခန့်ခွဲမှု ကုမ္ပဏီတစ်ခုကိုပေးထားပြီး ထိုစီမံခန့်ခွဲမှုကုမ္ပဏီမှတဆင့် ဆီဝယ်ယူသုံးစွဲမှုပြုလုပ်ကြောင်း၊ ကုမ္ပဏီ၏ ညွှန်ကြားချက်သည် ဆီများကို အကြွေးဝယ်ယူခွင့်မပြုထားဘဲ ဝင်ငွေမှတစ်ဆင့် ဝယ်ယူသုံးစွဲရန်ညွှန်ကြားမှုပြုလုပ်ထားကြောင်း**၊ Yangon Water Bus မှပေးရန်ရှိသည်ဆိုသော ကြေညာချက်သည် တစ်ဖက်သတ် ကြေညာမှုသာဖြစ်ပြီး မည်သူမည်ဝါမှ ဝယ်ယူခဲ့သည်ဆိုသည့် ဘောက်ချာရှင်းတမ်းအထောက်အထားများပြသပါက ဖြေရှင်းပေးမည်ဖြစ်ကြောင်း စီမံခန့်ခွဲမှုကုမ္ပဏီဘက်ကလုပ်ဆောင်ခဲ့သည့် အကြွေးယူခြင်းအတွက် နိုင်ငံပိုင်သတင်းစာတွင် ဒေါ်တင့်တင့်လွင်ဟု အမည်တပ်ကြေညာကြောင်း၊ ကုမ္ပဏီကို ယခုထက်ပို၍ ကောင်းမွန်သည့် နေရာမှာရုံးပြောင်းဖွင့်ကာ Tint Tint Myanmar Website နှင့် Face-book Page တွင် ရုံးလိပ်စာများ အမြဲ တင်ပေးထားကြောင်း၊ နို့တစ်စာမပို့ဘဲ လူတစ်ယောက်ကို သတင်းစာထဲထည့် သည့် အတွက် တင့် တင့် မွန် မာကု မ္ပဏီ ဘက် မှ ဥပဒေအကျိုးဆောင်များက တရားဥပဒေအတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေါ်တင့်တင့်လွင်ကရှင်းပြသည်။

လက်ရှိအချိန်တွင် Water Bus ကို ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် Payment စနစ်ကို KBZ Pay CB Pay စနစ်ဖြင့်သွားမည်ဖြစ်ကြောင်း၊ Payment စက်တပ်သည့်ကုမ္ပဏီ၏ စက်တပ်ဆင်မှုစောင့်ဆိုင်းရခြင်း၊ တည်ဆောက်နေသည့် သင်္ဘောဆိပ်ခံဘောတံတားများ ပျက်စီးခြင်း၊ လက်ရှိပြေးဆွဲနေသည့် သင်္ဘောများကို စိတ်တိုင်းမကျသည့်အတွက် **နိုင်ငံတော်သို့လှူထားသည့် သင်္ဘောမှလွဲ၍ ကျန်သင်္ဘောများအားရောင်းခြင်း၊ ဧရာဝတီဘက်သို့ပို့ခြင်းများပြုလုပ်ထားကာ၊ လက်ရှိတွင် ထိုင်းနိုင်ငံနှင့် စကၤာပူနိုင်ငံတို့မှ ရေယာဉ် ၇ စင်းဝယ်ယူပြီး ရန်ကုန် - အင်းစိန်လမ်းတွင် နှစ်စင်း၊ ငပိုးရိပ်ချောင်းတွင် ၅ စင်းဖြင့် ခရီးစဉ်ပြေးဆွဲရန် စီစဉ်နေသည်ဟု** သိရသည်။

ကောင်းမြတ်ရာ

COVID ကိုရိုနာပိုင်းရပ်စ်ရောဂါပြန့်ပွားမှု နောက်ဆုံးအခြေအနေ

၁၇-၂-၂၀၂၀ ည ၉ နာရီတွင် ရရှိသော စာရင်းဇယားများအရ COVID-19 ကိုရိုနာပိုင်ရပ်စ်ရောဂါပိုး ကူးစက်ခြင်းခံခဲ့ရသူပေါင်းမှာ **ကမ္ဘာနိုင်ငံနှင့်ဒေသပေါင်း ၂၉ ခု၌ ဂုဒ၄၄၉ ဦးဖြစ်၍ လက်ရှိဖြစ်ပွားနေသူမှာ ၅၈၂၄၈ ဦးဖြစ်ပြီး ယင်းတို့အနက် ၁၉ ရာခိုင်နှုန်းဖြစ်သော ၁၁၃၂၆ ဦးမှာ အသည်းအသန်ရောဂါဝေဒနာခံစားနေရသည်။ နေ့စဉ်လူနာသစ်တိုးလာနှုန်းမှာ ယခုရောဂါဖြစ်ခါစက ၆၃ ရာခိုင်နှုန်းအထိ ရှိခဲ့ဖူးသော်လည်း** နိုင်ငံအသီးသီး၌ စနစ်တကျကာကွယ်လာကြသဖြင့် **ယခုအခါ ၃ ရာခိုင်နှုန်းခန့်သာဖြစ်ကြောင်း** သိရသည်။

မြန်မာနိုင်ငံတွင် ၁၇-၂-၂၀ ရက် ညအထိ စုစုပေါင်းစောင့်ကြည့်လူနာ ၃၄ ဦးနှင့် သံသယလူနာ ၂ ဦး ရှိခဲ့ရာယင်းတို့အနက် ဓာတ်ခွဲစစ်ဆေးမှု၌ ရောဂါပိုးမရှိသူ ၂၈ ဦးဖြစ်ပြီး အဖြေစောင့်ဆိုင်းဆဲ ၅ ဦးနှင့် ဓာတ်ခွဲနမူနာပို့ဆောင်ဆဲ ၃ ဦးဖြစ်ကြောင်း သိရသည်။ **ရောဂါပိုးတွေ့အတည်ပြုလူနာတစ်ဦးမျှမရှိဘဲ** ယခုအခါ စောင့်ကြည့်လူနာ ၈ ဦးသာကျန်ရှိကြောင်း သတင်းရရှိသည်။ **ဒေါက်တာတင်ထွန်းဦး**

(Ref: Worldometers & MOHS)



Country, Other	Total Cases	New Cases
China	70,553	+2,053
Cruise Ship	454	+99
Singapore	77	+2
Japan	66	+7
Hong Kong	60	+3
Thailand	35	+1
S. Korea	30	+1
Taiwan	22	+2
Malaysia	22	
Germany	16	
Vietnam	16	
USA	15	
Australia	15	
France	12	
Macao	10	
U.A.E.	9	
U.K.	9	
Canada	8	
Philippines	3	
India	3	
Italy	3	
Russia	2	
Spain	2	
Belgium	1	
Sri Lanka	1	
Finland	1	
Egypt	1	
Cambodia	1	
Sweden	1	
Nepal	1	

Total Cases of Novel Coronavirus (2019-nCoV)

Date	Total Cases	Change in Total	Change in Total (%)
Feb. 16	71,329	2,132	3%
Feb. 15	69,197	2,097	3%
Feb. 14	67,100	2,663	4%
Feb. 13	64,437	5,154	9%
Feb. 12	59,283	14,113	31%
Feb. 11	45,170	2,071	5%
Feb. 10	43,099	2,546	6%
Feb. 9	40,553	3,001	8%
Feb. 8	37,552	2,676	8%
Feb. 7	34,876	3,437	11%
Feb. 6	31,439	3,163	11%
Feb. 5	28,276	3,723	15%
Feb. 4	24,553	3,925	19%
Feb. 3	20,628	3,239	19%
Feb. 2	17,389	2,838	20%
Feb. 1	14,551	2,603	22%
Jan. 31	11,948	2,127	22%

မန္တလေးတွင်ပြုလုပ်သည့် ဆေးရောင်ခြယ်ပြေးပွဲ၌ လူပေါင်း ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲ

ဆေးရောင်စုံများကြားတွင် ပျော်ရွှင်စွာပြေးရသည့် 'MAB ဆေးရောင်ခြယ် Run'ပွဲတော်ကို မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၀ ခုနှစ်၊ ဧပြီဝါရီလ ၁၆ ရက် နံနက်ပိုင်းကပြုလုပ်ခဲ့ပြီး မန္တလေးမြို့သူ မြို့သားများနှင့် နိုင်ငံခြားသားများအပါအဝင် လူပေါင်း ၅၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။ ''MAB ဆေးရောင်ခြယ် Run'' ကို ပြည်သူလူထု စိတ်အပန်းဖြေနိုင်ရန် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် **MAB Bank** တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဆေးရောင်ခြယ် **Run** လက်မှတ်ရောင်းရငွေများအား လုံးကို မြန်မာ့ရှေ့ဆောင်ဘဏ် (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ပညာရေး မက္ကိုင်အတွက် လှူဒါန်းခဲ့ရာ စုစုပေါင်းအ လှူငွေကျပ် ၃၂၅ သိန်းရှိသည်ဟုလည်း သိရသည်။ အဆိုပါအပြေးပွဲသို့ ဝင်ရောက်ဆင်နွှဲသူများသည် Hilton Mandalay Hotel၊ မန္တလေးကျဲးအရှေ့ဘက်တစ်လျှောက်မှ ရွှေမန်းတောင်ဂေါက်ကွင်းအထိ ၅ ကီလိုမီတာ ပြေးလမ်းကြောင်းတစ်လျှောက်တွင် **ရောင်စုံမှုန့်များပက်ဖျန်းပြီး တစ်မျော်တစ်ပါးဆင်နွှဲခဲ့ကြကာ ပန်းဝင်သူအားလုံးကို အထိမ်းအမှတ်ဆုတံဆိပ်များ (Finisher Medal) ပေးအပ်ချီးမြှင့်**သည်။ ပွဲတွင်အသုံးပြုသည့် ရောင်စုံအမှုန့် များသည် **စားသောက်ကုန်လုပ်ငန်းများတွင်အသုံးပြုသည့် နိုင်ငံတကာအသိအမှတ်ပြု ကာလာအမှုန့်များဖြစ်ပြီး ယင်းအမှုန့်များနှင့် ဓာတ်မတည့်ခြင်းမျိုးရှိပါက ဝင်ရောက်ဆင်နွှဲခြင်းမပြုသင့်ကြောင်း ကြိုတင်ကြေညာထား**သည်ဟုလည်း သိရသည်။ ယင်းပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် နာမည်ကျော်အဆိုတော်များဖြစ်သည့် အောင်ထက်၊ ဖြိုးပြည့်စုံ၊ J-Fire၊ ဖြူဖြူကျော်သိန်း၊ ကေကေမိုးတို့မှတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး ကောင်းမြတ်စံ၊ ကျော်ထက်ဇော်၊ ဒီး (The Model Academy) အစရှိသည့် အနုပညာရှင်များ၊ စည်သူထွန်း (Siraveller)၊ ယဉ်ယဉ်နောင်း(Mandalarian) အစရှိသည့် Social Influencer များ လည်း ပါဝင်ဆင်နွှဲခဲ့သည်ဟု သိရသည်။ ကောင်းမြတ်ရာ

ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ကျွန်းသို့ ရွှေမည်းအစိအစဉ် ပယ်ဖျက်အဓိကရည်ရွယ်ချက်မှာ မူလဇာတိသို့ ပြန်ပို့ရန်ဟုဆို

ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် ယခင်က **ဘင်္ဂါလီဒုက္ခသည်တစ်သိန်းကို ကျွန်းသို့ပို့ဆောင်ထားရန် စီစဉ်ခြင်းဖြစ်သော်လည်း အဆိုပါအချက်ကို ပယ်ဖျက်လိုက်ပြီဖြစ်ကာ အဓိကရည်ရွယ်ချက်မှာ မူလဇာတိသို့ ပြန်ပို့ရန်ဖြစ်**သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားဝန်ကြီးကပြောကြောင်း အဆိုပါနိုင်ငံအခြေစိုက် သတင်းဌာနများတွင် ရေးသားထားချက်အရ ဖေဖော်ဝါရီလ ၁၇ ရက်တွင် သိရသည်။

မူလက ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ကျွန်းတစ်ကျွန်းသို့ ဘင်္ဂါလီဒုက္ခသည်တစ်သိန်းကို ရွှေ့ပြောင်းထားရန် အတွက်အစီအစဉ်ကို ပယ်ဖျက်လိုက်သည်ဟု တနင်္ဂနွေနေ့ (ဖေဖော်ဝါရီလ ၁၆ ရက်)တွင် ကြေညာကြောင်း ANADOLU ANENCY ၏ သတင်းတွင် ဖော်ပြထားသည်။

''ကျွန်တော်တို့ရဲ့ အဓိက ရည်မှန်းချက်ကတော့ ဘင်္ဂါလီ (မူရင်းစကားပြောတွင် ရိုဟင်ဂျာ)တွေကို သူတို့ရဲ့ မူရင်းဇာတိဖြစ်တဲ့ မြန်မာက ရခိုင်ပြည်နယ်ကို ပြန်ပို့ဖို့ပါ'' ဟု နိုင်ငံခြားရေးဗဟိုကြီး Abul Kalam Abdul Momen က မြို့တော်ဒါကာတွင် သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ရေးသားထားသည်။

အဆိုပါကျွန်းတွင် ဒုက္ခသည်များကို နေရာချထားခြင်း မပြုတော့သော်လည်း ဖြစ်ရေတိုက်စားမှုကြောင့် သို့မဟုတ် အခြားအကြောင်းကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူ နိုင်ငံသားများကို နေရာချထားရန် အစီအစဉ်ရှိနေပြီး စီးပွားရေးအချက်အခြာနေရာဖြစ်လာရန်လည်း မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါကျွန်းတွင် ပြန်မာနိုင်ငံက ထွက်ပြေးလာသူများကို နေရာချထားပေးမည်ဟု ၂၀၁၈ ခုနှစ်အတွင်းကပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

''အဲဒီကို မပို့တော့ဖို့အတွက် ကျွန်တော်တို့အားလုံး သဘောတူကြပါတယ်။ Bhasan Char စီမံကိန်းနဲ့ပတ်သက်ပြီး နောက်ဆုံးဆုံးဖြတ်ချက်ချဖို့အတွက် ကျွန်တော်တို့ အကြိုပြုချက်တွေကို အစိုးရဆီ တင်ပြလိုက်ပါပြီ'' ဟု နိုင်ငံခြားရေးဝန်ကြီးကဆိုသည်။

ထက်အောင်မြို့

Smart ကားပါကင်ဆောင်ရွက်ရန် စမ်းသပ်စစ်ဆေးသွားမည်

Smart ကားပါကင် ဆောင်ရွက်နိုင်ရန် **စိတ်ပါဝင်စားမှုအဆိုပြုလွှာ (EOI)ခေါ်ထားသည့် ကုမ္ပဏီသုံးခု၏ နည်းပညာများကို ပိုင်လော့ပရောဂျက်အနေဖြင့် စမ်းသပ်စစ်ဆေးမည်ဖြစ်ကြောင်း**၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးလင်းဦးကပြောသည်။ ''EOI ခေါ်ထားတာ ကုမ္ပဏီသုံးခုရှိပါတယ်။ သုံးခုကို နည်းပညာစစ်ဆေးနေတယ်။ နည်းပညာစစ်ဆေးပြီးတော့ သူတို့ရဲ့နည်းပညာတွေကို လက်တွေ့အနေနဲ့ ပိုင်လော့ပရောဂျက်နှစ်ပတ်လုပ်သွားမယ်။ သူတို့ပြောတဲ့နည်းပညာအတိုင်း ဆောင်ရွက်လို့ရ/မရ စစ်ဆေးတာပါ။ လက်ရှိပါကင်လေး လိုင်းလေးတွေ ဆွဲနေတယ်'' ဟု ယင်းကပြောသည်။ ယင်းစမ်းသပ်စစ်ဆေးခြင်းကို ဝိုလ်ချပ်အောင်ဆန်းလမ်းနှင့် ကုန်သည်လမ်းကြား၊ ဝိုလ်အောင်ကျော်နှင့် ဆိပ်ကမ်းသာလမ်းကြားတို့တွင် ဆောက်ရွက်မည်ဖြစ်ကြောင်း **စစ်ဆေးပြီးပါက အောင်မြင်သည့် ကုမ္ပဏီတစ်ခုကို‌ရွေးချယ်၍ မြို့တွင်း ခြောက်မြို့နယ်တွင် Smart car parking အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** သိရသည်။ အဆိုပါ ရန်ကုန်မြို့တွင်း ၆ မြို့နယ် အတွင်းတွင် ယခင်က ယာဉ်ရပ်နားကန့်သတ်ဇုန် ၈ ဇုန် နေရာပြုလုပ်ပြီး Manual စနစ်ဖြင့် စာရွက်ဖြတ်ပိုင်းဆုတ်၍ ယာဉ်ရပ်နားခများကောက်ခံရန် စီစဉ်ထားခဲ့သော်လည်း တင်ဒါခေါ်ယူရာတွင် အောင်မြင်သူမရှိသောကြောင့် ယင်းအစီအစဉ်ကို ဖျက်သိမ်း၍ Smart ကားပါကင်ပြုလုပ်ရန် ပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မေငယ်

ကိုရိုနာပိုင်းရပ်(စ်) COVID-19 ကို လာမည့် ၂၀ ရက်၌ မြန်မာနိုင်ငံတွင် ကိုယ်တိုင်သိခြားဓာတ်ခွဲစစ်ဆေးနိုင်တော့မည်

ကိုရိုနာပိုင်းရပ်(စ်) COVID-19 ကို **ယခုလ ၂၀ ရက်တွင် မြန်မာနိုင်ငံ၌ ကိုယ်တိုင် ဓာတ်ခွဲစစ်ဆေးနိုင်တော့မည်ဖြစ်ကြောင်း** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံမှ ဖေဖော်ဝါရီလ ၁၇ ရက် ညပိုင်းတွင် သိရသည်။

တရုတ်နိုင်ငံတွင် စဖြစ်စဉ်ကပင် **အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) တွင် ပညာရှင်များနှင့် စက်ပစ္စည်းများ အဆင့်သင့်ရှိနေပြီးဖြစ်သဖြင့် ဓာတ်ခွဲပစ္စည်း (Primers, Probes and Reagents) များရရှိစေရန် ချိတ်ဆက်ဆောင်ရွက်ခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(NHL)သည် ဓာတ်ခွဲပစ္စည်းများ ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ချိတ်ဆက်ဆောင်ရွက်မှုဖြင့် **ထိုင်းနိုင်ငံ၊** Armed Forces Research Institute of Medical Science (AFRIMS) မှ လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ **ဂျပန်နိုင်ငံသံရုံးနှင့်** JICA အဖွဲ့တို့၏ ပံ့ပိုး ချိတ်ဆက်ဆောင်ရွက်မှုတို့ဖြင့် ဂျပန်နိုင်ငံ၊ National Institute of Infectious Diseases (NIID)၊ National Center for Global Health and Medicine (NCGM) နှင့် Juntendo University မှလည်းကောင်း လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဓာတ်ခွဲပစ္စည်းများ လက်ခံရရှိခဲ့ပြီးနောက် လက်ရှိ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းသတ်မှတ်ချက်၊ ညွှန်ကြားချက်အတိုင်း **လူနာများထံမှ ဓာတ်ခွဲနမူနာများတွင် COVID-19 ဝိုင်းရပ်(စ်)ရောဂါပိုး ရှိ၊ မရှိကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းနှင့် တစ်ပြိုင်နက်ဓာတ်ခွဲစစ် ဆေး (parallel testing) လျက်ရှိရာတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(NHL) ၏ ဓာတ်ခွဲအဖြေများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းမှအဖြေများသည် ကိုက်ညီမှုရှိသည်ကိုတွေ့ရကြောင်း** သိရသည်။

ထိုသို့ တစ်ပြိုင်နက်ဓာတ်ခွဲစစ်ဆေးမှုအရေအတွက်နှင့် အဖြေများ ကိုက်ညီမှန်ကန်မှုရှိသည့်အတွက် **ကိုယ်တိုင်သိခြား ဓာတ်ခွဲစစ်ဆေးခြင်း (independent testing) ကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနက ၂၀-၂-၂၀၂၀ ရက်နေ့တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း** သိရသည်။

HAP

ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ၃ ဦးကို အလုပ်နှင့်ထောင်ဒဏ် ၆ လ ထပ်မံပြစ်ဒဏ်ချမှတ်

ဆက်သွယ်ရေးဥပဒေပုဒ်မ - ၆၆ (ဃ)ဖြင့် ထပ်မံတရားစွဲဆို ခြင်းခံထားရသော ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ၇ ဦးအမှုကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် **ဝိုလ်တထောင်မြို့နယ်တရားရုံး**မှ အပြီးသတ်အဖိန့်ချမှတ်ခဲ့သည်။ အဆိုပါအမှုနှင့်ပတ်သက်ပြီး သံချပ်အဖွဲ့ဝင် **ကိုပိုင်ဖြိုးမင်း(ခ)ဒီရေ၊ မဆုရတနာမြင့်နှင့် မကေခိုင်ထွန်းတို့ကို ဝိုလ်တထောင်မြို့နယ်တရားရုံးက အလုပ်နှင့် ထောင်ဒဏ် ၆ လ ပြစ်ဒဏ်ချမှတ်ခဲ့**ပြီး ကျန်အဖွဲ့ဝင်များဖြစ်သည့် ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုဇော်လင်းထွဋ်(ခ)ဖိုးသားနှင့် ကိုငြိမ်းချမ်းစိုးတို့ကို တရားသေလွှတ်ပေးခဲ့ကြောင်း သိရသည်။ တရားစွဲဆိုခံထားရသော သံချပ်အဖွဲ့ဝင် ၇ ဦးဖြစ်သည့် ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုပိုင်ဖြိုးမင်း(ခ)ဒီရေ၊ ကိုဇော်လင်းထွဋ်(ခ)ဖိုးသား၊ ကိုငြိမ်းချမ်းစိုး၊ မဆုရတနာမြင့်နှင့် မကေခိုင်ထွန်းတို့ကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးက တရားလိုပြုလုပ်ကာ အမှုဖွင့်တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သံချပ်အဖွဲ့ဝင် ၇ ဦးကို နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ - ၅၀၅(က) / ဆက်သွယ်ရေး ဥပဒေပုဒ်မ - ၆၆(ဃ)တို့ဖြင့် **မရမ်းကုန်းမြို့နယ်နှင့် ဝိုလ်တထောင်မြို့နယ်**တို့တွင် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်ပြီး ယခုတွင် လေးကြိမ်မြောက် အဖိန့်ချမှတ်ခြင်းဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် သံချပ်အဖွဲ့ဝင် ၅ ဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ - ၅၀၅(က)ဖြင့် အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်ကိုလည်းကောင်း၊ ဒီဇင်ဘာလ ၁၁ ရက်တွင်လည်း သံချပ်အဖွဲ့ဝင် ၄ ဦးကို ဆက်သွယ်ရေးဥပဒေပုဒ်မ - ၆၆ (ဃ)ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၆ လတို့ကို **မရမ်းကုန်းမြို့နယ်တရားရုံးက အဖိန့်ချမှတ်ခဲ့**ကြောင်း သိရသည်။ ထို့နောက် သံချပ်အဖွဲ့ဝင် ၆ ဦးကို နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ - ၅၀၅(က)ဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်က အလုပ်နှင့်ထောင်ဒဏ် ၁ နှစ်ကိုလည်းကောင်း ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်တွင် သံချပ်အဖွဲ့ဝင် ၃ ဦးကို ဆက်သွယ်ရေးဥပဒေပုဒ်မ - ၆၆ (ဃ)ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၆ လတို့ကို **ဝိုလ်တထောင်မြို့နယ်တရားရုံး**က အဖိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မျိုးကျော်စိုး (သတင်း / ဓာတ်ပုံ)

ရန်ကုန်မြို့၏ ပထမဆုံးနိုင်ငံတကာအဆင့်မီ မြေအောက်လူကူးလမ်း ယခုနှစ်အကုန်တွင် အပြီးတည်ဆောက်မည်

ရန်ကုန်မြို့၏ ပထမဆုံးနိုင်ငံတကာအဆင့်မီ မြေအောက်လူကူးလမ်းကို **ယခုနှစ်အကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၇)ဦးဝင်းမြင့်သန်းက သတင်းမီဒီယာများအားပြောသည်။ ဖေဖော်ဝါရီလ ၁၇ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ခန်းမ(၄)တွင်ပြုလုပ်သော မြို့တော်ဝန်နှင့် သတင်းမီဒီယာများ ပုံမှန်တွေ့ဆုံပွဲတွင် မီဒီယာများမေးမြန်းမှုအပေါ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ အဆိုပါ မြေအောက်လူကူးလမ်းကို **ကမာရွတ်မြို့နယ် ပြည်လမ်းမကြီးအောက်မှဖြတ်၍ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC) နှင့် Junction Square သို့ ချိတ်ဆက်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြန်မာကျပ်ငွေ ၂ ဒသမ ၁၅ ဘီလျံ အသုံးပြု ဖောက်လုပ်နေခြင်းဖြစ်ကြောင်း** သိရသည်။

"ကျွန်တော်တို့က ဒီအောက်မှာ ဈေးဆိုင်ခန်းတွေမပါဘူးဆိုရင် အညစ်အကြေးစွန့်တာတို့ မဟုတ်တာလုပ်တာတို့ဖြစ်လာနိုင်တယ်။ မြေအောက်အိမ်သာမှာ အတွေ့အကြုံရပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမဖြစ်ရအောင် **လုံခြုံရေးစနစ်ကောင်းမွန်အောင် အောက်မှာ ဆိုင်ခန်းတွေထည့်ထားပါတယ်**" ဟု ကော်မတီဝင်(၇) ဦးဝင်းမြင့်သန်းကပြောသည်။ **မြေအောက်လမ်းအကျယ်မှာ ၇၇ ပေရှိမည်ဖြစ်ပြီး အမြင့် ၁၀ ပေရှိကြောင်း၊** လမ်း၏ဘယ်ညာတွင် မသန်စွမ်းများအတွက်လည်း သွားလာမှုအဆင်ပြေစေရန် စက်လှေကားများထည့်သွင်းထားကြောင်း၊ စီမံကိန်းအတွင်းမှ သစ်ပင် ၄၆ ပင်ကိုလည်း လှော်ကားဥယျာဉ်အတွင်းပြောင်းရွှေ့ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ မြေအောက်လမ်းတည်ဆောက်ခြင်းစီမံကိန်းအတွက် **လက်ရှိတွင် ပညာရေးတက္ကသိုလ်ဘက်ခြမ်း၌ လမ်းလွှဲလုပ်ငန်းများပြုလုပ်၍ မြေတူးဖော်ရေးလုပ်ငန်း၊ မြေညှိခြင်းလုပ်ငန်းများ စတင်နေပြီဖြစ်ပြီး** ဖေဖော်ဝါရီလ ၂၁ ရက်မှစတင်ကာ မော်တော်ယာဉ်များကို လမ်းလွှဲမှစတင်မောင်းနှင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

"**မကြာခင်မှာပဲ Underpass အတွက် လမ်းပိတ်ပါမယ်၊ သို့သော်လည်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေဖို့** စနစ်တကျတွက်ချက်ပြီး လုပ်ထားတာဖြစ်ပါတယ်။ **နဂိုရှိတဲ့ ယာဉ်သွားလမ်း ၆ လမ်းမှာ တစ်လမ်းကို ထိန်းညှိလုပ်ဆောင်မှာဖြစ်လို့ ယာဉ်သွားလမ်း ၅ လမ်းကျန်မှာဖြစ်ပါတယ်၊** မနက်နဲ့ ညနေကို ယာဉ်သွားလမ်း ၃ လိုင်းတစ်ဖက်၊ ယာဉ်သွားလမ်း ၂ လိုင်းတစ်ဖက်စီ လုပ်ဆောင်မှာဖြစ်ပါတယ်။မြေအောက်လမ်းတည်ဆောက်ရေးအတွက် စိတ်ချရအောင် တွက်ချက်ပြီး တည်ဆောက်မှာဖြစ်ပါတယ်။ **အရေးပေါ်အော်တိုမီးစက်တွေကိုလည်း တပ်ဆင်ထားမှာဖြစ်ပါတယ်၊ ဒဏ်အပြင် အထဲမှာလေထုညစ်ညမ်းမှုအတွက်လည်း ဆောင်ရွက်ထားပါတယ်၊** အားလုံးစိတ်ချလက်ချသွားနိုင်အောင် စီစဉ်ထားမှာပါ။ Underpass ပြီးသွားရင် **မကြာခဏဖြစ်နေတဲ့ယာဉ်တိုက်မှုလည်း လျော့ကျသွားမှာပါ**" ဟု ယင်းကရှင်းပြသည်။ လက်ရှိအဝိုးရလက်ထက်တွင် ရန်ကုန်မြို့ရှိ လမ်းသွားလမ်းလာပြည်သူများအဆင်ပြေစေရန်အတွက် **ရွှေတိဂုံဘုရားအနောက်ဘက်မုခ်အနီး၊ ပြည်လမ်းရှိ စိုက်ပျိုးရေးမှတ်တိုင်နှင့် ပြည်လမ်း ရှစ်ပိုင်ခုံးကျော်တံတားအနီးတို့တွင် မြေအောက်လူသွားလမ်းသုံးစင်းကို ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ရန် ပြည်တွင်းလုပ်ငန်းရှင်များကို တင်ဒါခေါ်ယူဆောင်ရွက်ခဲ့**သေးသည်။

အဆိုပါမြေအောက်လမ်း ၃ ခုအတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်က တင်ဒါစတင်ခေါ်ယူခဲ့ပြီးနောက် တစ်လကျော်အကြာတွင် အကြောင်းမညီညွတ်၍ဟုဆိုကာ တင်ဒါခေါ်ယူထားခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ တင်ဒါစိစစ်ရေးအဖွဲ့က ကြေညာခဲ့သေးသည်။

မေငယ်

မိုးဇလနှင့် ရန်ကုန်စည်ပင်ပူးပေါင်း၍ နေရာ ၄၀ ကျော်တွင် လေထုအရည်အသွေးတိုင်းတာမှု ပြုလုပ်မည်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းနေရာ လေးဆယ်ကျော်တွင် လေထုအရည်အသွေးတိုင်းတာသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးကပြောသည်။

"**လေထုအရည်အသွေးတိုင်းတာဖို့ဆိုတာက အနည်းဆုံး ၂၄ နာရီလိုပါတယ်၊ ပုံမှန်ဆိုရင် ၄၈ နာရီ အကြာလိုပါတယ်၊ အရပ်ဖက်အဖွဲ့အစည်းတွေက တိုင်းတယ်ဆိုတာ အဲဒီလောက် အကြာကြီးတိုင်းတာမဟုတ်ဘူးလို့ သိရတာပေါ့နော်၊ မိုးဇလနဲ့ စည်ပင်သာယာပူးပေါင်းပြီးတော့ ရန်ကုန်မှာ ၄၃ နေရာလောက်ကိုတိုင်းဖို့ ရှိပါတယ်**" ဟု ယင်းကပြောသည်။

"နေ့တစ်နေ့မှာ ယာဉ်အသွားအလာအများဆုံးအချိန်၊ အပူဆုံးအချိန်တွေမှာ တိုင်းတာရတာဖြစ်ပါတယ်။ **လေထုအရည်အသွေးထုတ်ပြန်တဲ့အခါ တိုင်းတာတဲ့အချိန်တစ်ခုတည်းကို ပြောလို့မရဘူး၊ တစ်နေကုန်ကို ပုံမှန်တိုင်းနေတာတွေကို ခြုံငုံပြီး ထုတ်ပြန်ရတာဖြစ်ပါတယ်**" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဌာနမှူး ဦးချိုထွန်းအောင်ကပြောသည်။

လေထုအရည်အသွေးကိုတိုင်းတာရာတွင် တိုင်းတာသည့် စက်အမျိုးအစား၊ တိုင်းတာသည့်အချိန်နှင့် နေရာတို့က အရေးပါကြောင်း၊ **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိနေရာများကို ဖြန့်ကြက်ပြီးတိုင်းတာရမည်ဖြစ်ပြီး နေရာတစ်နေရာတွင် စက်တစ်လုံးဖြင့် အနည်းဆုံး ၂၄ နာရီအချိန်ယူတိုင်းတာရခြင်းဖြစ်ကြောင်း** သိရသည်။

"ပတ်ဝန်းကျင်မှာ အရာဝတ္ထုတွေကို မီးရှို့တဲ့အတွက်ဖြစ်ပါတယ်။ **ရန်ကုန်ပတ်ပတ်လည်မှာ စပါးကွင်းတွေ နောက်ရာသီအတွက် မီးရှို့တဲ့ဟာတွေကြောင့် ဖြစ်တတ်ပါတယ်၊ သစ်ရွက်သစ်ခြောက်တွေကို မီးရှို့လို့ဖြစ်တတ်ပါတယ်၊ စက်ရုံတွေက ဘွိုင်လာတွေက မီးနိုးတွေက ဖြစ်ပါတယ်၊ အဓိက မော်တော်ကားအိတ် ဇောတွေကဖြစ်ပါတယ်၊ တည်ဆောက်ရေးလုပ်ငန်းတွေ၊ လမ်းပေါ်က ဖုန်တွေကြောင့် ဖြစ်လာတဲ့အခြေအနေရှိပါတယ်၊** ဒါတွေကိုလျှော့ချဖို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတစ်ခုတည်းအနေနဲ့ ဆောင်ရွက်နိုင်တဲ့ အခြေအနေမရှိပါဘူး။ **ဌာနပေါင်းစုံနဲ့ဝိုင်းပြီးဆောင်ရွက်မှာ ရမယ့်အခြေအနေရှိပါတယ်**" ဟု ယင်းကဆိုသည်။

"လေထုညစ်ညမ်းမှုဟာ နှစ်စဉ်နှစ်တိုင်း ပူတဲ့ရာသီ မတ်လလောက်မှာ မျက်စိနဲ့မမြင်ရတဲ့ အမှုန်အမွှားလေးတွေ လေထုထဲမှာ များလာတဲ့အခြေအနေကို ခေါ်တာပါ။ ပူတဲ့ရာသီမှာ ဖြစ်လာတတ်ပါတယ်။ မိုးရာသီမှာမရှိပါဘူး။ နှစ်စဉ် မတ်လလောက်ဆိုရင် လေထဲမှာပါတဲ့ အမှုန်အမွှားလေးတွေဟာ များလာတတ်ပါတယ်။ ဒီနှစ်ထဲမှာတော့ ဖေဖော်ဝါရီလကစပြီးတော့ ပိုပြီးများလာတဲ့ သဘောဖြစ်ပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးချိုထွန်းအောင်ကပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရန်ကုန်မြို့တွင်း လေထုအရည်အသွေးတိုင်းတာခြင်းပြုလုပ်ရာတွင် **စက်သုံးလုံးကိုအထိုင်ချမှတ်ခဲ့ပြီး တစ်လုံးကို ရွှေ့လျားစနစ်ဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း** သိရသည်။

မေငယ်

ရန်ကုန်လေထုအရည်အသွေးသည် ဘေးအန္တရာယ်ဖြစ်နိုင်သည်အထိ မရှိသေးသော်လည်း သတိပြုရန်လိုကဆို

ရန်ကုန်တိုင်းဒေသကြီး၏ လေထုအရည်အသွေးသည် ဘေးအန္တရယ်ဖြစ်နိုင်သည်အထိမရှိသေးသော်လည်း သာမန်ထက် အနည်းငယ်ပိုနေသည့်အတွက် သတိပြုရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်ဖြူဖြူကျော်မိုးဦးက ဖေဖော်ဝါရီ လ ၁၇ ရက်တွင် ပြည်မြန်မာသတင်းဂျာနယ်သို့ ပြောသည်။ "**လက်ရှိတော့ ဘေးအန္တရယ်ဖြစ်နိုင်တဲ့အထိတော့မရှိသေးဘူးပေါ့။ သူက သာမန်ထက်တော့ အနည်းငယ်ပိုနေတဲ့အနေအထားရှိတယ်၊ ၁၀၀ နားကပ်နေတာဆိုတော့ သတိပြုရမယ့်အနေအထားရှိ တယ်**" ဟု ယင်းကပြောသည်။ ရန်ကုန်၏ လေထုအခြေအနေကို နေ့စဉ်ဖော်ပြပေးနေသော Air Quality Yangon အဖွဲ့သည် ရန်ကုန်လေထုသည် (AQI)တန်ဖိုး ၁၅၅ အနီရောင်အန္တရယ်အဆင့်သို့ရောက်ရှိနေပြီဟု ဖေဖော်ဝါရီလ ၁၆ ရက်တွင် သတိပေးခဲ့ပြီး အဆိုပါထုတ်ပြန်မှုအပေါ် ပြည်သူအများအပြားက သတိပြုမိခဲ့ကာ ဝိုးရိပ်မှုများဖြစ်ပေါ်ခဲ့သေးသည်။

လေထုအရည်အသွေးသည် အဓိကအနေဖြင့် **တိုင်းတာသည့်အချိန်အပေါ်မူတည်ကြောင်း၊ အချို့သူများသည် အချိန် ပိုင်းတိုင်းတာမှုပြုလုပ်သည့်အတွက် ၂၄ နာရီတိုင်းတာမှုနှင့် ရလဒ်ကွာခြားမှုများရှိကြောင်း၊ အချိန်ပိုင်းတိုင်းသည့်အချိန်သည် ကာဗွန်ဒိုင်အောက်ဆိုဒ် အများဆုံးထုတ်လုပ်သည့် ရုံးသွားရုံးပြန်အချိန်ဖြစ်သည့်အတွက် လေထုညစ်ညမ်းမှုမြင့်သည်ကို မြင်ရခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနသည် လေထုအရည်အသွေးကို အချိန်ပိုင်းတိုင်းတာခြင်းမဟုတ်ဘဲ ၂၄ နာရီ တိုင်းတာခြင်းဖြစ်သည့်အတွက် တစ်နေ့တာ၏ရလဒ်အပေါ် ထုတ်ပြန်ပေးနေကြောင်း** ဦးကျော်မိုးဦးကရှင်းပြသည်။ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် မှ ၁၆ ရက်အထိ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)စခန်းမှ နေ့စဉ်တိုင်းတာရရှိသည့် လေအရည်အသွေး (PM2.5) အခြေအနေများမှာ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် လေအရည်အသွေး အညွှန်းကိန်း(AQI) တန်ဖိုး (၈၀)၊ ၁၁ ရက်တွင် (AQI) တန်ဖိုး (၉၅)၊ ၁၂ ရက်တွင် (AQI) တန်ဖိုး (၆၃)၊ ၁၃ ရက်တွင် (AQI) တန်ဖိုး (၅၇)၊ ၁၄ ရက်တွင် (AQI) တန်ဖိုး (၇၀)၊ ၁၅ ရက်တွင် (AQI) တန်ဖိုး (၈၄)၊ ၁၆ ရက်တွင် (AQI) တန်ဖိုး (၈၇) ရှိသည်ဟုသိရသည်။

လေအရည်အသွေး အညွှန်းကိန်း (AQI) တန်ဖိုးသည် ၀ မှ ၅၀ အထိကို လေအရည်အသွေးကောင်းမွန်သည့်အဆင့်ဟုသတ်မှတ်ထားပြီး ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုမရှိကြောင်း၊ ၅၁ မှ ၁၀၀ ကြားကို လေအရည်အသွေး အလယ်အလတ်အဆင့်ဟု သတ်မှတ်ထားပြီး ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုမရှိကြောင်း၊ ၁၀၁ မှ ၁၅၀ အထိကို လေအရည်အသွေးသည် ခံနိုင်ရည်နည်းပါးသူများအတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်ဟု သတ်မှတ်ထားကာ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုအနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ (သို့) နှလုံးရောဂါရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား အသင့်အတင့် ထိခိုက်နိုင်ဖွယ်ရှိသည်ဟု ဖော်ပြထားသည်။

ကောင်းမြတ်ရာ

ပြည်မြန်မာ သတင်းဂျာနယ်၊ Swesone Media Group၊
Central Tower၊ ပထမထပ်၊ အနော်ရထာသမိန်း၊ (၃၉ သမိန်းထောင့်)၊ ရန်ကုန်မြို့။
ဖုန်း ။ ၀၁ - ၃၈၂၂၉၃၊ ၇၃၉၂၇၃၉



စာ - ၃၂

ကမ္ဘာ့ပထမဆုံး ရေပေါ် မြို့ ကြီးကို ၁၀ နှစ်အတွင်း အကောင်အထည်ဖော်နိုင်တော့မည်

စာ - ၂၅

အာဖရိကကမ်းရိုးတန်းမှ တစ္ဆေသင်္ဘောကြီး ဘိုင်းရစ်ကမ်းခြေတွင် ဆောင်တင်လာ

စာ - ၃၄

မော်တော်ကားအရွယ်ရှိ လိပ်ရုပ်ကြွင်းများကို တွေ့ရှိ

အီတလီနိုင်ငံ၏ နာမည်အကြီးဆုံး အပြာမင်းသမီးက နိုင်ငံရေးပါတီ တည်ထောင်

စာ - ၂၆

COVID-19

World Health

COVID-19 Coronavirus ကူးစက်မှု နောက်ဆုံးအခြေအနေများ

စာ - ၂၄

မိန်းကလေးသိန်းသန်းကာလိပ်ထဲသို့ အမျိုးသားများ ကျူးကျော်ဝင်ရောက်ကာ ပလက်ဖောင်းပြုခဲ့ကြ

i-MAX SHIRT COLLECTION

MX
i-MAX

i-MAX
COLLECTION

Shirt Collection

Fancy & Slim Fit Shirt

COMFORTABLE